The HOT NEWS weekly

Vol-7,N… …an 13-19, 2017 E-mail - admin@hotnewsweekly.com



# မိမိအား ဆန္ဒပြမှုများကို ဝမ်းမြောက်စွာကြိုဆိုမည်ဟု ရန်ကုန်တိုင်းဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းဆို

စာ-၉သို့



“မပြုပြင်ဘူးဆိုရင် အဟောင်းထဲမှာပဲ တဝဲလည်လည်နဲ့၊ အပြစ်တွေပြောရင်းနဲ့ ကျွန်တော်တို့ဟာ ဒီထဲကရုန်းထွက်နိုင်မှာ မဟုတ်ပါဘူး။ ဒါကြောင့်မို့လို့ တိုင်းဒေသကြီး အစိုးရအဖွဲ့က ရဲရဲတင်းတင်းနဲ့ ခြေလှမ်း တစ်လှမ်းကို စတင်လိုက်တာဖြစ်ပါတယ်...”

“လွှတ်တော်ကိုယ်စားလှယ်တွေကို ကြိုပြီးဆွေးနွေးတိုင်ပင်သင့် တယ်။ ပြည်သူတွေရဲ့လိုအပ်ချက် ဖြစ်သင့်ဖြစ်ထိုက်တာကိုဆွေးနွေး ခွင့်ရခဲ့ရင်ကောင်းမှာဖြစ်တယ်။ အခုအချိန်ကျမှခေါ်တွေ့ပြီး ပြောတော့ကိုယ်စားလှယ်တွေ အနေနဲ့ဆွေးနွေးလည်းအပိုပဲ..”

စာ-၄သို့

## တနင်္သာရီတိုင်းဒေသကြီးလွှတ်တော်တွင် လွှတ်တော်ကိုယ်စားလှယ်များ အဆိုတင်သွင်းမေးမြန်းမှုကို သက်ဆိုင်ရာဝန်ကြီးများ တိကျစွာဖြေကြားနိုင်ခြင်းမရှိဟု ဆို

စာ-၆သို့

## ကိုယ်စားလှယ်လောင်းအမည်စာရင်းတင်သွင်းရန်ပျက်ကွက်သည့် ကယားပြည်နယ် NLD အဖွဲ့ဝင်များကို ပါတီဗဟိုက အရေးယူမည်

စာ-၉သို့

## မီးသင့်ခံမင်္ဂလာဈေးသူဈေးသားများတာဝန်ရှိသူများနှင့် တွေ့ခွင့်ရရန် မြို့တော်ခန်းမရှေ့ဆန္ဒဖော်ထုတ်

စာ-၂၁သို့

## ပဲခူးတိုင်းဒေသကြီး၌ တရားသူကြီးများကိုအရေးယူ ပေးရန်လူထုထံမှ တိုင်ကြားစာပေးပို့မှု အစိုးရသစ်လက်ထက်တွင် မြင့်တက်လာ

စာ-၇သို့

## NCA ကို လက်မှတ်ထိုးလိုက်ရင် ငါးဆယ်ရာခိုင်နှုန်းအောင်မြင်ပြီ ကျန်တဲ့ငါးဆယ်ရာခိုင်နှုန်းကို စားပွဲဝိုင်းမှာ ဖြေရှင်းကြမယ်

စာ-၁၁သို့

## NLD အမတ်များ၏ ၂၅ရာခိုင်နှုန်းလစာငွေများဖြင့် ကိုယ်ပိုင်ရုံးခန်းတွေ ပေါ်ပေါက်ဖို့ကြိုးပမ်းဖြေ

စာ-၄သို့



“လွှတ်တော်ကိုယ်စားလှယ်တွေက ကွင်းဆင်းလေ့လာ ပြီး ဆောင်ရွက်ရလာတဲ့ ဘတ်ဂျက်ကသိန်းတစ်ထောင် ဆိုတော့ဒေသအတွက် ပြည့်မီတာတော့မရှိဘူး။ ဒါပေမဲ့ ဒေသအတွက်တစ်နှစ်ထက် တစ်နှစ်ဒေသရဲ့လိုအပ်ချက် တွေကိုတိုးတိုးပြီးတော့ ဆောင်ရွက်သွားလို့ရှိရင် ဒေသ တစ်ခုလုံးခြုံငုံပြီးတော့ ဖွံ့ဖြိုးတိုးတက်ရေးလမ်းကြောင်း ကိုအထောက်အပံ့ဖြစ်မယ်လို့ ယူဆပါတယ်...”

“ရပ်ကွက်အားလုံးလည်း မျှတဖို့လိုတယ်။ ဒီလိုဖြစ်အောင်လို့ ညှိနှိုင်းဆောင်ရွက်ပြီး တော့ ပြည်ထောင်စုလွှတ်တော်ကိုတင် တယ်။ ကျွန်မတို့တင်ပြတဲ့ဟာကိုမပေးတာ တွေရှိတယ်။ ဥပမာဌာနဆိုင်ရာဘတ်ဂျက် တွေနဲ့ လုပ်လို့ရတဲ့ဟာတွေကို ထည့်ထား ရင်သိန်းတစ်ထောင်ထဲမှာမပါသင့်ဘူး...”



## ကိုကိုးကျွန်းလိုနေရာမျိုးကို သွားပြီးစစ်ဆေးဖို့အတွက် အခက်အခဲရှိနေတယ်

စာ-၁၈သို့

The HOT NEWS
Vol - 7, No - 328, Jan 13 - 19 , 2017

# ရေနွေးကြမ်း ရဲမင်းသား

ရှမ်းပြည်နယ်မြောက်ပိုင်းအတွင်းရှိ ပြည်သူလူထုများ၊ ကျောင်းသား/သူများအတွက် မူခင်းအသိပညာပေးဆွေးနွေးခြင်း၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာများသိရှိလိုက်နာနိုင်ရေးတို့အတွက် ဒုရဲပရမှူး ရဲမှူးကြီး အောင်မြတ်မိုး၏ လမ်းညွှန်မှုနှင့်အတူ အမှတ်(၂၀)ဒုယာဉ်ထိန်းမှူး ရဲမှူးမျိုးမင်းအောင်၏ အနီးကပ်ကြီးကြပ်မှုတို့ဖြင့်အမှတ်(၁၁၉)ယာဉ်ထိန်းရဲတပ်ဖွဲ့စု(လားရှိုး)မှ လ/၁၉၃၃၂၂ရဲအုပ်ကျော်ခိုင်သည်ရှမ်း/မြောက်ဒေသအတွင်းရှိ မြို့များ၊ စာသင်ကျောင်းများ၊ ဌာနဆိုင်ရာများ၊ လမ်းဆုံ၊ လမ်းခွများ၊ ကျေးရွာများတွင် တပ်ဖွဲ့စုမှူးနှင့် လိုက်ပါ၍လည်းကောင်း၊ ရွှေ့လျားမှုခင်းပညာပေးယာဉ်ဖြင့် လိုက်ပါ၍လည်းကောင်း၊၂၀၁၆ခုနှစ်အတွင်း ၆၅ကြိမ် လိုက်ပါဆောင်ရွက်ခဲ့ပါတယ်။ ရဟန်းရှင်လူ၊ ကျောင်းသား/သူ ပြည်သူ ၃၆,၁၁၁ ယောက်အား ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း၊ အသိပညာပေးဆွေးနွေးရုံမျှမကဘဲ ကလေးများအားလိမ္မာယဉ်ကျေးမှုရှိလာအောင် မိဘများအား လုပ်ကျွေးပြုစုပြီး မိဘတန်ဖိုးနားလည်လာအောင် မိခင်၏ လုံချည်၊အဝတ်အစားများအား လျှော်ဖွတ်ပေးပြီး မိဘကျေးဇူးကို တတ်အားသရွေ့ ပေးဆပ်တတ်ကြစေရန်တို့ကိုပါ အသိပညာပေးနိုင်ခဲ့မှုတို့ကြောင့် မိဘဝေယျာဝစ္စနှင့် အိမ်အလုပ်တို့ကိုပါ ဝိုင်းကူမလုပ်ခဲ့ဖူးသော ကျောင်းသား/သူတော်တော်များများမှပင်



လုပ်ဆောင်လာခဲ့ကြောင်း သိရပါတယ်။

ဒီအကြောင်းကို ရှမ်း/မြောက်ရှိမြို့၊ ရွာများမှ မိဘများက ဖုန်း/လူကိုယ်တိုင် ဝမ်းသာအားရပြောပြလာခဲ့သဖြင့် ပြည်နယ်ပညာရေးမှူး(ရုံးခွဲ) လားရှိုးမှ ပညာရေးမှူး၊ ဒုတိယညွှန်ကြားရေးမှူးက ယာဉ်ထိန်းရဲအုပ် ကျော်ခိုင်၏ လုပ်ဆောင်လာနိုင်ခဲ့မှုအပေါ် ထိုက်သင့်သော ဂုဏ်ပြုမှုတစ်ခု ပြုလုပ်ပေးကြရန် ညှိနှိုင်းတိုင်ပင်ကြပြီး (၃-၁-၂၀၁၇) ရက် အ. ထ. က (၆)ကျောင်း၌ ကျင်းပပြုလုပ်သည့် ပြည်နယ်အဆင့် ပညာရေးစုံညီပွဲတော်တွင် ယာဉ်ထိန်းရဲအုပ် ကျော်ခိုင်အား 'ရေနွေးကြမ်း ရဲမင်းသား'ဟူသော ဂုဏ်ပြုစလွယ်နှင့် ဂုဏ်ပြုမှတ်တမ်းလွှာအား ဂုဏ်ပြုချီးမြှင့်ပါတယ်။

ရှမ်းပြည်နယ်မြောက်ပိုင်း ပညာရေးမှူး ဒုတိယညွှန်ကြားရေးမှူးက ပြောပြရာတွင် "အခမ်းအနားလုပ်တိုင်း ပညာရေးဌာနနှင့် ကျောင်းသား/သူလေးများရဲ့ စေတနာအလျောက် ဂုဏ်ပြုတဲ့အနေနဲ့ ကျွေးမွေးဧည့်ခံသည်ကို လက်မခံဘဲ ရေနွေးကြမ်းကိုသာ တောင်းသောက်ပြီး သူယူလာတဲ့ ထမင်းထုပ်ကိုသာ စားသုံးပြီး ပြန်သွားတဲ့အတွက် ဒီလိုလူမျိုးကို ထိုက်သင့်တဲ့ဂုဏ်ပြုချီးမြှင့်မှုမျိုးကိုတော့ ချီးမြှင့်ထိုက်လို့ ချီးမြှင့်ရမှာပေါ့ဗျာ။ ဒီလိုလူမျိုးများများရှိလာစေချင်တာပေါ့ဗျာ။ ဒါမှ နိုင်ငံတော်အတွက်၊ပြည်သူလူထုအတွက်၊ ကျောင်းသား/သူတွေအတွက် ကောင်းမှာပေါ့ဗျာ" ဟု ပြောပြသွားခဲ့ပါသည်။

ထို့အတူ လားရှိုးမြို့ အ. ထ. က(၈)မှ သတ္တမတန်းကျောင်းသူ မယွန်းနေခြည်၏ မိခင်ဖြစ်သူ ဒေါ်သွယ်သွယ်အေးက ပြောပြရာတွင် "အဲဒီနေ့က ကျောင်းမှာ ဟောပြောပွဲပြီးလို့ ပြန်လာတော့ သမီးက အမေရေ ဒီနေ့တော့ထားလိုက်တော့ မနက်ဖြန်မှ အမေလုံချည်ဝတ်ပေးပါဟု ပြောလာတော့ မွေးကတည်းက ဘောင်းဘီရှည်ကိုသာ ဒီနေ့အထိ ဝတ်လာခဲ့တဲ့ ကျွန်မအတွက်ကနည်းနည်းတော့ကြောင်သွားတာပေါ့။ ဒါနဲ့ လုံချည်တစ်ထည်ပြေးဝယ်ပြီး သမီးလေးစိတ်ချမ်းသာအောင် ဝတ်ပြရတာပေါ့။ ဒါပေမဲ့ ဝတ်နေဝတ်စ မရှိတော့ မနေတတ်လို့ နေ့လယ်လောက် ပြန်ချွတ်ပြီး အဝတ်လျှော်မယ့် ခြင်းထဲထည့်ထားလိုက်တာပေါ့။ ညနေ သမီးကျောင်းကပြန်လာတော့ အဲဒီလုံချည်နဲ့ ကျွန်မရဲ့အဝတ်အစားတွေကို လျှော်နေတာကို တွေ့ရတော့ ကြားသားမိုးကြိုးပါလားပေါ့။ ပြီးတော့ တံမြက်စည်းလှည်းတာ၊ ပန်းကန်ဆေးတာတို့ လုပ်နေတာတွေ့တာနဲ့ သူ့အဖေကို အဲဒီအကြောင်း ပြောပြလိုက်တာပေါ့။ သူ့အဖေလည်း အံ့ဩနေပြီး ညရောက်တော့ သမီးက အမေ ဒီဖုန်းနံပါတ်ကိုဆက်ပြီး သမီးဒီနေ့ အမေ့လုံချည်၊ အဝတ်အစားလျှော်တဲ့အကြောင်း၊အိမ်မှုကိစ္စဝိုင်းလုပ်တဲ့အကြောင်း ဖုန်းဆက်ပေးပါဆိုတာနဲ့ သူပေးတဲ့ဖုန်းနံပါတ်ကိုဆက်ကြည့်တော့ ယာဉ်ထိန်းကရဲအုပ်ကျော်ခိုင်ပါတဲ့။ ကျောင်းမှာယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ပညာပေးဟောပြောရင်းနဲ့ မိဘတွေကို တတ်အားသရွေ့ ဝိုင်းဝန်းကူညီကြဖို့၊ မိဘကျေးဇူးကို ဆပ်ကြဖို့၊ အမေ့လုံချည်လျှော်ပေးဖို့ ဟောပြောခဲ့တဲ့အကြောင်း၊ အဲဒီလို လုပ်ပေးပြီးရင်လည်း မိဘကိုဟုတ်မှန်ကြောင်း ဖုန်းဆက်အသိပေးဖို့ ဖုန်းနံပါတ်ပေးပြီး မှာထားခဲ့ကြောင်းတို့ကို ပြောပြခဲ့တယ်ရှင့်။ အရင်တုန်းက တံမြက်စည်းလှည်းဖို့ ပြောရင်တောင် စာတွေများတယ်၊ စာကျက်လို့မပြီးသေးဘူးလို့ဆိုပြီး ဟိုဒီအကြောင်းပြ ရှောင်လွှဲလာခဲ့တဲ့သမီးက အခုလို အမေ့လုံချည်ကိုလျှော်ပြီး အိမ်မှုကိစ္စဝိုင်းလုပ်တာကို မြင်လိုက်ရတော့ ရင်ထဲမှာ ဘယ်လိုခံစားရမှန်းကို မသိတော့ပါဘူးရှင့်။ ပြောမပြတတ်အောင်ကိုပဲ ခံစားရပါတယ်။ အဲဒီလို အရာရှိမျိုး များများရှိလာစေချင်တာပေါ့ရှင်" ဟု မျက်ရည်ဖုံးသောအပြုံးများဖြင့် ပြောပြလာသည်ကလည်း ဝမ်းသာကြည်နူးစရာမြင်ကွင်းလေးဖြစ်ကြောင်းပါခင်ဗျာ။

အလားတူ အမေ့လုံချည်လျှော်ပေးပြီး မိဘများအား ဝိုင်းဝန်းကူညီလုပ်ကိုင်ပေးသည့် သားသမီးများအကြောင်း ဖုန်းဆက်လာသည့် မိဘများမှာ ယခုချိန်ထိ ရာနှင့်ချီပြီး ရှိနေပြီဖြစ်ကြောင်း သိရတဲ့အတွက် ယခုကဲ့သို့သော 'ရေနွေးကြမ်း ရဲမင်းသား' လိုလူမျိုးများ မြန်မာနိုင်ငံအနှံ့အပြားမှာ များများပေါ်ထွက်လာနိုင်ကြလျှင်ဖြင့်. . .

**ထက်အောင်ကျော်(ရှမ်း/မြောက်)**

# အထက်မင်းလှတွင် အိုးစည်၊ ဒိုးပတ် လက်မှုလုပ်ငန်းပညာရှင် နှစ်ဦးတည်းသာကျန်ရှိ

မကွေးတိုင်းဒေသကြီး၊အထက်မင်းလှမြို့၊မြောက်ရပ်ကွက်၌ နေထိုင်သူများတွင် လွန်ခဲ့သော နှစ် ၁၆၀ ကာလအတွင်း အိုးစည်၊ ဒိုးပတ်၊ ပတ်မ၊ စည်တို စသည့် လက်မှုလုပ်ငန်းပညာရှင် ၃၀ ဦးရှိခဲ့ပြီး တစ်ရပ်ကွက်လုံးလိုလိုသော လူဦးရေ ၅၀၀ ခန့်က လုပ်သားများအဖြစ်လုပ်ကိုင်ခဲ့ကြသော်လည်း လက်ရှိအချိန်တွင် အခြားစီးပွားရေးလုပ်ငန်းများသို့ပြောင်းလဲလုပ်ကိုင်ကြသဖြင့် အိုးစည်၊ ဒိုးပတ်လုပ်သားများမရှိသလောက်ဖြစ်နေပြီး ပညာရှင်စစ်စစ်အဖြစ်ဦးဝင်းညွှန့် အသက် ၇၅ နှင့် ဦးတင်ယု အသက် ၅၇ တို့သာ ကျန်ရှိတော့ကြောင်း သိရသည်။

ဦးတင်ယုက 'ဆရာဦးဝင်းညွှန့်ကတော့မလုပ်နိုင်တော့ပါဘူး။ ကျွန်တော်ကတော့ လက်ရှိ ဒီအလုပ်ပဲ လုပ်နေတာပါ။ မြန်မာပြည်အနှံ့ဈေးကွက်ကလည်း ရှိပြီးတဲ့အပြင် နိုင်ငံခြားသားခရီးသွားတွေကလည်း အမှတ်တရဝယ်ယူကြပါတယ်။ ဒါပေမဲ့ တွင်တွင်ကျယ်ကျယ်ထုတ်လုပ်ဖို့ငွေကြေးအရင်းအနှီးကမရှိဘူးဖြစ်နေတယ်။ SME လိုအသေးစားစက်မှုလက်မှုလုပ်ငန်းချေးငွေတွေရမယ်ဆိုရင်တော့ လုပ်သား ၁၄-၁၅ ယောက်နဲ့ အလုပ်ရုံတစ်ခုဖြစ်အောင်လုပ်ဖို့စဉ်းစားထားပါတယ်။ ခုဖြစ်နေတာက လုပ်သားတည်ငြိမ်အောင်လုပ်အားခပေးနိုင်ဖို့နဲ့ ကုန်ကြမ်းတို့၊ခေတ်မီကုန်လုပ်ကိရိယာတို့အတွက်က အခက်အခဲဖြစ်နေတယ်'ဟု ဆိုသည်။

၎င်းကဆက်၍'ပြီးတော့ ကျွန်တော်စိုးရိမ်နေတာက ဒီအိုးစည်၊ဒိုးပတ်လုပ်ငန်းပေါ့လေ။ မြန်မာ့ယဉ်ကျေးမှုအနုပညာလက်မှုလုပ်ငန်းကြီးမျိုးဆက်ပြတ်ပြီး တိမ်ကောပပျောက်သွားမှာကိုပဲ စိုးရိမ်ပူပန်နေတာပါ။ ကျွန်တော့်လိုပဲ တာဝန်ရှိသူတွေလည်း စိုးရိမ်ပူပန်မိကြလိမ့်မယ်လို့ ထင်ပါတယ်'ဟုဆိုသည်။

**မင်းကျော်စည်သူ**

ကျွန်ုပ်၏စရဏအား၊ သီလအား၊ ပညာအားများကို အစွမ်းကုန် အသုံးပြု၍
စီရင်ဆောင်ရွက်ပေးထားသည့် သိဒ္ဓိတန်ခိုး၊ စွမ်းအားကြီးမားလှသော

သမ္ဗုဒ္ဓေ မဟာသိဒ္ဓိ အလင်းတိုင်

ကို လှူဒါန်းပူဇော်မှု ပြုလုပ်ကြသည့် ကျောင်းသား၊ ကျောင်းသူများသည်
၎င်းတို့၏ ကံစွမ်းအား၊ ဉာဏ်စွမ်းအား၊ ဝီရိယစွမ်းအားများ
ပိုမိုကောင်းမွန်ထက်မြက်လာသည့်အတွက်

တက္ကသိုလ်ဝင်စာမေးပွဲနှင့် မည်သည့်စာမေးပွဲများကိုမဆို
ဖြေဆိုအောင်မြင်နိုင်ခြင်း၊ အကျိုးကျေးဇူးများကို ရရှိပါလိမ့်မည်။

မန္တန်ဆရာကြီးဦးထင်အောင် (ခ) ဦးဘုန်းလှိုင်

၁။ အမှတ်(၁)၊ (၁)လမ်းထိပ်၊ အုတ်ကျင်းမာလာမြိုင် (၁၆)ရပ်ကွက်၊
လှိုင်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း ၀၁-၅၂၂၁၈၆၊ ၀၉ ၇၉၅၃၃၂၂၄၆
၂။ အောင်သိဒ္ဓိပုတီးဆိုင်၊ ရွှေတိဂုံဘုရားအရှေ့ဘက်မုခ်

## သတင်းကောင်း



**ပညာဒါန**= ဆရာသည် ဗေဒင်လက္ခဏာ ဟောခြင်းမှ မကြာမီအနားယူတော့မည် ဖြစ်ပါသောကြောင့် လက်ဆင့်ကမ်း ပညာဒါနအဖြစ် ဤပညာရပ်ကို စိတ်ဝင်စားသူ မည်သူ့ကိုမဆို အခမဲ့ သင်ပေးခဲ့ပါမည်။ အမြန်လာရောက် စာရင်းပေးနိုင်ပါသည်။

**အထူးအစီအစဉ်**= နံနက် (၈) နာရီမှ (၁၁) နာရီထိ ဟောပြောမည်ဖြစ်၍ တစ်ရက်ကြိုတင်စာရင်းပေးသွင်းပါ။

**လိပ်စာ**= လက္ခဏာဆရာကြီး-မူလ**ဆရာနေရောင်** (ဉေဝတီ)

လက္ခဏာဗေဒင်၊ ဓာတ်ရိုက်ဓာတ်ဆင်၊ ယတြာ၊ ဂမ္ဘီရပညာ၊

အမှတ် (၂၇) B ၊ ပထမထပ်၊ သတိပဋ္ဌာန်လမ်း၊ (ကားပွဲစားတန်း) ကျောက်မြောင်း၊ တာမွေမြို့နယ်။ ဖုန်း-09420718130

နယ်မှဆွေးနွေးလိုလျှင် ညနေ (၄) နာရီနောက်ပိုင်း ဖုန်းဖြင့် ဆက်သွယ်နိုင်ပါသည်။

# Provincial

The HOT NEWS
Vol - 7, No - 328, Jan 13 - 19 , 2017

## ကားလိုင်းသစ်ကိစ္စ အခုအချိန်ကျမှ အမတ်တွေနဲ့တွေ့ပြီး ရှင်းပြတော့ အပိုပဲ၊ အသိပေးတဲ့အဆင့် လောက်ပဲရှိတယ်

ဇန်နဝါရီ ၁၆ ရက်တွင် စတင်ပြေးဆွဲမည့် အများပိုင်ဘတ်စ်ကား စနစ်နှင့်ပတ်သက်၍ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်ဦးဖြိုးမင်းသိန်းက ဇန်နဝါရီ ၁၃ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များနှင့် တွေ့ဆုံရှင်းပြခဲ့ကြောင်း သိရသည်။

ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက အများပိုင်ဘတ်စ်ကားပြေးဆွဲမည့်စနစ်ကိုရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် ဝိုင်းဝန်းကူညီဆောင်ရွက်ကြဖို့ တိုက်တွန်းပြောဆိုခဲ့ကြောင်း သိရသည်။



"လွှတ်တော်ကိုယ်စားလှယ်တွေကို ကြိုပြီး ဆွေးနွေးတိုင်ပင်သင့်တယ်။ ပြည်သူတွေရဲ့ လိုအပ်ချက် ဖြစ်သင့်ဖြစ်ထိုက်တာကို ဆွေးနွေးခွင့်ရခဲ့ရင် ကောင်းမှာဖြစ်တယ်။ အခုအချိန်ကျမှ ခေါ်တွေ့ပြီး ပြောတော့ ကိုယ်စားလှယ်တွေအနေနဲ့ ဆွေးနွေးလည်း အပိုပဲ။ ခေါ်ယူအသိပေးတဲ့ အဆင့်လောက်ပဲရှိတယ်"ဟု တွေ့ဆုံပွဲတက်ရောက်ခဲ့သည့် အမည်မဖော်လိုသူ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ပြောသည်။

မထသယာဉ်လိုင်းများကို ဖျက်သိမ်း၍ အများပိုင်ဘတ်စ်ကားပြေးဆွဲမည့် အစီအစဉ်နှင့်ပတ်သက်၍ ဇန်နဝါရီ ၂ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက စာနယ်ဇင်းရှင်းလင်းပွဲပြုလုပ်ခဲ့သည်။ **မျိုးကျော်**

## NLDအမတ်များ၏ ၂၅ရာခိုင်နှုန်းလစာငွေများဖြင့် ကိုယ်ပိုင်ရုံးခန်းများ ပေါ်ပေါက်ရန် ကြိုးပမ်းပြီ

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ရွေးကောက်ခံလွှတ်တော်ကိုယ်စားလှယ်များ၏ လစာငွေ ၂၅ရာခိုင်နှုန်းစုဆောင်းထားသည့်ငွေများဖြင့် NLD ကိုယ်ပိုင်ရုံးခန်းများဖွင့်နိုင်ရန် ကြိုးပမ်းဆောင်ရွက်နေသည်ဟု ဗဟိုအလုပ်အမှုဆောင်ဦးဉာဏ်ဝင်းကမီဒီယာများ၏ မေးမြန်းမှုကိုပြောကြားခဲ့သည်။

ငြိမ်းချမ်းရေးဖော်ဆောင်ရန်အတွက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ရန်ပုံငွေမှ NRPC သို့ သိန်းနှစ်ထောင်လှူဒါန်းပွဲကို ဇန်နဝါရီ ၁၃ရက်တွင် လှူဒါန်းခဲ့သေးသည်။

"ငြိမ်းချမ်းရေးမှာ ရန်ပုံငွေလိုအပ်နေတယ်လို့ ကျွန်တော်တွေးမိလို့ စနေနေ့တုန်းက CEC ကိုတင်ပြတော့ လှူမယ်ဆိုပြီး ဆုံးဖြတ်ပြီးတော့ NLD ရန်ပုံငွေထဲကနေ ဒီသိန်းနှစ်ထောင်ကို လှူခဲ့တာဖြစ်တယ်" ဟု ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင် ဦးဉာဏ်ဝင်းက ရှင်းပြခဲ့သည်။

လွှတ်တော်ကိုယ်စားလှယ်များ၏ လစာငွေ ၂၅ရာခိုင်နှုန်းစုဆောင်းမှုဖြင့် ငြိမ်းချမ်းရေးအတွက် ယခုကဲ့သို့လှူဒါန်းခြင်းမဟုတ်ကြောင်း၊ လွှတ်တော်ကိုယ်စားလှယ်များ၏ ၂၅ရာခိုင်နှုန်းလစာငွေများကို NLD ကိုယ်ပိုင်ရုံးခန်းများဖြစ်အောင် ကြိုးပမ်း ဆောင်ရွက်လျက်ရှိကြောင်း ဦးဉာဏ်ဝင်းကထည့်သွင်းပြောကြားခဲ့သည်။

"တစ်ခါတစ်ရံအိမ်တစ်အိမ်မှာ ဆိုင်းဘုတ်တင်ထားတယ်။ နောင်တစ်ချိန်မှာ ကျွန်တော်မပါတော့ပေမဲ့ ဆိုင်းဘုတ်ကို မပြောင်းပေးဘူး၊ မရွှေ့ပေးဘူးတို့ အတ္တစိတ်တွေနဲ့ ဖြစ်တတ်ကြတယ်။ ဒါကြောင့် ကိုယ်ပိုင်ရှိတာကောင်းတယ်ဆိုပြီး ကိုယ်ပိုင်အဆောက်အအုံတွေ၊ ရုံးခန်းတွေဖြစ်အောင် ကြိုးပမ်းနေတာဖြစ်တယ်" ဟု ဦးဉာဏ်ဝင်းက ပြောသည်။

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က မကွေး၊ ဧရာဝတီ၊ မုံရွာတွင် ကိုယ်ပိုင်မြေများဝယ်ယူထားပြီးဖြစ်ကြောင်း၊ပြည်နယ်နှင့် တိုင်းအနှံ့အပြားတွင် ကိုယ်ပိုင်ရုံးခန်းများ ပေါ်ပေါက်ရေးအတွက် ဆက်လက်ကြိုးပမ်းသွားမည်ဖြစ်ကြောင်း သိရသည်။ **မျိုးကျော်**

## တာချီလိတ်တွင် တရားမဝင်ရွှေတူးဖော်နေသူ တရုတ်နိုင်ငံသားများ ဖမ်းဆီးရမိ

နယ်မြေခံတပ်မတော်စစ်ကြောင်းမှ တာချီလိတ်မြို့နယ် မိုင်ကိုးကျေးရွာအုပ်စု၊ ပေါ့လန်းရွာတွင် နယ်မြေရှင်းလင်းရေး တာဝန်ထမ်းဆောင်စဉ် တရုတ်နိုင်ငံသားများနှင့် မြန်မာအလုပ်သမားများ တရားမဝင်ရွှေများတူးဖော်နေကြောင်း ဖုန်းဖြင့်အကြောင်းကြားချက်အရ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မြို့နယ်လဝကအဖွဲ့နှင့် နယ်မြေခံအုပ်ချုပ်ရေးအဖွဲ့တို့ ပူးပေါင်းဖွဲ့ပြီး ပေါ့လန်းရွာ မြောက်ဘက် သုံးမိုင် ခန့်အကွာ သွားရောက်စစ်ဆေးစဉ် ဦးဆောင် တူးဖော်ပြုလုပ်သူ အမှတ်(၄/၄၇)၊ ဆန်ဆိုင်း (က)ရပ်ကွက်၊ တာချီလိတ်မြို့နေ ကျော်စိန်(ခ)တွမ်ရင်ဟူ (ဘ) ဦးတွမ်ခိုင်းကျာ၊ ၄၀နှစ်၊ တရုတ်၊ ဗုဒ္ဓ၊ ၁၃/ကခန(နိုင်)၀၆ ၂၄၀၃ နှင့်အတူ မြန်မာအလုပ်သမား ၂၀ ဦး၊ တရုတ်နိုင်ငံသား ၈ဦးတို့သည် တရုတ်မီးစက် ၄လုံး၊ ဒိုဇာယာဉ် ၁စီး၊ ဘက်ဟိုး ၃စီး၊ မြေသယ်ယာဉ် ၃စီး၊ ဒီဇယ်ဆီပေပါ ၁၀လုံးတို့နှင့်အတူ တရားမဝင် တူးဖော်လုပ်ကိုင်ထားသည်ကို စစ်ဆေးတွေ့ရှိရကြောင်း သိရှိရသည်။

သို့ဖြစ်ပါ၍ ခွင့်ပြုချက်အထောက်အထားတစ်စုံတစ်ရာမရှိဘဲ တရားမဝင်ရွှေတူးဖော်လုပ်ကိုင်နေသူ အထက်ဖော်ပြပါ တရုတ်နိုင်ငံသား ၈ဦးနှင့် မြန်မာနိုင်ငံသား ၂၁ဦးတို့အား တာချီလိတ်မြို့မရဲစခန်းက ပ/၉/၂၀၁၇ မြန်မာ့သတ္တုတွင်း ဥပဒေပုဒ်မ ၃၀/ခအရ အမှုဖွင့်အရေးယူဆောင်ရွက်လျက်ရှိပြီး ၎င်းမှ တရုတ်နိုင်ငံသား ၈ ဦးအနက် ၇ဦးအား ၁၉၄၇ မြန်မာနိုင်ငံလူဝင်မှုကြီးကြပ်ရေး (လတ်တလောပြဋ္ဌာန်းချက်များ) အက်ဥပဒေပုဒ်မ၄(၁)ကျူး ၁၃(၁)အရလည်းကောင်း၊ ကျန် ၁ ဦးအား ၃(၁)ကျူး ၁၃(၁)အရလည်းကောင်း အမှုဖွင့်အရေးယူဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

HN-001





## လိုင်စင်မဲ့ဘေးတွဲဆိုင်ကယ်သမားများကြောင့် အနေ့းယာဉ်လုပ်သားများ စားဝတ်နေရေးခက်ခဲနေ

မင်္ဂလာဒုံမြို့နယ်၊ ထောက်ကြန့်မြို့တွင် လိုင်စင်မဲ့ကယ်ရီသမားများနှင့် လိုင်စင်မဲ့ ဘေးတွဲဆိုင်ကယ်သမားများက ခရီးသည်များကိုအတင်းခေါ်ယူကာ ပို့ဆောင်ပေးနေကြသဖြင့် အနေ့းယာဉ်လုပ်သားများမှာအုံနာခပင်မပေးနိုင်ကြဘဲ မိသားစုစားဝတ်နေရေး အခက်အခဲ ဖြစ်နေကြကြောင်း သိရသည်။

ထောက်ကြန့်မြို့သည် ကားလမ်းဆုံရာမြို့ဖြစ်ပြီး ယခင်က အနေ့းယာဉ်လုပ်သားများသာရှိသဖြင့် အနေ့းယာဉ်လုပ်သားများမှာ အုံနာခပေးပြီးလျှင် မိသားစုဝမ်းဝရုံ စားဝတ်နေရေး အဆင်ပြေခဲ့ကြောင်း သိရသည်။



"၂၀၁၆ ခုနှစ် နှစ်လယ်လောက်က စပြီး ကျွန်တော်တို့ ထောက်ကြန့်မြို့မှာ လိုင်စင်မဲ့ မော်တော်ဆိုင်ကယ် ကယ်ရီသမားတွေ၊ လိုင်စင်မဲ့ဘေးတွဲဆိုင်ကယ်သမားတွေက ကားဂိတ်နဲ့ဈေးရှေ့တွေမှာ ခရီးသည်တွေကို အတင်းခေါ်ပြီး ပို့ဆောင်ပေးနေကြတယ်။ အရင်က ထောက်ကြန့်မှာ အနေ့းယာဉ်လုပ်သား ၄၄၃ စီးရှိတယ်။ အခုတော့ အစီးတစ်ရာတောင် မပြည့်တော့ဘူး။ အနေ့းယာဉ်ပိုင်ရှင်တွေက မြို့နယ်စည်ပင်သာယာကို လိုင်စင်ကြေးပေးဆောင်ရာမှာ အခြားမြို့နယ်တွေထက် ပိုပေးရလို့ ကျွန်တော်တို့ အနေ့းယာဉ်လုပ်သားတွေက အုံနာခပိုပေးရတယ်။ အခုအခါမှာလိုင်စင်မဲ့ဘေးတွဲဆိုင်ကယ်သမားတွေက ကျွန်တော်တို့ အနေ့းယာဉ်လုပ်သားတွေကို အတိုက်အခံပြုပြီး ဈေးဖျက်ပြေးဆွဲနေတယ်။ ခရီးသည်တွေရဲ့အိတ်တွေကို အတင်းဆွဲပြီး ခေါ်နေတော့ ကျွန်တော်တို့ အနေ့းယာဉ်လုပ်သားတွေက ခရီးသည်မရဘူး။ အုံနာကြေးကို မှန်မှန်မပေးနိုင်ကြဘူး။ လိုင်စင်မဲ့ ဘေးတွဲဆိုင်ကယ်သမားတွေနဲ့ ရန်ဖြစ်နေရတယ်။ ကျွန်တော်တို့ အနေ့းယာဉ်လုပ်သားတွေ ခွန်အားနဲ့ မိသားစုစားဝတ်နေရေးရှာဖွေနေတာကို သက်ဆိုင်ရာ တာဝန်ရှိသူတွေက စနစ်တကျ ကြပ်မတ်ပေးစေချင်တယ်။ လိုင်စင်မဲ့ဘေးတွဲဆိုင်ကယ်သမားတွေကြောင့် ကျွန်တော်တို့ အနေ့းယာဉ် လုပ်သားတွေ စားဝတ်နေရေး မပြေမလည်ဖြစ်နေရပါတယ်"ဟု အနေ့းယာဉ်လုပ်သား ကိုခင်မောင်က ပြောသည်။ **ထောက်ကြန့်သား**

# နာရီပိုင်းအတွင်း တရုတ်နိုင်ငံသားထံရောင်းစားခံရတော့မည့် အမျိုးသမီးသုံးဦးနှင့် ခေါ်ဆောင်သွားသူ အမျိုးသမီးတို့အား စိန်လုံဂိတ်၌ စစ်ဆေးတွေ့ရှိထိန်းသိမ်းနိုင်ခဲ့

ရောင်းစားခံရဖွယ်ရှိသည်ဟု ယူဆရသူ အမျိုးသမီးငယ် သုံးဦးနှင့် စည်းရုံးခေါ်ဆောင်လာသူ အမျိုးသမီးတစ်ဦးတို့ကို ဗန်းမော်-လွယ်ဂျယ်ကားလမ်း စိန်လုံဂိတ်၌ ၂၅-၁-၂၀၁၆ ရက်တွင် စစ်ဆေးတွေ့ရှိခဲ့ကြောင်း တွေ့ရသည်။

ဗန်းမော်မှ တရုတ်နယ်စပ် လွယ်ဂျယ်မြို့သို့ထွက်ခွာသွားသော ခရီးသည်တင် GG/3158 AD Van ကားပေါ်၌ လူကုန်ကူးမှု ကျူးလွန်နိုင်ဖွယ်ရှိသူနှင့် ကျူးလွန်ခံရနိုင်ဖွယ်ရှိသော အမျိုးသမီးလေးဦး စီးနင်းလိုက်ပါသွားကြောင်း သတင်းအရ တပ်ဖွဲ့စိတ်(၂)က စိန်လုံကျေးရွာ ပူးပေါင်းစစ်ဆေးရေးဂိတ်သို့ သွားရောက်စုံစမ်းစောင့်ဆိုင်းရာ အမျိုးသမီးလေးဦး စီးလာသည့်ကားကို တွေ့ရှိပြီး လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့စိတ်(၂) လွယ်ဂျယ်သို့ခေါ်ဆောင်စစ်ဆေးနေကြောင်း ကနဦးသတင်းများအရ သိရသည်။

အဆိုပါ အမျိုးသမီးလေးဦးအား တပ်ဖွဲ့စိတ်မှူး ဒုရဲမှူးအောင်လှိုင်၏ ကြီးကြပ်မှုဖြင့် ဒုရဲအုပ်ထွန်းနိုင်လင်းပါ သုံးဦးက စစ်ဆေးမေးမြန်းရာ ဗန်းမော်မြို့၊ ပညာ့ရိပ်သာမင်းမနိုင်ရပ်ကွက်ရှိ...၏ ညီမ ...သည် တရုတ်ပြည်တွင် သွားရောက် အလုပ်လုပ်ကိုင်နေသည်မှာ အဆင်ပြေ နေကြောင်း ကြားသိရသဖြင့် ၂၁-၁၂-၁၆ ရက်တွင် ....(ခ) ....(၂၈)နှစ်၊ လျှပ်စစ်ကုန်း-ဗန်းမော်၊ ...(ခ).... (ခ) ...(၁၃)နှစ်၊ ကုက္ကိုတော-ဗန်းမော်၊ ....(ခ) ....(၂၀)နှစ်၊ ရွှေနေ ကုန်း-ဟန်းတဲရပ်-ဗန်းမော်တို့ကခေါ်...အိမ်သို့ သွားရောက်စုံစမ်းရာ ၎င်း၏ ညီမဖြစ်သူ... စပျစ်ခြံတွင်အလုပ်လုပ်နေသည်မှာအဆင်ပြေနေကြောင်းသူ့အား ပို့ဆောင်ပေးခဲ့သည့် မြတ်ပွင့်ဖြူ (ခ)အိမ်မိုးမှာ မကြာခင် ဗန်းမော်သို့ပြန်လာပြီး လူလာခေါ်လိမ့်မည်ဟု သိခဲ့ရကြောင်း၊ ထို့နောက်ခေါ်....အိမ်သို့မြတ်ပွင့်ဖြူရောက်ရှိနေပြီဖြစ်ကြောင်း သိရသဖြင့် ၂၅-၁၂-၁၆ ရက် ၁၂ နာရီ အချိန်ခန့်တွင် သွားရောက်တွေ့ဆုံရာ "တရုတ်ပြည်ရှိ စပျစ်ခြံအလုပ်အတွက် လူလိုနေကြောင်း၊ တစ်လစရိတ်ငြိမ်း သုံးသိန်းရမည်။ ဒီနေ့ တရုတ်ပြည်သို့ ပြန်မှာမို့ လိုက်ချင်ရင် တစ်ပါတည်းလိုက်ခဲ့ကြရန်"ပြောဆိုခြင်းကိုသဘောတူခဲ့ကြသဖြင့်....အတွက် ကြိုတင်လုပ်အားခ တစ်သိန်းကျပ်အား ခင်ပွန်းဖြစ်သူကို....ထံသို့လည်းကောင်း၊ ....အတွက် လုပ်အားခကြိုတင်ငွေတစ်သိန်းကျပ်အား အတူနေထိုင်သူအဘွား...ထံသို့လွယ်ဂျယ်မြို့ရောက်ပါက လွှဲပို့ပေးမည်ဟု ကတိပေး၍ လည်းကောင်း၊ ....အတွက်လုပ်အားခကြိုတင်ငွေ ကျပ် ၁၅၀၀၀၀ အား မိခင်ဖြစ်သူ...ထံသို့လည်းကောင်း ပေးအပ်ခဲ့ကာ မြတ်ပွင့်ဖြူ စီစဉ်ပေးသည့်ကားဖြင့် သွားရောက်ခါနီးအချိန်၌ လမ်းခရီးဂိတ်များတွင် စစ်ဆေးမေးမြန်းပါက မိမိနှင့် သိကျွမ်းခြင်းမရှိကြောင်း၊ လွယ်ဂျယ်မြို့သို့ မိမိတို့ကိစ္စဖြင့် မိမိတို့သွားရောက်ကြခြင်းဖြစ်သည်ဟု ဖြေဆိုကြရန် မြတ်ပွင့်ဖြူက သင်ပေးထားကြောင်း ထွက်ဆိုသည်ဟု သိရသည်။

ထို့နောက် လွယ်ဂျယ်လူကုန်တားရုံးတာဝန်ရှိသူများက မြတ်ပွင့်ဖြူ(ခ) မအိ(ခ) အိမိုး ယခင်ပို့ဆောင်ပေးခဲ့သည့် တရုတ်ပြည်တွင်းရောက်နေသော အဒေါ်တော်စပ်သူ ....နှင့် ယခုသွားမည့် တူမတော်စပ်သူ ....(ခ)...အား တရုတ်ဖုန်းဖြင့် ဆက်သွယ်ပြောစေရာ အဒေါ်ဖြစ်သူ .....က "သူ့အား စပျစ်ခြံတွင် အလုပ်လုပ်ရန် ခေါ်လာခြင်း မဟုတ်ဘဲ တရုတ်ယောကျ်ားထံ ပေးစား/ရောင်းစားခံရခြင်းဖြစ်ကြောင်း၊ ယခု အကြီးအကျယ် ဒုက္ခရောက်နေ၍ မြန်မာပြည်ပြန်ချင်ကြောင်း၊ မကြာသေးခင်က အဆင်ပြေသည်ဟု ဖုန်းဆက်ပြောရသည်မှာ မြတ်ပွင့်ဖြူက ထိုသို့မပြောလျှင် မြန်မာပြည်မပို့ဘဲ သတ်ပစ်မည်ဟု ခြိမ်းခြောက်ထား၍ လိမ်လည်ပြောဆိုခဲ့ရခြင်းဖြစ်ကြောင်း၊ မြတ်ပွင့်ဖြူကို လုံးဝမယုံရန်နှင့် တရုတ်ပြည်ဘက်ကမ်းသို့ လိုက်မလာကြရန် ပြန်ပြောခဲ့သည်"အခါမှ ဖြစ်စဉ်အမှန်အား သိခွင့်ရခဲ့ကြောင်း စစ်ဆေးဖော်ထုတ်ချက်များအရ သိရသည်။

မြတ်ပွင့်ဖြူ(ခ)အိမ်မိုးသည် လွန်ခဲ့သည့် လေးနှစ်ခန့်က တရုတ်နိုင်ငံ၊ ယူနန်ပြည်နယ်၊ ကူမင်းခရိုင်၊ ချူးရှုံ့(Chu Xiong)မြို့၌ တရုတ်နိုင်ငံသား ယောင်ယိချူးနှင့် အိမ်ထောင်ကျခဲ့ပြီး ၁၁-၁၁-၁၆ ရက်တွင် စပျစ်ခြံတွင် အလုပ်ရမည်ဟု သွားရောက်စည်းရုံး ပြောဆိုခေါ်ဆောင်ခဲ့သည့် ....အား တရုတ်ယောကျ်ား စိန်ပင်းပင်းဆိုသူထံ တရုတ်ယွမ်ငွေ နှစ်သောင်းဖြင့် ရောင်းစားခဲ့ပြီး ယခုခေါ်လာသည့် ....ပါ သုံးဦးကိုလည်း တရုတ်ယောကျ်ားများထံရောင်းစားရန် စီစဉ်ခဲ့ခြင်းဖြစ်ကြောင်း ဝန်ခံသဖြင့် (ကယ်တင်မရသေး၊ စုံစမ်းဆဲ)နှင့် ကယ်တင်ရရှိသူ သုံးဦးအား တရုတ်ယောကျ်ားများနှင့် ပေးစား/ရောင်းစားရန် စီစဉ်ဆောင်ရွက်ခဲ့သည့် မြတ်ပွင့်ဖြူ(ခ)အိမိုး(၂၄)နှစ်၊ ဘိုးဘွားရိပ်သာလမ်း၊ ပေါက်ကုန်းကို ဥပဒေအရ အရေးယူပေးပါရန် လူကုန်တား တပ်ဖွဲ့စိတ်(၂)မှ ဒုရဲအုပ်ထွန်းနိုင်လင်းက တရားလိုပြုလုပ်တိုင်တန်းရာ လွယ်ဂျယ်နယ်မြေရဲစခန်းက (ပ)၁၇/၂၀၁၆၊ လူကုန်ကူးပုဒ်မ-၂၄/၃၂ ဖြင့် အမှုဖွင့်ခဲ့ပြီး ဒုရဲအုပ်ရှိန်လင်းကျော်က စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း ရဲတပ်ဖွဲ့သတင်းအရ သိရသည်။ကယ်တင်နိုင်ခဲ့သည့်သုံးဦးအား တရားရုံး ကြိုတင်ထွက်ဆိုချက် ရယူပြီးပါက မိဘအုပ်ထိန်းသူထံ ပြန်လည်အပ်နှံနိုင်ရေးအတွက် လူကုန်ကူးတပ်ဖွဲ့စိတ်(၁) ဗန်းမော်နှင့် ညှိနှိုင်းဆောင်ရွက်သွားမည်ဖြစ်ပြီး တရုတ်နိုင်ငံအတွင်းရောက်ရှိနေသော ......အား ပြန်လည်ခေါ်ယူကယ်တင်နိုင်ရေးအတွက် တရုတ်နိုင်ငံကျန်းဖုန်း(BLO)ရုံးနှင့် ချိတ်ဆက်ဆောင်ရွက်သွားမည်ဟု ထပ်မံစုံစမ်းသိရှိရသည်။

**ဦးဦးငြိမ်း(ဗန်းမော်)**

# ငြိမ်းချမ်းရေးရန်ပုံငွေထည့်ဝင်ခြင်းဖြင့် ငြိမ်းချမ်းရေးဖြစ်စဉ်တွင် ကိုယ်တိုင်ပါဝင်နိုင်ကြောင်း အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန အသိပေးနိုးဆော်

ပြည်တွင်းမှလှူဒါန်းလိုသော အလှူရှင်အဖွဲ့အစည်းများ၊ အလှူရှင်ပုဂ္ဂိုလ်များအနေဖြင့် အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန၏ ငြိမ်းချမ်းရေးရန်ပုံငွေတွင် ထည့်ဝင်လှူဒါန်းခြင်းဖြင့် မိမိနိုင်ငံ၏ ငြိမ်းချမ်းရေးဖြစ်စဉ်ကို မိမိတို့ကိုယ်တိုင်တတ်နိုင်သမျှ ဝိုင်းဝန်းကူညီဆောင်ရွက်နိုင်ကြောင်း အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာနက ဇန်နဝါရီ၁၀ရက်တွင် အသိပေးကြေညာသည်။

နိုင်ငံတော်အစိုးရအနေဖြင့် အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို အလေးထား၍ ကြိုးပမ်းဆောင်ရွက်လျက်ရှိပြီး နိုင်ငံရေးပြဿနာများကို နိုင်ငံရေးနည်းဖြင့် ဆွေးနွေးညှိနှိုင်းအဖြေရှာနိုင်ရန်အတွက်ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-၂၁ရာစုပင်လုံကို ကျင်းပဆောင်ရွက်လျက်ရှိရာ၌ ပြည်သူ့ဘဏ္ဍာငွေကို နိုင်ငံတော်က စနစ်တကျဖြင့် ကျခံသုံးစွဲလျက်ရှိပါကြောင်း၊ ပြည်သူ့ဘဏ္ဍာငွေကို ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များတွင် ကျခံသုံးစွဲရာ၌ ဘဏ္ဍာရေးစည်းမျဉ်းစည်းကမ်းများနှင့် ညီညွတ်စေရုံသာမက ထိထိရောက်ရောက်အကျိုးဖြစ်ထွန်းစေရေးအတွက်အထူးအလေးထားဆောင်ရွက်လျက်ရှိကြောင်း၊ ကျယ်ပြန့်လှသော ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များဆောင်ရွက်ရာတွင် အဆင်ပြေချောမွေ့အောင်မြင်စေရေးအတွက် လိုအပ်သော ရန်ပုံငွေများရရှိရေး၊ ရရှိလာသော ရန်ပုံငွေများကို မျှတညီညွတ်စွာ ခွဲဝေပေးနိုင်ရေး၊ ရန်ပုံငွေများသုံးစွဲရာတွင် စနစ်တကျနှင့် ထိထိရောက်ရောက် အကျိုးဖြစ်ထွန်းနိုင်ရေးတို့မှာ အရေးကြီးလှပါကြောင်း၊ နိုင်ငံတကာအသိုင်းအဝိုင်းမှလည်း ဝိုင်းဝန်းကူညီပံ့ပိုးလျက်ရှိရာ ယင်းကူညီထောက်ပံ့မှုများကို စနစ်တကျ ဖြန့်ခွဲမျှဝေနိုင်ရေးအတွက် ငြိမ်းချမ်းရေးလုပ်ငန်းစဉ် ရန်ပုံငွေဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့ (Joint Coordinating Body of Peace Process Funding -JCB)ကို ၂၀၁၆ခုနှစ်၊ ဒီဇင်ဘာလ ၂၀ရက်တွင် ဖွဲ့စည်းခဲ့ပြီး နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်၊ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာနဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည်က ဥက္ကဋ္ဌအဖြစ် တာဝန်ယူဆောင်ရွက်လျက်ရှိကြောင်း အသိပေးကြေညာချက်တွင် ပါရှိသည်။

မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးဖြစ်စဉ်သည် ပြည်ထောင်စုတိုင်းရင်းသားမြန်မာနိုင်ငံသားအားလုံးနှင့်သက်ဆိုင်ပြီး တတ်နိုင်သမျှ ဝိုင်းဝန်းပံ့ပိုးကူညီဆောင်ရွက်ကြမှသာ ပြည်သူလူထုပါဝင်သော ငြိမ်းချမ်းရေးကိုတည်ဆောက်နိုင်မည်ဖြစ်ပါကြောင်း၊ ငြိမ်းချမ်းရေးနှင့်စပ်လျဉ်းသည့်လုပ်ငန်းစဉ်များအတွက် လိုအပ်သောရန်ပုံငွေရှာဖွေစုဆောင်းရာတွင်လည်း နိုင်ငံတကာမှ အလှူရှင်များသာမက ပြည်တွင်းအလှူရှင်များ၏ ထည့်ဝင်လှူဒါန်းမှုသည်လည်း ငြိမ်းချမ်းရေးဖြစ်စဉ်တွင် မြန်မာနိုင်ငံသားများ ပါဝင်နိုင်ရေးအတွက် အထူးအရေးကြီးလှပါကြောင်း၊ ထိုသို့ ပြည်သူအများထည့်ဝင်လှူဒါန်းနိုင်ရေးအတွက် အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန ငြိမ်းချမ်းရေးရန်ပုံငွေ (NRPC - Peace Fund) ကို မြန်မာ့စီးပွားရေးဘဏ်၊ နေပြည်တော်ဘဏ်ခွဲ၊ ငွေစုဘဏ်စာရင်း၊ SF-004048 တွင် ဖွင့်လှစ်ထားရှိပြီးဖြစ်ပါကြောင်းလည်း ဖော်ပြထားသည်။

**အောင်နိုင်ဦး**

အကောင်းကြိုက်သူများအတွက်
သန့်
စပါယ်ရှယ်ပေါ်ဆန်းမွှေး၊ပဲဆိမွှေး၊ရှမ်းဆန်၊ဘာစမာတီ၊ဆန်မျိုးစုံ
ရွေးချယ်သန့်စင်ပြီး(ခပ်ချက်)ဆန်များကိုအိမ်အရောက်ပို့ပေးပါသည်။
ယနေ့မှာကြားလျှင် ယနေ့အရောက်ပို့ ဝန်ဆောင်မှုဖြစ်ပါသည်။
(ပိတ်ရက်မရှိပါ။) ဆန်သားနှင့်ထမင်းအား နှစ်သက်မှုမရှိပါက
တပါတ်အတွင်း ပြန်လည် လဲလှယ်ပေးပါမည်။
ရွှေဘိုပေါ်ဆန်းမွှေးရှုပ်။
ဘုရင့်နောင်ပွဲရုံများကနာစတန်း၊ဘုရင့်နောင်လမ်းမကြီး။
ဖုန်း-681209, 681504, 682934, 09 73249922

လူထု
သံပန်း၊ သံတံခါး၊
လိတ်တံခါး၊ အလူမီနီယမ်၊
စတီးလုပ်ငန်း။
အမှတ်-၁၄၊ ၁၆၇ လမ်း၊ တာမွေ
09 5031107, 09 5008411,
09 5028986

မနောရမ္မပညာဒါနသင်တန်းများဖွင့်မည်
စမ်းချောင်းမြို့နယ်၊ အရှေ့ဥယျာဉ်တိုက်၊ မနောရမ္မပညာဒါနကျောင်းတွင် ဝါရင့်ဆရာ/ဆရာမကြီးများကိုယ်တိုင်အင်္ဂလိပ်၊ ပြင်သစ်၊ ဂျပန်၊ တရုတ်၊ ကိုရီးယား၊ ဂျာမန်၊ ထိုင်း၊ အီလက်ထရွန်နစ်၊ Management၊ ကွန်ပျူတာသင်တန်း၊ စာရင်းကိုင် LCCI- I+II သင်တန်းများနှင့် ဖုန်းပြင် Hardware/Software သင်တန်းများကို ပညာဒါနအဖြစ်သင်ကြားပေးမည်။
သင်တန်းအားလုံး – ၁၄-၁-၂၀၁၇ ရက်ဖွင့်မည်။
စုံစမ်းရန် – အရှေ့ဥယျာဉ်တိုက်၊ဗဟိုလမ်း(ရှမ်းလမ်း) တရားရုံးအနောက်(မာတ်ဆီဆိုင်အနီး)
၅၁၈၀၂၄ ၊ ၅၃၇၀၂၆
၀၉-၇၇၁၁၆၆၃၂၀(စမ်းချောင်း)

The HOT NEWS
Vol - 7, No - 328, Jan 13 - 19 , 2017



# အမ်းမြို့နယ်မှ ကြားဖြတ်ရွေးကောက်ပွဲ ဝင်ရောက်ယှဉ်ပြိုင်မည့်တစ်သီးပုဂ္ဂလကိုယ်စားလှယ် ဦးဇော်လင်းအောင်၏ အမှတ်တံဆိပ်နှင့်ပတ်သက်၍ ဒေါက်တာအေးမောင် ကန့်ကွက်ရန်စီစဉ်နေ

ရခိုင်ပြည်နယ်၊ အမ်းမြို့နယ်မှ ကြားဖြတ်ရွေးကောက်ပွဲ ဝင်ရောက်ယှဉ်ပြိုင်မည့် တစ်သီးပုဂ္ဂလ ကိုယ်စားလှယ် ဦးဇော်လင်းအောင်၏ အမှတ်တံဆိပ်နှင့်ပတ်သတ်၍ ရခိုင်အမျိုးသားပါတီဥက္ကဋ္ဌ ဒေါက်တာအေးမောင်က ကန့်ကွက်ရန် စီစဉ်နေကြောင်း သိရသည်။

ဦးဇော်လင်းအောင်၏ ကိုယ်စားပြု အမှတ်တံဆိပ်တွင် ဗျလရုပ်နှင့် သီရိဝစ္ဆ အမှတ်အသားများ ပါဝင်မှုအပေါ် ရခိုင်အမျိုးသားပါတီ(ANP)၏အမှတ်တံဆိပ်နှင့်တူညီနေသောကြောင့် ကန့်ကွက်သွားရန် စီစဉ်နေခြင်းဖြစ်ကြောင်း သိရသည်။

"ကြားဖြတ်ရွေးကောက်ပွဲအတွက် ကြေညာချက်ထွက်လာတဲ့အခါ ဦးဇော်လင်းအောင်နဲ့ ဒေါက်တာအေးမောင်တို့ရဲ့ အမှတ်တံဆိပ်တွေဟာ တူညီနေတယ်။ ဒါကြောင့်ကျွန်တော်တို့က ဒေါက်တာအေးမောင်ကို အကြောင်းကြားခဲ့ပါတယ်။ ကာယကံရှင်ဖြစ်တဲ့ ဒေါက်တာအေးမောင်က ကန့်ကွက်ဖို့ စီစဉ်မယ်လို့ ပြောပါတယ်။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှာ ကာယကံရှင်ဖြစ်တဲ့ ဒေါက်တာအေးမောင်ကပဲ အရေးဆိုပြီး ဆောင်ရွက်ရမှာပါ။ ပါတီအနေနဲ့က သူ့ကို ဝန်းရံပေးရုံပါပဲ" ဟု ရခိုင်အမျိုးသားပါတီ၏ အတွင်းရေးမှူး ဦးထွန်းအောင်ကျော်က ပြောသည်။

လက်ရှိ အမ်းမြို့နယ်၌ နိုင်ငံရေးပါတီများ၏ လှုပ်ရှားမှုများ အသီးသီးရှိနေကြပြီး အမ်းမြို့နယ်ဒေသခံများအနေဖြင့် လာမည့်ရွေးကောက်ပွဲအပေါ် စိတ်ဝင်စားမှုမြင့်တက်နေကြောင်း သိရသည်။

အမ်းဒေသခံတချို့ကလည်း ရခိုင်အမျိုးသားပါတီမှ ဝင်ရောက်ယှဉ်ပြိုင်မည့် လွှတ်တော်ကိုယ်စားလှယ်လောင်း ဒေါက်တာအေးမောင်သည် အမ်းဒေသခံမဟုတ်သည့်အတွက်ကန့်ကွက်မှုများရှိနေကြောင်း သိရသည်။

"ဗျလရုပ်နဲ့သီရိဝစ္ဆဟာ ရခိုင်လူမျိုးတွေရဲ့ အမှတ်တံဆိပ်ပါ။ ရခိုင်လူမျိုးတိုင်း အသုံးပြုခွင့်ရှိပါတယ်။ ကျွန်တော်တို့ အမ်းသားတွေဟာ ရခိုင်လူမျိုးပဲမို့ ဦးဇော်လင်းအောင်လည်း သုံးခွင့်ရသင့်ပါတယ်။ ရခိုင်အမျိုးသားပါတီကလွဲပြီး အခြားကိုယ်စားလှယ်တွေက အမ်းသားတွေပါ။ အမ်းဒေသခံတွေကတော့ ကြားဖြတ်ရွေးကောက်ပွဲအပေါ် စိတ်ဝင်စားမှုက မြင့်တတ်နေကြပါတယ်။ ကိုယ်စားလှယ်လောင်းတွေအပေါ် အမ်းနယ်ခံတွေရဲ့ အကြိုက်ချင်းလည်း မတူနိုင်ကြပါဘူး။ ဒါကြောင့် ရွေးကောက်ပွဲမှာ ဘယ်သူနိုင်မယ်ဆိုတာတော့ ဘယ်လိုမှသေချာပြောနိုင်မှာ မဟုတ်ပါဘူး" ဟု အမ်းဒေသခံ တစ်ဦးဖြစ်သည့် ဦးထွန်းပွင့်က ပြောသည်။

ရခိုင်ပြည်နယ်တွင်း လစ်လပ်နေသော အမ်းမြို့နယ်၊ ပြည်သူ့လွှတ်တော်နေရာတွင် ရခိုင်အမျိုးသားပါတီဥက္ကဋ္ဌ ဒေါက်တာအေးမောင်၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ဦးဇော်ဝင်းမြင့်၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီမှ ဦးသောင်းငြိမ်းနှင့် တစ်သီးပုဂ္ဂလ ကိုယ်စားလှယ် ဦးဇော်လင်းအောင် အပါအဝင် ကိုယ်စားလှယ် ၄ဦး ဝင်ပြိုင်ရန် အမ်းမြို့နယ်ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲထံ အမည်စာရင်းတင်သွင်းထားကြောင်း သိရသည်။

ရခိုင်ပြည်နယ်၊ အမ်းမြို့နယ်ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်နေရာသည် ၂၀၁၀ ရွေးကောက်ပွဲနှင့် ၂၀၁၅ ရွေးကောက်ပွဲနှစ်ကြိမ်စလုံးတွင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီမှ ဦးသိန်းဆွေ (လက်ရှိအလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး) အနိုင်ရရှိခဲ့သည့် နေရာဖြစ်သည်။

**ပန်လှအောင်(မြစ်မခ)**

# ပဲခူးတိုင်းဒေသကြီး၌ တရားသူကြီးများကိုအရေးယူပေးရန် လူထုထံမှ တိုင်ကြားစာပေးပို့မှု အစိုးရသစ်လက်ထက်တွင် မြင့်တက်လာ

ပဲခူးတိုင်းဒေသကြီး၌ တရားသူကြီးများကို အရေးယူပေးရန် လူထုထံမှပေးပို့သော တိုင်ကြားစာများမှာ အစိုးရသစ်လက်ထက် ၂၀၁၆ ခုနှစ်အတွင်း ပိုမိုများပြားလာပြီး ပဲခူးခရိုင်မှ တိုင်ကြားမှုအများဆုံးဖြစ်ခဲ့ကြောင်း ပဲခူးတိုင်းဒေသကြီး တရားလွှတ်တော်ရုံးမှ သိရသည်။

"ပဲခူးတိုင်းဒေသကြီး တရားလွှတ်တော်ရုံးဆီ တရားသူကြီးတွေနဲ့ပတ်သက်ပြီး တိုင်ကြားစာတွေကို စိစစ်စစ်ဆေးပြီး ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံးနဲ့ တိုင်းဒေသကြီးအစိုးရရုံးထံ တင်ပြပြီး ပြည်ထောင်စုတရားလွှတ် တော်ချုပ်ရုံးက အရေးယူဆောင်ရွက်ဖို့ ညွှန်ကြားမှသာ အရေးယူဆောင်ရွက်တာပါ။ ၂၀၁၆ ခုနှစ်ထဲမှာတော့ ညောင်လေးပင်မြို့နယ်က ဒုတိယမြို့နယ် တရားသူကြီးတစ်ဦးကိုတော့ လူမှုရေးဖောက်ပြန်လို့ အရေးယူခဲ့တာတစ်ဦးတော့ရှိတယ်" ဟု ပဲခူးတိုင်းဒေသကြီး တရားလွှတ်တော်ရုံးမှ တိုင်းဒေသကြီးတရားရေးဦးစီးမှူး ဦးမြင့်စန်းက ပြောသည်။

ပဲခူးတိုင်းဒေသကြီးအတွင်း ၂၀၁၅ ခုနှစ်တွင် တရားသူကြီးများ တိုင်ကြားခံရသော ပြည်သူထံမှ တိုင်ကြားစာ ၂၃၃ စောင်ရှိခဲ့ပြီး ၂၀၁၆ ခုနှစ်တွင် တိုင်ကြားစာ ၃၃၇စောင်ထိရှိခဲ့ကာ တိုင်ကြားခံရသည့် အများဆုံးအကြောင်းအရာမှာ စစ်ဆေးဆဲအမှုများတွင် ဆောင်ရွက်ချက်များ၊ ဥပဒေနှင့် မညီညွတ်ခြင်း၊ အမှုများ မမှန်မကန်ဆုံးဖြတ်ခြင်းတို့ကြောင့်ဟုဆိုကာ တိုင်ကြားကြခြင်းဖြစ်ကြောင်း သိရသည်။

"တရားစီရင်ရေးနဲ့ပတ်သက်ပြီး ပြည်သူအများစုက သဘောမကျကြပါဘူး။ တရားစီရင်ရေးမဏ္ဍိုင် တိမ်းစောင်းနေတယ်လို့ ပြည်သူတွေကမြင်နေကြတယ်။ တိုင်ကြားမှုတွေအပေါ်လည်း အရေးယူဆောင်ရွက်မှုက နှောင့်နှေးတယ်။ တရားစီရင်ရေးမဏ္ဍိုင် တည့်မတ်ဖို့အတွက် တိုင်ကြားစာနဲ့ပတ်သက်ပြီး ပဲခူးတိုင်းမှာလည်း လွတ်လပ်သောအဖွဲ့ဖွဲ့စည်းပြီး စစ်ဆေးစေချင်တယ်။ ပြည်သူတွေကိုယ်တိုင်လည်း ပူးပေါင်းပါဝင်စေချင်တယ်" ဟု ပဲခူးတိုင်းဒေသကြီး လွှတ်တော်ရုံးမှ လွှတ်တော်ဥပဒေကြမ်း ကော်မတီဥက္ကဋ္ဌ ဒေါ်ဇင်မိုးထိုက်ကပြောသည်။

၂၀၁၆ခုနှစ်အတွင်း ပဲခူးတိုင်းဒေသကြီးခရိုင် လေးခု၊ မြို့နယ်၂၈ခုတွင် တရားသူကြီးများနှင့်ပတ်သက်၍ တိုင်ကြားမှုများမှာ ပဲခူးခရိုင်မှ ၁၃၃စောင်၊ တောင်ငူခရိုင်မှ ၆၄စောင်၊ ပြည်ခရိုင်မှ ၈၉စောင်၊ သာယာဝတီခရိုင်မှ ၄၆ စောင်တို့ရှိခဲ့ကြောင်း သိရသည်။ **မျိုးမြတ်(မြစ်မခ)**

# အများပိုင်ယာဉ်စနစ်ခရီးစဉ်လမ်းကြောင်း ရေးဆွဲထားမှုအား ခရီးသွားပြည်သူများစိုးရိမ်မှုရှိနေ

ရန်ကုန်တိုင်းဒေသကြီးသယ်ယူပို့ဆောင်ရေးအာဏာပိုင်အဖွဲ့မှပြေးဆွဲမည့်ယာဉ်လိုင်းများ၏ခရီးစဉ်လမ်းကြောင်းများ ရေးဆွဲထားမှုသည်ခရီးသည်များသဘောထားပါဝင်မှုအားနည်းစွာဆောင်ရွက်ခဲ့သည့်အတွက် ယာဉ်လိုင်းများစီးနင်းရမှုခက်ခဲလာမည်ကို ခရီးသွားပြည်သူများအနေဖြင့် စိုးရိမ်နေကြကြောင်း သိရသည်။

ဇန်နဝါရီ ၁၆ ရက်တွင် စတင်ပြေးဆွဲမည့်ယာဉ်လိုင်းများတွင် ဝေးလံသောနေရာများမှခရီးသည်များအတွက်စီစဉ်ပေးထားမှုအားနည်းသည့်အတွက်ဖြစ်ကြောင်း ခရီးသည်များ၏ပြောဆိုချက်အရ သိရသည်။

'အခုသူတို့ရေးဆွဲထားတဲ့ စာရွက်ထဲကတချို့လမ်းကြောင်းတွေကို ဖက်မိတာကောင်းပါတယ်။။ တချို့လမ်းကြောင်းတွေကတော့ နည်းနည်းလွဲနေတယ်။ ဘာလို့လဲဆိုတော့ ကျွန်မအခုနေတာ ဒဂုံအရှေ့ပိုင်းမှာနေတယ်။ ၁၃၃ ရပ်ကွက်မှာပါ။အရင်ကတော့ အဲဒီမှာ ရောက်တဲ့ကားတွေအများကြီးရှိတယ်။ ၃၆၊ ၇၇ မေတ္တာလိုင်း (၁)၊ အဲဒီကားတွေကရောက်ပါတယ်။ အခု ဒီကားတွေကိုဖျက်မယ်ဆိုပြီးလုပ်တယ်။ အခု ရေးထားတဲ့နေရာမှာ ကျွန်မတို့ရပ်ကွက်တွေထဲအထိမပါဝင်ဘဲ ဒဂုံအရှေ့ပိုင်းမြို့နယ်ထဲမှာရှိတဲ့လူတွေ အကုန်လုံးကဒဂုံတက္ကသိုလ်ထဲကနေဝင်စီးရမယ့်အနေထားဖြစ်နေတယ်'ဟု ဒဂုံအရှေ့ပိုင်းမြို့နယ်နေမလဲ့လဲ့ရွှေကပြောသည်။

မ. ထ. သ မှ ထိန်းသိမ်းကြီးကြပ်ကွက်ကဲမှုပြုလုပ်စဉ်က ရွှေတိဂုံသို့လာရောက်သောခရီးသွားပြည်သူဘုရားဖူးမိတ်ဆွေများအဆင်ပြေစေရန်အတွက် ရွှေတိဂုံဘုရားစေတီဘက်မုခ်၊ အနောက်ဘက်မုခ်တောင်ဘက်မုခ်များတွင် မော်တော်ယာဉ်လိုင်းများနှင့် မှတ်တိုင်များရှိသော်လည်း ယခုရန်ကုန်တိုင်းဒေသကြီးသယ်ယူပို့ဆောင်ရေးအာဏာပိုင်အဖွဲ့မှရေးဆွဲထားသော ယာဉ်လမ်းကြောင်းစနစ်တွင် အဆိုပါမှတ်တိုင်နှင့်ကားများရှိတော့မည်မဟုတ်ကြောင်း သိရသည်။

'ရွှေတိဂုံစေတီဆိုရင်နေ့စဉ်လာရောက်ကြတဲ့ သူတွေကနည်းတာမဟုတ်ဘူး။ ရက်ကြီးအခါကြီးတွေဆိုရင်ဒီမှာလာပြီးဥပုသ်စောင့်တဲ့သူကအများကြီး။အများစုကအသက်ကြီးတဲ့သူတွေ။သူတို့တွေကဒီမှတ်တိုင်တွေနဲ့ ဒီကားတွေကိုပဲအားကိုးနေရတာ။အခုဒီအလယ်ပစ္စယံမှာရှိတဲ့အရှေ့ဘက်မုခ်မှတ်တိုင်၊ အနောက်ဘက်မုခ်မှတ်တိုင်တွေနဲ့ တောင်ဘက်မုခ်မှတ်တိုင်တွေသာမရှိတော့ဘူးဆိုရင်ဒီကိုလာတဲ့ခရီးသွားပြည်သူတွေအတွက်ဘယ်လိုလုပ်မလဲ'ဟု ဗဟန်းမြို့နယ်နေကိုကျော်ဘုန်းခေါင်ကပြောသည်။

ယခင်ခေတ်အဆက်ဆက်တွင် ရန်ကုန်မြို့၌မော်တော်ယာဉ်မှတ်တိုင်ပေါင်း ၂၀၀၀ ကျော်ထိထားရှိပြီး အများပိုင်မော်တော်ယာဉ်စနစ်တွင် မော်တော်ယာဉ်လမ်းကြောင်း များပြောင်းလဲထားသည့်အတွက်မှတ်တိုင်အများစုသည်ပျောက်ကွယ်သွားမည်ဖြစ်သည်။

ယခုလက်ရှိရန်ကုန်တိုင်းဒေသကြီးသယ်ယူပို့ဆောင်ရေးအာဏာပိုင်အဖွဲ့ကရေးဆွဲထားသော ခရီးစဉ်လမ်းကြောင်းများသည် လူအများစုသွားရောက်သည့် ခရီးလမ်းကြောင်း အနည်းငယ်သာပါဝင်သေးသည့်အတွက်ထပ်ဆင့်စီးရမည့်လမ်းကြောင်းများကြောင့် အပိုထွက်ငွေများကုန်ကျလာမည်ကိုခရီးသည်များကစိုးရိမ်လျက်ရှိသည်။

'အခုရေးဆွဲထားတဲ့လမ်းကြောင်းတွေ ၈၀ ရာခိုင်နှုန်းကတော့ အရင်ရှိပြီးသားလမ်းကြောင်းတွေကိုအခြေခံပြီး ရေးဆွဲထားတာဖြစ်ပါတယ်'ဟု ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့မှကရင်တိုင်းရင်းသားရေးရာဝန်ကြီးနော်ပန်းသဥ္ဇာမျိုးက ပြောသည်။

လက်ရှိရန်ကုန်မြို့၏ခရီးသွားသူဦးရေသည် ၂၈ သိန်းခန့်ရှိပြီး အဆိုပါထဲမှ သိန်း ၂၀ ရှိ ခရီးသွားသူများသည် Bus ကားများအား အသုံးပြုပြီး ကျန် ၈ သိန်းသည်။ ရထား၊ သင်္ဘော၊ Taxiနှင့် ကိုယ်ပိုင်ယာဉ်များအားအသုံးပြုကြောင်း JICA အဖွဲ့၏ကောက်ယူထားသောစစ်တမ်းများအရ သိရသည်။

**ဖြိုးအောင်**



The HOT NEWS
Vol - 7, No - 328, Jan 13 - 19 , 2017

## အရည်အချင်းပြည့်ဝသော ရခိုင်လူငယ်များအား ခေါင်းဆောင်အဖြစ် ဦးစားပေးရွေးချယ်မည်ဟု(ALD)ပါတီ၏ခေါင်းဆောင်ဟောင်းများပြောဆို

အရည်အချင်းပြည့်ဝသော ရခိုင်လူငယ်များအား ခေါင်းဆောင်များအဖြစ် ဦးစားပေးရွေးချယ်ကာ ရခိုင်ပြည်နယ် အခြေစိုက် နိုင်ငံရေးပါတီသစ်အား တရားဝင် ထူထောင်ကြတော့မည်ဖြစ်ကြောင်း ALD ပါတီ၏ ခေါင်းဆောင်ဟောင်းများက ပြောဆိုလိုက်သည်။

ရခိုင်ဒီမိုကရေစီအဖွဲ့ချုပ် (ALD) ပါတီ၏ကော်မတီဝင်ဟောင်း ၁၀၀ကျော် ပါဝင်သော အစည်းအဝေးတစ်ခုကို ရခိုင်ပြည်နယ် တောင်ကုတ်မြို့ပေါ်ရှိ မြို့နယ်ခန်းမ၌ ဇန်နဝါရီ ၇၊ ၈ရက်တို့တွင် ပြုလုပ်ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

"ရခိုင်အမျိုးသားပါတီ(ANP)ရဲ့ လက်ရှိဆောင်ရွက်ချက်တွေက ကျွန်တော်တို့ရခိုင်ဒီမိုကရေစီအဖွဲ့ချုပ် (ALD) ရဲ့မူဝါဒနဲ့ မဆင်မပြေပါဘူး။ ကျွန်တော်တို့ ရခိုင်လူထုရဲ့ တောင်းဆိုချက်အတိုင်း ပူးပေါင်းခဲ့တယ်။အောင်မြင်မှုတွေလည်း ရခဲ့တယ်။ ဒါပေမဲ့ ANP ပါတီရဲ့ အောင်မြင်မှုသာဖြစ်ခဲ့ပြီးတော့ ရခိုင်လူထုကတော့ ခုအချိန်အထိ ဘာအသီးအပွင့်ကိုမှ မခံစားရပါဘူး။ ရခိုင်တွေဟာ လူမျိုးရေး အစွန်းရောက်တွေအဖြစ်ပဲ အစွပ်စွဲခံနေကြရတယ်။ ဒါက ကျွန်တော်တို့ကို ပါတီပြန်ထူထောင်ဖို့ ဆုံးဖြတ်ချက်ကိုဖြစ်စေတယ်။ ရခိုင်လူထုရွေးချယ်ခွင့် ပိုများလာမှာပါ"ဟု ရခိုင်ဒီမိုကရေစီအဖွဲ့ချုပ် (ALD)ရဲ့ အတွင်းရေးမှူးဟောင်း ဦးမျိုးကျော်က ဇန်နဝါရီ ၅ ရက်တွင် ပြောသည်။

ALD ပါတီ၏ လူရွေးချယ်ရေးမူအတိုင်း ရခိုင်အမျိုးသားအကျိုးစီးပွားအတွက် ကိုယ့်ကျိုးစွန့်ဆောင်ရွက်သူများ၊ အမျိုးသမီးနှင့် ရခိုင်ပြည်နယ်တောင်ပိုင်း၊ မြောက်ပိုင်းကို မျှတအောင် ဖွဲ့စည်းသွားကာ အရည်အချင်းရှိ ရခိုင်လူငယ်များအား နေရာပေးသွားမည်ဖြစ်ကြောင်း ၎င်းက ဆက်ပြောသည်။

ရခိုင်နှစ်ပါတီပူးပေါင်းထားသော ရခိုင်အမျိုးသားပါတီ(ANP)တွင် ပါတီ၏ ဗဟိုအလုပ်မှုဆောင်ကော်မတီဝင် CEC များ ရွေးချယ်ရာတွင် သဘောထားကွဲလွဲမှုများ ဖြစ်ပွားခဲ့သည်။

ထိုပြင့် ၂၀၁၅ ရွေးကောက်ပွဲဝင်ပြိုင်ရန် ပါတီတွင်း လွှတ်တော်ကိုယ်စားလှယ်ရွေးချယ်မှုများတွင် အငြင်းပွားမှုများဖြစ် ပွားခဲ့ပြီး ရခိုင်ဒီမိုကရေစီအဖွဲ့ချုပ် (ALD)ဘက်မှ ထိပ်ပိုင်းခေါင်းဆောင်များ ထုတ်ပယ်ခံရခြင်းနှင့် မကျေနပ်၍ နုတ်ထွက်ခြင်းများရှိခဲ့သည်။

"ရခိုင်တစ်မျိုးသားလုံးအတွက် ရခိုင်ပါတီဆိုတာတော့ ရှိပြီးသားပါ။ ဒါပေမဲ့ ဒီရခိုင်ပါတီတစ်ခုတည်းပဲ ရှိရမယ်လို့တော့ ပုံသေချမှတ်ထားလို့မရပါဘူး။ ပါတီစုံဒီမိုကရေစီကို ကျွန်မလက်ခံတယ်။ ဒါကြောင့် ပေါ်လာမယ့် ပါတီဟာ ရခိုင်အမျိုးသားရေးအတွက် ရှေ့တန်းက ရှုပ်ရှုပ်ချွံချွံလုပ်ဆောင်ပေးမယ့် ပါတီဖြစ်ဖို့ မျှော်လင့်မိတယ်။ ဆုတောင်းမိတယ်။ လက်ရှိရခိုင်မှာ ရခိုင်အမျိုးသားပါတီနဲ့ ရခိုင်မျိုးချစ်ပါတီဆိုပြီး နှစ်ပါတီ ရှိတယ်။ အဲဒီ ရခိုင်ပါတီတွေရဲ့ နိုင်ငံရေးလှုပ်ရှားမှုတွေဟာရခိုင်လူထုအတွက် လုံလောက်မှု မရှိသေးပါဘူး" ရခိုင်ဒေသတွင်း လူမှုအဖွဲ့အစည်းတစ်ခုဖြစ်သည့် ရက္ခအလင်းတန်းအဖွဲ့မှ ဥက္ကဋ္ဌ မာမာကျော်စောက ပြောသည်။

ရခိုင်အမျိုးသားပါတီကို ရခိုင် ဒီမိုကရေစီအဖွဲ့ချုပ်နှင့် ရခိုင်တိုင်းရင်းသားများ တိုးတတ်ရေးပါတီတို့ ပူပေါင်းကာ ၂၀၁၄ ခုနှစ်၊ မတ်လ ၆ ရက်တွင် တစ်ပါတီတည်းအဖြစ် တည်ထောင်ခဲ့ကြခြင်းဖြစ်သော်လည်း သံတွဲညီလာခံမှစ၍ ရခိုင်အမျိုးသားပါတီ၏ အလုပ်မှုဆောင်ကော်မတီများ ရွေးချယ်ကြရာတွင် ပထမဆုံး ပါတီတွင်း အက်ရာထင်လာခဲ့ခြင်းဖြစ်သည်။

လက်ရှိရခိုင်အမျိုးသားပါတီ(ANP) အား ဒေါက်တာအေးမောင် ဦးဆောင်သော ရခိုင်တိုင်းရင်းသားများ တိုးတက်ရေးပါတီ(RNDP)ဘက်မှ ဦးဆောင်ထားသည်။

**ပန်လှအောင်(မြစ်မခ)**



## အစိုးရသစ်အနေဖြင့် ငြိမ်းချမ်းရေးလုပ်ငန်းများဆောင်ရွက်ရန်အခြေခံကောင်းများရှိဟု UPDJC ၏ အတွင်းရေးမှူး ဦးလှမောင်ရွှေ ပြောဆို

အစိုးရသစ်အနေဖြင့် ငြိမ်းချမ်းရေးလုပ်ငန်းများဆောင်ရွက်ရန် အခြေခံကောင်းများရှိနေပြီး အချိန်ယူဆွေးနွေးရမည်ဖြစ်ကာ ရလဒ်ကောင်းများ မကြာမီထွက်ရှိရန်မျှော်လင့်ထားကြောင်း ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ (UPDJC)၏ အတွင်းရေးမှူး ဦးလှမောင်ရွှေက ပြောဆိုလိုက်သည်။

"အရင်အစိုးရတုန်းကလည်း ဒီလိုတွေ့ဆုံဆွေးနွေးမှုကို အချိန်အများကြီးယူရတာ။ ၂၀၁၁ခုနှစ်ကနေပြီးတော့ ၂၀၁၅ ခုနှစ်အထိ လေးနှစ်လောက်ကြာခဲ့တယ်။ အစိုးရသစ်တစ်ခုဖြစ်တဲ့အတွက် အခြေခံကောင်းတွေရှိတယ်။ အချိန်ယူပြီးတော့ လုပ်ရမယ်။သိပ်မကြာခင်မှာတော့ ရလဒ်ကောင်းတွေထွက်ဖို့ ကျွန်တော်တို့ကတော့ မျှော်လင့်ပါတယ်"ဟု UPDJC ၏ အတွင်းရေးမှူးဦးလှမောင်ရွှေက ပြောသည်။ လက်ရှိတွင် ပြည်ထောင်စု ငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ (UPDJC)အနေဖြင့် NCA လက်မှတ်ရေးထိုးခြင်းမရှိသေးသည့်အဖွဲ့များကို လက်မှတ်ထိုးနိုင်ရန် ညှိနှိုင်းနေဆဲ အဆင့်သာရှိနေပြီး လူထုရွေးချယ်ထားသည့် အစိုးရကမလုပ်နိုင်လျှင် နောင်တွင် လုပ်ကိုင်ရန်ခက်ခဲကြောင်း ဦးလှမောင်ရွှေက ဆက်ပြောသည်။ ယခင်အစိုးရလက်ထက်တွင် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခတ်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ကို တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းရှစ်ခုက လက်မှတ်ရေးထိုးခဲ့ပြီး၊ အစိုးရသစ်ကာလတွင် NCA လတ်မှတ်ထပ်မံရေးထိုးထားသည့် အဖွဲ့အစည်းထပ်တိုးလာခြင်းမရှိသေးကြောင်း အမျိုးသားဒီမိုကရေစီအင်အားစုပါတီ(NDF)မှ အထွေထွေအတွင်းရေးမှူးဦးနေမင်းကျော်က ပြောသည်။

"ပြီးခဲ့တဲ့ အစိုးရလက်ထက်မှာတော့ အဖွဲ့ရှစ်ဖွဲ့နဲ့ NCA လက်မှတ်ရေးထိုးနိုင်ခဲ့တယ်။ လက်ရှိအစိုးရ လက်ထက်မှာတော့ NCA လက်မှတ်ရေးထိုးထားတဲ့အဖွဲ့တွေမရှိသေးဘူး။ ပြောချင်တာကတော့ အခုအစိုးရလက်ထက်မှာပဲ NCA ထိုးမယ်လို့ ကတိပေးထားတာမရှိသေးဘူး။ ထူးခြားတာမရှိသေးဘူးပေါ့"ဟု ဦးနေမင်းကျော်က ပြောသည်။

NCA လက်မှတ်ရေးထိုးထားသည့် လက်နက်ကိုင်အဖွဲ့အစည်းများမှာ ကရင်အမျိုးသားအစည်းအရုံး(KNU)၊ ရှမ်းပြည် ပြန်လည်ထူထောင်ရေးကောင်စီ (RCSS/SSA)၊ မြန်မာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများ ဒီမိုကရက်တစ်တပ်ဦး (ABSDF)၊ ကရင်ငြိမ်းချမ်းရေးကောင်စီ (KNU/KNLA(PC))၊ ဒီမိုကရေစီအကျိုးပြု ကရင်တပ်မတော်(DKBA)၊ ပအိုဝ်း အမျိုးသားလွတ်မြောက်ရေးအဖွဲ့ (PNLO)၊ ချင်းအမျိုးသားတပ်ဦး(CNF)၊ ရခိုင်လွတ်မြောက်ရေးပါတီ(ALP) တို့ဖြစ်ကြောင်း သိရသည်။

လက်ရှိတွင် ကရင်ပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီးနှင့် နေပြည်တော်ကောင်စီနယ်မြေများတွင် ၂၀၁၇ ခုနှစ် ဇန်နဝါရီလဆန်းပိုင်း၌ အမျိုးသားအဆင့်နိုင်ငံရေးဆွေးနွေးပွဲများ စတင်ကျင်းပမည်ဖြစ်ပြီး ဒီဇင်ဘာ ၂၉ ရက်တွင် အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲ ကြီးကြပ်ကော်မတီကို အစိုးရ၊ တပ်မတော်၊ လွှတ်တော်၊ တိုင်းရင်းသားလက်နက်ကိုင်နှင့် နိုင်ငံရေးပါတီများမှ အဖွဲ့ဝင်ကိုးဦးစီဖြင့်ဖွဲ့စည်းခဲ့ကြောင်း ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ(UPDJC)က ကြေညာချက် ထုတ်ပြန်ခဲ့သည်။

**စော်မင်း(မြစ်မခ)**

## တနင်္သာရီတိုင်းဒေသကြီးသို့ နိုင်ငံခြားခရီးသွားပြည်သူများ ဝင်ရောက်မှု တိုးတက်စေရေးစီမံဆောင်ရွက်မည်



တနင်္သာရီတိုင်းဒေသကြီးရှိ မြိတ်ကျွန်းစုနှင့် ထားဝယ်ဒေသသို့ နိုင်ငံခြားခရီးသွားဧည့်သည်များ ဝင်ရောက်မှုတိုးတက်စေရန် ၂၀၁၇ ခုနှစ်အတွင်း အကောင်အထည်ဖော်ဆောင်ရွက်သွားရန်ရှိကြောင်း ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနမှ သိရသည်။

နိုင်ငံခြားခရီးသွားအများဆုံး လည်ပတ်သည့် ရန်ကုန်၊ မန္တလေး၊ ပုဂံ၊ အင်းလေး ဒေသများအပြင် ၂၀၁၇ ခုနှစ်အတွင်း တနင်္သာရီတိုင်းဒေသကြီး၏ ခရီးသွားလာရေးစီမံချက်များ အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးဦးဇေယျာမျိုးအောင်က ပြောသည်။

"လက်ရှိမှာ အဓိကထားလည်ပတ်နေတာကတော့ ရန်ကုန်၊ မန္တလေး၊ ပုဂံ၊ အင်းလေး အဲဒီနေရာတွေသာ လည်ပတ်နေတယ်။ ကျွန်တော်တို့နောက်ပိုင်းမှာ တနင်္သာရီတိုင်းမြိတ်ကျွန်းစု ဖွံ့ဖြိုးတိုးတက်ရေးကိုဦးတည်ပြီး ဆောင်ရွက်နေပါတယ်"ဟု ဦးဇေယျာမျိုးအောင်က ဆိုသည်။

အဆိုပါလုပ်ငန်းများ၏ ကနဦးစီမံချက်အဖြစ် လာမည့် ဇန်နဝါရီ ၁၇ ရက်မှ ၂၀ ရက်အထိ စင်ကာပူနိုင်ငံ၌ ကျင်းပပြုလုပ်မည့် အာဆီယံခရီးသွားဖိုရမ်တွင် ဝန်ကြီးဌာနအနေဖြင့် တနင်္သာရီတိုင်းဒေသကြီးရှိ သဘာဝအလှများအား သွားရောက်ပြသမည်ဖြစ်ကြောင်း သိရသည်။

လက်ရှိအချိန်တွင် မြန်မာနိုင်ငံသည် နိုင်ငံခြားသားခရီးသွားများ လာရောက်လည်ပတ်နေသော်လည်း လည်ပတ်စရာနေရာများ ရှားပါးနေသည့်ပြဿနာ ဖြေရှင်းရန်အတွက် လူမသိသော သဘာဝအလှနေရာများအားဖော်ထုတ်ကာ ပြသသွားမည်ဖြစ်ကြောင်း ဦးဇေယျာမျိုးအောင်က ဆက်လက်ပြောသည်။

"မြန်မာနိုင်ငံဟာ ခရီးသွားလုပ်ငန်းတွေဖွံ့ဖြိုးတိုးတက်ဖို့ အလားအလာကောင်းတွေ အများကြီးရှိပါတယ်။ ဘာလို့လဲဆိုတော့ ဒီနေ့အချိန်အထိ လူတချို့တွေ ရောက်တောင်မရောက်ဖူးကြတဲ့နေရာတွေဟာ အများကြီးကျန်နေပါသေးတယ်"ဟု ဦးဇေယျာမျိုးအောင်က ဆိုသည်။

တနင်္သာရီတိုင်းဒေသကြီးတွင် နိုင်ငံခြားသားခရီးသွားများ ဝင်ရောက်မှုတိုးတက်စေရန် လုပ်ငန်းစီမံချက်သည် ကောင်းမွန်သော်လည်း အမှန်တကယ် ဒေသခံများအတွက် အလုပ်အကိုင်ပေးနိုင်သော စီမံချက်ဖြစ်ရန်လိုအပ်ကြောင်း တနင်္သာရီတိုင်း ထားဝယ်ဒေသခံတစ်ဦးဖြစ်သူ နော်ခရီးစေးက ပြောသည်။

"ဟိုတယ်နဲ့ခရီးသွားလာရေးလုပ်ငန်းလုပ်မယ်ဆိုရင် တာဝန်ယူမှု၊ တာဝန်ခံမှုလုပ်ငန်းရှင်ဖြစ်ရပါမယ်။ ဒေသခံအကျိုးကို မထိခိုက်အောင်လုပ်မယ်ဆိုရင် ပိုအဆင်ပြေတယ်။ ဒေသခံတွေအတွက် စည်းစနစ်ကျသော၊ မနစ်နာသောအလုပ်ကိုင်တွေကို ဖန်တီးပေးမယ်ဆိုရင် ပိုကောင်းတယ်။ မန်နေဂျာရာထူးခေါ်ပြီး လစာကသန့်ရှင်းရေးလစာလောက်ပဲ ပေးနေရင် အဆင်မပြေဘူး။ အလုပ်ခေါ်တယ်ဆိုပြီး မိန်းကလေးတွေကို KTV တို့၊ မာဆတ်တို့မှာ ခိုင်းနေမယ်ဆိုရင်တော့ အဆင်မပြေဘူး"ဟု နော်ခရီးစေးကဆိုသည်။

ယခင်က တနင်္သာရီတိုင်းဒေသကြီးသည် နယ်မြေအေးချမ်းမှုမရှိခဲ့သည့်အတွက် နိုင်ငံခြားခရီးသွားဧည့်သည်များ ဝင်ရောက်မှုအားနည်းခဲ့ပြီး ယခုတွင် နယ်မြေဒေသ အေးချမ်းလာသည့်အတွက် ပြည်တွင်းခရီးသွားဧည့်သည်များ အများဆုံးလာရောက်လည်ပတ်လျက်ရှိသည်။

**ဖြိုးအောင်**

# မိမိအား ဆန္ဒပြမှုများကို ဝမ်းမြောက်စွာကြိုဆိုမည်ဟု ရန်ကုန်တိုင်းဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းဆို

ရန်ကုန်မြို့တော် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ရာတွင် မိမိနှင့် မိမိအစိုးရအဖွဲ့အား ဆန္ဒပြမှုများဖြစ်ပေါ်ခဲ့ပါက ဝမ်းမြောက်ဝမ်းသာစွာကြိုဆိုသွားမည်ဖြစ်ကြောင်း ရန်ကုန်တိုင်း ဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက ဇန်နဝါရီ ၆ရက်တွင် ပြောဆိုလိုက်သည်။

ရန်ကုန်တိုင်းဝန်ကြီးချုပ်၏ စီမံချက်ဖြင့်ဖွင့်လှစ်ခဲ့သော ညဈေးတန်းကိစ္စကြောင့် ဈေးသည်များနှင့် စည်ပင်ကြား ပဋိပက္ခဖြစ်ပွားခြင်း၊ လမ်းဘေးဈေးသည်များက ဆန္ဒပြခြင်းအပါအဝင် ဇန်နဝါရီ ၁၆ရက်တွင် စတင်မည်ဖြစ်သော ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေး အာဏာပိုင်အဖွဲ့၏ အများပိုင်မော်တော်ယာဉ်စနစ်ကြောင့် ခရီးသည်များ၊ ယာဉ်မောင်းများ၊ ယာဉ်နောက်လိုက်များ၊ယာဉ်ပိုင်ရှင်များ၏ ဆန္ဒပြမှုများဖြစ်ပေါ်လာနိုင်သည့်ကိစ္စနှင့်ပတ်သက်၍ ဝန်ကြီးချုပ်က ပြောဆိုခဲ့ခြင်းဖြစ်သည်။“ဒါတွေကို ဆန္ဒထုတ်ဖော်မယ်ဆိုရင်ဝမ်းမြောက်ဝမ်းသာကြိုဆိုနေမှာပါ။ ဘာကြောင့်လဲဆိုတော့ ကျွန်တော်တို့နိုင်ငံဟာ ဒီမိုကရေစီနိုင်ငံဖြစ်ပြီဆိုတာကိုပြတဲ့ သင်္ကေတတစ်ခုဖြစ်လို့ပါ” ဟု ရန်ကုန် တိုင်းဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက ပြောသည်။ “ဒီလုပ်ငန်းရပ်တွေကြောင့် အခက်အခဲတွေကြုံနိုင်ပါတယ်။ခရီးသွားပြည်သူတွေမှာလည်း အခက်အခဲတွေကြုံနိုင်ပါတယ်။ ဒါပေမဲ့ မရုန်းကန်ဘူး၊ မဖြတ်သန်း ဘူး၊ မပြုပြင်ဘူးဆိုရင် အဟောင်းထဲမှာပဲ တဝဲလည်လည်နဲ့ အပြစ်တွေပြောရင်းနဲ့ ကျွန်တော်တို့ဟာ ဒီထဲကရုန်းထွက်နိုင်မှာမဟုတ်ပါဘူး။ ဒါကြောင့်မို့လို့ တိုင်းဒေသ ကြီးအစိုးရအဖွဲ့က ရဲရဲတင်းတင်းနဲ့ ခြေလှမ်းတစ်လှမ်းကို စတင်လိုက်တာဖြစ်ပါ တယ်” ဟု ရန်ကုန်တိုင်းဝန်ကြီးချုပ်ကဆိုသည်။

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ အနေဖြင့် ယင်းကဲ့သို့ပြောင်းလဲခြင်းခြေလှမ်း စတင်ချိန်တွင် ပြည်သူများ၏မျှော် လင့်ချက်အား တတ်နိုင်သ၍ ဖြည့်ဆည်းပေးသွားမည်ဖြစ်ပြီး လာမည့် ၂၀၁၈ခုနှစ် တွင် အဆိုပါပြောင်းလဲခြင်း၏ အသီးအပွင့်များအား ခံစားရမည်ဖြစ်ကာ နှစ် သစ်အားကြိုဆိုသွားနိုင်မည်ဖြစ်ကြောင်း ဝန်ကြီးချုပ်က ထပ်လောင်းကာပြောဆိုခဲ့ သည်။

**ဖြိုးအောင်**

# ကိုယ်စားလှယ်လောင်းအမည်စာရင်းတင်သွင်းရန်ပျက်ကွက်သည့် ကယားပြည်နယ် NLD အဖွဲ့ဝင်များကို ပါတီဗဟိုက အရေးယူမည်

၂၀၁၇ ကြားဖြတ်ရွေးကောက်ပွဲ အတွက် ကိုယ်စားလှယ်လောင်း အမည်စာရင်းတင်သွင်းရန် ပျက်ကွက်ခဲ့သည့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်(NLD)ပါတီ၏ ကယားပြည်နယ်အလုပ်အမှုဆောင်ဥက္ကဋ္ဌနှင့် ဖရူဆိုမြို့နယ်ဥက္ကဋ္ဌတို့ကို NLD ပါတီဗဟိုက အရေးယူသွားမည်ဖြစ်ကြောင်း NLD ပါတီ ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင် ဦးထွန်းထွန်းဟိန်၏ ပြောဆိုချက်အရ သိရှိရသည်။

၂၀၁၇ ကြားဖြတ်ရွေးကောက်ပွဲတွင် ကယားပြည်နယ်၊ ဖရူဆိုမြို့နယ် မဲဆန္ဒနယ် အမှတ်(၂)နေရာအတွက် ပါဝင်ယှဉ်ပြိုင်မည့် လွှတ်တော်ကိုယ်စားလှယ်လောင်း ဦးလွီဇီသည် သတ်မှတ်ထားသည့်ရက်အတွင်း အမည်စာရင်း အချိန်မီတင်သွင်းနိုင်ခြင်း မရှိခဲ့ခြင်းကြောင့် NLD ပါတီမှ ကိုယ်စားလှယ်လောင်းတစ်ဦး ယှဉ်ပြိုင်ခွင့်ဆုံးရှုံးခဲ့ရသည့်အတွက် ပြည်နယ်အလုပ်အမှုဆောင်ဥက္ကဋ္ဌနှင့် ဖရူဆိုမြို့နယ် ဥက္ကဋ္ဌတို့ကို အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

“ကယားပြည်နယ်ပါတီဥက္ကဋ္ဌနဲ့ မြို့နယ်ဥက္ကဋ္ဌတို့ကိစ္စကို အရေးယူဖို့ ထုတ်ပြန်ပါတယ်။ ပါတီဗဟိုကို ကျွန်တော်တို့က ပို့ပေးရမယ်။ ဘယ်အဆင့်အထိရောက်ပြီလဲဆိုတာကတော့ ပါတီဌာနချုပ်ကို မေးမှရပါမယ်။ ကျွန်တော်တို့ကတော့ အရေးယူဖို့ပဲ ဆုံးဖြတ်တာလေ”ဟု NLD ပါတီဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင် ဦးထွန်းထွန်းဟိန်က ပြောသည်။

အဆိုပါအရေးယူမည်ဆိုသည့် ညွှန်ကြားစာကို ဗဟိုမှပေးပို့လာခြင်း မရှိသေးကြောင်း ဖရူဆိုမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးပွဲဒူက ပြောသည်။ “ပြည်နယ်ဥက္ကဋ္ဌကတော့ အင်တာဗျူးတစ်ခုမှာ သတင်းပို့ပြီးကြောင်း ဆိုပြီး တွင်တွင်ပြောနေတယ်။ ကျွန်တော်ကတော့ တစ်ယောက်နဲ့တစ်ယောက် အချေအတင်မပြောချင်ဘူး။ ကျွန်တော်ကတော့ အမှန်ကို အမှန်တိုင်းပဲပြောတယ်။ ဒီကိစ္စနဲ့ပတ်သက်လို့ မသိလိုက်ဘူး။ ကျွန်တော်လုံးဝ မသိလိုက်တဲ့အတွက် အပြစ်ဖြစ်သွားတာပေါ့။ ကျွန်တော်ကတော့ ဒီလိုပဲခံယူပါတယ်။ အရေးယူမှုတွေကို ခံယူရမှာပေါ့။ တမင်တကာ လုပ်ကြံဖန်တီးနေတာတော့ မဟုတ်ဘူးလို့ မြင်ပြီးသားပါလေ”ဟု ဖရူဆိုမြို့နယ် NLD ပါတီဥက္ကဋ္ဌ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးပွဲဒူက ပြောသည်။ လွှတ်တော်ကိုယ်စားလှယ်လောင်း အမည်စာရင်း အချိန်မီတင်သွင်းနိုင်ခြင်း မရှိသည့်အတွက် ကိုယ်စားလှယ်လောင်း ရွေးချယ်ခံထားရသူ အနေဖြင့်လည်း တာဝန်ရှိပြီး အဖွဲ့ချုပ်က အရေးယူမှုများရှိလာပါက NLD ပါတီအတွက် အရေးကြီးသည့်နေရာတွင် မပါဝင်သော်လည်း ကျရာနေရာတွင် ဆက်လက်တာဝန်ထမ်းဆောင်သွားမည် ဖြစ်ကြောင်း ဦးပွဲဒူက ဆက်ပြောသည်။ “တကယ်တမ်းကာယကံရှင်မှာလည်း တာဝန်အများဆုံးပေါ့ဗျ။ သူကလည်း သိအောင်လုပ်ရမယ်။ ဘယ်နေ့ဘယ်ရက် ဘယ်လိုတင်ရမယ်ဆိုတာကို သိဖို့လိုတာပေါ့။ ကျွန်တော်ကလည်း နေပြည်တော်မှာ ရောက်နေတော့ ပြည်နယ်မှာ ဆက်လုပ်ရမယ့်လုပ်ငန်းတွေကတော့ ကျွန်တော်လည်း မသိဘူးလေ။ ကျွန်တော်ကတော့ဘာပဲဖြစ်ဖြစ် ကိုယ့်မှာလည်း တာဝန်ရှိတယ်လို့ယူဆပါတယ်။ အရေးကြီးတဲ့နေရာမပါရတာနဲ့ ပတ်သက်လို့ ကွမ်းတောင်ကိုင်၊ ပန်းတောင်ကိုင် မလုပ်ရတော့လည်း ပန်းကန်ဆေးတဲ့နေရာက လုပ်မှာပါ”ဟု ဦးပွဲဒူက ပြောသည်။ ၂၀၁၇ ကြားဖြတ်ရွေးကောက်ပွဲတွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီမှ လစ်လပ်နေရာ ၁၉နေရာအတွက် ပါဝင်ယှဉ်ပြိုင်ရန် ရွေးချယ်ထားခဲ့သော်လည်း၊ ဖရူဆိုမြို့နယ် မဲဆန္ဒနယ် အမှတ်(၂) နေရာအတွက် နာမည်စာရင်း အချိန်မီတင်သွင်းနိုင်ခြင်းမရှိခဲ့သည့်အတွက် လစ်လပ်မဲဆန္ဒနယ်နေရာ ၁၈ နေရာသာ ယှဉ်ပြိုင်ခွင့်ရတော့မည်ဖြစ်သည်။

**ဇော်မင်း(မြစ်မခ)**

ကြော်ငြာမီဒီယာ- ၀၉-၇၆၇၉၂၄၀၉၃၊ ၀၉-၉၆၉၄၄၃၄၃၁

အောင်နိုင်သူ
Ph: 09-250293226

ကျော်စွာမင်း
Ph: 09-428206445,09-428206443
09-43126358, 09-43121278

Ph: 09-420767998
09-423744714, 09-772905964

အားမာန်
Ph: 09-420702426
09-797648122

Ph: 09-797939584
09-31735000, 09-420717849

Ph: 09-458023850
09-455716232

Gold Point
Ph: 09-33100212
09-791512800

ဟိန်းသီဟ
Ph: 09-400466533
09-455166335

ရွှေမိသားစု
Ph: 071-22807
09-2133084
09-33332573

ရွှေမန္တလေး
Ph: 09-43075791

မောင်ငွေ
Ph: 09-400420858
09-796300397

Ph: 071-60201
09-2133324

ကောက်ရ
09-47093379,09-259014375
09-445603803

စွမ်းအား
Ph: 09-442074950

နိုင်ဝမ်း
Ph: 09-5089586, 09-43086011
01-642189, 01-646509, 01-9640027

KYAW
Ph: 09-73132063
09-73190807

သိန်းတင်
Ph: 09-425331339
09-973587669

Ph: 09-400403574
09-794340859

Ph: 09-2032690

ရတနာအောင်
Ph: 09-49261687

မကွေး-ကိုအုန်းလွင်
Ph: 09-5169910, 09-49155521
09-785169910

တင့်လွင်ဦး
Ph: 09-73098418
09-782406624

ကိုကျော်မင်း
Ph: 09-73185205

မင်းထက်
Ph: 09-400408465
09-974600333

1-Click
Ph: 09-250107080
09-965107080

Ph: 09-976207585
09-400470706

တိုးလင်းအောင်
Ph: 09-401675642
09-47081058

The HOT NEWS
Vol - 7, No - 328, Jan 13 - 19 , 2017

# အာဏာရှင်စစ်ဗိုလ်ကြီးကို စားပွဲ လက်သီးနဲ့ထုပြီး ပြန်ဟောက်ခဲ့တဲ့ သတင်းစာဆရာ



## တက္ကသိုလ်စိန်တင်

**စာပေသုတေသီ** - "သတင်းစာဆရာကြီး ကြေးမုံဦးသောင်း အမေရိကန်ပြည်ထောင်စုမှာ ကွယ်လွန်အနိစ္စရောက်ခဲ့တဲ့ ၁၀နှစ်ပြည့် အထိမ်းအမှတ်ပွဲကို အမေရိကန်ပြည်ထောင်စုရောက်မြန်မာစာရေးဆရာတွေ ကျင်းပခဲ့တဲ့သတင်းတစ်ပုဒ် ဂျာနယ်တွေမှာဖတ်ရှုရတယ်"

**တက္ကသိုလ်စိန်တင်** - "ဟုတ်ပါတယ်ဗျာ။ မြန်မာနိုင်ငံကိုချစ်တဲ့ မြန်မာသတင်းစာဆရာ အကျော်အမော် ကြေးမုံဦးသောင်း နိုင်ငံရပ်ခြားမှာ ကွယ်လွန်အနိစ္စရောက်ခဲ့တာ ၁၀နှစ်တင်းတင်းပြည့်ခဲ့ပါပြီ"

**စာပေသုတေသီ** - "ကြေးမုံဦးသောင်းနဲ့ တက္ကသိုလ်စိန်တင်တို့နောက်ဆုံးတွေ့ကြတာဘယ်တုန်းကလဲဗျာ"

**တက္ကသိုလ်စိန်တင်** - "ဆရာကြေးမုံဦးသောင်းဒုတိယအိမ်ထောင် တက္ကသိုလ်ဆရာမကြီး ဒေါ်တင်တင်ဝင်းနဲ့အတူ အမေရိကန်ပြည်ထောင်စုကို မထွက်ခွာမီ ၁၉၇၈ ခုနှစ်က နောက်ဆုံးတွေ့ခဲ့၊ ကန်တော့ခဲ့ပါတယ်။ တက္ကသိုလ်စိန်တင်ရဲ့ သတင်းစာလောက လက်ဦးဆရာကြေးမုံဦးသောင်းကို တပည့်တက္ကသိုလ်စိန်တင် ဒူးထောက်ထိုင်ပြီး ဦးချကန်တော့တဲ့အခါ ဆရာ ဘယ်တော့မြန်မာပြည်ကို ပြန်လာမှာလဲလို့ မေးကြည့်တော့ "မင်းတို့မြန်မာနိုင်ငံကြီး ပြန်လည်တိုးတက်လာတဲ့အချိန်ကျရင် ဆရာပြန်လာမှာပါကိုစိန်တင်။ မြန်မာနိုင်ငံကို တစ်သက်လုံးခွဲခွာပြီး မနေနိုင်ပါဘူး တပည့်ရာ" လို့ ဆရာဦးသောင်းက ပြောခဲ့ပါတယ်"

**စာပေသုတေသီ** - "ဒါနဲ့မေးရဦးမယ်။ ၁၉၅၈ ခုနှစ်မှာ ဗိုလ်ချုပ်ကြီးနေဝင်းက ဝန်ကြီးချုပ်တာဝန်နဲ့ အိမ်စောင့်အစိုးရအဖွဲ့ တက်လာစဉ်က ဗိုလ်မှူးကြီးမောင်မောင်နဲ့ ကြေးမုံသတင်းစာအယ်ဒီတာချုပ်ဦးသောင်းတို့ ဧည့်ခံပွဲတစ်ခုမှာ စားပွဲကိုလက်သီးနဲ့ထုပြီး ငြင်းကြ၊ ခုန်ကြ၊ ဟိန်းကြ၊ ဟောက်ကြ ဖြစ်ခဲ့တယ်ဆို"

**တက္ကသိုလ်စိန်တင်** - "ဟုတ်ပါတယ်ဗျာ။ အဲဒီအချိန်ကာလက အိမ်စောင့်အစိုးရခေါ်ပြီး စစ်ဗိုလ်တွေအုပ်ချုပ်စဉ်က စစ်ဗိုလ်ဆိုရင် ဖိမ့်ဖိမ့်တုန်အောင်ကြောက်နေရတဲ့အချိန်ပါ။ ဒီအချိန်မှာ စစ်တပ်အကြီးအကဲဗိုလ်မှူးကြီးမောင်မောင်ကို ကြေးမုံဦးသောင်းက စားပွဲလက်သီးနဲ့ထုပြီး ပြန်ဟောက်ခဲ့ဖူးတယ်"

**စာပေသုတေသီ** - "ဒီအကြောင်း မှတ်တမ်းမှတ်ရာ ခိုင်ခိုင်မာမာရှိခဲ့သလား"

**တက္ကသိုလ်စိန်တင်** - "ဒီအကြောင်းကို ၁၉၇၁ ခုနှစ်က **ကြေးမုံဦးသောင်း**ရေးသားပြုစုတဲ့စာအုပ် **'ဗမာ့ခေတ်မှ ကြေးမုံသို့'** မှာ အကျယ်တဝင့်ရေးသားခဲ့ဖူးတယ်။ အဲဒီတုန်းက နိုင်ငံရေးစာပေကိုသာ စာပေစိစစ်ရေးက စစ်ဆေးပြီး တခြားစာအုပ်တွေကို စာပေစိစစ်ရေးသို့ကြိုတင်ပြီး မတင်ပြရလို့ ဒီစာအုပ်ထုတ်ဝေနိုင်ခဲ့တယ်။ ကြေးမုံဦးသောင်းရဲ့စာအုပ်ထုတ်ဝေစဉ်မှာ တပ်မတော်က ဗိုလ်မှူးကြီးမောင်မောင် (နောင် ဗိုလ်မှူးချုပ်မောင်မောင်) စစ်တပ်ကအငြိမ်းစားယူပြီး သက်ရှိထင်ရှားရှိနေဆဲဖြစ်တာကြောင့် ကြေးမုံဦးသောင်းရေးသားတာကို အပိုအလိုမရှိအမှန်အကန်ရေးတာလို့ အတည်ပြုရမှာဖြစ်ပါတယ်"

**စာပေသုတေသီ** - "နောင် အနာဂတ်မြန်မာနိုင်ငံ သတင်းစာသမိုင်းကို ပြုစုရေးသားကြတဲ့အခါ မြန်မာသတင်းစာလောကမှာ နယ်ချဲ့ခေတ်၊ လွတ်လပ်ရေးခေတ်၊ စစ်အာဏာရှင်ခေတ်အဆက်ဆက် ထင်ပေါ်ကျော်ကြားခဲ့တဲ့ သူရိယ ဘကြီးဘသော၊ သံတော်ဆင့်ဦးသိမ်းမောင်၊ ဂျာနယ်ကျော် ဦးချစ်မောင်၊ ဗမာ့ခေတ် ဦးအုန်းခင်၊ ရန်ကုန်ဦးယုမောင်၊ ထွန်းနေ့စဉ် ဦးထွန်းဖေ၊ ဟံသာဝတီဦးညွန့်၊ အိုးဝေ ဦးညိုမြ၊ နေးရှင်း ဦးလောရုံတို့နှင့်အတူ ကြေးမုံဦးသောင်းလည်း သတင်းစာသူရဲကောင်းများစာရင်းမှာ ထင်လင်းစွာပါဝင်တော့မှာဖြစ်ပါတယ်။ ကြုံတုန်းကြုံခိုက်မှာ ၁၉၅၈ ခုနှစ်၊ အိမ်စောင့်စစ်အစိုးရခေတ်က အာဏာရှင်ဗိုလ်မှူးကြီးမောင်မောင်နဲ့ တွေ့ဆုံအန်တုခဲ့ဖူးတဲ့ ကြေးမုံဦးသောင်းရဲ့ဖြစ်ရပ်ကို ပြောပြပါဦး"

**တက္ကသိုလ်စိန်တင်** - "ဗိုလ်မှူးကြီးမောင်မောင်က အိမ်စောင့်အစိုးရအဖွဲ့က အလွန်အဆိပ်ပြင်းတဲ့ ကြောက်စရာကောင်းလှသူ စစ်ဗိုလ်တစ်ဦးပါ။ ကြားချင်ရင် နားဆင်ပါ"

သတင်းစာဆရာကြီး ကြေးမုံဦးသောင်းသည် အောင်ဗလ ကလောင်နာမည်ဖြင့်လည်းကောင်း၊ ကြေးမုံဦးသောင်းကလောင်နာမည်ဖြင့်လည်းကောင်း စာအုပ်များစွာ ရေးသားထုတ်ဝေခဲ့သည်။ မြန်မာနိုင်ငံတွင်ရှိစဉ်က စာအုပ်များစွာရေးသားခဲ့ပြီးနောက် အမေရိကန်ပြည်ထောင်သို့ သွားရောက်နေထိုင်စဉ် **ဗိုလ်နေဝင်းစာတ်လမ်းရှုပ်သမျှ၊ ဘီလူးတို့ရွာ၊ ဦးနေဝင်း၏ ပြာတစ်ဆုပ်** စသော စာအုပ်များစွာရေးသားထုတ်ဝေခဲ့သည်။

အောက်ပါဖော်ပြချက်မှာ ကြေးမုံဦးသောင်းရေးသားပြီး ၁၉၇၁ ခုနှစ်က ရန်ကုန်မြို့၊ ပုဂံစာအုပ်တိုက်မှထုတ်ဝေခဲ့သော **'ဗမာ့ခေတ်မှ ကြေးမုံသို့'** စာအုပ်မှ ကောက်နုတ်တင်ပြရခြင်းဖြစ်သည်။

### ဗိုလ်မှူးကြီးမောင်မောင်နှင့်တစ်ကြိမ်

မှန်သည် ယူဆသောအချက်ကို စွဲကိုင်ရသည်မှာ ဘေးရန်များတတ်သည်။ ပဋိပက္ခလည်း ကြုံတွေ့ရတတ်သည်။

တင်မောင့်အဖို့ အိမ်စောင့်အစိုးရလက်ထက်က ထိပ်သီးကြီးတစ်ဦးနှင့် ထိပ်တိုက်တွေ့ရဖူးလေသည်။ ၁၉၅၈ ခုနှစ်၊ အောက်တိုဘာလတွင် အိမ်စောင့်အစိုးရအဖွဲ့ ဖွဲ့စည်းပြီးသောအခါ ခေါင်းဆောင်များဖြစ်သော ဗိုလ်မှူးကြီးများက သတင်းစာဆရာတို့ကို ဧည့်ခံပွဲကျင်းပသည်။ သတင်းစာအုပ်စုအလိုက် အယ်ဒီတာသုံးလေးဦးကို ဒဂုံရိပ်သာသို့ဖိတ်ကာ ညစာဖြင့်ဧည့်ခံသည်။ ကြေးမုံမှ တင်မောင်နှင့် ဆရာဇဝန၊ ထွန်းနေ့စဉ်မှ ဦးထွန်းဖေ ပေါင်း သုံးဦးကို ညစာကျွေးကာ ဆွေးနွေးကြသည်။

တင်မောင်တို့အား ပြုစုဧည့်ခံသော ညစာစားပွဲတွင် ဗိုလ်မှူးကြည်ဝင်းအား "ကျွန်တော့် ဆရာတစ်ဆူပါ" ဟု တင်မောင်က အခြားဗိုလ်မှူးများရှေ့၌ ထုတ်ဖော်ပြောလိုက်သောအခါ တင်မောင့်အား ကွန်မြူနစ်ဘက်သားတစ်ဦးဟု ယူဆထားသူတို့က အံ့ဩသွားကြသည်။

ထိုဧည့်ခံပွဲ၌ ဗိုလ်မှူးကြီးများသည် အားလုံးစစ်ဝတ်စုံကိုမဝတ်ဘဲ အရပ်ဝတ်နှင့်ရှိကြသည်။ ဗိုလ်မှူးကြီးမောင်မောင်က ပင်နီအပေါ်အင်္ကျီဖြင့် ခပ်န္တဲ့န္တဲ့ ထိုင်နေသည်။ သူ့ကို စစ်ဝတ်စုံနှင့်သာ မြင်ဖူး၊တွေ့ဖူးပြီး အရပ်ဝတ် အရပ်စားနှင့် မကြုံဖူးသဖြင့် တင်မောင်က မမှတ်မိ။

ထွေရာလေးပါး အာလာပ သလ္လာပပြောကြစဉ်တွင် တင်မောင်က 'တပ်မတော်'နှင့်ပတ်သက်၍ သူ၏ထင်မြင်ချက်ကိုပြောရာတွင် စကားအသုံးအနှုန်း 'ရင့်သီး' သွားသည်။ စကားမှားမိသည်။

"ဒါတော့ ခင်ဗျားက တပ်မတော်ကို စော်ကားတာပဲ"

ပင်နီအင်္ကျီနှင့်လူနွဲ့က ခပ်မာမာပြောသည်။

သူ၏အယူအဆကို အလျှော့မပေးတတ်သော တင်မောင်ကလည်း ပြန်၍ပြောသည်။

"ကျွန်တော့်ရဲ့ထင်မြင်ချက်ကတော့ ဒီအတိုင်းပဲ"

"ခင်ဗျား တပ်မတော်ကို မစော်ကားပါနဲ့"

"ကျွန်တော် မစော်ကားဘူး။ တပ်မတော်ကို အထင်ကြီးတဲ့သူပါ။ ဒါပေမဲ့ ထင်မြင်ချက်ကတော့ ထင်မြင်ချက်ပဲ"

"ကျုပ် သည်းမခံနိုင်တော့ဘူး"

ပင်နီအင်္ကျီနှင့်လူနွဲ့က စားပွဲကို လက်သီးနှင့် ဝုန်းခနဲထုကာ အော်ဟစ်သည်။

တင်မောင်ကလည်း စားပွဲကို ထိုအသံအတိုင်း မြည်အောင်ထုပြီး "ထင်မြင်ချက်ကို ပြောမှာပဲ" ဟု ပြန်ပြောမိသည်။ ဆက်လက်၍ တစ်ဦးလျှင် နှစ်ကြိမ်စီမျှ စားပွဲကို ထုကြသည်။

ဗိုလ်မှူးကြည်ဝင်းနှင့်ဗိုလ်မှူးကြီးများလာရောက်ဖျန်ဖြေမှ ပြီးပြတ်သွားခဲ့သည်။ ဧည့်ခံပွဲမှာ တင်မောင်နှင့် ဗိုလ်မှူးကြီးမောင်မောင်တို့၏ ဆူပူသံဖြင့်အဆုံးသတ်လိုက်ရသည်။

"ကိုတင်မောင်က ဗိုလ်မှူးကြီးမောင်မောင်နဲ့မှ သွားပြီး စကားများတယ်ဗျာ"

အပြန်တွင် ဆရာဇဝနကပြောတော့မှ တင်မောင်မှာ ကျောစိမ့်သွားရှာသည်။

သို့သော် စကားများခဲ့သဖြင့် အကျိုးရှိခဲ့သည်။

ထိုစဉ်က ကွန်မြူနစ်ဟုယူဆသူများကို ထိန်းသိမ်းရာ တင်မောင်နှင့်တကွ ကြေးမုံအဖွဲ့ဝင်အများကို အနီများဟုယူဆကာ 'မဲ'ခြင်းခံခဲ့ရသည်။

ကြေးမုံသတင်းစာကို ချိပ်ပိတ်စဉ် (၁၉၅၉၊ ဧပြီ ၉ရက်) က တင်မောင်သည် မန္တလေးသို့ရောက်နေသည်။ ချက်ချင်း ရန်ကုန်ပြန်လာသောအခါ သူ့ကိုဖမ်းရန်အတွက် ရန်ကုန်ဘူတာရုံ၌ စုံထောက်များကစောင့်ကာရှာနေလေပြီ။ ဤသို့ရှိမည်ဟု တွက်ချက်ကာ သယ်န်းကျွန်းဘူတာမှဆင်းခဲ့ကာ ခပ်လျှိုလျှိုနှင့် မြို့ထဲဝင်မိသဖြင့် တင်မောင့်အဖို့ အဖမ်းမခံရဘဲ လွတ်ခဲ့၏။

တင်မောင်သည် အစိုးရအဖွဲ့နှင့်နီးစပ်သော အစိုးရသတင်းစာတစ်ပိုင်းဖြစ်နေသော ဂါးဒီးယန်းသတင်းစာတိုက်မှ ဦးစိန်ဝင်း၏အိမ်သို့သွားရောက်ကာ 'ပုန်း'နေသည်။ ဦးစိန်ဝင်းသည် ဗိုလ်မှူးကြီးမောင်မောင်နှင့် မကြာခဏတွေ့ရာ တင်မောင့်အတွက် စကားစပ်သော်လည်း 'တင်းမာ'နေဆဲရှိသဖြင့် အလင်းသို့မထွက်ဝံ့ဘဲ ပုန်းနေရသည်။

နောက်ဆုံးတွင် စစ်ရှုံးသွားကာ ဗိုလ်မှူးကြီးမောင်မောင်နှင့်တွေ့ပြီး အလင်းဝင်ရသည်။

"ခင်ဗျားကိုဖမ်းပြီး ကိုကိုးကျွန်းကိုပို့ရင် ကျုပ်နဲ့ စကားများဖူးလို့ ဖမ်းတယ်ဖြစ်မှာစိုးလို့" ဟု သူက ဆိုသေးသည်။

အထက်ပါတို့မှာ အိမ်စောင့်စစ်အစိုးရဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးနေဝင်းခေတ် (၁၉၅၈-၁၉၆၀)တွင် ကြုံခဲ့ရသော ဗိုလ်မှူးကြီးမောင်မောင်နှင့် မြန်မာသတင်းစာဆရာအကျော်အမော် ကြေးမုံဦးသောင်းတို့၏ ဖြစ်ရပ်မှန်ဇာတ်လမ်းပင်။

မင်း ပြား မြို့ မှ



ရ ခိုင် ဆ ရာ ကြီး

ဦးခိုင်ဆန်းလင်း

အကြားအမြင်အင်္ဂဝိဇ္ဇာ ဝမ်းတွင်းပါ အတတ်ပညာဖြင့် တိကျမှန်ကန်စွာ ဟောကြားပေးသည်။ ယတြာ အထူးပြုလုပ်ပေးသည်။

နေ့စဉ် နံနက်(၉)နာရီမှ (၃)နာရီထိ (ဥပုသ်နေ့တိုင်း ဟောခန်းပိတ်သည်။)

အမှတ်(၃၁)အလယ်၊ ပထမထပ်၊ ကျောက်ရေတွင်းလမ်း၊ ကျောက်မြောင်း၊ သီတာလမ်း မှတ်တိုင်ဆင်း၍ သီတာလမ်းမှဝင်ပါ။

ဖုန်း - ၀၉၄၂၁၀၄၀၃၆၇၊ ၀၉၂၆၄၃၇၂၀၇

The HOT NEWS

Vol - 7, No - 328, Jan 13 - 19, 2017

# ကင်းထောက်အဖွဲ့နှင့် အခြားလူငယ်ဆိုင်ရာအဖွဲ့များဖြင့် ပြဿနာပေါင်းစုံဖြေရှင်းနိုင်ပုံ



## ဒေါက်တာထွန်းဝင်း

အင်တာနက်ကိုဖွင့်ကြည့်တဲ့အခါ ကင်းထောက်နေ့ကို နိုင်ငံအသီးသီးက ကျင်းပရာမှာ တစ်နိုင်ငံနဲ့ တစ်နိုင်ငံ နေ့ချင်းမတူဘဲ မြန်မာနိုင်ငံမှာတော့ ဇန်နဝါရီ ၁ရက်ကို ကျင်းပတယ်လို့ဆိုရာ ကင်းထောက်အထိမ်းအမှတ်နေ့ကတော့ ကျော်လွန်လာခဲ့ပြီဖြစ်ပါတယ်။ သို့သော် ကင်းထောက်နေ့မှာ အမေစုကိုယ်တိုင် တက်ရောက်ချီးမြှင့်ပြီးတော့မှ ကင်းထောက်ကို စိတ်ဝင်စားသူအရေအတွက်ပိုလာပြီး ကင်းထောက်ဆိုင်ရာ သတင်းအချက်အလက်တွေ သိချင်ပါတယ်လို့ဆိုလာသူအချို့ ရှိလာပါတယ်။ ကျွန်တော်ကတော့ စာရေးဆရာအမြင်နဲ့ဆိုတော့ ကင်းထောက်ရယ်လို့မှမဟုတ် လူငယ်ဆိုင်ရာ ဖွံ့ဖြိုးရေးအဖွဲ့တွေအားလုံးရဲ့ ဆောင်ရွက်မှုဟာ ပြဿနာတော်တော်များများကို ဖြေရှင်းနိုင်တယ်လို့ မြင်ပါတယ်။

ဥပမာ လူငယ်တစ်ယောက် မူးယစ်ဆေးဝါးသုံးစွဲမှုနဲ့ ရင်ဆိုင်နေရတယ်ဆိုပါစို့။ အဲဒါဆိုရင် အဲဒီလူငယ်ဟာ ကင်းထောက်လူငယ်အဖွဲ့ဝင် မဟုတ်ဖို့များပါတယ်။

နိုင်ငံတစ်ခုမှာ ကင်းထောက်လူငယ်၊ ကြက်ခြေနီလူငယ်၊ အရန်မီးသတ်လူငယ်၊ ပရဟိတအသင်းလူငယ်တွေများလာရင် မူးယစ်လူငယ်၊ မုဒိမ်းလူငယ်၊ လမ်းသရဲလူငယ်၊ လက်ရုံးရည်ပြ ရိုက်ပွဲလူငယ်အရေအတွက်တွေ နည်းသွားလိမ့်မယ်လို့ ထင်ပါတယ်။ ဒါကြောင့် လူငယ်ဖွံ့ဖြိုးရေးအဖွဲ့တွေရဲ့ အရေးပါပုံကို တစေ့တစောင်းတင်ပြလိုက်ရပါတယ်။

ကျွန်တော်ကတော့၁၉၇၂မှာဆယ်တန်းအောင်ခဲ့တယ်။ အဲဒီအချိန်လောက်မှာ မှတ်မိသလောက် ကင်းထောက်အဖွဲ့ရယ်လို့မရှိတော့ဘူး။ ကျွန်တော် တတိယတန်းကျောင်းသားဘဝတုန်းကကင်းထောက်လူငယ်အကြောင်း မြန်မာစာဖတ်စာမှာ သင်ဖူးတာမှတ်မိနေပါတယ်။ ကျွန်တော်သုံးတန်းလောက်က ကင်းထောက်လူငယ်လှုပ်ရှားမှုရှိခဲ့တယ်။ နောက်တော့ မရှိပြန်ဘူး။ မကြာခင်နှစ်အနည်းငယ်ကမှ ကင်းထောက် လှုပ်ရှားမှုက ပြန်ပြီးတော့ အသက်ဝင်လာပြီး ဒီနှစ်မှာတော့ အမေစုကိုယ်တိုင်ပါဝင်လာလို့ ပိုမိုအသက်ဝင်လာပါတယ်။ကင်းထောက်လှုပ်ရှားမှုက နှစ်ပေါင်းများစွာ ငြိမ်သက်နေတယ်ထင်မိတယ်။

ကျွန်တော်တို့ ဆယ်ကျော်သက်ဘဝက ခေတ်စားတဲ့လူငယ်တွေကတော့ လူရည်ချွန်တို့၊ ကျောင်းမှာဆိုရင် ကျောင်းကောင်စီတို့ပေါ့။ ၁၉၇၁ ခုနှစ်ရဲ့ ဒီဇင်ဘာလလောက်က ထင်ပါတယ်။ ရန်ကုန်မြို့ အထက(၂) ဗဟန်းကျောင်းမှာ ပထမအခန်း၊ဒုတိယအခန်းမှာ အတန်းခွဲအားလုံး ပထမရတဲ့ကျွန်တော်ပေါ့ဗျာ။ ၁၆နှစ်သားကျွန်တော်ဟာ ရန်ကုန်မြို့၊ ဒဂုံမြို့နယ်က အောင်ဆန်းအားကစားပြိုင်ကွင်းထဲမှာ ရောက်ရှိနေပါတယ်။ ကိစ္စကတော့ လူရည်ချွန်ရွေးပွဲအတွက် အားကစားစွမ်းရည်စစ်ဖို့ မီတာ ၈၀၀ အပြေးပွဲအတွက် ရောက်နေတာပါ။ စပို့ရှပ်နဲ့ဘောင်းဘီဖြူနဲ့ဝတ်ပြီး အောင်ဆန်းကွင်းရဲ့ အပြေးပွဲ တာထွက်နေရာမှာနေပြီး ဝီစီမှုတ်သံကို စောင့်နေတယ်။

"ရွှီ" ဆိုတဲ့ ဝီစီသံကြားတော့ လူရည်ချွန်လောင်းများပြေးကြပါတယ်။ ဟုတ်ပြီ. . . ဟုတ်ပြီ. . . ဟုတ်ပြီ. . . ပြေး. . . ပြေး. . . ရွှီး. . . ဖြောင်းဖြောင်းစသဖြင့် အားပေးသံတွေ ကြားရပြီးနောက်မှာ ကျွန်တော်ဟာ ဖြည်းဖြည်းပြေးရင်းနဲ့ ပြိုင်ပွဲမှာ ရှုံးခဲ့တယ်။တိုရင်းလိုရှင်းပြောရရင် လူရည်ချွန်မရဘူး။ ပြုတ်တယ်။ဆေးတက္ကသိုလ်ဝင်တာကဆေးတက္ကသိုလ်များက ဦးရေ ၅၅၀ လက်ခံတယ်။ လူရည်ချွန်က ၁၀တန်းမှာ ရန်ကုန်တိုင်းဒေသကြီးတစ်ခုလုံး ၄ဦးပဲရတာပါ။လူရည်ချွန်ဖြစ်ဖို့ အခွင့်အလမ်းပိုနည်းတယ်။

အဲဒီအဖြစ်အပျက်တွေ ကြာလာပြီးတော့ အခုတော့ လူရည်ချွန်ဟောင်းကြီးတွေက ပါမောက္ခတို့၊ အရာရှိကြီးတို့ဖြစ်ပြီး အကျိုးပြုလုပ်ငန်းတွေ လုပ်နေတော့ ဝမ်းသာမုဒိတာပွားရပါတယ်။ လူရည်ချွန်စီမံကိန်းက ရလဒ်ပြနိုင်ခဲ့ပါတယ်။

အခု ကင်းထောက်လူငယ်တွေကလည်းနောက်ထပ် နှစ် ၄၀လောက်ကြာရင် တိုင်းပြုပြည်ပြုပုဂ္ဂိုလ်ကြီးတွေဖြစ်နေကြလိမ့်မယ်ထင်ပါတယ်။ ဒီတော့စိတ်ဝင်စားသူ လူငယ်တွေ လေ့လာနိုင်ဖို့ ကင်းထောက်ဆိုင်ရာ သတင်းအချက်အလက်အချို့ကို လက်လှမ်းမီသလောက် တင်ပြရရင်တော့ ဒီလိုပါ။

ကင်းထောက်လှုပ်ရှားမှုကို UK နိုင်ငံမှာ ၁၉၀၇ က ရောဘတ်ဗာဒင်းပါးဝဲ (Robert Beden-Powell) က စတင်တည်ထောင်ခဲ့ပြီး နောက်ပိုင်းမှာ နိုင်ငံအသီးသီးသို့ ပျံ့နှံ့သွားခဲ့ပါတယ်။ ရည်ရွယ်ချက်ကတော့ ဘာလဲဆိုရင်. . .

Scout Movement is a movement that aims to support young people in their physical, mental spiritual development that they may pay consitutive role in society with a strong focus on the outdoors and survival skill လို့ ဆိုပါတယ်။ အဓိပ္ပာယ်ကတော့ ကင်းထောက်လှုပ်ရှားမှုဟာ လူငယ်တွေကို အထောက်အကူပြုဖို့ ဖြစ်တယ်။ သူတို့ရဲ့ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာ၊ ခံယူချက်ပိုင်းဆိုင်ရာတွေ ဖွံ့ဖြိုးစေရမယ်။ သူတို့ဟာ လူမှုအဖွဲ့အစည်းမှာ အကျိုးပြုသူတွေဖြစ်စေရမယ်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ စတင်ခဲ့တာပါ။

ပထမပိုင်းမှာ ယောက်ျားလေးတွေနဲ့ စတင်ဖွဲ့စည်းခဲ့ပြီးနောက်ပိုင်းမှာ မိန်းကလေးပါ ပါဝင်လာခဲ့တယ်။ ကင်းထောက်လုပ်ငန်းက အဆောက်အအုံပြင်ပ (အောက်ဒိုး) (Out-Door) လုပ်ငန်းဖြစ်ပြီး ကင်းထောက်လှုပ်ရှားမှုမှာ စခန်းသွင်းလေ့ကျင့်ခြင်း၊ တောတွင်းစခန်းချ၊ ရေလမ်းခရီးစခန်းချ၊တောင်တက်ခြင်း၊ ခရီးကြမ်းချီတက်ခြင်း၊ အားကစားလုပ်ငန်းစတာတွေ ပါဝင်ပါတယ်။

ဒီတော့ စဉ်းစားကြည့်ပါ။ ခရီးကြမ်းထွက်ရမယ်။ စခန်းချရမယ်ဆိုတော့ အသင်းအဖွဲ့စိတ်ဓာတ်၊ အနစ်နာခံမှု၊ ကူညီမှုတွေ ပေါ်လာပြီ။ တောတွင်းမှာ အန္တရာယ်နဲ့တွေ့ရင် ကိုယ်လွတ်မရုန်းရဘူး။ စုပေါင်းဖြေရှင်းရမယ်။ ခေါင်းဆောင်စိတ်ရှိရမယ်ဆိုတာတွေ ဖြစ်လာပြီ။

ယနေ့ခေတ်မှာကျေးလက်ဒေသမှာမိန်းကလေးတစ်ဦး တောထဲသွားပြီး ဟင်းရွက်ခူးမယ်။ ထင်းခွေမယ်ဆိုပါစို့။ တောတွင်းတစ်နေရာမှာ ဟိုဘက်ရွာကရွာသားက မုဒိမ်းကျင့်လိုက်တယ်ဆိုရင် ဒါဆိုရင် သေချာတယ်။ မုဒိမ်းကျင့်တဲ့သူဟာ ကင်းထောက်လူငယ်တော့မဖြစ်နိုင်ဘူး။ အကယ်၍ ဘတ်စ်ကားပေါ်မှာဟောက်တယ်၊ လက်ရုံးရည်ပြတယ်၊ ရိုင်းတယ်ဆိုရင် ကင်းထောက်ခရီးကြမ်း မချီတက်ဖူးပါဘူး။ဒီနေ့ ကားပါကင်နေရာဦးတယ်ဆိုတာမျိုးဟာ ကင်းထောက်စခန်းမှာ အချင်းချင်းနေရာဖယ်ပေးတာ အနစ်နာခံတာမျိုးနဲ့ ဆန့်ကျင်နေပါတယ်။ ကျွန်တော်တို့ဆီမှာ ကင်းထောက်လှုပ်ရှားမှုကလည်း တော်တော်လေးကွင်းဆက်ပြတ်သွားတာကိုး။

အိန္ဒိယမှာ ကင်းထောက်အဖွဲ့ဝင် သန်း ၂၀ခန့်ရှိပြီး ထိုင်းနိုင်ငံမှာ ၂သန်းနီးပါးရှိပါတယ်။ အထက်ပါကိန်းဂဏန်းတွေက ဘာကိုညွှန်ပြနေလဲဆိုတော့ ကျွန်တော်တို့ဟာ ကင်းထောက်လှုပ်ရှားမှုများစွာလုပ်ဆောင်ရပါဦးမယ်။ အမေစုဟာ ဒီမိုကရေစီခရီးရှည်၊ ခရီးကြမ်းမှာ ဦးဆောင်နိုင်တာ ငယ်ငယ်တုန်းက ကင်းထောက်တစ်ဦးဖြစ်ခဲ့တာလည်း တစ်ကြောင်းအပါအဝင် ဖြစ်နိုင်ပါတယ်။ ကျွန်တော်ငယ်ငယ်က ကင်းထောက်အဖွဲ့ဘယ်ရောက်နေလဲ ကျွန်တော်မသိလိုက်ဘူး။ ဒါကြောင့်လည်း သူရဲကောင်းဖြစ်မလာတာပါလို့ထင်ပါတယ်။ ဒီနေ့အသက် ၆၀ကျော်ကင်းထောက်အဖွဲ့ဖွဲ့ရင်ကျွန်တော်ကင်းထောက်လုပ်ချင်ပါသေးတယ်ခင်ဗျာ။

---

## Hot News စာလွှင်ပြင်

### ဝင်းဇော်(သုံးဆယ်)




## အိပ်ရာဝင်ပုံပြင်များ ၂

### ဦးအောင်

မည်သည့်လူမျိုးမည်သည့်ဘာသာဝင်ဖြစ်ပါစေ မိမိတို့၏သားသမီးတို့ကိုမိမိတို့ လူမျိုးတို့၏ ရိုးရာပုံပြင်များကို ပြောပြတတ်သော အလေ့ရှိကြသည်။ ပုံပြင်များကို သားသမီးတို့အား ချော့သိပ်သည့်အခါ ပြောပြတတ်ကြမြဲဖြစ်ရာ အိပ်ရာဝင်ပုံပြင် များဟုဆိုနိုင်သည်။ ထိုပုံပြင်များတွင် သူတို့လူမျိုးတို့၏ ရိုးရာဓလေ့များပါဝင် တတ်သည်ဖြစ်ရာ မိမိတို့၏သားသမီးများအား ကလေးဘဝကတည်း ကသိရှိမှတ်သား ထားကြစေရန်ပြောပြခြင်းလည်း ဖြစ်သည်။ ယခုစာရေးဆရာဦးအောင်က နိုင်ငံရပ်ခြား မှ ပုံပြင်များကို ဘာသာပြန်၍ ပုံပြင် ၅ ပုဒ်ကို စုပေါင်းထုတ်ဝေထားခြင်းဖြစ်သည်။ ရိုးရာပုံပြင်များအပြင်နိုင်ငံရပ်ခြား ပုံပြင်များကိုပါကလေးသူငယ်တို့အားသိ ရှိမှတ်သားထားနိုင်ကြစေရန်ရည်ရွယ်ထား ခြင်းဖြစ်သည်။ စာပေလောကမှ ထုတ်ဝေဖြန့်ချိ၍ရောင်းဈေးမှာ ၁၀၀၀ ကျပ်ဖြစ်သည်။

---

## စုံထောက်မောင်စံရှား ဝတ္ထုတိုပေါင်းချုပ် ၇




### ရွှေဥဒေါင်း

သရုပ်မှန်ဝတ္ထုများ၊ အချစ်ဝတ္ထုများ ကို စာဖတ်ပရိသတ်များက နှစ်သက်နေချိန်တွင် စာရေးဆရာရှားလော့ဟုမ်း၏ ဝတ္ထုများကို မှီငြမ်းပြု၍ မြန်မာမှုခင်းဇာတ်လမ်းများဟုထင်မှတ်မှားရလောက် အောင်စာရေးကောင်းသော ဆရာကြီး ရွှေဥဒေါင်း၏စုံထောက်မောင်စံရှားဝတ္ထု များသည်စာဖတ်ပရိသတ်တို့ကို စွဲလမ်းသွား အောင်ဆွဲဆောင်နိုင်ခဲ့သည်။ ဆရာကြီးရွှေဥဒေါင်းရေးသားခဲ့သောစုံထောက် မောင်စံရှားဝတ္ထုများကအရေအတွက်အားဖြင့် များပြားလှသည်။ ထိုဝတ္ထုများစွာထဲမှ ကိုယ့်ကိုယ်ကိုယ်သတ် သေခြင်းလောသူတစ်ပါးသတ်ခြင်းလော။ သေသောသူက စကား ပြောနိုင်ပါသလား။ ဇာပန်းထိုး မိန်းကလေးတစ် ယောက်အသတ်ခံရမှု၊ ထူးဆန်းသောအမွေမှုကြီး၌ မောင်စံရှားစုံထောက်ပုံ၊ ရေနံချောင်းတွင်းစားတစ် ယောက်၏အမှု၊ ကိုယ့်ကိုယ်ကိုယ်သတ် သေသည်ဆိုသည့်အမှု၌စုံထောက်ခြင်း၊ စိန်လုယက်မှု၌ မောင်စံရှားစုံထောက်ပုံ၊ မြေပိုင်ရှင်လင်မယားမှုစသည့်ဝတ္ထုတို ၈ ပုဒ်ကိုစုပေါင်းထုတ်ဝေထားခြင်းဖြစ်သည်။ ထို ၈ ပုဒ်၌စိန်လုယက်မှု၌မောင်စံရှား စုံထောက်ပုံဝတ္ထုသည် ရှားလော့ဟုမ်း၏ ဝတ္ထုကိုမှီငြမ်းရေးသားထားသောဝတ္ထု မဟုတ်ဘဲမောင်စံရှားပေါင်းချုပ်တွင် လုံးဝပါဝင်ခြင်း မရှိသေးသော ကဝိမျက်မှန် မဂ္ဂဇင်းအတွဲ၂ အမှတ်၊ ၃၊ ၁၉၂၈ ခုနှစ် ဇွန်လထုတ်မှ ဝတ္ထုတိုဖြစ်ကြောင်းသိရသည်။ စာပေလောကမှထုတ်ဝေဖြန့်ချိ၍ ရောင်းဈေးမှာ ၂၀၀၀ ကျပ်ဖြစ်သည်။

# အမျိုးသမီးများ ခွဲခြားဆက်ဆံခံရမှု ပပျောက်ရန်ဆိုသည်မှာ




ရွှေလှဟန်

လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှု၊ အိမ်တွင်းအကြမ်းဖက်မှု၊ မိရိုးဖလာရိုးရာအယူအဆကြောင့် ခွဲခြားဆက်ဆံခံရမှုများကို အမျိုးသားများထက်စာလျှင် အမျိုးသမီးများကခံစားနေရသည့်အတွက် အမျိုးသမီးများကို အပြည့်အဝကာကွယ်စောင့်ရှောက်ပေးရန် အမျိုးသားများနှင့် တန်းတူအခွင့်အရေးပေးရန်၊ ခွဲခြားဆက်ဆံမှုမရှိစေရန်၊ ဥပဒေများပြဋ္ဌာန်းပေးရန် အမျိုးသမီးများကတောင်းဆိုလှုပ်ရှားမှုများပြုလုပ်နေကြပေသည်။

ထို့ပြင်မြန်မာနိုင်ငံသည်အမျိုးသမီးများအားအကြောင်း အမျိုးမျိုးဖြင့် ခွဲခြားထားမှုပပျောက်ရေးသဘောတူညီချက် Convention on The Elimination of all Form of Discrimination Against Women (CEDAW) ဆိုသည့်အမျိုးသမီးကဏ္ဍအတွက် ကုလသမဂ္ဂကသီးသန့်မွေးထုတ်သည့်စာချုပ်တွင်ပါဝင်လက်မှတ်ရေးထိုးထားပေသည်။

ထိုစာချုပ်ပါဆိုလိုရင်းသည်အမျိုးသမီးများကိုအမျိုးသားများနှင့် တန်းတူအခွင့်အရေးမရရှိအောင်ကန့်သတ်ထားသည့်မိရိုးဖလာယုံကြည်မှုအစွဲအလမ်းများကို သက်ဆိုင်ရာအစိုးရများကဥပဒေများချမှတ်ပြီး အမျိုးသမီးများ၏အခွင့်အရေးကိုချိုးဖောက်ရာရောက်သောအရာမှန်သမျှကိုပျောက်ကွယ်အောင်ပြုလုပ်ပေးရမည်ဟု ဆိုလိုထားခြင်းဖြစ်ပေသည်။

အဆိုပါစာချုပ်နှင့် ပတ်သက်ပြီး မြန်မာနိုင်ငံအနေဖြင့်မူ အမျိုးသမီးအခွင့်အရေးတောင်းဆိုလှုပ်ရှားနေသူများပြောနေသကဲ့သို့အစောတလျင်လုပ်စရာမလိုဟုထင်မိပေသည်။ အဘယ်ကြောင့်ဆိုသော်မြန်မာနိုင်ငံသည်အမျိုးသားနှင့် အမျိုးသမီးအားသဘာဝတရား၏ခွဲခြားမှုမှလွဲ၍အခြားအကြောင်းများကြောင့် ခွဲခြားမှုမရှိသည့်အပြင်ဥပဒေအရလည်းအမျိုးသမီးများကိုအမျိုးသားများထက်ပို၍အကာကွယ်ပေးထားသောကြောင့်ဖြစ်ပေသည်။

သဘာဝတရားအရခွဲခြားမှုဆိုသည်မှာအမျိုးသားနှင့် အမျိုးသမီးတို့သည်ဆန့်ကျင်ဘက်လိင်များဖြစ်ကြပေရာအဖိုနှင့် အမဟုခွဲခြားပြီးသားဖြစ်ပေသည်။ ထို့အတွက်ကြောင့်ပင်ခန္ဓာကိုယ်တည်ဆောက်ရာတွင်လှုပ်ရှားသွားလာဟန်မှအစဆံပင်၊ တင်၊ ရင်၊ အသံ၊ ဝတ်စားဆင်ယင်မှု၊ စိတ်နေစိတ်ထားစသည်ဖြင့် မတူကွဲပြားဆန့်ကျင်ဘက်ဆောင်ကြသလိုအမျိုးသမီးများတွင် ဓမ္မတာဆင်းခြင်း၊ သားအိမ်ပါရှိခြင်းတို့ကြောင့် ကိုယ်ဝန်ဆောင်ခြင်းကိုပါပြုရပေသည်။ ဤသည်မှာ လိင်အမျိုးအစားကွဲပြားခြင်းကြောင့် ဖြစ်ရပေရာအမျိုးသမီးများရှောင်လွှဲမရသည့်ကိစ္စဖြစ်သောကြောင့် ထိုကိစ္စရပ်များကို အမျိုးသမီးများက အမျိုးသားများအားဆောင်ရွက်ခိုင်းရန်မဖြစ်နိုင်ပေ။

ထိုသို့မဖြစ်နိုင်သောကြောင့် အမျိုးသားများသည်မိသားစုစားဝတ်နေရေးအတွက်ပြင်ပသို့ထွက်ကာ ကာယအား၊ ဉာဏအားတို့ဖြင့် ပစ္စည်းဥစ္စာငွေကြေးတို့ကိုရှာဖွေမှုပြုကြရပေသည်။ ဤကဲ့သို့အမျိုးသားများကခက်ခဲပင်ပန်းကြမ်းတမ်းသည့်အလုပ်များလုပ်ကာမိသားစုအတွက်ရှာဖွေခြင်း၊ အမျိုးသမီးများကသားသမီးများကိုပြုစုစောင့်ရှောက်ကာအိမ်ထောင်မှုကိုထိန်းသိမ်းခြင်းတို့ကိုလုပ်ဆောင်လာကြသည်မှာလူ့ယဉ်ကျေးမှုအစကပင် ကန့်ကွက်သူမရှိ လက်ခံကျင့်သုံးနေလာခြင်းဖြစ်သည်ဟု ပြောရပေမည်။

ထိုကဲ့သို့အမျိုးသား၊ အမျိုးသမီးစိတ်ပိုင်း၊ ရုပ်ပိုင်းသဘာဝအရခွဲခြားမှုရှိနေသည်မှာလောကဓမ္မတာအရအဆင်ပြေနေသော်လည်း တချို့သောအမျိုးသမီးဝါဒီများက အမျိုးသားများရနေသည့်အခွင့်အရေးများအတိုင်းတန်းတူအခွင့်အရေးတောင်းဆိုလာသည့်အတွက် တချို့သောအမျိုးသားရေးဝါဒီများကဒီလောက်တန်းတူချင်လျှင် သတ္တုမိုင်းတွင်းတွေမှာသွားလုပ်ပါလား။ ပင်လယ်ကူးသင်္ဘောတွေမှာတာဝန်ထမ်းဆောင်ပါလား။ ဆိပ်ကမ်းကုန်တင်ကုန်ချမှာသွားလုပ်ပါလားစသဖြင့် အရွဲ့တိုက်ကာပြောလာကြသည်တို့ပင်ရှိလာပေသည်။

အမျိုးသားရေးဝါဒီများပြောသည်ကိုလည်းလွန်သည်ဟုတော့မဆိုနိုင်ပေ။ အဘယ်ကြောင့်ဆိုသော် အမျိုးသမီးအခွင့်အရေးတန်းတူရရန် တောင်းဆိုသူများလိုချင်သည့်အချက်ထဲတွင် ကာယအားဖြင့်လုပ်ရမည့်အလုပ်ထက်ဉာဏအားဖြင့် လုပ်ရမည့်အလုပ်များကို ပို၍လိုချင်သောကြောင့်ဖြစ်ပေသည်။

လက်တွေ့တွင်မူမြန်မာနိုင်ငံရှိအမျိုးသမီးများကိုအမျိုးသားများနှင့် သာသင့်လျော်သည့်ခက်ခဲကြမ်းတမ်းသောအလုပ်ကလွဲပြီး အခြားအလုပ်များကိုလုပ်ကိုင်ခွင့်ပြုထားပေသည်။ ထို့ပြင် ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၄၇ မှ ၃၅၀ ထိသည် အမျိုးသား၊ အမျိုးသမီးတန်းတူအခွင့်အရေးရရန်ဖြစ်ပြီးပုဒ်မ ၃၅၁ သည်အမျိုးသမီးများအတွက် သီးသန့်ပြဋ္ဌာန်းထားသည့်ပုဒ်မဖြစ်ပေသည်။

ထိုသို့ဥပဒေဖြင့် အခွင့်အရေးပေးထားပါလျက်အမျိုးသမီးဝါဒီများက အမျိုးသမီးအားလုံးအတွက်ဟုဆိုကာအကဲပိုပြီး မြန်မာနိုင်ငံမှအမျိုးသမီးများသည်ဥပဒေအရအကာကွယ်မရသောကြောင့် ဥပဒေပြဋ္ဌာန်းပေးရန် တောင်းဆိုမှုများရှိကြပေသည်။ လက်တွေ့တွင်မူ မြန်မာနိုင်ငံရှိအမျိုးသမီးများသည်အခြားတိုင်းပြည်များရှိအမျိုးသမီးများထက်စာလျှင်လူ့အခွင့်အရေးတန်းတူရှိသူများဟုပြောရပေသည်။

အဘယ့်ကြောင့်ဆိုသော်လူ့အခွင့်အရေးမရဟုဆို ကာအခြားနိုင်ငံများအားလက်ညှိုးထိုးအော်နေသည့်နိုင်ငံများရှိအမျိုးသမီးများသည်အိမ်ထောင်ပြုပြီးပါကမျိုးရိုးနာမည်စွန့်ကာခင်ပွန်း၏မျိုးရိုးနာမည်ကိုခံယူရခြင်း၊ လက်ထပ်လက်စွပ်ဝတ်ထားရခြင်း၊ ခေါင်းမြီးခြုံထားရခြင်း၊ လည်ပင်း၌လက်ထပ်ကြိုးဆွဲထားရခြင်းစသည့်သင်္ကေတများကြောင့် ကာမပိုင်လင်ယောက်ျား ရှိမရှိ၊ အိမ်ထောင် ရှိမရှိ သိနိုင်သလို **ထိုနိုင်ငံများရှိအမျိုးသမီးများကလည်း** ထိုသို့လူ့အခွင့်အရေးချိုးဖောက်ခံရသည်ကို **ကျေကျေနပ်နပ်ခံယူလျက်ရှိကြသည်ကို တွေ့ရပေသည်။** မြန်မာအမျိုးသမီးများမှာမူမယားဝတ္တရား ၅ ပါးမှလွဲ၍ထိုကဲ့သို့လုံးဝပြုလုပ်ရန်မလိုသည် ကိုတွေ့ရပေသည်။

ထို့ပြင်မြန်မာအမျိုးသမီးများသည်အမျိုးသားများနှင့် အတူရင်ပေါင်တန်းကာအလုပ်လုပ်ကိုင်ရှာဖွေခွင့်ရှိပြီး ပိတ်ပင်ထားမြစ်ထားခြင်းမရှိသည်ကိုတွေ့ရမည်ဖြစ်ပြီး ရွေးကောက်ပွဲများတွင်ပင်ပါဝင်ယှဉ်ပြိုင်လာရာအမျိုးသားများကိုအနိုင်ယူပြီး လွှတ်တော်ကိုယ်စားလှယ်ဖြစ်လာသည့်အမျိုးသမီး ၁၅၂ ဦးထိရှိလာသည်ကို ၂၀၁၅ ခုနှစ်ရွေးကောက်ပွဲကသက်သေပြခဲ့သလိုရွေးကောက်ပွဲအနိုင်ရမှုမှတစ်ဆင့်အမျိုးသမီးများသည်လွှတ်တော်ဥက္ကဋ္ဌ၊ ဝန်ကြီးချုပ်စသည်ဖြင့်ဖြစ်လာကြပေသည်။

ထိုသို့အလုပ်အကိုင်အခွင့်အလမ်းမှ စကာအုပ်ချုပ်ရေး၊ ဥပဒေပြုရေး၊ တရားစီရင်ရေးတို့တွင်အမျိုးသမီးများအား ပါဝင်ဆောင်ရွက်ခွင့်ရအောင်ဥပဒေဖြင့် ခွင့်ပြုထားပါလျက် အမျိုးသမီးများအားဥပဒေဖြင့် အကာအကွယ်မပေးဟုပြောသူများရှိနေသည်မှာ အံ့သြဖွယ်ရာပင်ဖြစ်ရပေသည်။ အမှန်ဆိုရလျှင်မူ ဥပဒေဟူသည် အသက်အရွယ်မရွေး၊ လူတန်းစားမရွေး၊ လူသားအားလုံးအတွက်တစ်ပြေးညီသာဖြစ်ရမည်ဖြစ်သော်လည်း အမျိုးသားများထက်စာလျှင် အမျိုးသမီးများက ဥပဒေအရာတွင် အခွင့်အရေးပိုရသည်ဟုပြောရပေမည်။

အဘယ်ကြောင့် ထိုသို့ရေးရသနည်းဟူမူကိုလိုနီခေတ်တွင် ပြဋ္ဌာန်းခဲ့ပြီး ယနေ့တိုင်ကျင့်သုံးနေသည့်ပြစ်မှုဆိုင်ရာဥပဒေအခန်း ၁၆ လူကိုထိခိုက်စေသောပြစ်မှုများတွင် အမျိုးသမီးအား ကိုယ်ဝန်ပျက်စေခြင်း၊ ပဋိသန္ဓေမတည်အောင်လုပ်ခြင်း၊ ကာယိန္ဒြေပျက်စီးစေခြင်း၊ အတင်းအဓမ္မထိမ်းမြားပေးစားရန်လုပ်ခြင်း၊ ကာမကိစ္စအတွက်အရွယ်မရောက်သေးသည့်မိန်းကလေးကိုရှာပေးခြင်း၊ အရွယ်မရောက်သေးသူကိုပြည့်တန်ဆာကိစ္စအလို့ငှာရောင်းခြင်းဝယ်ခြင်း၊ မုဒိမ်းမှုကျူးလွန်ခံရခြင်းတို့အတွက် ပြစ်ဒဏ်များပြဋ္ဌာန်းထားသလိုကာမလိမ်လည်ရယူခြင်းအတွက်လည်း ပုဒ်မ ၄၁၇ ဖြင့် ပြစ်ဒဏ်ပြဋ္ဌာန်းထားပေသည်။ ထို့ပြင်အခန်း ၂၀ တွင် လည်း လက်ထပ်ထိမ်းမြား ခြင်းဆိုင်ရာပြစ်မှုများကို ပြဋ္ဌာန်းထားသည့်အပြင်ဗုဒ္ဓဘာသာဝင်မြန်မာအမျိုးသမီးများ အထူးထိမ်းမြားခြင်းဥပဒေကိုလည်း အထူးဥပဒေတစ်ရပ်အနေဖြင့် ပြဋ္ဌာန်းထားသည်ကိုတွေ့ရပေသည်။

ထိုသို့အမျိုးသမီးများအတွက် အကာအကွယ်ပေးထားသည့်ဥပဒေများရှိပါလျက် မျက်ကွယ်ပြုပြီးအမျိုးသမီးများအားထိပါးစော်ကားပါကထိရောက်သည့်ပြစ်ဒဏ်ပေးနိုင်ရေးတောင်းဆိုနေသည်မှာအမျိုးသားများအနေဖြင့် အမျိုးသမီးများအား တွေ့လျှင် စကားမပြောရဲလောက်အောင်၊ ကြောက်စရာကောင်းသည့်လူဖြစ်အောင်တွန်းပို့နေသကဲ့သို့ဖြစ်နေပေသည်။ ထို့ပြင်အမျိုးသမီးများအား အကာအကွယ်ပေးလွန်းသည့်ဥပဒေရှိလာပါကနှစ်ဦးသဘောတူကျူးလွန်လျှင်တောင်ထိုဥပဒေကိုခုတုံးလုပ်အသုံးချပြီး အမျိုးသားများကိုခြိမ်းခြောက်မှုဖြစ်ပေါ်လာနိုင်ပေသည်။ အဘယ်ကြောင့်ဆိုသော်တချို့သောအမျိုးသမီးများသည်သူတို့ကိုကျူးလွန်မှုမရှိသောအမျိုးသားကိုပင်မုဒိမ်းမှုကျူးလွန်သည်။ ကျူးလွန်ရန် ကြံစည်သည်ဟုဆိုကာအမှုဖွင့်သောကြောင့်ဒုက္ခရောက်ရသည့်အမျိုးသားများရှိသလိုတချို့အမျိုးသားများကလည်း မိသားစုအရှက်မရစေရန်အတွက် အကျယ်အကျယ်မဖြစ်လိုသောကြောင့်ပြစ်မှုမကျူးလွန်ဘဲငွေကြေးပေးကျေအေးလိုက်ရသည်တို့ရှိပေသည်။

ဤသည်ကိုကြည့်ခြင်းအားဖြင့် အမျိုးသမီးအခွင့်အရေးအတွက် အမျိုးသားများနှင့် တန်းတူရရေးတစ်ဖက်သတ်တောင်းဆိုသူများသည်အမျိုးသားများထိခိုက်စေနိုင်သည်များကိုလည်း ထည့်သွင်းစဉ်းစားပေးမှသာတရားမျှတမှုရှိမည်ဖြစ်ပေသည်။ လုပ်သင့်သည်မှာရှိရင်းစွဲဥပဒေများအား အမျိုးသမီးထုတစ်ရပ်လုံးသိစေရန်၊ နားလည်သဘောပေါက်စေရန် မည်သည့်ကျူးလွန်ခံရမှုမျိုးသည်မည်သည့်ဥပဒေဖြင့် ငြိစွန်းနေကြောင်းကိုအမျိုးသမီးတိုင်း၊ အမျိုးသမီးတိုင်းသိရှိစေရန် ပညာပေးသည့်အနေဖြင့်မြို့ပြနှင့် ကျေးရွာအနှံ့နည်းအမျိုးမျိုးသုံးပြီးလုပ်ဆောင်ပေးရမည်ဖြစ်သလို အမျိုးသမီးဖြစ်သောကြောင့် အနိမ့်ခံခွဲခြားဆက်ဆံခံရမှုများပပျောက်အောင်လည်း ကဏ္ဍပေါင်းစုံမှပညာပေးမှုများလုပ်ရပေမည်။

ဥပဒေပါအမျိုးသမီးအခွင့်အရေးများကို သိရှိနားလည်ထားမှသာအမျိုးသမီးများအနေဖြင့် ကိုယ့်ကိုယ်ကိုယ်ကာကွယ်နိုင်မည်ဖြစ်ပေသည်။ ထိုသို့မဟုတ်ဘဲဥပဒေရှိပါလျက်မသိနားမလည်သောကြောင့်ကျူးလွန်စော်ကားခံရသော်လည်း စော်ကားခံရမှန်း၊ ရှက်ရွံ့နေမှုကြောင့် တိုင်ကြားရမှန်းမသိပါကဥပဒေရှိလည်းအဟောသိကံပင်ဖြစ်ရပေမည်။

ထိုသို့မဖြစ်ရန်အတွက်အမျိုးသမီးများအတွက်အခွင့်အရေးရရန်တောင်းဆိုနေသူများသည်လူသားအားလုံးကျင့်သုံးနေသည့်ကျင့်ဝတ်များကို ကျော်လွန်ပြီး တန်းတူအခွင့်အရေးရရေးကိုသာအစဉ်တစ်စိုက်တောင်းဆိုနေပါကရရှိလိမ့်မည်မဟုတ်ပေ။ အဘယ်ကြောင့်ဆိုသော်အမျိုးသားနှင့် အမျိုးသမီးလိင်ကွဲပြားနေသမျှကာလပတ်လုံးအရာရာတိုင်းတန်းတူဖြစ်ရေးဆိုသည်မှာဖန်ဆင်းရှင်ရော၊ တန်ခိုးရှင်ရော၊ တမန်တော်ရော၊ ဗုဒ္ဓရောမတတ်နိုင်၊ မဖြစ်နိုင်သောကြောင့်ဖြစ်ပေသည်။

ထိုအကြောင်းနှင့် ပတ်သက်ပြီးဥပမာပြရသော် ဗုဒ္ဓဘုရားရှင်ပင်လျှင် အမျိုးသားရဟန်းနှင့် အမျိုးသမီးရဟန်းတို့တန်းတူအခွင့်အရေးမပေးခဲ့သည်ကိုပညတ်ထားသည့်ဝိနည်းများကိုကြည့်ပါကသိနိုင်ပေသည်။ နောက်ထပ်သာဓကဆောင်ရလျှင် ဧည့်ခံပွဲတစ်ခုတွင် အမျိုးသမီးဝါဒီဆရာမကြီးတစ်ဦးကအမျိုးသမီးများအား အမျိုးသားများနှင့် တန်းတူအခွင့်အရေးပေးရန်၊ အမျိုးသမီးများသည်အမျိုးသားများကဲ့သို့လူချင်းအတူတူဖြစ်၍ တန်းတူရည်တူလုပ်ကိုင်နိုင်ကြောင်းစသည်ဖြင့် ဧည့်ပရိသတ်အားပြောကြားရာဝင်းပြောကြား ပြီးနောက်အမျိုးသားဝါဒီဆရာကြီးတစ်ဦးကဆရာမကြီး၏အနားကပ်ပြီးအမျိုးသားသန့်စင်ခန်းသို့သွားမည်။ လိုက်ဦးမလားဟုပြောလိုက်ရာဆရာမကြီးသည်ဆရာကြီးအားစိတ်ဆိုးမာန်ဆိုးဖြင့် ရန်တွေ့ခြင်းပြုလုပ်လေသည်။

ဤသည်ကိုကြည့်ခြင်းအားဖြင့် ကမ္ဘာ့နိုင်ငံတိုင်းတွင် အမျိုးသားသန့်စင်ခန်း၊ အမျိုးသမီးသန့်စင်ခန်းစသည့် ကျား၊ မခွဲခြားမှုမှစကာအခြားအခြားသောကျား၊ မသီးသန့်ခွဲခြားမှုကိစ္စရှိနေသမျှကာလပတ်လုံးအလုပ်အကိုင်အခွင့်အလမ်းတချို့မှလွဲကာ ကျား/မတန်းတူအခွင့်အရေးရရန်မလွယ်ကူမဖြစ်နိုင်သလိုအမျိုးသမီးများအား ခွဲခြားဆက်ခံမှုပပျောက်ရန်အတွက် လုပ်သင့်သည်မှာဥပဒေပြဋ္ဌာန်းရန်ထက်လွှမ်းနေသည့်အယူအဆများပပျောက်ရန် အသိပညာပေးမှုများသာပြုလုပ်ရမည်ဖြစ်ကြောင်း ရေးသားလိုက်ရပေသည်။

The HOT NEWS
Vol - 7, No - 328, Jan 13 - 19, 2017



**ခေတ်အကြောင်းကို လူတိုင်းရင်ထဲရောက်အောင် အလွယ်ကူဆုံး၊ အထိရောက်ဆုံး ပို့ဆောင်ပေးတဲ့ ဝတ္ထုပစ္စည်းကို ပြပါဆိုရင် ကာတွန်းပညာရပ်ဟာ ထိပ်ဆုံးကရှိနေပါလိမ့်မယ်။ ဦးငယ်လေး**

**တွံတေးတောက်တက်**

တစ်နေ့သ၌ တောင်ပံုယာပံုဖြစ်နေသော အောက်တိုဘာအောင်ကြီး၏ တစ်ဦးတည်းပိုင်ဆိုင်သော စာအုပ်ပံုကြီးကို ခြများက စားသောက်နေသည့်အတွက် ရှင်းလင်းနေမိသည်။ ၁၉၇၀ ပြည့်နှစ်က လူငယ့်ကြေးမုံမဂ္ဂဇင်းစာအုပ်ဟောင်းကို ခြများကိုက်နေသည်မှာ မြင်၍မကောင်း။ တိုင်းပြည်တစ်ပြည်ပမာ ဖြစ်၍နေလေ၏။

အောက်တိုဘာအောင်ကြီးလည်း ထိုမဂ္ဂဇင်းစာအုပ်ကို တစ်စစီဆွဲဖြုတ်လိုက်ရာ ကာတွန်းဆရာတွံတေးတောက်တက်၏ မဂ္ဂဇင်းတစ်ကွက်ကာတွန်းကို တွေ့လိုက်ရလေ၏။

ကာတွန်းဆရာကြီး တွံတေးတောက်တက်သည် အောက်တိုဘာအောင်ကြီး၏ ကာတွန်းဆရာအရင်း ကာတွန်းဗေဒါ(သာယာဝတီ)၏ ဆရာဖြစ်သည့်အတွက် ဆရာတွံတေးတောက်တက်မှာ အောက်တိုဘာအောင်ကြီး၏ ဆရာဘိုးအေပင်ဖြစ်လေ၏။

ဆရာကြီးတွံတေးတောက်တက်ကို အောက်တိုဘာအောင်ကြီး ၁၉၇၀ပြည့်ဝန်းကျင်က စတင်သိခဲ့ဖူးလေ၏။

ထိုစဉ်အခါက အောက်တိုဘာအောင်ကြီး၏ ဆရာကာတွန်းဗေဒါ(သာယာဝတီ)သည် ယခင် တာမွေအဝိုင်းကြီး ညောင်ပင်ကြီးအောက် (ယခုတာမွေ မီးပွိုင့် ရွှေညောင်ပင်ပန်းချီ)၌ ညဘက်စာအုပ်အဟောင်းများ ရောင်းနေချိန်ဖြစ်လေ၏။

ယနေ့ထိ အောက်တိုဘာအောင်ကြီး၏ မိဘများအိမ်သည်လည်း ထိုနေရာ၌ ရှိနေတုန်းပင်ဖြစ်လေ၏။

ထိုလမ်းဘေးပလက်ဖောင်းစာအုပ်ဆိုင်သည် ညဘက်ဖြစ်၍ ရေနံဆီဖြင့်ထွန်းရသော အောက်လင်း ဓာတ်မီးရောင်ဖြင့် ရောင်းရလေ၏။

ထိုစာအုပ်အဟောင်းဆိုင်သို့ဆရာကြီးကာတွန်းတွံတေးတောက်တက်သည်မကြာခဏလာတတ်၏။

တစ်ခါတစ်ရံ ကာတွန်းငွေးအောင်၊ ကာတွန်းကျိုက္ကော်ကျော်ကျော် ယခုရုပ်ရှင်၊ ဗီဒီယိုရှုတင်မန်နေဂျာ(ကိုဝင်း)တို့ပါ ဆရာကြီးတွံတေးတောက်တက်နှင့်ပါလာတတ်၏။

ထိုစဉ်အခါက ဆရာကြီးတွံတေးတောက်တက်သည် ကြေးမုံသတင်းစာ၊ လုပ်သားပြည်သူ့နေစဉ်၊ မြန်မာ့အလင်း၊ ဗိုလ်တထောင်သတင်းစာတို့တွင် တစ်ကွက်ကာတွန်းများရေးဆွဲရာတွင် လွန်စွာမှ အောင်မြင်သော သတင်းစာတစ်ကွက် ကာတွန်းဆရာတစ်ယောက်လည်းဖြစ်ခဲ့ဖူးလေ၏။ဆရာကြီးတွံတေးတောက်တက်၏ တစ်ကွက်ကာတွန်းမှာကား ပညာရေးနှင့်ပတ်သက်သော ကာတွန်း ဖြစ်ရာ တက္ကသိုလ်ကျောင်းတော်ကြီး တက်ရောက်ဖို့ရာ ကျောင်းသား၊ကျောင်းသူများသည်မော်တော်ကားအဆင့်ဆင့်နှင့်လည်းကောင်း၊ ငွေများပုံအောပြီး တက်နေသောကျောင်းသားသည်လည်းကောင်း၊လွန်စွာမှဆင်းရဲနွမ်းပါးပြီး အကျႌအဖာအထေးနှင့် ဖခင်ဖြစ်သူက သားတော်မောင် အမောင်ကျောင်းသားအား တွန်းတင်ပေးပံုအားလည်းကောင်း၊ ကျူရှင်များအဆင့်ဆင့်တက်ကာ တက္ကသိုလ်ကျောင်းတော်ကြီးရောက်အောင် ကြိုးစားတက်နေရသော စာမဲ့တစ်ကွက်ကာတွန်းပင်ဖြစ်လေ၏။

ဆရာကြီးကာတွန်းတွံတေးတောက်တက်၏ စာမဲ့ တစ်ကွက်ကာတွန်းကိုကြည့်ရင်ယခုလည်း ထိုနည်းလည်းကောင်း၊ ထိုနည်းလည်းကောင်းဟုဆိုကာ အောက်တိုဘာအောင်ကြီးပြုံးမိလေတော့၏။

**ကာတွန်းရေးတဲ့မောင်ဝဏ္ဏ**

ကာတွန်းရေးသည့်မောင်ဝဏ္ဏဆိုသည်မှာကား သမိန်ပေါသွပ်၊ အလကားကျော်စွာ၊ ရှင်ဂွမ်းဂွိ၊ အာဖျံကွီးစသော နာမည်ကျော်ကာတွန်းဇာတ်ကောင်များ၏ ဖခင်ကြီးပင်ဖြစ်လေ၏။

ဆရာကာတွန်းမောင်ဝဏ္ဏသည် အောက်တိုဘာအောင်ကြီး၏ ကျေးဇူးရှင်ကာတွန်းဆရာတစ်ယောက်ဆိုလျှင် မမှားချေ။

ဆရာကာတွန်းမောင်ဝဏ္ဏကြောင့် ယနေ့အထိ အောက်တိုဘာအောင်ကြီးဟူသောနာမည်ဖြင့် ကာတွန်းစာပေလောကတွင် ရပ်တည်နေခြင်းပင်ဖြစ်ရလေ၏။

ဆရာ ကာတွန်းမောင်ဝဏ္ဏ၏ တစ်ကွက်ကာတွန်းမှာကား "ကာတွန်းမောင်ဝဏ္ဏ၏ အတွေးများ" ကာတွန်းလုံးချင်းစာအုပ်တွင်ပါဝင်သော တစ်ကွက်ကာတွန်းပင်ဖြစ်၏။

ထိုလုံးချင်းကာတွန်းသည် ၂၀၀၀ ပြည့်နှစ် အောက်တိုဘာလကထုတ်ဝေသော စာအုပ်ဖြစ်လေ၏။

ဆရာကာတွန်းမောင်ဝဏ္ဏ၏တစ်ကွက်ကာတွန်းမှာကား ပုဂ္ဂလိကဆေးရုံများကို သရော်လှောင်ပြောင်ထားသော တစ်ကွက်ကာတွန်းဖြစ်လေ၏။ လူနှစ်ယောက်စကားပြောရာ တစ်ယောက်မှာ အကျႌမပါ ကိုယ်လုံးတီးဖြင့် အောက်ပိုင်းတွင် လံကွတ်တီနှင့် ထိုလူကပင် "ပုဂ္ဂလိကဆေးရုံမှာတက်ပြီး ဆေးကုခဲ့တာ ကျုပ်ပေါ့" ဟုဆိုသော စာကြောင်းရေ နည်းနည်းလေးနှင့် ဆွဲပြထားသည့်ကာတွန်းအရုပ်များမှာလည်း အသက်ဝင်လှုပ်ရှားနေသည့်အတွက် အရုပ်ရော စာပါ ကာတွန်းဖတ်ရသူအဖို့ လွန်စွာမှ ရင်ထဲငြိ၍နေလေ၏။

ယခုတော့ ကာတွန်းရေးသည့်မောင်ဝဏ္ဏသည် ကွယ်လွန်ရှာလေပြီ။ ဆရာသည် တစ်ကွက်ကာတွန်း




များကို ရေးဆွဲသရုပ်ဖော်ရာတွင် အတွေးနှင့်အရေး၊ ဟာသတို့ကို ကျစ်လျစ်စွာ စုပေါင်းထားသလို တစ်ကွက်ပေါင်းများစွာတို့ကိုလည်း ဖွဲ့စည်းထားသဖြင့် ဆရာ့ကာတွန်းဖတ်ရသူအပေါင်းမှာ လွန်စွာမှရယ်မောရ၍ ဖတ်ရင်းဖတ်ရင်းက ရယ်ရသည်ဟု အောက်တိုဘာအောင်ကြီး ပြောလိုက်ရလေတော့၏။

**သတင်းထောက်သစ္စာ**

အောက်တိုဘာအောင်ကြီးတို့ တိုင်းပြည်တွင် သတင်းစာကို မင်းတုန်းမင်းကြီးက စခဲ့လေ၏။

သတင်းစာနှင့်အတူအယ်ဒီတာ၊သတင်းထောက်ပါ တစ်ဆက်တည်းပါလာ၏။

သတင်းထောက်နှင့်ပတ်သက်ပြီး ကာတွန်းဆရာကြီးမင်းထွတ်က 'သတင်းထောက်သစ္စာ' ဟူသော သတင်းစာလေးကွက် ကာတွန်းကို ၁၉၆၂ ခုနှစ်၊ စက်တင်ဘာလ ၄ရက်ထုတ် မြန်မာ့အလင်း သတင်းစာတွင် ရေးဆွဲခဲ့ဖူးလေ၏။

ကာတွန်းဆရာကြီး မင်းထွတ်၏ လေးကွက်




ကာတွန်းမှာ သတင်းထောက်တစ်ဦးက. . .

(၁)

"အကျွန်ုပ်သည် သတင်းမှန်ကို ထိမ်ချန်မိခဲ့သော် မိုးကြိုးအပစ်ခံရပါစေသား"

ဟူ၍ လက်အုပ်ချီ၍ ကျိန်လိုက်လေ၏။

(၂)

"လာဘ်ကိုမျှော်ကိုး၍ ကြော်ငြာ၊ သတင်း၊ ဆောင်းပါးများကို ရေးသားမိခဲ့သော် မိုးကြိုးအပစ်ခံရပါစေသား"

ဟု လက်သီးလက်မောင်းတန်းပြီး ကျိန်ဆိုလိုက်လေ၏။

(၃)

"ကိုယ်လိုရာဆွဲ၍ သတင်းရေးသားမိခဲ့သည်ရှိသော် မိုးကြိုးအပစ်ခံရပါစေသား"

ဟု လက်နှစ်ဖက်ဆန့်ကာ ကျိန်ဆိုလိုက်လေ၏။

(၄)

"ဤမှန်သောသစ္စာစကားကို ဆိုရသဖြင့် မိုးကြိုးစက်ကွင်းမှ လွတ်ကင်းရပါစေသတည်း"

ဟု ကျိန်လိုက်သည့်အခါ ထိုသတင်းထောက်မှာ မိုးကြိုးထိမှန်ကာ ထိုနေရာ၌ပင် ပွဲချင်းပြီး သေဆုံးသွားလေတော့၏။

ကာတွန်းဆရာကြီး မင်းထွတ်၏ သတင်းစာလေးကွက်ကာတွန်းသည် အမြင်အားဖြင့် ရယ်စရာဟု ထင်ရသော်လည်း အမှန်တကယ် အတွေးများစွာ ပါဝင်၍နေလေ၏။ ထိုကာတွန်းသည် တစ်ချိန်က ကာတွန်းဖြစ်နေသော်လည်း ယနေ့အချိန်အထိ လက်ကိုင်တုတ်ဖြစ်နေသော သတင်းထောက်များကို ထောက်ပြနေသည့် ကာတွန်းပင်ဖြစ်၏။

သတင်းထောက်များကို သိမ်းကျုံးမပြောလို။ အပုပ်ခံ ငါးခုံးမတစ်ကောင်တလေကို ပြောဆိုခြင်းပင်ဖြစ်ပါကြောင်း. . .

**အောက်တိုဘာအောင်ကြီး**




✓ တိုင်းရင်းဆေးအရည်အသွေး ကမ္ဘာ့ရွှေကြယ်ပွင့်ဆု (ဂျီနီဗာ-၂၀၁၀) ရွှေတံဆိပ်ဒိုင်းဆုရ
✓ နိုင်ငံတကာ ခေါင်းဆောင်မှု စွမ်းရည်ကြယ်ပွင့်ဆု (ပဲရစ်-၂၀၁၁) နှင့် Certificate ရ
✓ ကမ္ဘာ့အရည်အသွေးပြည့် ထိပ်သီးဆု (USA-2012) နှင့် Certificate ရ
✓ ကမ္ဘာ့အရည်အသွေး စိန်ပွင့်ဆု (ပြင်သစ်-၂၀၁၃) နှင့် Certificate ရ
✓ ကမ္ဘာ့အရည်အသွေး သရဖူ စိန်ပွင့်ဆု (လန်ဒန်-၂၀၁၄) နှင့် Certificate ရ
ဖျံ့-၅-ကောင် အမှတ်တံဆိပ် သွေးချို-ဆီးချိုကျဆေးနှင့် သွေးတိုးကျဆေးကို
ကြော်ငြာခွင့်ပြုချက်အမှတ် - တဆဝက(တနယ်ဇင်း) ၀၁၇/၀၃၁၅
တစ်ပြည်လုံးသို့ ဖြန့်ချိလိုက်ပါပြီ။
သမားတော်စာရေးဆရာ
ဒေါက်တာစိုးမြင့်အောင်(ဝါးခယ်မ)၊ Ph.D (Alternative Medicines)
ဖျံ့-၅-ကောင် တိုင်းရင်းဆေးခန်း - ၁၂၄၊ ၄၂ လမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း- ၀၁ ၃၈၀၁၇၅၊ ၃၉၂၁၉၆

The HOT NEWS
Vol - 7, No - 328, Jan 13 - 19 , 2017



# ဒီနိုင်ငံက ဒီအလုပ်သမားတွေကို ဒီ Level၊ ဒီSkill ဒီအတိုင်းပဲ ထားမှာလား

**စက်မှုဇုန်အသီးသီးတွင် အမျိုးသမီးအလုပ်သမားများရင်ဆိုင်နေရသည့် အခက်အခဲများနှင့် ပတ်သက်၍ အလုပ်သမားအရေး လိုက်ပါဆောင်ရွက်ပေးနေသည့် သွေးစည်းညီညွတ်သောသမဂ္ဂများ အဖွဲ့ချုပ်ခေါင်းဆောင် ဒေါ်မျိုးမျိုးအေးနှင့် ဆက်သွယ်မေးမြန်းဖော်ပြလိုက်ပါသည်။**

## အေမီအောင်(မြစ်မခ)

**မေး – စက်မှုဇုန်က အလုပ်သမားတွေရဲ့ တိုင်စာတွေကို ဖြေရှင်းပေးရတဲ့အခါ အမျိုးသမီးအလုပ်သမားတွေရဲ့တိုင်စာ ဘယ်နှနှုန်းလောက်ပါဝင်နေပါလဲ။**

**ဖြေ** – ၈လပိုင်းနဲ့ ၁၂လပိုင်းအထိ ၁၇မှုမှာ အမျိုးသမီးအလုပ်သမား case က ၉မှုပါတယ်။ အသက်ကြီးလို့ အလုပ်ထုတ်ခံရတာရှိတယ်။ စက်ရုံထဲမှာ ရန်ဖြစ်တာတွေရှိတယ်။ ကာယိန္ဒြေပျက်ပြားစေလို့ ပတ်သက်တာတွေပါတယ်။ စက်ရုံမှာစော်ကားခံရတာတွေရှိတော့ အလုပ်ထွက်လိုက်တယ်။ ငွေကြေးနဲ့ ရိုက်တာ၊ နှက်တာတွေနဲ့ အဲဒါမျိုးတွေပါတယ်။ အလုပ်သမားအချင်းအချင်းရိုက်တာ တစ်မှုပါတယ်။ လုပ်ငန်းရှင်ကရိုက်တာတစ်မှုပါတယ်။ အဲဒီကလေးမလေးတွေက စက်ရုံမှာအလုပ်ဆင်းတယ်တဲ့။ စက်ရုံက နည်းနည်းချောင်ကျတယ်ပေါ့။ ချောင်ကျတဲ့အခါ စက်ရုံအနောက်ဘက်မှာ ကာယိန္ဒြေစော်ကားခံရတယ်ပေါ့။ အမှုကလည်း တရားရုံးမှာ ရင်ဆိုင်နေရတယ်။ လမ်းက နည်းနည်းမှောင်တယ်ပြောတယ်။

**မေး – ဆန္ဒဖော်ထုတ်လို့ အလုပ်ထုတ်ခံရတဲ့အမျိုးသမီး အလုပ်သမား ဘယ်နှဦးလောက်ရှိနေလဲ။**

**ဖြေ** – ဆန္ဒဖော်ထုတ်လို့ဆိုပြီး ပြီးခဲ့တဲ့နှစ်တွေကဆို အထည်ချုပ်စက်ရုံနှစ်ရုံပေါင်းကို အလုပ်ထုတ်ခံရတဲ့ အမျိုးသမီးအလုပ်သမား ၂၃၆ဦးရှိတယ်။ အထည်ချုပ်စက်ရုံတစ်ရုံက ၁၆၈ယောက်လုံး အကုန်ထုတ်ပစ်တာ။ နောက်တစ်ရုံက အလုပ်ထုတ်ပစ်တာ ၆၈ဦးရှိတယ်။ သမဂ္ဂအဖွဲ့ဝင်အမျိုးသမီးတွေဆို အများကြီးပဲ။ အဲဒီအမှုက ရင်ဆိုင်နေရတာမပြီးသေးဘူး။

**မေး – စက်မှုဇုန်တွေမှာ အငြင်းပွားမှုပြဿနာတွေနဲ့ ရင်ဆိုင်နေရတဲ့ အမျိုးသမီးအလုပ်သမားတွေရဲ့ အခက်အခဲတွေက ဘယ်အချက်တွေရှိနေလဲ။**

**ဖြေ** – အလုပ်သမားအငြင်းပွားမှုဖြစ်ရင် ပထမစက်ရုံက အလုပ်ထွက်တယ်။ နောက်စက်ရုံပြောင်းလိုက်တော့ ခွင့်ရဖို့အခက်အခဲရှိတယ်။ ရဲစခန်းတို့၊ တရားရုံးတို့မှာရင်ဆိုင်ဖို့အတွက် ကြောက်စိတ်တွေရှိတယ်။

**မေး – အမျိုးသမီးအလုပ်သမား အငြင်းပွားမှုဖြစ်စဉ်အမှုတွေက ဘယ်စက်မှုဇုန်မှာ အများဆုံးလဲ။**

**ဖြေ** – ရွှေပြည်သာစက်မှုဇုန်မှာ အများဆုံးတွေ့ရတယ်။ အသက်ကြီးလို့ မခိုင်းချင်လို့ဆိုပြီး ထုတ်ပစ်လိုက်တာများတယ်။ အထည်ချုပ်တွေကလည်းထွက်တယ်။ လုံခြုံရေး၊ ဂိတ်စောင့်လို နေရာမျိုးကလည်း ထွက်ရတာရှိတယ်။ နောက်သန့်ရှင်းရေးလိုအလုပ်ပေါ့။လာတိုင်တဲ့အထဲမှာတော့ ကားစက်ရုံနဲ့ အထည်ချုပ်က ထွက်ရတာရှိတယ်။

**မေး – နစ်နာမှုတွေနဲ့ရင်ဆိုင်နေရတဲ့ အမျိုးသမီးအလုပ်သမားတွေဘက်က လာရောက်တိုင်ကြားဖို့ စိုးရိမ်နေမှုတွေ ရှိနေလား။**

**ဖြေ** – ကျွန်မတို့ဆီရောက်လာတဲ့ကလေးမဆို သူ့ပြောပုံအရဆို သူ့စက်ရုံနောက်နားမှာပဲ စော်ကားခံရတယ်။ အစော်ကားခံရတဲ့နေရာကို ကျွန်မတို့သွားကြည့်တဲ့အခါကျတော့ ဩော်. . . သူကတော့ ကျွန်မတို့ကိုတိုင်လို့၊ မတိုင်တဲ့ အမျိုးသမီးဘယ်နှယောက်လောက်က ဒီနေရာမှာစော်ကားခံရလဲ။ ဒီနေရာက ချောင်ကျတယ်၊ မှောင်လည်း မှောင်တယ်။ ဒါတွေက ဘယ်သူ့မှာ တာဝန်ရှိသလဲ၊ အကုန်လုံးမှာတာဝန်ရှိတယ်။ အဓိကက ဖယ်ရီ မလုပ်ပေးတာ၊ ဖယ်ရီစီစဉ်မပေးတာ၊ ဒါမျိုးတွေလည်းရှိတယ်။ တချို့ဆို အချိန်ပိုတွေ ခေါ်ချင်သလိုခေါ်တယ်။ လွှတ်ချင်တဲ့အချိန် လွှတ်တယ်။ ဒါမျိုးတွေရှိတယ်။ တချို့အဆိုင်းရှိတော့ ဇနာရီတစ်ဆိုင်းဆို ညဘက်တွေပြန်ရတယ်။ တစ်နေ့လုပ်အားခ ၃၆၀၀ နောက်ပိုင်းမှာ အလုပ်သမားတွေရဲ့ကားအကြိုအပို့တွေ ရပ်သွားတာရှိတယ်။ တချို့တွေက ကယ်ရီတွေနဲ့ သွားကြ၊ အစုလိုက်ပြန်သွားကြတာမျိုးတွေရှိတယ်။

**မေး – အလုပ်ထုတ်ခံရတဲ့ အမျိုးသမီးအလုပ်သမားတွေကို ဘယ်လိုအကြောင်းပြချက်တွေကြောင့် ထုတ်ပစ်တာလဲ။**

**ဖြေ** – အလုပ်ရှင်ဘက်ကတော့ မှန်တယ်။ အရည်အသွေးမပြည့်လို့ ထုတ်ပစ်တာ။ အသက်ကြီးလို့ ထုတ်ပစ်တာ။ skill မပြည့်ဘူးဆို capacity ပိုင်းကိုမြှင့်ဖို့ကျတော့ အလုပ်သမားမှာက အချိန်ရှိမနေဘူးလေ။ အခုဆိုရင် ကျွန်မဆို စက်ရုံတွေထဲမှာ အလုပ်သမားတွေအတွက် ခွင့်တောင်းပေးတယ်။ သူတို့ဘက်က ခွင့်မပေးချင်ဘူးပေါ့။သူတို့ဘက်မှာလည်း အကြောင်းပြချက်တွေ အများကြီးရှိနေတယ်။ အစိုးရကိုတော့ အလုပ်ရှင်ကိုရော ပေါင်းပြီးတော့ ပြောချင်တယ်။ တို့နိုင်ငံကို ဒီအတိုင်းထားမှာလား။ ဒီအလုပ်သမားတွေဟာ ဒီအသိ၊ ဒီ level လောက်ပဲရှိနေတယ်။ ဒီ Level တစ်ခုပေါ့။ ဒါကိုမမြှင့်ဘူးဆိုရင် အမြဲတမ်းပြောင်းလဲနေတယ်။ တံခါးလည်းဖွင့်လိုက်ပြီ။ သူများနိုင်ငံက skill ပြည့်တဲ့သူတွေကိုခေါ်ပြီး သုံးမှာလား။ ကျွန်မတို့နိုင်ငံကလူ့စွမ်းအား အရင်းအမြစ်ကို သုံးလို့ရအောင် ဒီအတိုင်းထားမှာလား။ တစ်ခုခုပေါ်လစီချသင့်နေပြီ။ လုပ်ငန်းရှင်ကတော့ သူ့လုပ်ငန်းထဲက အလုပ်သမားတွေဟာ သူလိုချင်တဲ့ စံချိန်စံညွှန်းတက်မနေဘူးဆိုရင် သူ့အနေနဲ့လည်း အခက်အခဲတွေရှိနေတယ်လေ။ ဒါကို ဖြည့်ဖို့ဆိုရင် နှစ်ဖက်ပေါင်းပြီးဘယ်လိုဖြည့်ကြမလဲ။ တချို့စက်ရုံတွေဆို ပြောလာကြပြီ။ အစည်းအဝေးလုပ်ရင် သူတို့ရဲ့အားလပ်ချိန်မှာ အစည်းအဝေးလုပ်တယ်။အလုပ်သမားတွေအတွက်ကိုတော့ အကြံပြုချင်တယ်။ ရောက်ရှိနေတဲ့နေရာမှာရပ်တန့်မနေဖို့၊ ရပ်တန့်နေကြတာများတယ်။ သိပ်မကြာမီတွေ့လာရမယ့် စိန်ခေါ်မှုတွေအတွက် ကိုယ့်ဘက်က ဖြည့်သင့်တာကို ဖြည့်ဖို့လိုအပ်တယ်။ အားလပ်ချိန်ဆို ပျော်ပွဲစားတွေထွက်တယ်။ အမှန်ကအဲ့ဒီအချိန်တွေမှာ ကိုယ့်သမဂ္ဂအဖွဲ့ဝင်တွေကို ဘယ်လိုသင်တန်းတွေ ပေးမလဲဆိုတဲ့ စီမံချက်တွေ ရှိမနေဘူး။ လိုအပ်တဲ့ capacity ဖြည့်ဖို့ program လေးရှိသင့်တယ်လို့ အကြံပြုလိုပါတယ်။

**မေး – ဆန္ဒပြလို့ထုတ်ခံရတဲ့ အမျိုးသမီးအလုပ်သမားတွေအတွက် အလုပ်ရှာရခက်တာသိရတယ်။ အစိုးရက ဘယ်လိုအကာအကွယ်တွေပေးဖို့ လိုအပ်ပါလဲ။**

**ဖြေ** – လောလောဆယ်တော့ အလုပ်ရဖို့ခက်ခဲနေတာပေါ့။ လူမှုဖူလုံရေးမှာ အစိုးရက အလုပ်သမားတွေဆီက ကောက်ထားတဲ့ ပိုက်ဆံတွေရှိတယ်လေ။ အလုပ်သမားတစ်ယောက်က မှတ်ပုံတင်ထားတယ်။ Labour တင်ထားတယ်ဆိုရင် အလုပ်မရသေးတဲ့အလုပ်သမားအတွက် သူတို့စဉ်းစားသင့်တယ်လေ။ အလုပ်ကူရှာပေးမလား၊ လစာတစ်ဝက်ပေးမှာလား။ ဒါကိုတော့ အစိုးရအနေနဲ့ တာဝန်ယူသင့်တာပေါ့။ ဘာတာဝန်မှမယူဘဲ အလုပ်သမားကပဲ သူတို့ဘာသာပဲအလုပ်သွားရှာဆိုရင် ဖူလုံရေးပိုက်ဆံလည်းကောက်မနေနဲ့လို့။ ကျွန်မတော့ ဒီလိုပဲ မြင်တယ်။ တာဝန်ယူထားပြီးရင် တာဝန်ယူခံတဲ့စိတ်တော့ အစိုးရမှာရှိသင့်တယ်။ ဒါလေးတော့ လုပ်ပေးဖို့လိုအပ်တယ်။

**မေး – စက်မှုဇုန်က အမျိုးသမီးအလုပ်သမားတွေဘက်က ဘယ်လိုဥပဒေတွေ လေ့လာဖို့လိုအပ်လဲ။**

**ဖြေ** – အလုပ်သမားဥပဒေတွေနဲ့ အမျိုးသမီးတွေကို အကာအကွယ်ပေးတဲ့ဥပဒေတွေ သိထားဖို့ လိုအပ်တယ်။ ဘယ်လိုဥပဒေမျိုးက ကိုယ့်ရဲ့ ကာယိန္ဒြေစော်ကားခံရမှုအတွက် ပြန်ပြီးတုံ့ပြန်လို့ရလဲ။ ဥပမာ-လုပ်ငန်းပိုင်ရှင်မှန်တိုင်း လုပ်ခွင့်ရှိတယ်၊ ဒီလိုမျိုးမဟုတ်ဘူးလေ။ ပိုင်ရှင်တွေ၊ မန်နေဂျာတွေက ပိုင်ရှင်နဲ့ ပတ်သက်တာပြော၊ မန်နေဂျာလည်း မန်နေဂျာနဲ့ ပတ်သက်တာပြော။ မတော်တလျော် ထိတာ၊ ကိုင်တာ၊ပြောတာ။ အလုပ်ရှင်နဲ့အလုပ်သမားနှစ်ယောက်တည်း အခန်းထဲမှာခေါ်ပြီးတော့ ဆူတာမျိုး၊ ပြောတာမျိုးတို့ပေါ့။ ပြောရင်တော့ အများရှေ့မှာ ဆူစရာရှိလို့ အခန်းထဲခေါ်သွားတယ်ပေါ့။ ဒါပေမဲ့ အခန်းထဲမှာ နှစ်ယောက်တည်းရှိနေတာမျိုးက မသင့်တော်ဘူးပေါ့။ အလုပ်ရှင်တွေ၊ မန်နေဂျာတွေက ဖုန်းထဲမှာ ပြောဆိုတာ သုံး၊ လေး၊ ငါးမှုရှိတယ်။ ကျွန်မဆီရောက်လာတာ။ viberကတို့၊ အွန်လိုင်းပေါ်က နှောင့်ယှက်တာမျိုးလည်း တိုင်လို့ရတယ်။ ဒီလိုဥပဒေမျိုးတွေ သိထားသင့်တယ်။ တစ်ခါတလေကျရင် ရဲကလည်း သူ့ဆီအမှုမလာအောင် နည်းမျိုးစုံနဲ့ ကန်ထုတ်တာပေါ့။ နောက်ဆုံးကျတော့ ကျွန်မတို့လိုက်ဖြေရှင်းပေးရတယ်။ တရားရုံးလုပ်ထုံးလုပ်နည်းက ရှည်ကြာတယ်။ တရားရုံးက မမျှတတဲ့အခါကျတော့ အများစုက ရပ်ကွက်ရုံး၊ ရဲစခန်းမှာပဲ ကျေအေးလိုက်တယ်။ ကျွန်မတို့ဆီမှာပဲ ကျေအေးကြမယ်။ မှားတယ်လို့တောင်းပန်ရင် ကျေအေးလိုက်တယ်။

**မေး – ကိုယ်ဝန်ဆောင်အမျိုးသမီးအလုပ်သမားတွေ အလုပ်ထွက်တာတွေကဘယ်လိုအချက်တွေကြောင့်လဲ။**

**ဖြေ** – ကလေးမွေးခါနီးဆို အလုပ်တွေကနေထွက်သွားကြတယ်။ ကလေးမွေးပြီးမှ အလုပ်ပြန်ရှာတာရှိတယ်။ မြန်မာနိုင်ငံမှာကပြောနေတာတော့ အမျိုးသမီးအရေးကို သိပ်ကိုလုပ်နေကြတယ်။ စာရွက်စာတမ်းတွေ၊ တီဗွီတွေမှာမြင်ရရင် gender issue က အမျိုးသမီးအခွင့်အရေးကို ရွှန်းရွှန်းဝေအောင်ပြောတယ်။ တကယ့်လက်တွေ့မှာ အမျိုးသမီးတွေက ယောကျာ်းယူပြီးရင် အမျိုးသမီးအခွင့်အရေးက ဆုံးရှုံးနေရတယ်။ ကလေးရလာတာနဲ့အမျှ သူ့ရဲ့ gender က တဖြည်းဖြည်းပျောက်သွားတယ်။ ကလေးအတွက် အချိန်ပေးရတယ်။ ဘယ်အလုပ်ရှင်ကမှ ခွင့်ခဏခဏယူတဲ့လူကို ခွင့်ပေးဖို့ခက်မှာပဲ။ ကိုယ်ဝန်ရင့်နေတဲ့အချိန် ရှစ်လ၊ ကိုးလမှာ စက်ထိုင်ချုပ်ဖို့ဆိုတာ မဖြစ်နိုင်တော့ဘူးလေ။ သူတို့တောင်းတဲ့စံချိန်ကိုပေးဖို့ဆိုတာ မဖြစ်နိုင်တော့ဘူး။ အလုပ်သမားဥပဒေမှာလည်း ရွှန်းရွှန်းဝေနေတာပဲ။ အမျိုးသမီးကို ဘယ်လိုမခိုင်းရဘူးတို့ ကိုယ်ဝန်ဆောင်အမျိုးသမီးကို ဘယ်အလုပ်ရှင်က မခိုင်းဘဲနေမလဲ။ မခိုင်းရင် သူ့ထုတ်ကုန်လျော့သွားမှာပေါ့။ ခိုင်းတယ်၊ ခိုင်းတော့ အမျိုးသမီးကိုယ်တိုင်က မလုပ်နိုင်တဲ့အခါကျတော့ တော်တော်များများ အမျိုးသမီးတွေက ကလေးမွေးရင် အလုပ်ထွက်ကုန်ကြတယ်။ ကလေးတစ်လခွဲ၊နှစ်လမှာ အလုပ်ပြန်ဝင်တယ်ဆိုရင် ကလေးကအဆင်မပြေသေးဘူးလေ။ စက်ရုံတစ်ရုံမှာ အလုပ်သမား ၁၀၀၊ ၁၅၀လောက်မှာ ကလေးမိခင် ၅၀ လောက်ပါမယ်ဆိုရင် အခန်းလုပ်ပေးရမယ်။ ကလေးနို့တိုက်ခန်းတို့၊ ကလေးစောင့်ရှောက်ခန်းတို့ ဒါကို လုပ်ငန်းရှင်ကစဉ်းစားပြီး တာဝန်ယူရမယ်။ အပြောပါပဲ။ ဘယ်လုပ်ငန်းရှင်ကမှလုပ်မပေးသလို ဘယ်ကလေးမိခင်မှ ဒီစက်ရုံကိုကလေးခေါ်လာလို့မရဘူး။

*စာမျက်နှာ (၂၂) သို့*



ဆန္ဒဖော်ထုတ်လို့ဆိုပြီး ပြီးခဲ့တဲ့နှစ်တွေကဆို အထည်ချုပ်စက်ရုံ နှစ်ရုံပေါင်းကို အလုပ်ထုတ်ခံရတဲ့ အမျိုးသမီးအလုပ်သမား ၂၃၆ ဦး ရှိတယ်။ အထည်ချုပ် စက်ရုံတစ်ရုံက ၁၆၈ ယောက်လုံး အကုန်ထုတ်ပစ်တာ။

# Article

The HOT NEWS
Vol - 7, No - 328, Jan 13 - 19 , 2017

# သုတေသနမပါတဲ့ ယူဆချက်တွေက အလွန့်အလွန် အန္တရာယ်များပါတယ်




မောင်ယသ

စာရေးသူ မဟာသိပ္ပံတက်နေတုန်းက မျိုးရိုးဗီဇဆိုင်ရာ ယူဆချက်တစ်ခုကို ဌာနမှူး ဒေါ်မြမြထံ တင်ပြခဲ့ဖူးပါတယ်။ ဗီဇပြောင်းသီအိုရီတစ်ခုဆိုပါတော့။ အဲဒီတင်ပြချက်တွေကို ဆရာမကြီးက အစအဆုံးနားထောင်ပြီးတော့ "သားရယ်၊ မင်းတွေးတဲ့ အယူအဆတွေကကောင်းပါတယ်။ ဒါပေမဲ့ Theory without experiment is dangerous ဆိုတဲ့စကားရှိတယ်ကွဲ့။ ဆရာမတို့ သိပ္ပံပညာမှာ သုတေသနလုပ်ရတယ်။ ပြီးတော့ လက်တွေ့စမ်းသပ်ချက်တွေလုပ်ရတယ်။ ပြီးတော့မှ သီအိုရီတစ်ခုကို ထုတ်ပြရတယ်။ ရာခိုင်နှုန်းဘယ်လောက်ထိ မှန်နိုင်တယ်။ လူနဲ့ လူ့အဖွဲ့အစည်းကို ဘယ်လောက်အထောက်အပံ့ဖြစ်နိုင်မယ်ဆိုတာတွေကို ထည့်တွက်ရတယ်။ ဒီလိုမလုပ်နိုင်ဘူးဆိုရင်တော့ ကိုယ့်ရဲ့ထင်မြင်ယူဆချက်တွေကို စာနဲ့ရေးပြီး သိမ်းထားလိုက်ပေါ့ကွယ်။ တစ်ချိန်ချိန်တော့ အသုံးကျလာမှာပါ" လို့ ဆုံးမခဲ့ပါတယ်။ ဒါက သိပ္ပံပညာက အယူအဆလေးတစ်ခုအတွက် အဲဒီလောက်ထိ စဉ်းစားရပါတယ်။ လက်တွေ့စမ်းသပ်ချက်မပါတဲ့ သီအိုရီတွေက အလွန်အန္တရာယ်ကြီးတယ်ဆိုတာကို ဆရာမကြီးက ရှင်းပြဖူးပါတယ်။ လူ့အဖွဲ့အစည်းဆိုင်ရာ စီမံကိန်းတွေဆိုရင်တော့ ပြောစရာတောင်မလိုပါဘူး။ ဘယ်လောက်သုတေသနပြုထားတယ်ဆိုတဲ့အပေါ်မှာ မူတည်ပြီး ဒီစီမံကိန်းက ဖြစ်နိုင်တယ်၊ မဖြစ်နိုင်ဘူးဆိုတာကို သုံးသပ်ကြရပါတယ်။

မြန်မာနိုင်ငံက စီမံကိန်းတွေအများစုကိုကြည့်မယ်ဆိုရင် သုတေသနကို စိတ်ရှည်စွာအချိန်ယူပြီး လုပ်လေ့မရှိတာကို တွေ့ခဲ့ရတယ်။ အချို့ဆိုရင် ပြင်လိုက်၊ ဖျက်လိုက်၊ အသစ်ပြန်လုပ်လိုက်၊ ပြန်ဖျက်လိုက်နဲ့ အလုပ်ကိုရှုပ်နေတာပါပဲ။ ဥပမာတစ်ခုပြပါဆိုရင် ရန်ကုန်မြို့က အထင်ကရလမ်းမကြီးပေါ်က လူသွားစင်္ကြံလမ်းတွေကိုကြည့်ကြည့်ပါ။ တော်ကြာတစ်မျိုးခင်း၊ ပြီးရင်ပြန်ခွာ၊ ပြန်ခင်းနဲ့ တော်တော်ကို အလုပ်ရှုပ်နေကြတယ်။ ဒါမျိုးလေးတွေကိုပဲ ပြောချင်ပါတယ်။ ကျန်တဲ့ကိစ္စတွေ အများကြီးပါ။

အစကတည်းက ၁၅နှစ်၊ အနှစ် ၂၀စာလောက်ကို စဉ်းစားပြီးလုပ်တာမဟုတ်ကြဘူးလား။ သုတေသနလုပ်ငန်းကိုစိတ်ဝင်စားဖို့ကောင်းပါတယ်။ဘတ်စ်ကားမှတ်တိုင်တစ်ခုမှာ လူဘယ်နှယောက်စီးသလဲ။ ဘယ်အချိန်တွေမှာ လူစီးများသလဲ။ အဲဒီအချိန်မှာ လာတဲ့လိုင်းကားအရေအတွက် ဘယ်လောက်ရှိသလဲ။ လိုင်းကားအမျိုးအစား ဘယ်နှမျိုးလာသလဲ။ ဘယ်ဘက်ကိုသွားတဲ့ ခရီးသွားများသလဲ။ အဲဒီက လိုင်းကား တစ်မျိုး၊ နှစ်မျိုးလောက်ကို လျှော့လိုက်ရင် ခရီးသည်ဘယ်လောက် ပုံသွားနိုင်သလဲ။ တိုးလိုက်ရင်ရော ဘယ်လောက်အဆင်ပြေနိုင်မလဲဆိုတာကိုတော့ တွက်ချက်ကြည့်ရဦးမယ်။ ဒီလိုတွက်တာတောင် အဖြေမှန်မရနိုင်သေးဘူး။ လိုင်း ၃၀၀ ကျော်ထဲက ၂၀၀ကျော် လျှော့လိုက်မယ်ဆိုရင်ဘယ်လောက်အခက်အခဲဖြစ်သွားနိုင်မလဲဆိုတာကတော့ စဉ်းစားကြည့်လို့ရတယ်။

အဓိကစဉ်းစားရမယ့်အချက်ကတော့ ဘယ်လို လူတန်းစားတွေကို ထိခိုက်သွားနိုင်လဲ။ အဲဒီလို ထိခိုက်သွားရင် လည်ပတ်နေတဲ့ ဈေးကွက်ယန္တရားကို ဘယ်အတိုင်းအတာအထိ သက်ရောက်သွားမလဲ။ ဈေးကွက်ယန္တရားထိခိုက်လာပြီဆိုရင် တိုင်းပြည်ထုတ်ကုန် ဘယ်လောက်ကျဆင်းသွားမလဲ။ GDP ကရော ဘယ်လောက်အထိ ကျသွားနိုင်သလဲဆိုတာကို တွက်ချက်ရပါမယ်။ GDP ကို ထိလာပြီဆိုရင်တော့ အဲဒီစီမံကိန်းက လုပ်သင့်၊ မလုပ်သင့် ပေါ်လစီမိတ်ကာတွေ စဉ်းစားကြပေါ့။

သုတေသနကပေးတဲ့ဒေတာတွေက ပေါ်လစီတစ်ခုကို ဖော်ဆောင်ဖို့အတွက် အလွန့်အလွန်ကို အရေးကြီးပါတယ်။ စနစ်တကျလုပ်ထားလေ ပိုပြီး အကျိုးရှိလေပါပဲ။ ကားလမ်းပေါ်မှာ ယာဉ်ကြောကျပ်တည်းမှုဖြစ်နေတယ်ဆိုတာက ရုံးချိန်ဆိုတဲ့ကိစ္စကြောင့်လား၊ လမ်းနဲ့ ယာဉ် အဆမတန်ဖြစ်နေလို့လား၊ စည်းကမ်းမဲ့ ယာဉ်မောင်းတွေကြောင့်လား၊ ယာယီပိတ်ဆို့မှုလား၊ အမြဲပိတ်ဆို့မှုလား ဒါတွေကို သုတေသနလုပ်ပြီးမှ မိုးပျံတံတားထိုးမှာလား၊ လူကူးခုံးကျော်ဆောက်မလား၊ အဆောက်အအုံပြောင်းရွှေ့ရမလား၊ ရုံးချိန်ပြောင်းပစ်ရမလားဆိုတဲ့ အယူအဆကို တွေးထုတ်ပါ။ ပြီးတော့မှ စမ်းသပ်ကာလနဲ့ စမ်းသပ်ကြည့်မယ်။ ပြီးမှ ပေါ်လစီချပြီး ဘတ်ဂျက်ဆွဲ၊ လုပ်ငန်းအကောင်အထည်ဖော်ပေါ့။

စိတ်ထဲမှာ ဒီလိုလေးလုပ်ရင်ကောင်းမှာပဲဆိုတဲ့ အတွေးနဲ့ စီမံကိန်းတစ်ခုကို အကောင်အထည်ဖော်ရင်တော့ ကိုယ်တစ်ယောက်တည်းကတော့ ပြဿနာမရှိဘူးပေါ့။ အများပြည်သူနဲ့ဆိုင်တဲ့ကိစ္စတွေမှာဆိုရင်တော့ ပြဿနတွေရှိလာပြီပေါ့။ အနောက်ကနေ ကပ်ပါလာနေတာက ဘတ်ဂျက်ပြဿနာကလည်း ရှိသေးတယ်။ လုပ်တုန်းကလုပ်လိုက်တယ်။ အများပြည်သူပိုက်ဆံတွေကို ကိုယ့်သဘောနဲ့ စီမံခန့်ခွဲလိုက်တယ်။ ပြီးတော့ အဆင်မပြေဖြစ်သွားပြီး ပြန်လုပ်ဆိုရင်တော့ ကုန်သွားတဲ့အများပြည်သူပိုက်ဆံတွေကို အားနာဖို့ကောင်းပါတယ်ဗျာ။ စေတနာကိုတော့ လေးစားပါတယ်။ အများပြည်သူရဲ့ မျက်နှာကိုကြည့်ပြီး ဒီလိုဆိုရင် ကောင်းမှာပဲဆိုတဲ့ စေတနာရှိနေတာကိုတော့ အထူးလေးစားမိပါတယ်။ ဒါပေမဲ့ စေတနာပေါ်မှာ နည်းစနစ်တွေ၊ နည်းပညာတွေ၊ ဆန့်ထွက်တွေးလုံးတွေ၊ တတိယလမ်းတွေ ပေါင်းထည့်လိုက်ရင်တော့ ၉၀ရာခိုင်နှုန်းပြည့်တဲ့ စီမံကိန်းတွေဖြစ်လာမှာပါ။

တိုင်းပြည်ရဲ့လူလတ်တန်းစားကို ထိခိုက်သွားနိုင်တယ်ဆိုရင်တော့ အဲဒီစီမံကိန်းကို လုံးဝဥဿုံ မစဉ်းစားမိပါစေနဲ့။ လူလတ်တန်းစားဆိုတာ တိုင်းပြည်ရဲ့အဓိကမောင်းနှင်အားပါ။ အတတ်ပညာရှင်တွေ အများကြီးပါဝင်နေတယ်။ သူတို့တွေကို အားပြုပြီး အုပ်ချုပ်ရေးယန္တရားတွေ၊ စီးပွားရေးလုပ်ငန်းတွေလုပ်နေရတာ။ သူတို့တွေကို ထိခိုက်မိပြီဆိုတာနဲ့ တိုင်းပြည်မှာလည်ပတ်နေတဲ့ ယန္တရားတွေ ဂျမ်းဖြစ်ကုန်တော့တာပါပဲ။ ဒါကြောင့် အဲဒီလူတန်းစားတွေကို ဘယ်လောက်ထိခိုက်သွားနိုင်တယ်ဆိုတဲ့ သုတေသနလုပ်ငန်းကို စိတ်ရှည်သည်းခံပြီးလုပ်ရပါမယ်။ သုတေသနမလုပ်ဘဲနဲ့ ယူဆချက်တစ်ခုကို လုပ်ပိုင်ခွင့်ရှိလို့ လုပ်လိုက်ပြီဆိုရင်တော့ တိုင်းပြည်နစ်နာပါမယ်ဆိုတဲ့အကြောင်း တင်ပြလိုက်ပါတယ်။ ■

## မင်းကွန်းတိပိဋက = နိကာယသာသနာပြု ဥပဋ္ဌာကအဖွဲ့
## လှူဒါန်းနိုင်ပါသည်

မြန်မာနိုင်ငံတော်တွင် အဆင့်မြင့်တိပိဋကဓရ ပရိယတ္တိစာပေများကို သင်ကြားပို့ချနေသည့် ကျေးဇူးတော်ရှင် မင်းကွန်းတိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသဆရာတော်ကြီး ဖွဲ့စည်းတည်ထောင်တော်မူခဲ့သော တိပိဋကနိကာယကျောင်းတိုက်ကြီးများတွင် ဓမ္မာစရိယအောင်မြင်ပြီး တိပိဋက(၁)ပုံအောင်၊ (၂) ပုံအောင်၊ (၃) ပုံဆောင်၊ (၃) ပုံအောင်၊ဆရာတော်၊ သံဃာတော်များ ပိဋကတ်စာပေများကို ကျက်၊ အံ၊ ကြုံ၊ ကြည့်၍ ဓမ္မက္ခန္ဓာပေါင်း (၈၄၀၀၀)တို့ကို နှလုံးအိမ်၌ ကိန်းအောင်းစေလျက် သီတင်းသုံးနေထိုင်တော်မူကြသော သာသနာ့အာဇာနည် အရှင်သူမြတ် အပါး (၁၅၀) တို့အား ဆွမ်း၊ ပစ္စည်းလေးပါး မပူမပင် မကြောင့်ကြရလေအောင် တိ=နိ အဖွဲ့များမှ ကြိုးပမ်းဆောင်ရွက်တော်မူ၍ ဆရာတော်၊ သံဃာတော်များအား အရုဏ်ဆွမ်း၊ နေ့ဆွမ်း၊ နေ့-ည စတုမဓု အချိုရည်များ ဆက်ကပ်လှူဒါန်းလျက်ရှိပါသည်။

| | |
|---|---|
| ၁။ ဆွမ်းပဒေသာပင်တစ်ပင်လျှင် | ကျပ်-၁၀၀၀ဝိ/- |
| ၂။ ပစ္စည်းလေးပါးပဒေသာပင်တစ်ပင်လျှင် | ကျပ်-၂၀၀၀ဝိ/- |
| ၃။ ရေ၊ မီး ဆေး ပဒေသာပင်တစ်ပင်လျှင် | ကျပ်-၅၀၀ဝိ/- |
| ၄။ စာအောင်ဆုနှင့် ပဒေသာပင်တစ်ပင်လျှင် | ကျပ်-၅၀၀ဝိ/- |
| ၅။ အရုဏ်ဆွမ်း | ကျပ်-၅၀၀၀ဝိ/- |
| ၆။ ကျောင်းရှိ သံဃာအကုန် (နေ့ဆွမ်း) | ကျပ်-၁၀၀၀၀ဝိ/- |

လှူဒါန်းပြီး အနုဂါမိတရွှေအိုးကြီးမြှုပ်နှံ၍ ပရိယတ္တိသာသနာတော်ကြီးအား ချီးမြှောက်တော်မူကြပါရန် နိဗ္ဗာန်အကျိုးမျှော်၍ နှိုးဆော်အပ်ပါသည်။ ပိတ်ရက်မရှိ လှူဒါန်းနိုင်ပါသည်။ ဆွမ်းပဒေသာပင်များ (၁၀၀၀) စီပြည့်တိုင်း မှတ်တမ်းတင်စာအုပ်ထုတ်၍ ရေစက်ချပွဲအခမ်းအနားကို ရန်ကုန်မြို့၊ တိပိဋက ကျောင်းတော်၌ ကျင်းပပြုလုပ်ပါသည်။

**ဆက်သွယ်လှူဒါန်းနိုင်သောဌာနများ**

(၁) တိ=နိ ရန်ကုန်၊ တိပိဋကကျောင်းတော်၊ အမှတ် (၁၂)၊ စကားဝါလမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၂၂၂၂၇၇၊ ၂၂၂၂၇၈၊ ၂၂၂၂၇၉

(၂) တိ=နိ မန္တလေး၊ အမှတ် (၁၉)၊ ၂၆(ဘီလမ်း)၊ ပိုက်ကျုံးရပ်ကွက်၊ မန္တလေးမြို့။ ဖုန်း-၀၂-၃၀၁၉၀

## ဓေတ္တာရာဆရာကျော် (အာကာသနက္ခတ္တဗေဒပညာရှင်)

နာမည်ကောင်းဆိုတာ ဇာတာနဲ့ကိုက်ညီပြီး ကလေးကိုအကျိုးပေးတဲ့အမည်ပါ။
နာမည်လှတိုင်း ခေတ်ဆန်တိုင်း ခေတ်မှီတိုင်း နာမည်ကောင်းမဟုတ်ပါ။ ကလေးနာမည်ရွေးချယ်လိုပါက ဆက်သွယ်ပါ။ လုပ်ငန်းအမည်ပေးလိုက လှမ်းခဲ့ပါ။ မိခင်များ ခွဲစိတ်ရက်ရွေး လာခဲ့ပါ။
စီးပွားရေး၊ ကျန်းမာရေး၊ အချစ်ရေး၊ အိမ်ထောင်ရေး
အလုပ်အကိုင် ငွေကြေးဆိုင်ရာများ အခြေအနေအရပ်ရပ်သိဖို့အတွက်
အသေးစိတ်တစ်နှစ်စာဟောစာတမ်းကို အိမ်အရောက်ပို့စနစ်ဖြင့် မှာယူနိုင်ပါသည်။
အမှတ် ၁၄၃၂၊ ၄၁ ရပ်ကွက်၊ ဂန္ဓမာလမ်း၊ ဒဂုံမြောက်ပိုင်း။ ၀၉ ၂၅၀၂၇၃၆၈၇၊ ၀၉ ၇၇၃၀၈၄၈၅၄

တွင်ခုံဝယ်မယ်ဆိုရင် (6', 5', 3 1/2')

## သောင်း

စက်မှု၊ လက်မှုမှာ စိတ်ချရတယ်
အမှတ်- ၂၁၂-၂၁၃၊ အင်းတော်လမ်း၊ ၆၄ ရပ်ကွက်၊
စက်မှုဇုန်-၂ တောင်ဒဂုံ
ph:590030, 09-5191603, 09-49344920





# ကိုရီးယား-မြန်မာ ဗုဒ္ဓပူဇနိယပွဲကျင်းပ

ရန်ကုန်မြို့ မဟာစည်သာသနာ့ရိပ်သာမှ ကမ္မဋ္ဌာနာစရိယဆရာတော် ဘဒ္ဒန္တကုန္ဒကကို အမှူးထား၍ ကိုရီးယားသမ္မတနိုင်ငံမှ သီလရှင်ဆရာကြီး(ဘိက္ခုနီ) မစ္စဆွန်ဆနင်းဦးဆောင်မှုဖြင့် ကိုရီးယားနိုင်ငံထေရဝါဒ ဗုဒ္ဓဝင်အလှူရှင်များ ပေါင်းစုကောင်းမှုပြု၍ ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ်၊ ကျွန်းကလေးရွာ၌ "ဓမ္မာမက (မဟာစည်) ရိပ်သာကြီး"ကို ဆောက်လုပ် လှူဒါန်းတော်မူပြီး ရိပ်သာကြီးအတွင်း ရွှေတိဂုံစေတီတော် ပုံတူဘေးကင်းရန်ကျော် စေတီတော်မြတ်ကို လည်းကောင်း၊ အဆိုပါ စေတီတော်အတွင်း၌ ကိန်းဝပ်စံပယ်တော်မူလျက်ရှိသည့် ကျောက်ဖြူသားစကုရန်(Sakuram)ခေါ် ချမ်းသာကြီး ဗုဒ္ဓဆင်းတုတော်မြတ်တစ်ဆူကိုလည်းကောင်း ၂၀၁၂ ခုနှစ်၊ ဇန်နဝါရီလ ၇ ရက်နေ့တွင် တည်ထားကိုးကွယ်တော်မူခဲ့သည်။ အဆိုပါ စေတီတော်မြတ်နှင့် ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား (၅)ကြိမ်မြောက် ဗုဒ္ဓဘိသေက အနေကဇာတင်ပွဲနှင့် သံဃာတော်အရှင်မြတ်များအား လှူဒါန်းပူဇော်ပွဲကို ၂၀၁၇ ခုနှစ် ဇန်နဝါရီလ ၇ ရက်နေ့နံနက်တွင် အဆိုပါရိပ်သာကြီး၌ ဗုဒ္ဓဘာသာထုံးတမ်းစဉ်လာများနှင့်အညီ ကျင်းပသည်။

အခမ်းအနားသို့ မဟာစည်သာသနာ့ရိပ်သာကြီးနှင့် ရိပ်သာခွဲများမှ ဆရာတော်သံဃာတော် အရှင်မြတ်များ၊ ဓမ္မာမကရိပ်သာကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တအရှင် ကုန္ဒကအမှူးပြုသော သံဃာတော်အရှင်သူမြတ်များနှင့် ပင့်သံဃာ အပါး ၂၀၀ ကျော်နှင့် ရန်ကုန်တိုင်းဒေသကြီး သာသနာရေးဌာနမှတာဝန်ရှိသူများ၊ သီလရှင်ဆရာကြီး(ဘိက္ခုနီ) မစ္စဆွန်ဆနင်းအမှူးပြုသော တောင်ကိုရီးယားနိုင်ငံမှ သီလရှင်ဆရာကြီးများ ဓမ္မာမကရိပ်သာကြီးအတွင်း၌ တရားဘာဝနာအားထုတ်လျက်ရှိကြသော မြန်မာ-ကိုရီးယားယောဂီ အမျိုးသား၊ အမျိုးသမီးများ၊ မြန်မာ-ကိုရီးယားအလှူရှင်များတက်ရောက်ကြသည်။

အခမ်းအနားတွင် ကိုရီးယားဘိက္ခုနီ မစ္စဆွန်ဆနင်းဦးဆောင်သည့် မြန်မာ-ကိုရီးယား အလှူရှင်များက ကျပ်သိန်း ၄၀၀ တန်ဖိုးရှိ လှူဖွယ်ပစ္စည်းများအား သံဃာတော် အရှင်သူမြတ်များထံ ဆက်ကပ် လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။

**မောင်ကျော်**

# လူငယ်တစ်ယောက်ပြောင်းလဲဖို့အတွက် ကိုယ့်ရဲ့အားနည်းချက် အားသာချက်တွေသိဖို့လိုတယ်

လူငယ်တစ်ယောက်အနေနှင့် ပြောင်းလဲရန်အတွက် မိမိ၏အားနည်းချက်အားသာချက်များသိရန် လိုအပ်ကြောင်း Crown Education မှ Managing Director ကိုအောင်ကျော်ဆန်းက ပြောသည်။

Crown Education နှင့် Academy တို့ပူးပေါင်း၍ စီးပွားရေးလုပ်ငန်းများ ဆန်းသစ်ပြောင်းလဲတီထွင်ခြင်းဆိုင်ရာ ပညာရေးဆွေးနွေးပွဲကို ဇန်နဝါရီ ၇ ရက်နေ့က Nevotel Hotel ၌ ကျင်းပခဲ့ပြီး အဆိုပါဆွေးနွေးပွဲတွင် ၎င်းက ပြောကြားခဲ့ခြင်းဖြစ်သည်။

"ကျွန်တော် လူငယ်တွေကို ဖြစ်စေချင်တာကတော့ လူငယ်တစ်ယောက်ပြောင်းလဲဖို့ အဆင့်သုံးဆင့်လိုတယ်။ ပထမအချက်က ကိုယ့်မှာအားနည်းချက် အားသာချက် ဘာရှိလဲ။ ကိုယ်ပြောင်းလဲဖို့လိုလာပြီဆိုတာကို သိဖို့လိုတယ်။ ဒုတိယအချက်က စပြီး ပြောင်းလဲဖို့လိုတယ်။ တတိယအချက်က အဲဒီအပြောင်းအလဲကို ထပ်ပြောင်းနေရမယ်။ ဘယ်ဆွေးနွေးပွဲတွေကိုပဲ နားထောင်နားထောင် ကိုယ်ပြောင်းရမယ်ဆိုတဲ့အသိတော့ ရှိဖို့လိုတယ်။ အဲဒီအတွက် လူငယ်တော်တော်များများမှာ အထိုက်အလျောက်ရှိနေပြီ။ ဒါပေမဲ့ ပြောင်းပြီဆိုရင် ဘယ်လိုပြောင်းလဲရမလဲဆိုတဲ့နည်းဘက်ကို ကျွန်တော် နည်းနည်းစိတ်ဝင်စားတယ်"ဟု Crown Edueation မှ Managing Director ကိုအောင်ကျော်ဆန်းက ပြောသည်။

အဆိုပါဆွေးနွေးပွဲကြောင့် ဗဟုသုတအသစ်များတိုးလာပြီး ကျောင်းပြီးသွားပါက ဘာဆက်လုပ်ရမည်ကို ခိုင်ခိုင်မာမာ သိလာကြောင်း၊ Business Innovation နှင့်ပတ်သက်၍ လူငယ်များအနေဖြင့် တီထွင်နိုင်မှုစွမ်းရည်ပိုင်းတွင် အားနည်းနေသေးကြောင်း၊ ယခုကဲ့သို့ ဆွေးနွေးပွဲများကြောင့် မည်ကဲ့သို့ ဆန်းသစ်ပြောင်းလဲမှုတွေလုပ်ရမည်ကို သိလာရကြောင်း ဆွေးနွေးပွဲတက်ရောက်သူ ကိုမင်းဇော်က ပြောသည်။

**ကျော်ကိုကို**

# စိတ္တသုခဖွံ့ဖြိုးရေးအင်စတီကျုက ဘာသာစကားစိန်ခေါ်မှုများကို ရင်ဆိုင်ရဲသည့် ကျောင်းသားများအားဖိတ်ခေါ်

မြောက်ဥက္ကလာပမြို့နယ်၊ ၂ ရပ်ကွက်၊ အထက (၄) ကျောင်းလမ်းမှတ်တိုင်အနီးရှိစိတ္တသုခ ဖွံ့ဖြိုးရေး အင်စတီကျု၏ အင်္ဂလိပ်စာ 4Skill တတိယအကြိမ်မြောက်ပညာ ဒါနသင်တန်းဆင်းပွဲကို ဇန်နဝါရီ ၈ ရက်တွင် ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။



ယင်းသင်တန်းဆင်းပွဲကို အယ်လီမန်ထရီနှင့် ပရီအင်တာနှစ်တန်းပေါင်း ကျောင်းသူကျောင်းသား ၄၀ ကျော်က အခမ်းအနားအစအဆုံးအင်္ဂလိပ်ဘာသာကိုသာသုံးစွဲပြောကြားခဲ့ကြောင်း အမေရိကန်နိုင်ငံမှ Teaching English as a foreign Language Instructor ဖြစ်သည့် Mr Charles Machio Turner က အမှာစကားပြောကြားပြီး သင်တန်းတာဝန်ခံကိုတင်မင်းနိုင်ကသင်တန်းဆင်းလက်မှတ်များပေးအပ်ခဲ့ကြောင်း စိတ္တသုခဖွံ့ဖြိုးရေးအင်စတီကျူခေါင်းဆောင်ကိုဇာနည်ကပြောသည်။

'ဒီအခမ်းအနားမှာကျောင်းသားတွေကပဲအင်္ဂလိပ်လိုပြောပြီး အခမ်းအနားမှူးလည်း ကျောင်းသားတွေပဲဦးဆောင်ကျင်းပခဲ့တယ်။ ဒီသင်တန်းဆင်းပွဲကို တက်ရောက်လာတဲ့ ရပ်ရွာအခြေပြုအဖွဲ့အစည်းတွေ၊ရပ်မိရပ်ဖတွေကလည်း အားရကျေနပ်ကြတယ်။ ကိုယ့်ကိုယ်ကိုယ်ယုံကြည်မှုအပြည့်အဝရှိတဲ့ ကျောင်းသားတွေရဲ့ မျက်နှာတွေကို မြင်ရတော့ ကျွန်တော်တို့လိုချင်တဲ့ သဘောတရားကိုရခဲ့ပြီလို့ခံစားရပါတယ်'ဟု ကိုဇာနည်ကဆိုသည်။

'ဆရာဗဟိုပြုသင်တန်းတွေသာကြီးစိုးခဲ့တဲ့အခြေအနေမှာ ကျွန်တော်တို့ကျောင်းသားတွေက ဆရာမပါဘဲ သူတို့ဘာသာသူတို့ဖောက်ထွက်ပြီး တွေးခေါ်တတ်ခဲ့ပါပြီ။ ကျွန်တော်တို့ပင်ပန်းရကျိုးလည်းနပ်ခဲ့ပါပြီ။ ဆက်လက်ပြီးတော့လည်း ဘာသာစကားစိန်ခေါ်မှုတွေကိုရင်ဆိုင်ရဲတဲ့ ကျောင်းသားတွေကို ဖိတ်ခေါ်ပါတယ်'ဟု သင်တန်းတာဝန်ခံကိုတင်မင်းနိုင်ကပြောသည်။

အဆိုပါသင်တန်းသည်အင်္ဂလိပ်စာတစ်ခုတည်းတင်မကဘဲ ဘဝ၏နေမှုထိုင်မှုများကိုပါအခမဲ့သင်ကြားပေးခဲ့ကြောင်း သိရသည်။

**ဇော်မြင့်**

# ကျောက်ဖြူမြို့နယ်အတွင်း ဘင်္ဂါလီငါးဖမ်းလှေများက အန္တရာယ်ပြုမည်ကို ရခိုင်ငါးဖမ်းလှေများ စိုးရိမ်နေ

ကျောက်ဖြူကမ်းလွန်ပင်လယ်ပြင်များတွင် ငါးဖမ်းဆီးလုပ်ကိုင်နေသည့် ကမ်းဝေး၊ ကမ်းနီးငါးဖမ်းလှေများအနေဖြင့်ငါးဖမ်းဆီးရာတွင် ဘင်္ဂါလီလှေများမှ ရေလုပ်သားများ၏ ခြိမ်းခြောက်မှုနှင့် ရန်ပြုမည့် အန္တရာယ်များ စိုးရိမ်နေရကြောင်း ဒေသတွင်း ရေလုပ်သားများထံမှ သိရှိရသည်။

ကျောက်ဖြူကမ်းလွန် ပင်လယ်ပြင်များတွင် လက်ရှိအချိန်မှာ ငါးမျိုးစုံဖမ်းဆီးရရှိမှု အများဆုံးအချိန်ကာလဖြစ်ပြီး ရေလုပ်သားအများအပြား ငါးဖမ်းဆီးမှုများရှိရာ ရံဖန်ရံခါ၌ ဘင်္ဂါလီ ငါးဖမ်းလှေများကအရေးပေါ်ဖြစ်စဉ်ကဲ့သို့ ဓာတ်မီးများ အပြိုင်ထွန်းပြီး ခြောက်လှန့်ခြင်း၊ ဆဲရေးတိုင်းထွာခြင်း၊ ဓား၊ တုတ်၊ ဂျင်ကလိများဖြင့် ရန်မူခြင်း အစရှိသည့် ခြိမ်းခြောက်ရန်ပြုမှုများရှိကြောင်း တောင်ရင်းငါးဖမ်းလှေဆိပ်မှကမ်းနီးရေလုပ်သား ဦးကျော်လွင်ကပြောသည်။

"ဘင်္ဂါလီ ငါးဖမ်းသမားတွေက ရန်စခြိမ်းခြောက် တာတို့၊ ဖမ်းဆီးထားတဲ့ ပိုက်ကွန်တွေကို လှီးဖြတ်ယူသွားတာတို့၊ ဖျက်ဆီးပစ်တာတို့က အခုတလော လှေသမားတွေ ကြုံတွေ့ရမှု များလာပါတယ်။ ဒီလိုပြုမူတဲ့ လုပ်ရပ်တွေ ကြုံရလို့ ငါးဖမ်းဆီးမှု ထိခိုက်သလို၊ စိုးရိမ်လို့ လှေတွေကို အုပ်စုဖွဲ့ပြီး သတိဝိရိယနဲ့ နီးနီးကပ်ကပ် ဖမ်းဆီးရတာမျိုးတို့ ရှိလာပါတယ်။ ဒီလိုဖမ်းဆီးမှု မဟုတ်ရင် မလိုအပ်ဘဲ ကမ်းကလူပိုငှားတင်ပြီး ဖမ်းဆီးရတာတို့ရှိ လာပါတယ်"ဟုကျောက်ဖြူမြို့နယ် တောင်ရင်း ကျေးရွာမှ ကမ်းနီးရေလုပ်သား ဦးကျော်လွင်က ပြောသည်။

ဘင်္ဂါလီငါးဖမ်းလှေ အများစုတို့မှာ ရမ်းဗြဲမြို့နယ် ကျောက်နီ မော်ကျေးရွာ၊ စစ်တွေမြို့နယ် သဲချောင်း၊ ဘုမေနှင့် ပေါက်တောမြို့နယ် ဆင်တက်မော်ကျေးရွာဘက်ဒေသများမှ လှေများဖြစ်ကြောင်းနှင့် ကျောက်ဖြူအနောက် ဘက်ကမ်းလွန်ပင်လယ်ပြင် မီးပြင်တိုက်ကျွန်းရေပြင်ငါးဖမ်းဇရိယာများနှင့် မင်းပြင်၊ ဇင်ချောင်းကမ်းလွန်ပင်လယ်ပြင် ကမ်းနီး၊ ကမ်းဝေး ငါးဖမ်းဇရိယာများတွင် ဖမ်းဆီးလုပ်ကိုင်မှုများရှိကြောင်း သိရသည်။

အဆိုပါ လှေအများစုတို့မှာ တရားမဝင် ဖမ်းဆီးလုပ်ကိုင်နေသည့် လှေများဖြစ်ကြောင်းနှင့် သက်ဆိုင်ရာလုံခြုံရေး သင်္ဘောများသို့ ငါးဖမ်းဆီးခြင်းနှင့်ပတ်သက်ပြီး သတင်းပေးပို့ခြင်း မရှိသလို ငါးလုပ်ငန်းဦးစီးဌာနသို့လည်း အကြောင်းတစ်စုံတစ်ရာမကြားဘဲ ဖမ်းဆီးလုပ်ကိုင်နေသည့် လှေများဖြစ်ကြောင်းသိရသည်။

"ကျွန်တော်တို့ကျတော့ အထွက်အဝင်ကိစ္စကို ရေတပ်မှာသွားပြီး သတင်းပို့ရတယ်။ သူတို့တရားမဝင်တဲ့ လှေကျတော့ သတင်းပို့တာမတွေ့ရဘူး။ ဒါ့အပြင် သူတို့က(ဘင်္ဂါလီလှေများ)ရန်ရှာတာတို့၊ ပိုက်ကွန်တွေကို ဖျက်ဆီးပစ်တာတို့က တိုင်တန်းပေမဲ့ စိစစ်အရေးယူမှု မရှိဘူး"ဟု ရေလုပ်သားဦးကျော်နိုင်က ပြောသည်။

ထိုကဲ့သို့ ငါးဖမ်းဆီးနေမှုများအား နှောင့်ယှက်ရန်ပြုမှုလေ့ရှိခြင်းနှင့် ပတ်သက်ပြီး ကျောက်နီမော်ကျေးရွာမှ ဘင်္ဂါလီငါးဖမ်းဘုတ်ပိုင်ရှင်များနှင့် ရေလုပ်သားများအား ဆက်သွယ်မေးမြန်းရန် ကြိုးစားသော်လည်း အဆင်မပြေခဲ့ပေ။

ကျောက်ဖြူမြို့နယ်အတွင်း ကမ်းဝေးလှေအစီးရေ ၁၅၀ ကျော်နှင့် ကမ်းနီးလှေအစီးရေ ၂၀၀၀ ကျော်ရှိပြီး လက်ရှိမြို့နယ်တွင်း ဒေသခံငါးဖမ်းလှေများမှာလည်း ရာသီဥတုတည်ငြိမ်မှုနှင့် ငါးမျိုးစုံအထိ အမိများသည့်အတွက် လက်ရှိပွင့်လင်းရာသီများတွင် အဆိုပါ ငါးဖမ်းဇရိယာများတွင် ဖမ်းဆီးလုပ်ကိုင်မှုများကြောင်း သိရသည်။

**အာရကန်ကိုကို(မြစ်မခ)**

# ကိုကိုးကျွန်းလိုနေရာမျိုးကိုသွားပြီး စစ်ဆေးဖို့အတွက် အခက်အခဲရှိနေတယ်

**ဒေသဖွံ့ဖြိုးရေးဆောင်ရွက်ရန်အတွက် ချထားပေးသော တစ်မြို့နယ် ကျပ်သိန်းတစ်ထောင်အပေါ် မည်ကဲ့သို့ စီမံခန့်ခွဲသုံးစွဲဆောင်ရွက်ထားသည်ကို သက်ဆိုင်ရာမြို့နယ်များမှ လွှတ်တော်ကိုယ်စားလှယ်များအား ဆက်သွယ်မေးမြန်းဖော်ပြလိုက်ပါသည်။**

## မျိုးကျော်

**ဦးကျော်ကျော်ထွေး(အမျိုးသားလွှတ်တော်ကိုယ်စားလှယ်)**

ပြည်ထောင်စုလွှတ်တော် ဖွံ့ဖြိုးရေးရန်ပုံငွေ သိန်းတစ်ထောင်ကနေပြီးတော့ ကျွန်တော်တို့ ကိုကိုးကျွန်းအတွက်ကိုသောက်သုံးရေရရှိရေးအတွက်အသုံးပြုသွားမှာဖြစ်သလို လမ်းခင်းတဲ့လုပ်ငန်းတွေလုပ်ထားတယ်။ ပြည်သူလူထုအတွက် တကယ်လိုအပ်တဲ့ မြောင်းပုံသဏ္ဍာန်(၁၀)ခုကို ပြည်ထောင်စုဖွံ့ဖြိုးရေးရန်ပုံငွေကနေ ဆောင်ရွက်ထားတာရှိပါတယ်။ ကျွန်တော့်မဲဆန္ဒနယ်တွေဖြစ်တဲ့ ကိုကိုးကျွန်းအပါအဝင် ဆိတ်ကြီးခနောင်တို၊ တွံတေး၊ ကော့မှူး၊ ကွမ်းခြံကုန်းတို့မှာလည်း ပြည်သူလူထုအတွက် တကယ်လိုအပ်တဲ့ လမ်းတံတားလုပ်ငန်းတွေ၊ သောက်သုံးရေရရှိရေးလုပ်ငန်းတွေလုပ်တယ်။ ဆိတ်ကြီးခနောင်တိုမှာဆိုရင် သောက်ရေကန်တွေလုပ်တယ်။ သောက်ရေကန်တွေကို ခြံခတ်တာတို့၊ သန့်ရှင်းရေးလုပ်တာတို့ကို ဆောင်ရွက်ပါတယ်။ တချို့နေရာတွေမှာဆိုရင် စာသင်ကျောင်းကို ကျောင်းသူကျောင်းသားတွေ သွားလို့လာလို့ လွယ်ကူအောင် လမ်းခင်းပေးတယ်။ ကောင်းအောင် ပြုပြင်ပေးတယ်။ သိန်းတစ်ထောင်ဘတ်ဂျက်က ပြည်သူလူထုအတွက် အမှန်တကယ်လိုအပ်တဲ့နေရာတွေမှာသုံးပါတယ်။ ပြည်သူလူထုတွေ တကယ်လိုမလိုကို လွှတ်တော်ကိုယ်စားလှယ်တွေက ကွင်းဆင်းလေ့လာပြီး ဆောင်ရွက်ရလာတဲ့ ဘတ်ဂျက်ကသိန်းတစ်ထောင်ဆိုတော့ ဒေသအတွက် ပြည့်မီတာတော့မရှိဘူး။ ဒါပေမဲ့ ဒေသအတွက် တစ်နှစ်ထက် တစ်နှစ်ဒေသရဲ့လိုအပ်ချက်တွေကို တိုးတိုးပြီးတော့ ဆောင်ရွက်သွားလို့ရှိရင် ဒေသတစ်ခုလုံး ခြုံငုံပြီးတော့ ဖွံ့ဖြိုးတိုးတက်ရေးလမ်းကြောင်းကို အထောက်အပံ့ဖြစ်မယ်လို့ ယူဆပါတယ်။ ဒါပေမဲ့ ကိုကိုးကျွန်းလိုနေရာမျိုးကိုသွားပြီး စစ်ဆေးဖို့အတွက် အခက်အခဲရှိတယ်။ ကျွန်တော်တို့က လုပ်ငန်းအပ်ပြီဆိုရင် လုပ်ငန်းအခြေအနေ ဘယ်လိုရှိတယ်။ အရည်အသွေးပြည့်မီတယ်၊ မမီဘူးလားဆိုတာကို ကျွန်တော်တို့က ပြန်ပြီးတော့ စစ်ဆေးရတာတွေ ရှိပါတယ်။ ကိုကိုးကျွန်းက သွားရေးလာရေးခက်တော့ အခုထက်ထိ ကိုကိုးကျွန်းကို မရောက်သေးဘူး။ တခြားဒေသတွေကိုတော့ ကျွန်တော်ရောက်ပါတယ်။

> ဌာနဆိုင်ရာ ဘတ်ဂျက်တွေနဲ့ လုပ်လို့ရတဲ့ဟာတွေကို ထည့်ထားရင် သိန်းတစ်ထောင်ထဲမှာ မပါသင့်ဘူး။ မပါလည်းရတယ်လို့ ပြောတယ်။ ဌာနဆိုင်ရာတွေ ဘတ်ဂျက်နဲ့လုပ်လို့ရတာတွေနဲ့ ဝန်ကြီးဌာန ဘတ်ဂျက်တွေနဲ့ လုပ်လို့မရတာတွေနဲ့ လုပ်လို့ရတာတွေကို ပြင်ခိုင်းပါတယ်။ ပြည်သူတွေ လိုအပ်တာကို ဆုံးဖြတ်လိုက်တော့

**ဦးမောင်မောင်ဦး(အင်းစိန်မြို့နယ်ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်)**

ကျွန်တော်တို့မြို့နယ်မှာ အားလုံး ၂၁ ရပ်ကွက်ရှိတယ်။ အဲဒီ ၂၁ ရပ်ကွက်လုံးကို ညီညီမျှမျှ ခွဲပေးတယ်။ ကျွန်တော်တို့က ရုံးလုပ်ငန်းအသုံးစရိတ် သိန်း ၃၀ ဖယ်လိုက်တယ်။ ဒါကလည်း ဥပဒေထဲမှာ ဒီအတိုင်း သုံးစွဲရမယ်ဆိုတာပါတယ်။ ကျန်တဲ့ပိုက်ဆံအားလုံးကို ရပ်ကွက် ၂၁ ရပ်ကွက်လုံးကို မျှမျှတတခွဲဝေပေးလိုက်တယ်။ ရပ်ကွက်တစ်ခုမှာ ကော်မတီဖွဲ့ပေးထားတယ်။ ဒီကော်မတီမှာ အဖွဲ့ဝင်ငါးဦးပါတယ်။ ဒါတွေကို အကောင်အထည်ဖော်ဖို့အတွက် ဖွဲ့ထားတာဖြစ်တယ်။ ဒီအဖွဲ့က ကြီးကြပ်ရတယ်။ ရပ်ကွက်အုပ်ချုပ်ရေးမှူးတစ်ဦး၊ ရပ်မိရပ်ဖနှစ်ဦးနဲ့ လွှတ်တော်ကိုယ်စားလှယ်တွေ အမည်စာရင်းတင်သွင်းတဲ့သူနှစ်ဦးနဲ့ ဖွဲ့ထားတာဖြစ်တယ်။ အဲဒီငါးဦးဆီက ရပ်ကွက်မှာ လိုအပ်နေတာကို ဆောင်ရွက်ချင်တာတွေကို ပထမဦးစားပေး၊ ဒုတိယဦးစားပေး၊ တတိယဦးစားပေးတင်နိုင်တယ်။ ဒီအဖွဲ့က တင်လာတာတွေကို ကျွန်တော်တို့က ဆောင်ရွက်သင့်၊ မသင့်ကို သွားရောက်စစ်ဆေးတယ်။ ဆောင်ရွက်သင့်တာတွေကို ထောက်ခံတယ်။ မဆောင်ရွက်သင့်တာတွေကို ဒုတိယဦးစားပေးထဲကနေ ထပ်ရွေးတယ်။ ဆောင်ရွက်သင့်တာတွေကို ရွေးချယ်လိုက်ပြီးတော့ ပြည်ထောင်စုလွှတ်တော်ကို တင်ပြတယ်။ ရန်ပုံငွေ စိစစ်ရေးအဖွဲ့ကိုတင်တယ်။ အခုကျလာပြီ။ ပြီးခဲ့တဲ့ ၃၀ ရက်နေ့မှာ အင်းစိန်တစ်မြို့နယ်လုံးကို ငါးဆယ်ရာခိုင်နှုန်း ထုတ်ပေးလိုက်တယ်။ ဒုတိယအဆင့်အနေနဲ့ နှစ်ဆယ့်ငါးရာခိုင်နှုန်း ထပ်ပေးမယ်။ တတိယအဆင့်အနေနဲ့ နှစ်ဆယ့်ငါးရာခိုင်နှုန်း ထုတ်ပေးမယ်။ ရပ်ကွက် ၂၁ ရပ်ကွက်လုံးမှာ သုံးရက်နေ့က တစ်ပြိုင်တည်း ဆောင်ရွက်နေပါတယ်။ ကျွန်တော်တို့လိုက်စစ်တယ်။ ပြည်သူလူထု ပူးပေါင်းပါဝင်မှုရှိသလား၊ ငွေရေးကြေးရေးသုံးစွဲမှု မှန်ကန်ရဲ့လား၊ လုပ်တဲ့ လုပ်ငန်းတွေ အရည်အသွေးပြည့်မီရဲ့လားဆိုတာ လိုက်စစ်တယ်။ ဒီလိုစစ်တဲ့အခါမှာ မြို့နယ်စည်ပင်က တာဝန်ရှိသူတွေနဲ့ အုပ်ချုပ်ရေးအဖွဲ့ပါတယ်။ ကျွန်တော်တို့မှာ ရန်ပုံငွေသုံးစွဲရမယ့် စည်းမျဉ်းစည်းကမ်းရှိတယ်။ ဘာလဲဆိုတော့ အထူးသဖြင့် လမ်းတွေ၊ စာအုပ်တွေထဲမှာ ရေးထားတာတော့ ရွာချင်းဆက်လမ်းပေါ့။ ကျွန်တော်တို့ဆီမှာ ရွာချင်းဆက်လမ်းတွေ မရှိတော့ ရပ်ကွက်အတွင်းလမ်းတွေ၊ ရေမြောင်းတွေ၊ သောက်သုံးရေဆိုပြီး စည်းကမ်းသတ်မှတ်ထားတယ်။ ကျွန်တော်တို့က ရပ်ကွက်မြောင်းတွေလုပ်တယ်။ ဥပမာ အင်းစိန်ထောင်ရှိတဲ့ရပ်ကွက်ခေါ်ပေမဲ့ ဝန်ထမ်းတွေပဲရှိတယ်။ အဲဒီနေရာက ပြည့်စုံပြီးသားဆိုတော့ ရေကန်တွေလုပ်ပေးတယ်။ ကြို့ကုန်းအနောက်ရပ်ကွက်ဆိုရင် တော်တော်များများ တတ်နိုင်တော့ အဲဒီရပ်ကွက်မှာ CCTV တပ်တယ်။ သိန်းတစ်ထောင် ဘတ်ဂျက်နဲ့ ပတ်သက်ပြီးတော့ ရပ်ကွက်တွေကို ရှင်းပြတယ်။ ဒီဘတ်ဂျက်ပိုက်ဆံက လွှတ်တော်ကိုယ်စားလှယ်တွေရဲ့ ပိုက်ဆံလည်း မဟုတ်ဘူး။ ပါတီကပေးတဲ့ ပိုက်ဆံလည်းမဟုတ်ဘူး။ ဒီပြည်သူလူထု ထည့်ဝင်ထားတဲ့ အခွန်ကောက်ခံထားတဲ့ ဘဏ္ဍာငွေကနေ ဆောင်ရွက်တာဖြစ်တယ်။ ပြည်သူတွေရဲ့ပိုက်ဆံနဲ့ လုပ်ငန်းတွေကို ဆောင်ရွက်တာဖြစ်တဲ့အတွက် ပြည်သူလူထုအားလုံး ပူးပေါင်းပါဝင်ဖို့လိုတယ်။ လုပ်ငန်းဆောင်ရွက်တဲ့အခါမှာ အယိုအဖိတ်မရှိအောင် အဂတိတရားမရှိအောင် အားလုံးပူးပေါင်းဆောင်ရွက်ကြဖို့လိုတယ်။ အခုလောလောဆယ်တော့ သတ်မှတ်ထားတဲ့ လုပ်ငန်းဆောင်ရွက်မှုတွေ အောင်မြင်တယ်။ ပြည်သူလူထုလည်း ပူးပေါင်းဆောင်ရွက်ကြတယ်။ ပြည်သူလူထုအနေနဲ့ ကိုယ့်ပိုက်ဆံနဲ့ကိုယ်လုပ်ငန်းကို ဆောင်ရွက်တယ်လို့ သဘောထားကြဖို့ လိုပါတယ်။

**ဒေါ်သန္တာအေး (ကော့မှူးမြို့နယ် မဲဆန္ဒနယ် အမှတ် (၁) ရန်ကုန်တိုင်းဒေသကြီး)**

ဒေသဖွံ့ဖြိုးရေးအတွက် ချပေးလိုက်တဲ့ သိန်းတစ်ထောင်ဘတ်ဂျက်ကိုမဲဆန္ဒနယ်နှစ်ခုရှိတဲ့အတွက် ဟိုဘက်ငါးရာ၊ ဒီဘက်ငါးရာဆီခွဲယူပြီးတော့ လိုအပ်တဲ့နေရာတွေဖြစ်တဲ့ လမ်းတို့၊ တံတားတို့နဲ့ လိုအပ်နေတဲ့စာသင်ကျောင်းဆောင်တွေမှာ ဝင်ပေါက်၊ ထွက်ပေါက်လမ်းတွေပြင်တယ်။ လုပ်ငန်းဆောင်ရွက်တဲ့အခါမှာ အခက်အခဲတော့မရှိပေမဲ့ ဒေသတွေမှာ လိုအပ်ချက်တွေများနေတော့ ရွာတွေမှာရှိတဲ့ အုပ်ချုပ်ရေးမှူးတွေကို လိုအပ်တဲ့ဟာတွေ တင်ပါလို့ ပြောလိုက်တော့ ရွာကတင်လိုက်တာတွေက များတယ်။ ရတဲ့ငွေနဲ့ ကျွန်မတို့က အလုပ်သင့်ဆုံးအရာကို ဆောင်ရွက်တယ်။ မရတဲ့ရွာတွေမှာ အခက်အခဲရှိတယ်။ ကျွန်မတို့ပေးလိုက်တဲ့ရွာတွေက တကယ့်ကို ပေးသင့်ပေးထိုက်တဲ့ အလိုအပ်ဆုံးအရာကို ရွေးချယ်ပေးခဲ့တယ်။ ဒီလိုမရလိုက်တဲ့ရွာတွေအတွက် ပြည်ထောင်စုကချပေးမလား၊ ရန်ကုန်တိုင်းက ချပေးမလားဆိုတာကို တောင်းဆိုပေးရမှာဖြစ်တယ်။တချို့ ပြည်သူတွေ စိုးရိမ်မှုတွေရှိနေနိုင်ပါတယ်။ ကျွန်မတို့ အပြောင်းအလဲကာလမှာ အစိုးရသစ်ရဲ့အခြေအနေ၊ ဆောင်ရွက်နေတာကို မြင်အောင်ကြည့်ကြပါလို့ ပြောချင်ပါတယ်။

**ဒေါက်တာသက်သက်နိုင် (ဒဂုံမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်)**

ကျွန်မတို့မြို့နယ်မှာ ရပ်ကွက်ငါးခုရှိတယ်။ ရပ်ကွက်တစ်ခုဆီမှာ ရပ်ကွက် ရပ်မိရပ်ဖတွေနဲ့ အရင်တွေ့တယ်။ ဒီလိုတွေ့ဆုံတဲ့အခါမှာ မြို့နယ်အုပ်ချုပ်ရေးမှူး၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးတွေနဲ့ ဌာနဆိုင်ရာက တာဝန်ရှိတဲ့သူတွေပါတယ်။ ပြည်သူလူထုရဲ့ လိုအပ်ချက်ကို နားထောင်တယ်။ နားထောင်ပြီးတော့မှ ပြည်သူလူထုရဲ့ အဓိကလိုအပ်ချက်တွေကို ဆောင်ရွက်တယ်။ ကော်မတီအဖွဲ့ဝင်တွေ ညှိနှိုင်းပြီးတော့မှ ဆောင်ရွက်တယ်။ ပြည်သူတွေဆီကအသံကို နားထောင်တယ်။ မှတ်တမ်းတင်တယ်။ သိန်းတစ်ထောင်နဲ့ ဘာတွေရနိုင်တယ်ဆိုတာကို စဉ်းစားဆုံးဖြတ်တယ်။ အဓိကလိုအပ်ချက်တွေလည်းဖြစ်ရမယ်။ ရပ်ကွက်အားလုံးလည်း မျှတဖို့လိုတယ်။ ဒီလိုဖြစ်အောင်လို့ ညှိနှိုင်းဆောင်ရွက်ပြီးတော့ ပြည်ထောင်စုလွှတ်တော်ကိုတင်တယ်။ ကျွန်မတို့တင်ပြတဲ့ဟာကို မပေးတာတွေရှိတယ်။ ဥပမာ ဌာနဆိုင်ရာဘတ်ဂျက်တွေနဲ့ လုပ်လို့ရတဲ့ဟာတွေကို ထည့်ထားရင် သိန်းတစ်ထောင်ထဲမှာ မပါသင့်ဘူး။ မပါလည်းရတယ်လို့ ပြောတယ်။ ဌာနဆိုင်ရာတွေ ဘတ်ဂျက်နဲ့ လုပ်လို့ရတာတွေနဲ့ ဝန်ကြီးဌာနဘတ်ဂျက်တွေနဲ့ လုပ်လို့မရတာတွေနဲ့ လုပ်လို့ရတာတွေကို ပြင်ခိုင်းပါတယ်။ ပြည်သူတွေလိုအပ်တာကို ဆုံးဖြတ်လိုက်တော့ နောက်ဆုံး ၂၇ မျိုးဆောင်ရွက်တယ်။ တွက်ချက်တာတော့ စည်ပင်က အင်ဂျင်နီယာတွေက တွက်ချက်တယ်။ စာရင်းစစ်တာတော့ မြို့နယ်စာရင်းစစ်ကနေ စစ်တယ်။ ရပ်ကွက်တွေမှာ ဒေသဖွံ့ဖြိုးရေးကို ကြီးကြပ်တဲ့အဖွဲ့တွေက ကြီးကြပ်တယ်။ ဒီလကုန်ဆိုရင် တော်တော်များများပြီးတော့မှာဖြစ်တယ်။ အောင်မြင်အောင် အကောင်အထည်ဖော်တာဖြစ်ပါတယ်။ ပညာရေး၊ ကျန်းမာရေးတို့ကို ကောင်းအောင်လုပ်ချင်တယ်။ ပြည်သူလူထုနဲ့ တိုက်ရိုက်သက်ဆိုင်တဲ့ ရေမြောင်းဆယ်တာတို့၊ လူသွားစင်္ကြံလုပ်တာတို့၊ ဒဂုံမြို့နယ်ကတော့ ရန်ကုန်မြို့လယ်ကောင်ဖြစ်ပေမဲ့ ဆေးရုံကြီးတွေနဲ့ နီးကပ်ပေမဲ့ မြို့နယ်ကျန်းမာရေး ဦးစီးဌာနမှာ ကာကွယ်ဆေးထိုးတဲ့နေရာတွေ ပြင်ပေးတာတို့၊ သားဖွားသင်တန်းကျောင်းမှာ ရေစင်တည်ဆောက်ပေးတာတို့ ဆောင်ရွက်တယ်။ သားဖွားဆရာမဆိုတာ တစ်တိုင်းပြည်လုံးအတိုင်းအတာနဲ့ လိုပါတယ်။ သားဖွားဆရာမသင်တန်းကျောင်းမှာ ရေလိုနေမှန်းသိတယ်။ လူဦးရေလည်းများတယ်။ ရန်ကုန်မြို့လယ်ကောင်ဖြစ်ပြီး လက်နဲ့ဆွဲပြီးသုံးနေရတော့ ရေလိုအပ်ချက်အတွက် ရေစင်တည်ဆောက်ပေးတယ်။ ကျွန်မတို့မြို့နယ်မှာ ဦးဝိစာရရပ်ကွက်ဆိုတာရှိတယ်။ ဒီတိုက်ခန်းတွေက အိုးအိမ်ကတိုက်ခန်းတွေဖြစ်တယ်။ အိုးအိမ်က လစာယူပြီး ဝန်ဆောင်မှုပေးတယ်။ အိုးအိမ်က ဝန်ဆောင်မှုပေးပေမဲ့ ကျွန်မတို့က အားဖြည့်တဲ့အနေနဲ့ ရေမရတဲ့ တိုက်ကိုရေကန်တွေ ပြုပြင်ပေးပြီးတော့ ပိုက်လိုင်းတွေပြုပြင်ပေးပါတယ်။ ပုံမှန်ရေရရှိရေးကိစ္စတွေကို ဆောင်ရွက်ပါတယ်။ ပြည်သူတွေ အဓိက လိုအပ်တာကိုပဲ လုပ်ပေးပါတယ်။

**ဒေါ်ကြည်ပြာ (ကျောက်တံတားမြို့နယ် မဲဆန္ဒနယ် အမှတ်(၁) ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်)**

ကျွန်မတို့မြို့နယ်မှာ ဒေသဖွံ့ဖြိုးရေးဆောင်ရွက်တာ ပြီးတောင်ပြီးတော့မယ်။ များသောအားဖြင့် နောက်ဖေးလမ်းကြားတွေမှာ CCTV တွေ တပ်ကြတယ်။ (၈)ရပ်ကွက်နဲ့ (၉)ရပ်ကွက်ကတော့ ရေတွင်းတူးတယ်။ ကျန်တာတွေကတော့ နောက်ဖေးလမ်းကြားမှာ CCTV ကင်မရာတွေတပ်ကြတယ်။ အရမ်းပျက်စီးနေတဲ့မြောင်းတွေပြင်တယ်။ ကျွန်မတို့ကသိန်းတစ်ထောင်ဘတ်ဂျက်လာတော့မယ်ဆိုကတည်းက ရပ်ကွက်အုပ်ချုပ်ရေးမှူးတွေနဲ့ တိုင်ပင်တယ်။ ရပ်ကွက်အုပ်ချုပ်ရေးမှူးတွေကို ပြည်သူတွေအားလုံးကို ဖိတ်ခိုင်းလိုက်တယ်။ တက်ရောက်လာတဲ့ ပြည်သူတွေထဲကမှ သိန်းတစ်ထောင်ဘတ်ဂျက်ကိုအကောင်အထည်ဖော်ရေးကော်မတီဖွဲ့ဖို့အတွက် မဲနဲ့ရွေးခိုင်းလိုက်တယ်။ ဒီပြည်သူတွေကို ကိုယ်စားပြုပြီး ဒီအဖွဲ့မှာ ကိုးယောက်ရှိသလို တချို့ရပ်ကွက်မှာ ခုနစ်ယောက်နဲ့ဖွဲ့တယ်။ ရပ်ကွက်အုပ်ချုပ်ရေးမှူးက မဖြစ်မနေ ဥက္ကဋ္ဌတာဝန်ယူတယ်။ ရပ်ကွက်ထဲမှာ ဘယ်လိုဆောင်ရွက်သင့်တယ်ဆိုတာကို ဒီအဖွဲ့ကို ရွေးခိုင်းလိုက်တယ်။ ဒီအဖွဲ့တွေ တင်ပြတာကို ကိုယ်စားလှယ်လေးယောက်ရယ်၊ မြို့နယ်မှာရှိတဲ့ အုပ်ချုပ်ရေးမှူးရယ်၊ စည်ပင်သာယာအုပ်ချုပ်ရေးမှူးရယ် ဝိုင်းဝန်းဆွေးနွေးတယ်။ ဒါကတော့ ဖြစ်သင့်တယ်၊ ဒါကတော့ မဖြစ်သင့်ဘူး။ ဒါကိုတော့ ဦးစားပေးရမယ်၊ ဒါကိုတော့ ဦးစားမပေးသင့်ဘူးဆိုတာကို ကျွန်မတို့က ပြန်ပြီးဆုံးဖြတ်တယ်။ အကောင်အထည်ဖော်တော့လည်း အဲဒီအဖွဲ့က ကြီးကြပ်စစ်ဆေးတယ်။ အားလုံးအဆင်ပြေနိုင်အောင်လို့ ကျွန်မတို့ကဆောင်ရွက်ပေးတယ်။ ကျွန်မတို့ မြို့နယ်မှာ အဆင်ပြေတယ်။ ဘာမှပြဿနာမရှိဘူး။ ကျွန်မဆိုလိုချင်တာက ပြည်သူတွေပါဝင်စေချင်တဲ့အတွက် ဒီလိုဆောင်ရွက်ခဲ့တာဖြစ်တယ်။ ကျွန်မအနေနဲ့ ပွင့်ပွင့်လင်းလင်းပြောရရင် ကျွန်မတို့မြို့နယ်မှာ သိန်းတစ်ထောင်ဘတ်ဂျက်က လိုတောင်မလိုအပ်ပါဘူး။ တကယ်လိုအပ်နေတဲ့နေရာတွေ၊ လမ်းတောင်မခင်းနိုင်တဲ့နေရာတွေမှာ သုံးစေချင်တယ်။ ကျွန်မတို့ဆီမှာ ပြုပြင်စရာတွေ သိပ်မရှိဘူး။ ရှာပြီးတော့ ဒါလေးလုပ်လိုက်မယ်ဆိုပြီး လုပ်နေတယ်။ ဒီလိုမြို့နယ်တွေထက်စာရင် ကျေးလက်ဒေသတွေကို ပိုပြီးရစေချင်တယ်။ ဥပဒေအရ တန်းတူညီမျှပေးတာဆိုတော့ ပြောလို့တော့ မရဘူး။ အဆင်ပြေပါတယ်။

■

The HOT NEWS
Vol - 7, No - 328, Jan 13 - 19 , 2017



# မိုင်းရှူးရဲစခန်းမှူးအား အရေးယူသင့်ကြောင်း လူ့အခွင့်အရေးကော်မရှင်က သတင်းထုတ်ပြန်

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးမြို့နယ်၊ ကုန်းတန်းကြီးအုပ်စု၊ ဖျောက်ဆိပ်ပင်ကျေးရွာနေ ဒေါ်သန်းငွေ၏သားဖြစ်သူမောင်မိုးဝင်းကိုမိုင်းရှူးမြို့နေအလုပ်သမားခေါင်းဆောင် ဦးအောင်ကိုမင်းဆိုသူကလုပ်အားခမပေးလိုသောကြောင့် ရိုက်နှက်ခဲ့ရာ ပြင်းထန်သည့် ဒဏ်ရာများရရှိခဲ့သဖြင့် မိုင်းရှူးရဲစခန်းတွင် မိခင်ဒေါ်သန်းငွေက အမှုဖွင့်တိုင်ကြားခဲ့သော်လည်း အရေးယူခဲ့ခြင်းမရှိသောကြောင့် ကူညီဆောင်ရွက်ပေးပါရန် နိုင်ငံတော်သမ္မတထံသို့ လိပ်မူ၍ တိုင်တန်းစာတစ်စောင် ပေးပို့ခဲ့ရာ ယင်းစာအား နိုင်ငံသားများ၏ မူလအခွင့်အရေးဆိုင်ရာကော်မတီဥက္ကဋ္ဌကပြည်သူ့လွှတ်တော်သို့ လွှဲပြောင်းပေးပို့ခဲ့သည့်အတွက် ပြည်သူ့လွှတ်တော်ရုံးက မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ထံသို့ ဆက်လက်ဆောင်ရွက်နိုင်ရေး တာဝန်ပေးအပ်ခဲ့ကြောင်း သိရသည်။

အဆိုပါဖြစ်စဉ်နှင့်ပတ်သက်၍အဖြစ်မှန်အားသိရှိနိုင်ရန် မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်မှဖွဲ့စည်းတာဝန်ပေးခဲ့သော ကွင်းဆင်းစုံစမ်းစစ်ဆေးရေးအဖွဲ့သည် ၂၅-၁၂-၂၀၁၆ ရက်မှ ၃၀-၁၂-၂၀၁၆ ရက်ထိ ညောင်ဦးနှင့် မိုင်းရှူးမြို့များသို့ သွားရောက်၍ ကွင်းဆင်းစစ်ဆေးခြင်း၊ သက်သေ ၂၅ဦးအား စစ်ဆေးမေးမြန်းခြင်းများပြုလုပ်ခဲ့ပြီး စစ်ဆေးတွေ့ရှိချက်များအား ၂၀၁၇ခုနှစ်၊ ဇန်နဝါရီလ ၆ရက်တွင် သတင်းထုတ်ပြန်ခဲ့သည်။

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်၏ စစ်ဆေးတွေ့ရှိချက်တွင် မောင်မိုးဝင်း ဆိုင်ကယ်စီးနင်းနေစဉ် ဦးအောင်ကိုမင်းက နောက်ဘက်မှလိုက်၍ ဦးခေါင်းကိုရိုက်နှက်ကြောင်း၊ နောက်ကျောကို ကျောက်ခဲဖြင့်ထုကြောင်း၊ မောင်မိုးဝင်းက ထွက်ဆိုထားသော်လည်း မျက်မြင်သက်သေများမရှိသည့်အတွက် ၎င်းအချက်နှင့်စပ်လျဉ်း၍ မှန်ကန်သည်ဟု တစ်ထစ်ချယူဆရန် ခဲယဉ်းကြောင်း၊ မောင်မိုးဝင်း၏ ထွက်ဆိုချက်အရ ၎င်းဆေးရုံတက်နေစဉ် ဦးအောင်ကိုမင်းကလာ၍ထိုးကြိတ်ခြင်းနှင့်ပတ်သက်၍သက်သေခိုင်မာမှုမရှိသဖြင့် မှန်ကန်သည်ဟု တစ်ထစ်ချယူဆရန် ခဲယဉ်းကြောင်း၊ မောင်မိုးဝင်းအား ဦးအောင်ကိုမင်းနှင့် ဇနီးဖြစ်သူတို့က ထမင်းမကျွေး၊ရေမတိုက်ဘဲ အိမ်အပြင်မြေကြီးပေါ်တွင် ထားခဲ့ခြင်းမှာ အခြားသက်သေနှင့် အထောက်အထားများအရ မှန်ကန်ကြောင်းတွေ့ရှိသဖြင့် ဦးအောင်ကိုမင်းနှင့် ဒေါ်ပူစူးမတို့သည် မောင်မိုးဝင်း၏ လူ့အခွင့်အရေးကို ဥပေက္ခာပြုလိုသည့် ဆန္ဒရှိသည်ဟု သုံးသပ်ကြောင်း၊ ဦးအောင်ကိုမင်းထံတွင် ခိုလမ်မြို့၌ အလုပ်လုပ်နေစဉ် မောင်မိုးဝင်း၏ ညာဘက်ခြေချောင်းများကျောက်ခဲ့စက်အတွင်း ညပ်သွားပြီး ခြေချောင်းငါးချောင်းစလုံး ဖြတ်ပစ်ခဲ့ရသော်လည်း ၎င်းအတွက် ထိခိုက်နစ်နာမှုလျော်ကြေး မရရှိသေးသဖြင့် လုပ်ငန်းခွင်ထိခိုက်မှုအတွက် လျော်ကြေးရသင့်သည်ဟု သုံးသပ်ကြောင်း၊ မောင်မိုးဝင်းစတင်၍ အလုပ်လုပ်ကိုင်ခဲ့သည်မှ တိုင်ကြားသည့်အချိန်အထိ လုပ်ခငွေများ ရရှိခြင်းမရှိသေးကြောင်း ထွက်ဆိုထားပြီး ဦးအောင်ကိုမင်းနှင့် ဇနီးဒေါ်ပူစူးမတို့ တင်ပြသောလုပ်ခထုတ်ပေးမှတ်တမ်းများတွင် မင်အဟောင်းနှင့် မင်အသစ်ကွဲပြားနေခြင်း၊ စာရင်းစာအုပ်ပါ မောင်မိုးဝင်း၏လက်မှတ်နှင့် စစ်ကြောချက်တွင်ရေးထိုးထားသော လက်မှတ်များ မတူကွဲပြားနေခြင်းများကြောင့် တင်ပြသည့် ငွေစာရင်းရှင်းတမ်းမှာ ပြင်ဆင်ပြုစုထားသည့်ငွေစာရင်းရှင်းတမ်းဖြစ်နိုင်သဖြင့် မောင်မိုးဝင်းသည် ရထိုက်သော အခကြေးငွေများမရရှိသေးဟု သုံးသပ်ကြောင်း ဖော်ပြထားသည်။

ထို့ပြင်မိုင်းရှူးရဲစခန်းသို့သွားရောက်၍ အမှုဖွင့်ချင်သည်ဟု ပြောသော်လည်း အမှုဖွင့်မပေးပါဟု တိုင်တန်းစာတွင်ဖော်ပြထားခြင်းနှင့်ပတ်သက်၍ တွေ့ရှိချက်များအရ မိုင်းရှူးရဲစခန်းမှူး ဒုရဲမှူးသန်းဦးနှင့် ရဲတပ်ကြပ်ကြီး(စာရေး) သန်းနိုင်ထွန်းတို့သည် ၎င်းတို့ထမ်းဆောင်ရမည့် ရဲလုပ်ငန်းတာဝန်များကို ပြည့်စုံစွာဆောင်ရွက်ခဲ့ခြင်းမရှိဟု သုံးသပ်ကြောင်း၊ ညောင်ဦးမြို့မရဲစခန်းမှ ရဲအုပ်သန်းငွေမြင့်နှင့် ရဲတပ်ကြပ်ကြီးမျိုးအောင်တို့က သားဖြစ်သူမောင်မိုးဝင်းကို မိုင်းရှူးရဲတပ်ဖွဲ့မှ ပို့လိုက်သော စွပ်စွဲစာကိုပြပြီး လက်ထိပ်ခတ်ခဲ့သည်ဟု ဒေါ်သန်းငွေက တိုင်ကြားခြင်းနှင့်ပတ်သက်၍ ဒုရဲမှူးသန်းဦး၏ လွဲမှားသောလုပ်ဆောင်မှုကြောင့် ရဲလုပ်ငန်းစနစ် ရှုပ်ထွေးပြီး မလိုလားအပ်သောဖြစ်စဉ်များဖြစ်ပွားခဲ့သည်ဟု သုံးသပ်ကြောင်းလည်း ရဲလုပ်ငန်းနှင့်ပတ်သက်ပြီး ဖော်ပြထားသည်။

မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်၏ အကြံပြုတိုက်တွန်းချက်များတွင် မောင်မိုးဝင်းအား ထမင်းမကျွေး၊ ရေမတိုက်ဘဲ အိမ်အပြင်ထုတ်ထားခြင်းကြောင့် ဦးအောင်ကိုဝင်းတို့နှစ်ဦးအားဥပဒေကြောင်းအရ လိုအပ်သလို အရေးယူခြင်းနှင့် နစ်နာသူ မောင်မိုးဝင်းအား လူမှုရေးအရ ကုစားပေးခြင်းများ ဆောင်ရွက်ပေးသင့်ကြောင်း၊ မောင်မိုးဝင်း၏ ညာဘက်ခြေချောင်းများသည် ကျောက်ခွဲစက်အတွင်းညပ်သွားပြီးခြေချောင်းငါးချောင်းစလုံး ဖြတ်ပစ်ခဲ့ရသော်လည်း ထိခိုက်နစ်နာမှုလျော်ကြေးမရရှိသေးသဖြင့် အလုပ်သမားဥပဒေအရ လျော်ကြေးရရှိနိုင်ရေးဆောင်ရွက်ပေးသင့်ကြောင်း ၂၀၁၂ခုနှစ်၊ အောက်တိုဘာလမှစ၍ လုပ်ခငွေများအပြည့်အဝရရှိခြင်း မရှိသေးသဖြင့် မောင်မိုးဝင်းအတွက် ရထိုက်သောလုပ်ခငွေများရရှိရေး သက်ဆိုင်ရာမှ စိစစ်ဆောင်ရွက်ပေးသင့်ကြောင်း၊ မိုင်းရှူးရဲစခန်းမှူး ဒုရဲမှူးသန်းဦးနှင့် ရဲတပ်ကြပ်ကြီး (စာရေး) သန်းနိုင်ထွန်းတို့သည် ၎င်းတို့ထမ်းဆောင်ရမည့် ရဲလုပ်ငန်းတာဝန်များကို ပြည့်စုံစွာဆောင်ရွက်ခဲ့ခြင်းမရှိသဖြင့် ၎င်းတို့နှစ်ဦးအား သက်ဆိုင်ရာမှ သင့်လျော်သလို အရေးယူသင့်ကြောင်း၊ မိုင်းရှူးရဲစခန်းမှူး ဒုရဲမှူးသန်းဦး၏လုပ်ဆောင်မှုကြောင့် ညောင်ဦးရဲစခန်းတွင် ရဲလုပ်ငန်းစနစ်ရှုပ်ထွေးပြီး မလိုလားအပ်သောဖြစ်စဉ်များဖြစ်ပွားခဲ့ခြင်းကြောင့် ၎င်းအားသက်ဆိုင်ရာက သင့်လျော်သလို အရေးယူသင့်ကြောင်းစသည်ဖြင့် သုံးသပ်ချက်နှင့် အကြံပြုချက်များပါဝင်သည့် အစီရင်ခံစာကို ပြည်သူ့လွှတ်တော်ရုံးနှင့် နိုင်ငံတော်သမ္မတ ဦးစီးရုံးသို့ ပေးပို့တင်ပြထားကြောင်း ဖော်ပြပါရှိသည်။

HN-018

# ပြည်တွင်းရွှေ့ပြောင်းသွားလာခြင်း ရန်ကုန်တိုင်းဒေသကြီးကို မဏ္ဍိုင်ပြုပြီး လူဦးရေပျံ့နှံ့နေထိုင်မှု ရန်ကုန်မြို့တွင် မြင့်မားစွာဖြစ်ပေါ်နေ

ပြည်တွင်းရွှေ့ပြောင်းသွားလာခြင်းသည် ရန်ကုန်တိုင်းဒေသကြီးကို မဏ္ဍိုင်ပြုနေပြီး လက်ရှိအခြေအနေအရ မြို့ပြထွန်းကားလာမှု(လူဦးရေပျံ့နှံ့နေထိုင်မှု)သည် ရန်ကုန်တိုင်းဒေသကြီး (အထူးသဖြင့် ရန်ကုန်မြို့)တွင် မြင့်မားစွာဖြစ်ပေါ်နေကြောင်း ဇန်နဝါရီ ၁၀ ရက်နေ့တွင် ထုတ်ပြန်လိုက်သည့် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၏ ရွှေ့ပြောင်းသွားလာခြင်းနှင့် မြို့ပြထွန်းကားလာခြင်း စာတမ်းထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။



ယင်းစာတမ်းအရ မြန်မာနိုင်ငံတွင် လူငါးဦးတွင် တစ်ဦးသည် ဘဝတစ်လျှောက် အနည်းဆုံးတစ်ကြိမ် ပြည်တွင်း၌ပြောင်းရွှေ့ခဲ့ဖူးပြီး ကျန်ခဲ့သည့်ငါးနှစ်အတွင်း ရွှေ့ပြောင်းသူ ခုနစ်ရာခိုင်နှုန်းရှိကြောင်း၊ ပြည်တွင်းရွှေ့ပြောင်းသွားလာခြင်းသည် ရန်ကုန်တိုင်းဒေသကြီးကို မဏ္ဍိုင်ပြုနေပြီး ရန်ကုန်တိုင်းဒေသကြီးသို့ လွန်ခဲ့သည့် ငါးနှစ်အတွင်း ရွှေ့ပြောင်းလာကြသူ အများစုသည် ဧရာဝတီတိုင်းဒေသကြီးမှဖြစ်ကြောင်း၊ မြန်မာနိုင်ငံတွင် မြို့ပြဒေသ၌ နေထိုင်သူဦးရေမှာ နိုင်ငံလူဦးရေ၏ ၃၀ ရာခိုင်နှုန်းခန့်သာရှိပြီး နိုင်ငံပိုမိုဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ မြို့ပြထွန်းကားလာမှုနှင့် မြို့ပြကြီးထွားလာမှုတို့ လျင်မြန်စွာဖြစ်ပေါ်လာမည်ဟု မျှော်လင့်ရကြောင်း အဆိုပါထုတ်ပြန်ချက်တွင် ပါရှိသည်။

ရန်ကုန်တိုင်းဒေသကြီး (အထူးသဖြင့်ရန်ကုန်မြို့)တွင် မြို့ပြထွန်းကားလာမှု မြင့်မားစွာဖြစ်ပေါ်နေခြင်းမှာ ရန်ကုန်သည် အလုပ်အကိုင်အခွင့်အလမ်းများပေးနိုင်သော နေရာတစ်ခုသဖွယ်ဖြစ်နေခြင်းကြောင့်ဟု သုံးသပ်ကြောင်း၊ ထို့အတွက် ရန်ကုန်မြို့အပြင် အခြားနေရာဒေသများတွင်လည်း အလုပ်အကိုင်အခွင့်အလမ်းများ ပေါ်များလာစေရန် ကြိုးပမ်းဆောင်ရွက်ရမည်ဖြစ်ပြီး ယင်းဒေသ၏ အလုပ်အကိုင်အခွင့်အလမ်းနှင့်ပတ်သက်သော သတင်းအချက်အလက်များကို ကျယ်ကျယ်ပြန့်ပြန့် သိရှိနိုင်ရေးအတွက် အလေးထားဆောင်ရွက်ရန် လိုအပ်မည်ဖြစ်ကြောင်း ထုတ်ပြန်ချက်တွင် ဆက်လက်ဖော်ပြထားသည်။

အဆိုပါ ဝန်ကြီးဌာနမှ ထုတ်ပြန်ပြီးဖြစ်သော မွေးဖွားခြင်းနှင့် လက်ထပ်ထိမ်းမြားခြင်း၊ သေဆုံးခြင်းနှင့် သားဖွားမိခင်သေဆုံးခြင်းဆိုင်ရာ အသေးစိတ်သုတေသနစာတမ်းများ၊ လူဦးရေပြောင်းလဲခြင်း၊ အသေးစိတ်သုတေသနစာတမ်းနှင့် ယခုထုတ်ပြန်လိုက်သော ရွှေ့ပြောင်းသွားလာခြင်းနှင့် မြို့ပြထွန်းကားလာခြင်း စာတမ်းများကို ပြည်သူ့အင်အားဦးစီးဌာန၏ ဝက်ဘ်ဆိုဒ် www.dop.gov.mm တွင် လွှင့်တင်ထားကြောင်းနှင့် ၂၀၁၄ ခုနှစ် သန်းခေါင်စာရင်း အချက်အလက်များကို အခြေခံ၍ အသေးစိတ်လေ့လာသည့် သုတေသနစာတမ်း ၁၃ စောင်နှင့် သန်းခေါင်စာရင်းရလဒ် မြေပုံများကို ဆက်လက်ပြုစုလျက်ရှိကြောင်း သိရသည်။

**အောင်နိုင်ဦး**

# ပါမောက္ခချုပ်ထံ ကျောင်းသားသမဂ္ဂက ရုံးခန်းတောင်း

ပခုက္ကူတက္ကသိုလ် ကျောင်းသားများ သမဂ္ဂရုံးခန်း ချထားပေးရန် တာဝန်ခံ ပါမောက္ခချုပ်ထံသို့ အဆိုပါသမဂ္ဂက ဇန်နဝါရီ ၉ ရက်တွင် စာဖြင့် တောင်းခံထားကြောင်း သိရသည်။

အဆိုပါတက္ကသိုလ်ရှိ Recreation Center နှင့် မျက်နှာချင်းဆိုင် ယခင်ရက္ခဗေဒဌာနဟောင်း အဆောက်အအုံအား သမဂ္ဂရုံးခန်းအဖြစ် ပေးအပ်ပါရန် နှင့် ဇန်နဝါရီ ၁၃ ရက် နောက်ဆုံးထား၍ အကြောင်းပြန်ကြားပေးပါရန် ရှိသေ လေးစားစွာ မေတ္တာရပ်ခံအပ်ပါကြောင်း တောင်းခံစာတွင်ဖော်ပြထားသည်။

ပညာရေးဝန်ကြီးဌာနနှင့် နိုင်ငံလုံး ဆိုင်ရာ ကျောင်းသားသမဂ္ဂများအဖွဲ့ချုပ် (နကသ)တို့ ပူးပေါင်းလုပ်ဆောင်ရန် သဘောတူထားသော ကျောင်းတွင်း အရည်အသွေး ထိန်းညှိရေးကဏ္ဍကို ပိုမိုထိရောက် လျင်မြန်စွာ ပံ့ပိုးထောက်ပံ့ လုပ်ဆောင်လိုပါကြောင်း၊ ပခုက္ကူတက္ကသိုလ်တွင် တက်ရောက်ပညာသင်ကြားနေသော ကျောင်းသား/သူများ၏ ကျောင်းတွင်း/ ပြင်ပတွင်ဖြစ်တန်သော အခက်အခဲနှင့် ပြဿနာများအား ယခုထက်ပိုမို၍ ထိရောက်စွာ အကူအညီအကာကွယ်ပေး လိုပါကြောင်း တောင်းခံစာတွင် ပါရှိသည်။

ထို့အပြင် ပခုက္ကူတက္ကသိုလ် တိုးတက်ရေးနှင့် လိုအပ်ချက်များကို တက္ကသိုလ်အာဏာပိုင် အဖွဲ့အစည်းများနှင့် ယခုထက်ပိုမို၍ တရားဝင်ဆက်သွယ်ဆက်ဆံဆောင်ရွက်လိုပါကြောင်း၊ ပခုက္ကူ တက္ကသိုလ်ကျောင်းသားများသမဂ္ဂသည် ပခုက္ကူတက္ကသိုလ်တွင် လက်ရှိပညာသင်ကြားနေသော ကျောင်းသား/သူများကို အခြေပြု၍ ဖွဲ့စည်းထားသော အဖွဲ့ အစည်းတစ်ခုဖြစ်သည်နှင့်အညီ ကျောင်းသား/သူများကမိမိတို့ဆန္ဒသဘောထားအလျောက် ရွေးချယ်တင်မြှောက်သည့် ကျောင်းသားထုရွေးကောက်ပွဲကို စည်းစနစ်ကျစွာ ကျင်းပပေးလိုကြောင်းတို့ကို ရုံးခန်းတောင်းခံရခြင်းအကြောင်းအရာများအဖြစ် ဖော်ပြထားသည်။

**မောင်မင်းကြီးသား**

The HOT NEWS
Vol - 7, No - 328, Jan 13 - 19 , 2017

# လက်မှတ်ဖြတ်ပိုင်းစနစ်ကို ကျင့်သုံးသင့်တယ်

ဘုန်းစစ်အိမ်

'ဘကြီးရေ။ ဘကြီးတူမကတော့ ကျွန်တော့်ကို ရာဇသံပေးလိုက်ပြီဗျ'

'မင်းကဘာတွေများမဟုတ်တာလုပ်နေလို့ ငါ့တူမကရာဇသံပေးရတာလဲ'

'ဘာမှမလုပ်ရပါဘူးဘကြီးရယ်။ အခုဟာက လာမယ့် ဇန်နဝါရီ ၁၆ ရက်ကစပြီး ဈေးဖိုးကိုပိုပေးရမယ်လို့ပြောလို့ပါ'

'ပိုပေးရအောင်ကုန်ဈေးနှုန်းအရမ်းတက်တယ်လို့လည်းမကြားမိပါဘူးကွာ။ ဇကန္တမင်းကို ဟင်းကောင်းကောင်းချက်ကျွေးချင်လို့နဲ့တူတယ်'

'ဘယ်ကလာဘကြီးရယ်။ အခုစားနေရတာကလည်း ရေသည်ပြဇာတ်ထဲကရေသည်ယောက်ျားလိုငါးသန်သေးနုပ်ရေလုံပြုတ်ကို တစ်လုတ်ကယ်ဝဝစားလိုက်ရလျှင်ဖြင့် အာဂပါးစပ်လူဖြစ်ကျိုးနပ်လေငဲ့လို့ကြုံးဝါးရမလိုဖြစ်နေပြီ'

'အဲဒါဆိုရင်မင်းမိန်းမက ဘာဖြစ်လို့ဈေးဖိုးကိုပိုတောင်းရတာလဲ။ နှစ်လုံး၊ သုံးလုံးထိုးဖို့များလား'

'မဟုတ်ပါဘူးဘကြီးရယ်။ သူ့ကိုလည်း ကုန်းစိမ်းသည်နဲ့ ငါးသည်က ၁၆ ရက်နေ့ကျရင် ဈေးတက်မယ်ပြောလိုက်လို့ပါ'

'အံမယ်ဈေးတက်မယ်လို့ကြိုတင်ပြောရအောင်တော်တော်သတ္တိကောင်းတဲ့ဟာတွေပါလားကွ'

'ကောင်းရမယ်လေဘကြီးရဲ့။ သူတို့လည်း ဘယ်တက်ချင်ပါ့မလဲ။ တက်ဖို့အကြောင်းကဖန်လာတာကို'

'ကဲပြောစမ်းပါဦးကွာ။ မင်းဟာကလိုရင်းမရောက်တော့ဘူး'

'ဒီလိုဘကြီးရဲ့။ ကုန်စိမ်းသည်နဲ့ ငါးသည်က သူတို့နေစဉ်စီးနေကြဈေးကြိုလိုင်းကားတွေ ၁၆ ရက်မနက်ကစပြီးမထွက်တော့ဘူးပြောလို့ကုန်တင်ကားငှားရင်သယ်ယူစရိတ်မြင့်မယ်။ သယ်ယူစရိတ်မြင့်ရင် ဈေးတင်ရောင်းမယ်လို့ပြောတယ်လေ။ အဲဒါကြောင့်မိန်းမကဈေးဖိုးပိုတောင်းတာ'

'စီးနေကြဈေးကြိုကားတွေ မထွက်တော့ရင် လောလောဆယ်တော့ဈေးသည်တွေက လမ်းကြောင်းတူတာရွေးပြီး စုပေါင်းစပ်ပေါင်းကားငှားရမှာပေါ့ကွာ။ သယ်ယူစရိတ်မြင့်လို့ကုန်ဈေးနှုန်းတက်တာမဆန်းပါဘူး။ ခံရတာငါတို့ပေါ့'

'ခက်ပါတယ်ဘကြီးရယ်။ အခုတလောနေရာတိုင်းလိုလိုမှာလိုင်းကားတွေကို လမ်းကြောင်းပြောင်းပြေးဆွဲမှာနဲ့ ပတ်သက်ပြီးပြောနေကြတာပဲ'

'ငါလည်းကြားတယ်ကွ။ လှိုင်သာယာထန်းတပင်အလုပ်သမားဆေးရုံမှာ တာဝန်ကျတဲ့ ဆရာမတစ်ယောက်ကငွေ ၃၀၀ ပေးစီးရင်မပူမပင်အိပ်ပြီးလိုက်သွားလို့ရတဲ့ ခရီးကိုအခုတော့ အဆင့်ဆင့်ငွေကုန်ခံပြောင်းစီးရမယ်ဆိုလို့စိတ်ညစ်နေရှာတယ်'

'သူတင်ပဲလားဘကြီးရယ်။ တာမွေမှာနေတဲ့သူက မြေနီကုန်းဘက်ကိုဘယ်လိုသွားရမှန်းမသိဘူးတဲ့။ ဒေါပုံမှာနေတဲ့ သူကနှစ်မှတ်တိုင်စီးရင်ရောက်တဲ့ ပုဇွန်တောင်ဈေးကိုအခု ငွေကုန်အချိန်ကုန်ခံ နှစ်ဆင့်စီးရမယ်ဆိုလို့မေတ္တာပို့နေလေရဲ့'

'ဒါပေ့ါကွာ။ တစ်ဆင့်တည်းနဲ့ ရောက်ရမယ့် ခရီးကို ငွေကုန်ခံပြီး အဆင့်ဆင့်ပြောင်းစီးရမှတော့ ဘယ်သူကလိုလားမှာလဲ'

'ဟုတ်တာပေ့ါဘကြီးရာ။ သက်သာရာသက်သာကြောင်း ဖြစ်ရမယ့်ကိစ္စအခုလိုလုပ်လိုက်တော့အနေအထားတွေ ပျက်ကုန်တာပေ့ါ။ လိုင်းကားတွေ မနက်စောစောမထွက်ရင်အခြေခံစားသောက်ကုန်တွေဈေးတက်ကုန်မှာမြင်ယောင်သေးတယ်'

'ငါကြားတာတော့ကားသမားတွေကို လစာနဲ့မောင်းခိုင်းမှာဆို၊ အဆင်ပြေပ့ါမလား'

'ဟုတ်တယ်ဘကြီးရဲ့။ လစာပေးမယ်။ ခေါက်ကြေးပေးမယ်။ သတ်မှတ်ခေါက်ကြေးထက်ပိုမောင်းနိုင်ရင်ပိုရမယ်လို့ပြောတာပဲ။ ဒရိုင်ဘာရပိုင်ခွင့်ထက်ဝက်ကိုစပယ်ယာကရမယ်လို့သိရတယ်'

'အဲဒီလို လစာနဲ့ မက်လုံးပေးမောင်းခိုင်းတာတော့ဟုတ်ပါပြီ။ ဘယ်အချိန်ကနေဘယ်အချိန်ထိမောင်းရမှာလဲ။ ခွင့်ရက်ကရော၊ ပိတ်ရက်ကရော၊ ငွေသိမ်းငွေအပ်တာကရောဘယ်လိုစီစဉ်ထားတယ်လို့ကြားလဲ'

'ငွေသိမ်းတာကတော့ တစ်ခေါက်ပြန်လာတိုင်း စပယ်ယာဆီကနေကုမ္ပဏီဝန်ထမ်းကသိမ်းရမယ်လို့ကြားတာပဲ။ ကျန်တဲ့ကိစ္စတွေတော့မသိဘူး။ အဲ. . အလုပ်ဆင်း၊ တက်လက်မှတ်ထိုးရမယ်။ ည ၉ နာရီအထိမောင်းပေးမယ်လို့တော့သိရတယ်'

'အရင်လူတွေနဲ့ ဆက်ပြီး စခန်းသွားရမယ်ဆိုရင်တော့ သိပ်ပြောင်းလဲမယ်မထင်ပါဘူးကွာ။ နောက်ပြီး ပိုမောင်းနိုင်ရင်ပိုပေးမယ်ဆိုတဲ့ မက်လုံးကရှိနေတော့ယာဉ်မောင်းတွေကရမ်းဦးမှာပဲ'

'ရမ်းတာ၊ မရမ်းတာတော့ ဆက်ကြည့်ရဦးမှာပေ့ါ ဘကြီးရာ။ ကျွန်တော်ကတော့ စပယ်ယာတွေကယာဉ်စီးခငွေကိုင်ရဦးမယ်ဆိုတော့ ခရီးသည်နဲ့ပြဿနာကရှိဦးမှာပဲ'

'ခရီးသည်တင်ဘယ်ကဦးမလဲကွာ။ ကုမ္ပဏီကရောစပယ်ယာကစားပြီးသောက်ပြီးဝါးပြီး အပ်ချင်သလောက်အပ်မှာကိုလက်ခံပ့ါမလား'

'သူတို့ဇာတ်သူတို့နိုင်လို့ကတာတော့ထားပါတော့ဘကြီးရာ။ ကျွန်တော်ကတော့ ဘယ်လိုင်းကားစီးစီးအသုံးပြုလို့ရတဲ့ ကြိုတင်ငွေပေးချေကတ်အသုံးပြုတာကိုပဲသဘောကျတယ်'

'ကတ်စနစ်ကတော့ ကောင်းတာပေ့ါကွာ။ စပယ်ယာနဲ့ စကားမပြောရတော့ဘူးပေ့ါ။ ဒါပေမဲ့ စပယ်ယာမပါတော့လည်း မဖြစ်ပြန်ဘူး။ အဆင်း၊ အတက်ကအစမှတ်တိုင်အော်တာအဆုံးသူတို့ပါမှဖြစ်မှာကွ'

'အဲဒါဆိုရင်တော့ ခရီးသည်လည်းအဆင်ပြေ ကုမ္ပဏီလည်းအဆင်ပြေအောင်ယာဉ်စီးခကို ဘယ်ကနေဘယ်အထိလက်မှတ်ဖြတ်ပိုင်းပေးတာနဲ့ ပေးချေခိုင်းရင်ကောင်းမယ်နဲ့တူတယ်'

'အဲဒီစနစ်ကဟိုတုန်းကလုပ်ဖူးတယ်ကွ။ အားလုံးအတွက်အဆင်ပြေတယ်။ လက်မှတ်စစ်တော့လိုတာပေ့ါ'

'ဒါဆိုရင်အများပိုင်ယာဉ်လိုင်းစနစ်အောင်မြင်ဖို့အတွက် နှစ်ဦးနှစ်ဖက်အဆင်ပြေစေမယ့်လက်မှတ်ဖြတ်ပိုင်းစနစ်ကိုကျင့်သုံးသင့်တာပေ့ါနော်'

'သိပ် ကျင့်သုံးသင့်တာပေ့ါကွာ။ ဒါမှအတိုင်အတော နည်းသွားပြီး ခရီးသည်တွေ စိတ်ချမ်းသာမှာကွ'

■

# လက်ရှိအစိုးရသက်တမ်း နောက်လေးနှစ်အတွင်း လူငယ်များအတွက် အလုပ်အကိုင်သစ်ပေါင်း တစ်သန်းလိုအပ်ကြောင်း UNFPA ထုတ်ပြန်

လက်ရှိအစိုးရသက်တမ်းကာလအတွင်း အကျုံးဝင်သည့်လာမည့်လေးနှစ်အတွင်း လူငယ်များအတွက် အလုပ်အကိုင်နေရာသစ်ပေါင်း တစ်သန်းလိုအပ်ကြောင်း ကုလသမဂ္ဂလူဦးရေ ရန်ပုံငွေအဖွဲ့ UNFPA က ဇန်နဝါရီ ၁၀ရက်တွင် ထုတ်ပြန်သည်။

အသစ်ထွက်ရှိလာသည့် သန်းခေါင်စာရင်းအစီရင်ခံစာအရ မြန်မာ့လူဦးရေတွင် လူငယ်အများစုဖြစ်နေကြပြီး ထိုအချက်ကို ကောင်းစွာကြိုတင်ပြင်ဆင်ထားကာ အမှန်တကယ်အသုံးချလျှင် လူဦးရေဆိုင်ရာ အကျိုးအမြတ်အားသာချက်ကို ရရှိမည်ဖြစ်ကြောင်း၊ ထိုလူဦးရေအကျိုးအမြတ်အားသာချက် (population dividend) သည် 'အာရှနဂါး' ဟု တင်စားခေါ်ဝေါ်ကြသည့် ဖွံ့ဖြိုးတိုးတက်မှုနှုန်းမြင့်မားသော အာရှနိုင်ငံများတွင် စီးပွားရေးတိုးတက်ဖွံ့ဖြိုးစေသည့် အဓိကအကြောင်းချင်းရာတစ်ခုဖြစ်ပါကြောင်း၊ အလုပ်လုပ်ကိုင်နိုင်သည့် အသက်အရွယ်ရှိ လူဦးရေက အခြားသောလူဦးရေအမျိုးအစားများ (အလုပ်လုပ်ကိုင်နိုင်သော အရွယ်ထက် ကြီးရင့်သူ/ငယ်သူ) ထက် များပြားနေခြင်းသည်ထူးခြားသောအခြေအနေ အခွင့်အလမ်းတစ်ရပ်ကို ဖြစ်ပေါ်စေပါကြောင်း၊ သို့ရာတွင် အာရှကျားတစ်ကောင်ဖြစ်လာရန်မှာ နိုင်ငံတစ်နိုင်ငံအနေဖြင့် မွေးဖွားနှုန်းနှင့် သေဆုံးနှုန်းများ အများအပြားလျော့ကျသွားရန် လိုအပ်ပါကြောင်း၊ မြန်မာနိုင်ငံတွင် လူဦးရေပြောင်းလဲမှုသည် ပို၍ဖြေးညင်းစွာပြောင်းလဲလျက်ရှိပါကြောင်း၊ အသစ်ထွက်ရှိလာသောလူဦးရေ ကြိုတင်ခန့်မှန်းတွက်ချက်မှုများအရလာမည့်၃၅နှစ်အတွင်း အလုပ်လုပ်ကိုင်နိုင်သူဦးရေ ၁၀၀လျှင် ကလေးသူငယ်များနှင့် အသက်အရွယ်ကြီးရင့်သူများပါဝင်သော မှီခိုသူဦးရေ ၅၂. ၅ ဦးအချိုးအစားဖြင့် ရှိနေမည်ဖြစ်ပါကြောင်း၊ ထိုင်း၊ စင်ကာပူနှင့် တရုတ်နိုင်ငံများတွင်မူ အလုပ်လုပ်ကိုင်သူ ၁၀၀ လျှင် မှီခိုသူဦးရေ ၄၀နှုန်းအောက်ရှိနေပါကြောင်း ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

ယင်းတွေ့ရှိချက်များကို ၂၀၁၄ခုနှစ်မြန်မာနိုင်ငံလူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်း၏ လူဦးရေအခြေပြအစီရင်ခံစာမှ ထုတ်နုတ်ထားခြင်းဖြစ်ပါကြောင်း၊ လေ့လာဆန်းစစ်ချက်များအရ မြန်မာနိုင်ငံကရရှိထားသည့် လူဦးရေဆိုင်ရာ အကျိုးအမြတ်သည် ထိုင်းနိုင်ငံနှင့် စင်ကာပူနိုင်ငံများလောက် သိသာစွာ ဖြစ်ပေါ်နေခြင်းမရှိကြောင်း တွေ့ရှိရပါကြောင်း၊ တစ်ဖက်တွင်လည်းမြန်မာ့လူဦးရေဆိုင်ရာ အကျိုးအမြတ်သည် ကာလပိုမိုရှည်ကြာစွာ တည်ရှိနေမည်ဖြစ်ကြောင်း တွေ့ရှိရပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် လူဦးရေဆိုင်ရာအကျိုးအမြတ်သည် ကာလပိုမိုရှည်ကြာစွာ တည်ရှိနေမည်ဖြစ်ကြောင်း တွေ့ရှိရပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် လူဦးရေဆိုင်ရာအကျိုးအမြတ်ကို အထိုက်အလျောက်ရရှိခံစားရနိုင်သော်လည်း ထိုသို့ဖြစ်လာစေရန်မှာ လူငယ်များသည် မိသားစုစီမံကိန်းများချမှတ်ရာတွင် ပိုမိုပါဝင်ခွင့်ရရှိရေး၊ ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှုများကို ပိုမိုလက်လှမ်းမီစေရေး၊ မသင်မနေရ ပညာရေးစနစ်ကို လက်လှမ်းမီစေရေး၊အသက်မွေးဝမ်းကျောင်းပညာရပ်များ ပိုမိုသင်ယူခွင့်ရရှိရေး၊ အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုရရှိစေနိုင်သည့် စီးပွားရေးအခြေအနေများရရှိစေရေးစသည့်အခွင့်အလမ်းများကို ဆောင်ကြဉ်းပေးရမည် ဖြစ်ပါကြောင်း၊အထူးသဖြင့်လူငယ်များအတွက် ရည်ရွယ်ချမှတ်ရေးဆွဲထားသည့် မူဝါဒများ၊ ပါဝင်ဆောင်ရွက်ပေးမှုများ လိုအပ်နေပါကြောင်း၊နောက်လေးနှစ်တာကာလအတွင်း မြန်မာနိုင်ငံ၏ များပြားသောလူငယ်ထုကြီးအတွက် အလုပ်အကိုင်နေရာသစ်ပေါင်း တစ်သန်းလိုအပ်မည်ဖြစ်ပါကြောင်း၊ ၂၀၁၆ခုနှစ်မှ ၂၀၃၀ခုနှစ်အထိ ကာလအတွင်း လက်ရှိလုပ်သားအင်အားပမာဏအတိုင်း ရှိနေစေရန်အတွက် အလုပ်အကိုင်နေရာသစ်ပေါင်း ၃. ၇သန်း လိုအပ်မည်ဖြစ်ကြောင်း ဆက်လက်ဖော်ပြထားသည်။

"လက်ရှိအချိန်ဟာ လူငယ်တွေအနာဂတ်အတွက် အလုပ်အကိုင်၊ ပညာရေးနှင့် အသက်မွေးဝမ်းကြောင်းမှုပညာသင်တန်းတွေမှာ ရင်းနှီးမြှုပ်နှံမှုတွေ လုပ်ဆောင်ဖို့ အကောင်းဆုံးအချိန်ပါပဲ။ အလုပ်အကိုင်အခွင့်အလမ်းအသစ်တွေရှိမလာဘူးဆိုရင် လူငယ်တွေ အလုပ်လက်မဲ့ဖြစ်ပြီး သူတို့နေထိုင်တဲ့ လူမှုအသိုင်းအဝိုင်းအတွင်းမှာ အသိအမှတ်ပြုမခံရတာတွေဖြစ်ပြီး မကျေနပ်ချက်တွေတိုးပွားလာနိုင်ပါတယ်။ အလုပ်အကိုင်နေရာသစ် သန်းပေါင်းများစွာ ဖန်တီးမပေးနိုင်ရင် လူဦးရေအချိုးအစားကနေရနိုင်တဲ့ အကျိုးအမြတ်အခွင့်အလမ်းတွေကို ဆုံးရှုံးရမှာဖြစ်ပါတယ်" ဟု ကုလသမဂ္ဂလူဦးရေရန်ပုံငွေအဖွဲ့ မြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ် မစ္စဂျဲနက်ဂျက်ဆင်က ပြောကြားလိုက်ပါသည်။

မြန်မာနိုင်ငံဖွံ့ဖြိုးတိုးတက်ရေးတွင် အမျိုးသမီးများသည်လည်း မရှိမဖြစ်အရေးပါကြပါကြောင်း၊ လက်ရှိအခြေအနေတွင် မြန်မာအမျိုးသမီးဦးရေ စုစုပေါင်း၏ ၅၀. ၅ ရာခိုင်နှုန်းမျှသာအလုပ်လုပ်ကိုင်နေကြသည်ကို တွေ့ရှိရပြီး ထိုင်းနိုင်ငံတွင်မူ အမျိုးသမီးဦးရေ စုစုပေါင်း၏ ၈၀ ရာခိုင်နှုန်းမျှ အလုပ်လုပ်ကိုင်နေကြသည်ကို တွေ့ရှိရပါကြောင်း၊ ယခုထွက်ရှိလာသည့် သန်းခေါင်စာရင်းအစီရင်ခံစာအသစ်ပါ အချက်အလက်များအရ အမျိုးသမီးလုပ်သားဦးရေ များပြားလာလေလေ နိုင်ငံ၏ လူတစ်ဦးချင်းဝင်ငွေပမာဏ တဟုန်ထိုးတိုးတက်လာလေလေဖြစ်လာမည်ကို တွေ့ရှိကြရပါကြောင်း၊ အမျိုးသမီးထုကြီး၏ စွမ်းအားကိုသိရှိပြီး အလုပ်အကိုင်ဈေးကွက်အတွင်းသို့ ဝင်ရောက်စေနိုင်ရန် ကူညီပေးပြီး ကုန်ထုတ်လုပ်မှုကဏ္ဍတွင် အသုံးချခြင်းဖြင့် မြန်မာနိုင်ငံသည် တစ်မူထူးခြားသော ကျား/မ ရေးရာအကျိုးအမြတ် (gender dividend) ကို ရရှိခံစားရမည်ဖြစ်ကြောင်းလည်း ဖော်ပြထားသည်။ 0038

# သရက်အကျဉ်းထောင်ထဲ ကျဆုံးခဲ့သူများအတွက် အမှတ်တရကျောက်တိုင် တည်ဆောက်ခွင့်ရပြီ

သရက် အကျဉ်းထောင်တွင်း၌ ကျဆုံးခဲ့သည့် နိုင်ငံရေးအကျဉ်းသားများအတွက် အထိမ်းအမှတ်ကျောက်တိုင် ပြုလုပ်ရန် မကွေးတိုင်းဒေသကြီးအစိုးရမှ မြေနေရာသတ်မှတ်ပေးလိုက်ကြောင်း သိရသည်။

"သရက်မှာရှိနေတဲ့ ကော်မတီဝင်တွေက ကျောက်တိုင်လုပ်ဖို့အတွက် ခရိုင်ဦးစီးဌာနက ခွင့်ပြုမိန့်ရပြီလို့ပြောတယ်။ ကျွန်တော်တို့က အသေးစိတ် အစီအစဉ်တွေကို ခရိုင်ကိုတင်ပြဖို့အတွက် စီစဉ်ဆောင်ရွက်နေတယ်"ဟု ကျောက်တိုင်ဖြစ်မြောက်ရေးကော်မတီအဖွဲ့ဝင် ဦးဌေးအောင်က ပြောသည်။

အမှတ်တရ ကျောက်တိုင်ပြုလုပ်မည့်နေရာသည် ပေ ၁၅၀×၁၀၀ ကျယ်ပြီး ၎င်းနေရာတွင် ကလေးကစားကွင်း၊ ပန်းခြံ၊ ရေကန်တို့ ပါဝင်မည်ဖြစ်ကြောင်း သိရသည်။

သရက်အကျဉ်းထောင်ထဲ၌ ဦးအိုင်ကို ဦးဇင်ဦး၊ ဦးအာစရ၊ သရက်မြို့နယ်(KNU)ဥက္ကဋ္ဌ စောစထူစော(KNU) တို့ ကျဆုံးခဲ့ကြောင်း သိရသည်။

"ဒါက အစဖြစ်တယ်။ နောက်ပိုင်းကျရင် တစ်တိုင်းပြည်လုံးမှာရှိတဲ့ ထောင်ထဲမှာကျဆုံးခဲ့တဲ့ နိုင်ငံရေးအကျဉ်းသားရဲဘော်တွေကို ဂုဏ်ပြုနိုင်ဖို့အတွက် ဆက်လက်ကြိုးပမ်းသွားမှာဖြစ်တယ်"ဟု ကော်မတီအဖွဲ့ဝင် ဦးဌေးအောင်က ဆက်လက်ပြောကြားသည်။

အမှတ်တရ ကျောက်တိုင်တည်ဆောက်ရန်အတွက် ရှစ်လေးလုံးဒီမိုကရေစီအရေးတော်ပုံကြီးတွင် ပါဝင်ခဲ့သူများနှင့် စိတ်ပါဝင်စားသူများထံမှ အလှူငွေကောက်ခံသွားမည်ဟု ၎င်းကဆိုသည်။

အမှတ်တရကျောက်တိုင်သည် သရက်၊ အောင်လံတံတားထိုးပြီးချိန်၌ သရက်ဘက်အခြမ်း တံတားချဉ်းကပ်လမ်းဘေးတွင် တည်ဆောက်မည်ဖြစ်ကြောင်း သိရသည်။ မျိုးကျော်

# ကျပ်သိန်း ၁၁,၂၀၀တန် မွန်ပြည်နယ်အဆင့်မြင့် အစိုးရဧည့်ရိပ်သာတည်ဆောက်မှု လက်ကျန်ငွေ သိန်း ၄၀၀ကျော်သာရှိတော့ချိန်တွင် ဆက်ဆောက်၊မဆောက် လွှတ်တော်နှင့်အစိုးရ ဆွေးနွေးမည်

မွန်ပြည်နယ်အစိုးရအဖွဲ့က အဆင့်မြင့်အစိုးရဧည့်ရိပ်သာတည်ဆောက်ခြင်းနှင့်ပတ်သက်၍မှတ်တမ်းအချက်အလက်များအား ပြည်နယ်လွှတ်တော်သို့ တရားဝင်တင်ပြသွားမည်ဖြစ်ကြောင်း မွန်ပြည်နယ် အစိုးရအဖွဲ့မှ သိရသည်။

"ပြီးခဲ့တဲ့သောကြာနေ့က ဝန်ကြီးချုပ်ရယ်၊ အစိုးရအဖွဲ့အတွင်းရေးမှူးရယ်၊ ဝန်ကြီးဦးထွန်းဌေးရယ်၊ ကျွန်မရယ် မွန်လွှတ်တော်ကိုသွားတယ်။ အဆင့်မြင့်ဧည့်ရိပ်သာ တည်ဆောက်ပြီးတဲ့အခြေအနေကို အစိုးရအဖွဲ့အတွင်းရေးမှူးက နှုတ်နဲ့ပြောပြတယ်။ ဒီရက်ပိုင်းမှာ တရားဝင်စာတင်ပြမယ်။ ဒီအဆောက်အအုံ ဆက်ဆောက်၊မဆောက်ကိုတော့ အစိုးရအဖွဲ့နဲ့ လွှတ်တော်မှာဆွေးနွေးသွားမယ်" ဟု မွန်ပြည်နယ်အစိုးရအဖွဲ့ဝင် ပအိုဝ်းတိုင်းရင်းသားရေးရာဝန်ကြီး ဒေါ်စံဝင့်ခိုင်က ပြောသည်။

ယခင်အစိုးရလက်ထက်က ရေးဆွဲခဲ့သည့် ဘတ်ဂျက်ဥပဒေအရ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် မွန်ပြည်နယ်အစိုးရအဖွဲ့အိမ်ရာဝင်းအတွင်း အဆင့်မြင့်အစိုးရဧည့်ရိပ်သာ ဆောက်လုပ်ရန် ငွေလုံးငွေရင်းရန်ပုံငွေကျပ်သိန်း ၁၁,၂၀၀ နှင့် မွန်ပြည်နယ်ဥပဒေချုပ်ရုံး အသစ်တည်ဆောက်ရန် ကျပ် ၈၉၇၁သိန်းကို ပြည်ထောင်စုအစိုးရက ချထားပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါစီမံကိန်းများအတွက် ကုန်ကျမည့်ငွေကို ပြည်သူ့အတွက်တိုက်ရိုက်အကျိုးရှိသည့်စီမံကိန်းများတွင် ပြောင်းလဲသုံးစွဲသင့်ကြောင်းအဆိုအား ၂၀၁၆ အောက်တိုဘာ ၄ရက်တွင် မွန်ပြည်နယ်လွှတ်တော်ကအတည်ပြုခဲ့ကြောင်း သိရသည်။

ဥပဒေချုပ်ရုံးအသစ် တည်ဆောက်မည့်စီမံကိန်းမှာ ဆက်လက်ဆောင်ရွက်ခြင်းမရှိသော်လည်း အဆင့်မြင့်အစိုးရဧည့်ရိပ်သာတည်ဆောက်ခြင်းစီမံကိန်းမှာ လက်ရှိ ဇန်နဝါရီလအထိ ၇၀ရာခိုင်နှုန်းခန့် ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

"အဆိုစတင်တဲ့ ၂၀၁၆ခုနှစ်၊ ဇွန်လလောက်မှာ စီမံကိန်းမဆောက်ရသေးဘူး။ ဒီအချိန်မှာ အစိုးရအနေနဲ့ ကုမ္ပဏီနဲ့ စာချုပ်ချုပ်ထားရင်တောင်မှ ဆိုင်းငံ့လို့ရတဲ့ အခြေအနေရှိလျက်နဲ့ ဆက်ဆောက်ခဲ့တယ်။ အဆိုတည်ဖြစ်တဲ့နေ့မှာ နှစ်ထပ်လောက်ဆောက်ပြီးပြီ။ ဒီနေ့အချိန်ထိဆို သုံးထပ် ဆောက်ပြီးသွားပြီ။ ဒီလိုအချိန်ရောက်မှ ကျွန်တော်တို့ လွှတ်တော်ကိုလာပြီး နားလည်ပေးဖို့ပြောတာ လွှတ်တော်ကနားလည်ပေးလို့မရဘူး။ နောက်ဆုတ်လို့မရဘူး" ဟု မွန်ပြည်နယ်လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဒေါက်တာအောင်နိုင်ဦးက ပြောသည်။

လက်ရှိတွင် အစိုးရအဆင့်မြင့်ဧည့်ရိပ်သာတည်ဆောက်ခြင်း ရပ်တန့်လိုက်မည်ဆိုပါက ကျန်ရှိသည့်ငွေမှာ ငွေကျပ် ၄၂၊ ၄သန်းသာဖြစ်သဖြင့် ယင်းငွေကိုပြည်သူအကျိုးပြုလုပ်ငန်းများ လုပ်ကိုင်ပါက အကျိုးရှိမှု နည်းပါးမည်ဖြစ်ကြောင်း မွန်ပြည်နယ်အစိုးရအဖွဲ့ဝင် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး ဒေါက်တာမင်းကြည်ဝင်းက ပြောသည်။

ထို့အပြင် အစိုးရအနေဖြင့်လည်း တည်ဆောက်ရေးကုမ္ပဏီနှင့် အခက်အခဲဖြစ်ပေါ်မည်ဖြစ်သည့်အတွက် ဧည့်ရိပ်သာကို ဆက်လက်ဆောင်ရွက်မည်ဆိုပါက ပြည်နယ်အတွက် အမှန်တကယ်အကျိုးရှိမည်ဖြစ်သည့်အပြင် ဥပဒေချုပ်ရုံးတည်ဆောက်ရန် လျာထားသည့်ငွေကို ဘဏ္ဍာနှစ်မကုန်ဆုံးမီ ၂၀၁၇ မတ်လမကုန်ခင် အခြားပြည်သူ အကျိုးရှိသည့်ကဏ္ဍသို့ အမြန်ဆုံးပြောင်းလဲသုံးစွဲခြင်းကိစ္စကိုသာ ဆောင်ရွက်သင့်ကြောင်း ဒေါက်တာမင်းကြည်ဝင်းက ဆက်ပြောသည်။

"တည်ဆောက်ရေးကုမ္ပဏီက လေးထပ်အတွက် ခတ်လေ့ကားကို နိုင်ငံခြားကို မှာထားပြီးပြီ။ ဒီအချိန်မှာ ၃ထပ်နဲ့ရပ်လိုက်ရင် တည်ဆောက်တာ ကိုးလိုးကန့်လန့်ဖြစ်မယ်။ ဒါကြောင့် ဒီကိစ္စကို ဆက်ဆောက်ခွင့်ပြုပြီး ဘာမှမတို့မထိရသေးတဲ့ ဥပဒေချုပ်ရုံးငွေကိုသာ ပြည်သူအတွက်ဘယ်လိုသုံးစွဲမလဲ။ ဒါကို ညှိနှိုင်းဆောင်ရွက်စေချင်တယ်" ဟု ဒေါက်တာမင်းကြည်ဝင်းက ပြောသည်။

၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၅၈ အရ လွှတ်တော်ကအတည်ပြုထားသော ဆုံးဖြတ်ချက်အား အဆိုအတည်ပြုသည့်နေ့မှစတင်ကာ အစိုးရအဖွဲ့က အကောင်အထည်ဖော်ရမည်ဟုပါရှိပြီး အစိုးရအဖွဲ့အနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေကို လေးစားလိုက်နာရန် လိုအပ်ကြောင်း မွန်ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဒေါ်တင်အိက ပြောသည်။

**ချိုမာအောင်(မြစ်မခ)**




# ၂၀၁၇ခုနှစ်တွင် မြန်မာ့ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရန်အတွက် နည်းဗျူဟာများ အသုံးပြုသွားမည်ဟုဆို

၂၀၁၇ ခုနှစ်တွင် မြန်မာနိုင်ငံခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရန်အတွက် နည်းဗျူဟာများချမှတ်အသုံးပြုသွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံခရီးသွားလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌဦးသက်လွင်တိုးက ပြောသည်။

မြန်မာနိုင်ငံအား နိုင်ငံတကာခရီးသွားဈေးကွက်တွင် ပိုမိုတွင်ကျယ်စွာသိရှိစေရန် ရည်ရွယ်သည့် 'Branding the Myanmar as A Destination Panel Discussium' ခေါင်းစဉ်ဖြင့်ဆွေးနွေးပွဲကို ဇန်နဝါရီ ၆ ရက်တွင် UMFCCI ၌ ကျင်းပခဲ့ပြီး အဆိုပါဆွေးနွေးပွဲတွင် ၎င်းကပြောကြားခဲ့ခြင်းဖြစ်သည်။

'၂၀၁၇ ခုနှစ်မှာ မြန်မာခရီးသွားလုပ်ငန်းဖွံ့ဖြိုးဖို့နည်းဗျူဟာတွေအသုံးပြုသွားမယ်။ စစ်မှန်တဲ့ နိုင်ငံခြားသားခရီးသွားဧည့်သည်တွေပိုဝင်လာမှ ခရီးသွားလုပ်ငန်းဟာတိုးတက်လာမှာဖြစ်ပါတယ်။ အဓိက ကတော့ မြန်မာနိုင်ငံကို လက်ရှိသွားနေတာထက်ပိုကောင်းတဲ့ Brand တစ်ခုရအောင်အဖြေရှာကြတာဖြစ်တယ်။ Branding ကို ဘယ်လိုလုပ်ကြမလဲ ဝိုင်းပြီးဆွေးနွေးကြမယ်။ ဆွေးနွေးပွဲကထွက်လာတဲ့ရလဒ်အပေါ်မှာ ရွေးချယ်ပြီး လုပ်ဆောင်သွားမှာဖြစ်ပါတယ်'ဟု မြန်မာနိုင်ငံခရီးသွားလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးသက်လွင်တိုးကပြောသည်။

မြန်မာပြည်၏ယဉ်ကျေးဖော်ရွေမှုသည်ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် အားသာသည့်အချက်တစ်ခုဖြစ်ပြီး မြန်မာပြည်အားအဓိကလာရောက်လည်ပတ်ကြသည့်နိုင်ငံခြားသားခရီးသွားဧည့်သည်များသည်ဧည့်ဝတ်ကျေပွန်ပြီး ကူညီတတ်သည့်အမူအကျင့်စိတ်ထားကိုသဘောကျကြကြောင်း မြန်မာနိုင်ငံခရီးသွားလုပ်ငန်းရှင်များအသင်းအထွေထွေအတွင်းရေးမှူးဦးဇာနည်ထွေးကပြောသည်။

'အိမ်နီးချင်းနိုင်ငံတွေဖြစ်တဲ့ ထိုင်း၊ ဗီယက်နမ်၊ ကမ္ဘောဒီးယားအစရှိတဲ့ နိုင်ငံတွေမှာ ယဉ်ကျေးမှုပိုင်းကြည့်မလား၊ နောက်ပြီးတော့ သဘာဝအလှအပတွေကြည့်မလားအားလုံးကတူတာတော့ မတူဘူး။ဆင်တူရိုးမှားလေးတွေပေါ့။ ဒါပေမဲ့ မြန်မာပြည်သူပြည်သားတွေရဲ့ ဧည့်ဝတ်ကျေပွန်မှုနဲ့ ရင်းနှီးဖော်ရွေမှုကတော့ အခြားနိုင်ငံတွေထက်စာရင်အကောင်းဆုံးပဲ။ အဲဒီအတွက်ကြောင့် သူတို့တွေက ပြောတယ်ငါတို့အတွက် အကောင်းဆုံးက မြန်မာပြည်သူပြည်သားတွေပဲလို့ပြောတယ်' ဟု ၎င်းကပြောသည်။

ဇန်နဝါရီ ၁၇မှ ၂၀ ရက်အထိ စင်ကာပူနိုင်ငံ၌ ကျင်းပမည့်အာဆီယံခရီးသွားလုပ်ငန်းဖိုရမ်တွင် မြန်မာနိုင်ငံ၏ အလှအပနေရာများအား ပြခန်းများဖြင့်ပြသသွားမည်ဖြစ်ပြီး မြန်မာနိုင်ငံကို လူသိများလာစေရန် နိုင်ငံတကာမီဒီယာများတွင် ကြော်ငြာခြင်း၊ စာအုပ်စာစောင်များရိုက်နှိပ်ခြင်းစသည့်အသွင်သစ်များဖြင့် ထိုးဖောက်သွားမည်ဖြစ်ကြောင်း ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန၊ ဈေးကွက်မြှင့်တင်ရေးဌာနခွဲမှ ညွှန်ကြားရေးမှူးဦးဇေယျာမျိုးအောင်ကရှင်းလင်းပြောကြားခဲ့သည်။

**ကျော်ကိုကို**

# မီးသင့်ခံမင်္ဂလာဈေးသူဈေးသားများ တာဝန်ရှိသူများနှင့် တွေ့ခွင့်ရရန် မြို့တော်ခန်းမရှေ့ ဆန္ဒဖော်ထုတ်

အဆင့်မြင့်မင်္ဂလာဈေးကြီးမီးလောင်ခဲ့သည်မှာ တစ်နှစ်ပြည့်မြောက်သည့်တိုင် ဆောက်လုပ်မည့်ပုံစံ၊ဆောက်လုပ်မည့်ရက်နှင့် ဆောက်လုပ်မည့်အချိန်တို့အား တိကျစွာမသိရှိရသေးသည့်အတွက် မီးသင့်ခံဈေးသူဈေးသား ၅၀၀ ခန့်က ဇန်နဝါရီ ၉ ရက်၊ နံနက်ပိုင်းတွင် မြို့တော်ခန်းမရှေ့၌တရားဝင်ဆန္ဒဖော်ထုတ်ခဲ့ကြကြောင်း သိရသည်။

ယင်းသို့ဆန္ဒဖော်ထုတ်ရခြင်းမှာ ဖြိုချမှုပြီးစီးပါကဘယ်အချိန်ဆောက်မလဲ။ ဘယ်အချိန်ဈေးပေါ်တက်ရမလဲ စီမံထားရှိပုံများကိုမသိရှိရခြင်းနှင့် နဂိုရှိရင်းစွဲထက်ပိုသည့်အထပ်မြင့်ဆောက်မည်ဆိုပါက အချိန်ပိုမိုကြန့်ကြာသွားမည်ကိုစိုးရိမ်ရခြင်းကြောင့် ဆန္ဒဖော်ထုတ်ရခြင်းဖြစ်ကြောင်း မင်္ဂလာဈေးစတုတ္ထထပ်၌ အလှကုန်ပစ္စည်းရောင်းချသည့်ကိုကျော်စိုးကပြောသည်။

'ကျွန်တော်တို့ဘယ်အချိန်ဈေးပေါ်တက်ရမလဲဆိုတာ မျိုးလေးတွေ အစီအမံလေးတွေပေါ့။ ကျွန်တော်တို့ဘာမှမသိရသေးပါဘူး။ ကျွန်တော်တို့ ဆုံခွင့်အကြိမ်ကြိမ်တင်ပြီးတောင်းဆိုခဲ့ပေမဲ့တွေ့ခွင့်မရဘူး။ ဈေးသူဈေးသားတွေက အရမ်းကိုဒုက္ခရောက်နေကြပြီ တချို့ဆိုဆိုင်ငှားခတွေမတတ်နိုင်တော့လို့လမ်းပေါ်ချရောင်းရမယ့်အနေအထားဖြစ်နေပြီ။ ယာယီဈေးဆိုင်ငှားခတွေက သိန်းသုံးလေးဆယ်ဆိုတော့ မတတ်နိုင်တော့ဘူး။ နောက်ပြီးတော့ အထပ်မြင့်ဆောက်မယ်လို့ကြားနေရပါတယ်။ ဆယ်ထပ်ဆယ့်ငါးထပ်ဆောက်တာခေတ်မီတာပဲဗျာကြို့ဆိုပါတယ်။ ဒါပေမဲ့ အချိန်တွေဘယ်လောက်ကြာသွားမလဲဆိုတာ မှန်းမရဘူး။ ကျွန်တော်တို့အချိန်အကြာကြီးမစောင့်နိုင်တော့ဘူး'ဟု ကိုကျော်စိုးကဆိုသည်။ တာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေးခွင့်ရသည်အထိ နည်းအမျိုးမျိုးဖြင့်ဆက်လက်ကြိုးစားသွားမည်ဖြစ်ကြောင်း သိရသည်။ **စော်မြင့်**



The HOT NEWS

Vol - 7, No - 328, Jan 13 - 19 , 2017

# မိုးယိုနေတဲ့ အပေါက်ကို ဖာခိုင်းတာပါ

## မောင်တင့်ဆွေ

'အခုပြေးဆွဲနေတဲ့ယာဉ်လိုင်းပေါင်း ၃၀၀ကျော်ဟာ ၁၅ ရက်နေ့ညမှာအပြီးရပ်ဆိုင်းရမှာဖြစ်ပါတယ်။ အခုရှိနေတဲ့ မထသအဖွဲ့ဟာလည်း နောက်ဆုံးဖြစ်ပါတယ်။ ၁၆ ရက်နေ့က စပြီးတော့ ယာဉ်လိုင်းပေါင်း ၅၈ လိုင်းပါဝင်တဲ့ အများပြည်သူပို့ဆောင်ရေးယာဉ်လိုင်းကိုစတင်ပြေးဆွဲတော့မှာဖြစ်ပါတယ်'လို့ ရန်ကုန်ဝန်ကြီးချုပ်ဦးဖြိုးမင်းသိန်းက ဖေဖော်ဝါရီ ၆ ရက်မှာပြုလုပ်တဲ့ သတင်းစာရှင်းလင်းပွဲမှာ ပြောကြားခဲ့ပါတယ်။

ရန်ကုန်ဝန်ကြီးချုပ်ဟာ မထသကိုဖျက်သိမ်းပြီး ပိုမိုကောင်းမွန်တဲ့ ယာဉ်လိုင်းစနစ်ပေါ်ပေါက်လာရေးအတွက် ၂၀၁၆ ခုနှစ်၊ မေလလောက်ကတည်းက ပြင်ဆင်ခဲ့ရာမှာ ဟိုနေ့လိုလို၊ ဒီနေ့လိုလိုနဲ့ အသံတွေထွက်ခဲ့ရာက အခုတော့တကယ်ဖျက်သိမ်းတော့မယ့် အခြေအနေကိုရောက်လာခဲ့ပြီလို့ ပြောရတော့မှာပါ။

ခရီးသွားပြည်သူတွေအပေါ်ဝန်ဆောင်မှုကောင်းအောင် လုံးဝမပေးနိုင်တဲ့ မထသကိုဖျက်သိမ်းပြီး ရန်ကုန်တိုင်းဒေသကြီးသယ်ယူပို့ဆောင်ရေးကြီးကြပ်ကွပ်ကဲမှုအာဏာပိုင်အဖွဲ့ (YRTA) အဖြစ်ပြောင်းလဲဖွဲ့စည်းခဲ့တယ်လို့ သိရပါတယ်။ YRTA လို့ အမည်သာပြောင်းလဲခဲ့ပေမဲ့ အဲဒီအဖွဲ့မှာ ပါဝင်ထမ်းဆောင်မယ့်သူတွေကတော့ အရင်မထသအဖွဲ့တုန်းက ဝန်ထမ်းတွေပြန်လည်ပါဝင်မယ်လို့သိရပြီး မထသကို ရန်ကုန်မြို့ပြအများပြည်သူသယ်ယူပို့ဆောင်ရေးကုမ္ပဏီလီမိတက် (YUPT) အဖြစ်ပြောင်းလဲပြီးကားစီးရေများစွာနဲ့ လမ်းကြောင်း ၂၈ ကြောင်းမှာပြေးဆွဲဖို့လုပ်ထားတယ်လို့ သိရပါတယ်။

ယာဉ်လိုင်းကြောင်း ၅၈ကြောင်း(နှစ်လိုင်းထပ်တိုး၆၀) လို့ပြောပေမဲ့ အမှတ် (၁၃ )လိုင်းကြောင်းမပါ။ ၅၉လိုင်းနဲ့ ပြေးဆွဲပေးမယ့်ကိစ္စနဲ့ ပတ်သက်ပြီး အကောင်အထည်ဖော်တဲ့ သူတွေကလွဲလို့ အခြားသူတွေကတော့ ဂဃနဏ မသိကြပါဘူး။ အများစုရဲ့ ပြောသံကတော့ လိုင်းကားမစီးဖူးသူတွေလုပ်တဲ့ကိစ္စ ဘယ်လိုလုပ်ပြီး အဆင်ပြေမှာလဲ။ လုပ်စေချင်တာကတစ်မျိုး လုပ်လာတာကတစ်မျိုးဆိုပြီး ပြောကြပါတယ်။

ခရီးသွားပြည်သူအများစုက သူတို့နေ့စဉ်လိုလို ခံစားနေရတဲ့ ယာဉ်စီးခပိုတောင်းမှု၊ ရိုင်းပျစွာဆက်ဆံခံရမှု၊ ယာဉ်ကြောကျပ်မှုတွေကို အကောင်းဆုံးနည်းလမ်းသုံးပြီး ဖြေရှင်းပေးစေချင်ကြတာပါ။ ဒီလိုဖြေရှင်းပေးပို့အတွက် ဥပဒေပြဋ္ဌာန်းပြီး ထိထိရောက်ရောက်လုပ်ရင် ရရဲ့သားနဲ့ မလုပ်ဘဲ ရှိရင်းစွဲပုံမှန်ယာဉ်လိုင်းကြောင်းတွေကို ပြောင်းလိုက်တာဟာ ခရီးသွားတွေကို ကူညီရာမရောက်ဘဲ ဒုက္ခပေးရာ ရောက်ပါတော့တယ်။

အခုပြောင်းလဲလိုက်တဲ့စနစ်မှာ အများပိုင်ဖြစ်လို့ယာဉ်မောင်း၊ ယာဉ်အကူတွေကို လစာအပြင် ခေါက်ကြေးပေးတာ၊ သတ်မှတ်ခေါက်ရေအပြင်ပိုဆွဲနိုင်လို့ငွေပိုပေးတာ၊ ယာဉ်အကူပေးသလောက်ကိုပဲ ကုမ္ပဏီကရမှာ၊ မောင်းနေရင်းနဲ့ကားပျက်တာ၊ ကားပြင်ရတာ၊ ယာဉ်တိုက်မှုဖြစ်တာ၊ ယာဉ်စည်းကမ်းဖောက်တာ၊ ရုံးတက်ရုံးဆင်းလက်မှတ်ထိုးရတာ၊ အလုပ်ချိန်နာရီသတ်မှတ်တာ၊ ခွင့်ခံစားရက်ပေးတာ၊ သူ့လိုင်းကဝင်ငွေကောင်းတယ်။ ငါ့လိုင်းကဝင်ငွေမကောင်းဘူးစတဲ့ ကုမ္ပဏီနဲ့ ယာဉ်လုပ်သားတို့နောင်ဖြစ်ပေါ်လာမယ့်ကိစ္စရပ်တွေကို ခရီးသွားတွေကစိတ်မဝင်စားပါဘူး။

ခရီးသွားပြည်သူတွေစိတ်ဝင်စားတာကအများပိုင်ကုမ္ပဏီဖြစ်လို့ဝန်ဆောင်မှုတွေကောင်းလာမလား။ ယာဉ်လုပ်သားတွေ ယဉ်ကျေးလာမလား။ ခရီးသွားလာမှု အဆင်ပြေလာမလား။ ယာဉ်စီးခအရင်ကထက် ပိုပေးရမှာလားစတဲ့ ကိစ္စရပ်တွေကိုပဲစိတ်ဝင်စားမှု ရှိလာကြပါတယ်။

လူတော်တော်များများဟာ ကိုယ်နဲ့ တိုက်ရိုက်ပတ်သက်မယ့်ကိစ္စမျိုးကိုသာစိတ်ဝင်စားမှုရှိတာကြောင့် အခုပြုလုပ်မယ့်ယာဉ်လိုင်းစနစ်မှာ တာဝန်ထမ်းဆောင်မယ့် လစားယာဉ်မောင်း၊ ယာဉ်အကူတွေအရင်လိုမဟုတ်ဘဲခရီးသည်အတက်၊ အဆင်းကို သေသေချာချာ လုပ်တာ၊ အပြိုင်အဆိုင်မမောင်းဘဲ ပုံမှန် မောင်းတာ၊ ဆက်ဆံရေးပြေပြစ်လာတာ၊ မှတ်တိုင်တွေမှာ အချိန်မှတ်ပြီး ရှေ့ကားကိုအမီလိုက်ခိုင်းတာတွေမရှိတော့ရင် ပြောင်းလဲလိုက်တဲ့စနစ်ကောင်းတယ်လို့ပြောမယ့်သူတွေရှိမှာပါ။

အဲဒီလိုမဟုတ်ဘဲ ကိုယ်သွားချင်တဲ့ ခရီးကိုတိုက်ရိုက်မရောက်တော့ဘဲ အဆင့်ဆင့်ကားပြောင်းစီးနေရမယ်ဆိုရင် အဲဒီစနစ်ကိုမကောင်းဘူးလို့ပြောကြမှာပါ။ ဘာဖြစ်လို့လဲဆိုတော့ ဥပမာ- ဒဂုံဇရာ အဝေးပြေးကနေ သာကေတကိုသွားမယ့်သူဟာ ငွေ ၃၀၀ ကျပ်ရှိရင် မေတ္တာလိုင်း (၄)၊ ရွှေညှော်သည့် (၂) တက်စီးရုံနဲ့ အဆင်ပြေပါတယ်။ အဲဒီလိုမဟုတ်ဘဲ အထပ်အပိုးတွေနဲ့ ကားအဆင့်ဆင့်ပြောင်းစီးရမယ်ဆိုရင်တော့ မလွယ်တော့ပါဘူး။ တချို့က အသက်အရွယ်အရ ကားအဆင့်ဆင့်ပြောင်းစီးရမှာအခက်အခဲရှိသလို၊ တချို့ကဝင်ငွေအရ ကားအဆင့်ဆင့်ပြောင်းစီးဖို့ဆိုတာလည်း ရေရှည်မှာမဖြစ်နိုင်ပါဘူး။

ဆိုလိုချင်တာကအရင် ၃၀၀ ကျပ်လောက်ပဲ နေ့စဉ်ကုန်ကျနေတာကနေကားအဆင့်ဆင့်ပြောင်းစီးပြီး ၅၀၀၊ ၆၀၀ လောက်ကုန်မယ့်အဖြစ်မျိုးကို ဘယ်ခရီးသွားပြည်သူကမှလက်ခံနိုင်မှာ မဟုတ်ပါဘူး။ အခုလုပ်နေတာက လိုရာခရီးကိုရောက်ဖို့ကားအဆင့်ဆင့်ပြောင်းစီးရမယ့် ပုံစံမျိုးလုပ်ထားတယ်ဆိုတာကို ယာဉ်လမ်းကြောင်းတွေကိုကြည့်ရင်သိနိုင်လို့ပါပဲ။

ဒါ့အပြင်ပြောစရာရှိသေးတာက ယာဉ်စီးခကို ၁၀၀ ကျပ်၊ ၂၀၀ ကျပ်၊ ၃၀၀ ကျပ်လို့သတ်မှတ်မယ်ဆိုပေမဲ့ ယာဉ်စီးခဖြတ်ပိုင်းတွေမထွက်ပေါ်လာသေးတဲ့အတွက် ကိုယ်စီးမယ့်ခရီး ဘယ်လောက်တောင်းမယ်ဆိုတာမသိရသေးပါဘူး။ ကျိန်းသေတာကတော့ ကြိုတင်ငွေပေးချေကတ်စနစ်ကို အပြည့်အဝမသုံးနိုင်သေးခင်စပ်ကြားမှာ စပယ်ယာကို ယာဉ်စီးခပေးချေရမှာကြောင့် ခရီးသည်နဲ့ စပယ်ယာကြား၊ စပယ်ယာနဲ့ ကုမ္ပဏီငွေသိမ်းသူကြားမှာ မသမာမှုတွေကတော့ရှိနေဦးမှာဖြစ်ပါတယ်။

ဘာကြောင့် ဒီလိုပြောရသလဲဆိုတော့ ယာဉ်စီးခမပေးဘဲ စီးတဲ့ခရီးသည်၊ ယာဉ်စီးခပေးထားပေမဲ့ ပိုငွေကို ပြန်မအမ်းဘဲအမေ့ခံတဲ့၊ အငြင်းသန်တဲ့ စပယ်ယာ၊ ယာဉ်စီးခမပေးဘဲပိုငွေပြန်အမ်းဖို့တောင်းတဲ့ ခရီးသည်တွေရှိတတ်သလိုယာဉ်စီးခတွေထဲကနေ ထမင်းစား၊ လက်ဖက်ရည်သောက်၊ ကွမ်းယာဝယ်၊ ရေသန့်ဘူးဝယ်စသဖြင့် စိတ်ကြိုက်သုံးပြီးမှ ပိုငွေကို ခွဲဝေယူခဲ့ကြသူတွေဟာ လခစားစနစ်ကြောင့် စိတ်ကြိုက်သုံးခွင့်မရတော့ရင်၊ လက်ထဲမှာငွေရှိရဲ့သားနဲ့ မသုံးရတော့ရင်၊ ကုမ္ပဏီကိုငွေနည်းနည်းပဲပြန်အပ်ရင် အဲဒီဘက်ပိုင်းမှာလည်းပြဿနာတွေရှိလာနိုင်ပါတယ်။

ဒါ့အပြင်တချို့ယာဉ်လုပ်သားတွေက လခစား မလုပ်တော့ဘူး။ အခြားအလုပ်ပြောင်းလုပ်တော့မယ်ဆိုပြီး မစားရတဲ့အမဲသဲနဲ့ပက်ဆိုသလိုယာဉ်ကိုဖြစ်ချင်ရာဖြစ်မောင်းမယ်။ မထသဆိုတဲ့အဖွဲ့ကြီးမရှိတော့ဘူးဆိုတဲ့ သဘောနဲ့ လုပ်ချင်ရာလုပ်ခဲ့မယ်။ ကြမ်းမယ်။ ရမ်းမယ်။ ဆန္ဒပြဖို့လုပ်ကြမယ်ဆိုတာမျိုးတွေလည်း ဖြစ်လာနိုင်ပါတယ်။

ဘာပဲဖြစ်ဖြစ် အစိုးရကတော့ ခရီးသွားပြည်သူတွေအဆင်ပြေဖို့ဆိုတဲ့ ခေါင်းစဉ်နဲ့ ပုဂ္ဂလိကပိုင်ယာဉ်လိုင်းတွေအစား အများပိုင်ယာဉ်လိုင်းတွေမှာ သူကိုယ်တိုင်ပါဝင်ပြီးဆောင်ရွက်နေပါပြီ။ ဒါပေမဲ့ ပြောစရာရှိလာတာက ပြည်သူ့အတွက်၊ ပြည်သူ့အတွက်လို့ ပြောပြောပြီး ငါတို့အတွက်လို့ဖြစ်ခဲ့ရတဲ့ ကိစ္စတွေကများတော့ပြည်သူတွေလည်း ခံရတာတွေလည်းများနေပြီဆိုတာကို ယာဉ်စီးခဈေးတက်တာနဲ့ ဆက်နွယ်ပြီး ပေါ်ပေါက်လာတဲ့ ရွှေဝါရောင် တော်လှန်ရေးက သက်သေပြခဲ့ပြီးဖြစ်ပါတယ်။

အခုလည်း ခရီးသွားပြည်သူတွေအတွက်ဆိုပြီး လမ်းကြောင်းတွေပြောင်းတာလုပ်ခဲ့ပေမဲ့အရင်အစိုးရလုပ်ခဲ့သလိုအစဉ်မပြေဘဲပိုဆိုးစေမယ့်ကိစ္စဖြစ်တဲ့ ခရီးစဉ်ကိုတိုက်ရိုက်မရောက်တော့ဘဲ ကားပြောင်းစီးရတာတွေ၊ ယာဉ်စီးခပိုပေးနေရတာတွေရှိခဲ့မယ်။ ယာဉ်လုပ်သားတွေကလည်း ခေါက်ရေပိုမောင်းရဖို့ အပြိုင်အဆိုင်လုပ်နေကြမယ်။ မကြားဝံ့မနာသာပြောဆိုဆက်ဆံနေကြမယ်ဆိုရင်အစိုးရနဲ့ စေတနာဟာ ပြည်သူတွေအတွက် ဝေဒနာတွေပဲဖြစ်နေမှာပါ။

ဒီလိုမဖြစ်အောင်အတွက် အစိုးရအနေနဲ့ ငါတို့သတ်မှတ်ထားတဲ့ လမ်းကြောင်းကိုပြည်သူတွေငြင်းဆန်ခွင့်မရှိဘူး။ သတ်မှတ်ထားတဲ့ငွေကြေးကိုပေးစီးရမယ်၊ယာဉ်စီးခပိုကုန်တာငါတို့နဲ့မဆိုင်ဘူးဆိုတဲ့ ပုံစံမျိုးမလုပ်သင့်ပါဘူး။ အဲဒီလိုမျိုးလုပ်ရင်တော့ ပြည်သူ့ဘက်ကမရပ်တည်ဘဲ ကုမ္ပဏီဘက်ကိုချမ်းသာဖို့ ရပ်တည်နေတဲ့အစိုးရ၊ နားလည့်ပါးရိုက်တဲ့အစိုးရလို့ ငွေကြေးကုန်ကျမှုပိုများလာတဲ့ ပြည်သူတွေကထင်မှတ်ကြမှာပါ။

ခရီးသွားပြည်သူတွေဖြစ်စေချင်တာကယာဉ်အန္တရာယ်ကင်းဖို့၊ ယာဉ်စီးခသက်သာဖို့၊ စိတ်ချမ်းသာစွာနဲ့ လိုရာခရီးရောက်ဖို့အတွက်ပဲဖြစ်ပါတယ်။ ရှိပြီးသား ယာဉ်လမ်းကြောင်းတွေ၊ ယာဉ်လိုင်းတွေပြောင်းပစ် ဖို့မဟုတ်ပါဘူး။ ရှင်းရှင်းပြောရရင်တော့ မိုးယိုနေတဲ့ အပေါက်ကို ဖာခိုင်းတာပါ။ တစ်အိမ်လုံးကိုဖျက်ပြီး အသစ်ပြန်ဆောက်ဖို့ မဟုတ်ပါဘူး။ အသစ်ပြန်ဆောက်ရဲ့သားနဲ့မိုးကဆက်ယိုနေဦး မလားဆိုတာတော့ မိုးရွာမယ့် အချိန်ဆက်လက်စောင့်ကြည့်ရမှာဖြစ်သလို အသစ်ဖြစ်ရဲ့သားနဲ့ မိုးယိုနေသေးတယ် ဆိုရင်တော့ . . .။

> **အစိုးရအနေနဲ့ ငါတို့သတ်မှတ်ထားတဲ့ လမ်းကြောင်းကို ပြည်သူတွေ ငြင်းဆန်ခွင့်မရှိဘူး။ သတ်မှတ်ထားတဲ့ ငွေကြေးကို ပေးစီးရမယ်၊ ယာဉ်စီးခပိုကုန်တာ ငါတို့နဲ့မဆိုင်ဘူးဆိုတဲ့ . . .**

စာမျက်နှာ (၁၅)မှ

ခေါ်လာလို့မရတော့ အမျိုးသမီးတော်တော်များများကလေး ၆လ၊ ၁နှစ်လောက်ကျမှ အလုပ်သစ်ကနေပြန်ဝင်။ ဒါမျိုးပဲဖြစ်နေတယ်။

**မေး – အမျိုးသမီးအလုပ်သမားတွေကို ဘယ်လိုအကြံပြုချင်ပါလဲ။**

**ဖြေ** – ကျွန်မနဲ့တွေ့တဲ့သူတွေကိုမကြောက်ရအောင်ပြောပြတယ်။ ပိုင်ရှင်တွေကိုယ်တိုင်ကဦးစီးပြီးတော့ အထည်ချုပ်လို အမျိုးသမီးအများဆုံးပဲလေ။ အသိပညာဖွင့်တဲ့စကားပြောဖို့ အချိန်လေးတွေလုပ်ပေးဖို့ကောင်းတယ်။ ကာယကံရှင်တွေ (နစ်နာသူ အမျိုးသမီးအလုပ်သမားတွေ)ကိုယ်တိုင်ကလည်း ဘာကိုကြောက်နေလဲဆိုတာ နားမလည်ဘူး။ တချို့တွေဆိုမေးတာကိုတောင်မှ ကြောက်လို့မပြောနိုင်ဘူး။ ဟိုရက်ကဆို မိန်းကလေးတစ်ယောက် သူ့ရဲ့မန်နေဂျာက ပါးရိုက်လိုက်တာ ကျွန်မရဲ့စခန်းမှာ အမှုဖွင့်ပေးလိုက်တယ်။ သူ့အစ်မတွေက လိုက်လာပြီးတော့ ပိတ်လိုက်ပေါ့။ ဒီအမှုကိုပြောတော့ ကျွန်မတို့က ကြားထဲက မကျေမချမ်းနဲ့ပေါ့။ နိုင်ငံခြားသားက ဒီလိုစော်ကားတာမျိုးလုပ်တာ ကာယကံရှင်က ဘာကိုကြောက်တာလဲမေးချင်တယ်။ ဒီဘက်က ရပ်တည်ပေးတဲ့သူက ရပ်တည်ပေးတာတောင်မှ သူတို့က ကြောက်လို့မလုပ်ဘူးဆိုတော့လေ။ ကိုယ့်အခွင့်အရေးကို ကိုယ်ကိုယ်တိုင်မကာကွယ်နိုင်တော့လည်း သူများကို လိုတာထက်ပိုမှီခိုတယ်ဆိုတာ တစ်ချိန်ချိန်မှာ ကိုယ်ရည်ကိုယ်သွေး ညှိုးဖွင်းတယ်။ ဒီအတိုင်းပဲ မြန်မာအမျိုးသမီးတွေက ကြောက်တယ်ဆိုတာ သူများရဲ့ဆုံးဖြတ်ချက်မှာ ခေါင်းညိတ်နေရတဲ့ အခြေအနေကနေလွတ်ကြပါစေလို့ အကြံပြုချင်ပါတယ်။

**မေး – အမျိုးသမီးအလုပ်သမားတွေ ကိုယ်စား အစိုးရကို ဘယ်လိုအကြံပြုချင်ပါလဲ။**

**ဖြေ** – ခွင့်ကတော့ပေးပါတယ်။ လုံလောက်လားဆိုတာကို ပြန်သုံးသပ်ဖို့လိုပါတယ်။ ဥပဒေတွေ ရေးဆွဲရင် လွှတ်တော်ကိုယ်စားလှယ်တွေနဲ့ ဥပဒေပညာရှင်တွေ ရေးဆွဲကြတယ်။ သူတို့ကတော့ ပြောမှာပဲ။ ပြည့်စုံတဲ့ဥပဒေတွေ ရေးဆွဲနေတယ်ပေါ့။ ဒါဆို တကယ်စက်ရုံတွေမှာ ပါဝင်ပတ်သက်တဲ့သူတွေကို ခေါ်ပြီး စကားပြောသင့်တယ်။ စက်ရုံအလုပ်သမားအမျိုးသမီးတွေ ဘယ်နှယောက်လောက်ကို ခေါ်ပြီးတော့ သူတို့ဒီဥပဒေရေးဆွဲတာလဲ။ စက်ရုံအမျိုးသမီး ဘယ်နှယောက်လောက်အသံကို သူတို့နားထောင်လဲ။ ဥပမာ-အစိုးရဝန်ထမ်းဆိုလည်း အစိုးရဝန်ထမ်း၊ ဘယ်နှယောက်လောက်အသံကို သူတို့နားထောင်လဲ။ ဒီဥပဒေကို ရေးဆွဲသလဲပေါ့။ အဲလို အမျိုးသမီးအသံတွေပါလာပြီဆိုရင် ခွင့်ရက်က လုံလောက်တဲ့ ခွင့်ရက်တွေ ရသွားမယ်။ ဘယ်လောက်ဆိုရင် သင့်တင့်လျောက်ပတ်တဲ့ အလုပ်လုပ်လို့ရမယ်။

**မေး – လုပ်ငန်းခွင်က အလုပ်သမားအခွင့်အရေး နစ်နာမှုတွေအတွက် တိုင်ကြားမယ်ဆိုရင် ဘယ်လို ကူညီဆောင်ရွက်ပေးနေပါလဲ။**

**ဖြေ** – သွေးစည်းညီညွတ်သောသမဂ္ဂများအဖွဲ့ချုပ်၊ အမှတ်(၆၈)၊ နဝရတ်လမ်း၊ ရွှေပြည်သာမြို့နယ်ကို လာရောက်ဆက်သွယ်နိုင်ပါတယ်။ ကျွန်မတို့ ပုံစံဖောင်လေးလုပ်ထားတယ်။ ဖြစ်စဉ်ရေး၊ သက်ဆိုင်ရာဌာနအလိုက် တိုင်ပေးရတယ်။ ဘာအထောက်အထားပေးချင်လဲ။ အဖွဲ့ချုပ်အနေနဲ့ ချိတ်ဆက်ထားတဲ့အမျိုးသမီးရှေ့နေ နှစ်ယောက်နဲ့ချိတ်ဆက်ပေးတယ်။ လိုက်ပေးတယ်။

**အခုလို ဖြေကြားပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်ရှင့်။**

အေမီအောင်(မြစ်မခ)

# ပြောသာပြော အမောသာ အဖတ်တင်မယ်

## မြင့်မြတ်ကြည်

ပြီးခဲ့တဲ့ငါးရက်က အညာဒေသမှာရှိတဲ့ ဘကြီး က ကျွန်တော့်ဆီကို စာရေးပါတယ်။ ကျွန်တော်က ဆွေမျိုးသားချင်းတွေထဲမှာ စာရေးဆရာတစ်ယောက်ဖြစ်နေတော့ နိုင်ငံတော်ရဲ့ ခေါင်းဆောင်ဆီကို စာရေးပြီး၊ တင်ပြပေးဖို့ စာရေးထားတာပါ။ ဘကြီးက မေတ္တာရပ်ခံပြီး စေခိုင်းတာဆိုတော့လည်း ကျွန်တော့်မှာ လွန်ဆန်လို့ မရတော့ဘူးပေါ့။ တကယ်တော့ ကျွန်တော့်ဘကြီးက မဟုတ်မခံ မှန်ရာကို ရဲရဲဝံ့ဝံ့လုပ်ရဲတဲ့ နိုင်ငံချစ်၊ မျိုးချစ်ပုဂ္ဂိုလ်ကြီး တစ်ဦးဖြစ်တယ်ဆိုတာ ဦးစွာပြောပြထားချင်ပါတယ်။

ဘကြီးက ကျွန်တော့်ဆီကိုရေးတဲ့စာထဲက အကြောင်းအရာတွေကို အရင်ဦးဆုံးပြောပြပါမယ်။ ဘကြီးက နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ်ကို အစ်မကြီး လို့တလေးတစားခေါ်သဗျ။ အစ်မကြီးရဲ့ ဖြောင့်မတ်တည်ကြည်အားထုတ်မှု၊ ကမ္ဘာကတောင် လေးစားရတဲ့ခေါင်းဆောင်မှုတွေကို လေးစားတယ်လို့ ဘကြီးက ဆိုပါတယ်။

ဘကြီးရဲ့စာကတော့ အစ်မကြီးဦးဆောင်တဲ့ အစိုးရအဖွဲ့တက်လာကတည်းက နိုင်ငံတိုးတက်ရေးအတွက် ပြည်သူတွေရဲ့ဘဝတိုးတက်ရေး အတွက် ဘာတွေဆောင်ရွက်ပေးမလဲလို့ စောင့်ကြည့်နေခဲ့တာ။ ပြည်သူက တင်မြှောက်တဲ့အစိုးရက နိုင်ငံကို အုပ်ချုပ်လာတာ (၉)လကျော်ခဲ့ပြီ။ အောင်မြင်သင့်သလောက် အောင်မြင်တယ်လို့တော့ ဆိုရမှာပဲ။

ဒါပေမဲ့ လယ်မြေ၊ ယာမြေကိစ္စတွေနဲ့ပတ်သက်ပြီး ထူးထူးခြားခြား တိုးတက်လာတာတော့ မတွေ့ရသေးဘူး။ လယ်သမားတွေဆီက စစ်တပ်တို့၊ ခရိုနီတို့က သိမ်းထားတဲ့လယ်မြေတွေကို လယ်သမားတွေလက်ထဲ ပြန်ရအောင် လုပ်မပေးနိုင်သေးဘူး။ အဲဒီ့လယ်မြေအသိမ်းခံရတဲ့ဒေသအသီးသီးက လယ်သမားမိသားစုတွေက ဆန္ဒမဲပေးခဲ့လို့ လွှတ်တော်ကိုယ်စားလှယ်တွေအနေနဲ့ လယ်သမားတွေရဲ့ လယ်ယာမြေတွေကို ပြန်လည်ရရှိအောင် ဆောင်ရွက်ပေးသင့်ကြပါတယ်။ အဲဒါနဲ့ပတ်သက်ပြီး လယ်သမားတွေက လွှတ်တော်ကိုယ်စားလှယ်တွေအပေါ်မှာ မကျေနပ်ကြဘူး။ လူကို မကြည့်ဘဲ ပါတီကိုမဲပေးမိတာမှားတာပဲလို့ လူတိုင်းကပြောနေကြတယ်။ ပြောလည်း ပြောချင်စရာပါပဲ။ ဘယ်လွှတ်တော်ကိုယ်စားလှယ်ကမှ လယ်သမားတွေရဲ့ နစ်နာမှုတွေကို ဆောင်ရွက်မပေးကြတာကတော့ လွန်ပါတယ်။ အမှန်ဆိုရင် သူတို့ကို လွှတ်တော်ကိုယ်စားလှယ်ဖြစ်အောင် မဲပေးခဲ့ကြတဲ့ လယ်သိမ်းခံတောင်သူတွေရဲ့ လယ်တွေ၊ ယာတွေ ပြန်ရအောင်လုပ်ပေးသင့်တာပေါ့။ပြည်သူတွေရဲ့ ဘဝကလည်း တစ်နေ့တခြား မလုံခြုံတော့ဘူး။ ၄လောင်းပြိုင်လူသတ်မှု၊ ၃လောင်းပြိုင်လူသတ်မှု၊ သက်ငယ်မုဒိမ်းမှု၊ သက်ငယ်မုဒိမ်းလူသတ်မှု၊ နေ့ခင်းကြောင်တောင် လုယက်၊ ဓားပြတိုက်မှုတွေက နေ့စဉ်နဲ့အမျှ ဖြစ်ပျက်နေတာကို သတင်းစာ၊ ဂျာနယ်တွေမှာ နေ့စဉ်နေ့တိုင်းဖတ်နေရတယ်။

အစ်မကြီးကိုတော့ ယုံကြည်မှုအရှိဆုံးလူသားတစ်ဦးအနေနဲ့လေးစားတယ်။ ဒါပေမဲ့ မြန်မာနိုင်ငံရဲ့ လူ့ပတ်ဝန်းကျင်အသိုင်းအဝိုင်းမှာ ကြားနေရတာတစ်ခုရှိတယ်။ အဲဒါက ဘာလဲဆိုတော့ "NLD ကို ဝေဖန်ရင် ဘုံရန်သူပဲ"ဆိုတဲ့ အတွေးအခေါ် အယူအဆတွေပဲ။

ဘကြီးတို့ စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင်၊ ထီးချိုင့်မြို့နယ်၊ .... ကျေးရွာက တောင်သူလယ်သမားကြီးတွေရဲ့ မြေတွေကို ၂၀၁၂ ခုနှစ်၊ ဇွန်လ ၆ရက်နေ့ကစပြီး၊ အဲဒီတုန်းက အာဏာပိုင်တဲ့ ပြည်သူ့ဝန်ထမ်းတွေက နည်းပေါင်းစုံနဲ့ မတရားခြိမ်းခြောက်ပြီး သိမ်းယူပြီးတော့ တရုတ်လူမျိုးတစ်ယောက်ရဲ့လက်ထဲကို အပ်ခဲ့တယ်။ စစ်ကိုင်းတိုင်း၊ မန္တလေးတိုင်းထဲက လယ်သမားတွေဆီက မတရားသိမ်းယူခံရတဲ့ လယ်ဧက ၄သိန်းထဲက ဘကြီးကိုလာရောက်အကူအညီတောင်းကြလို့ မြို့နယ် (၃)ခုထဲက မြေဧက ၁၆၆၃၂.၅၅ ဧကကို ပြန်လည်ရရှိဖို့ ဘကြီးနဲ့တောင်သူတွေကိုယ်တိုင် (၇)ကြိမ်တိတိ ဆန္ဒပြတောင်းဆိုခဲ့ကြဖူးတယ်။ အဲဒီတုန်းက အဲဒီ့ဒေသမှာရှိတဲ့ NLD ပါတီဝင်ဆိုသူတစ်ယောက်မှ ပါဝင်ခဲ့တာမရှိခဲ့ဘူး။ ဘကြီးကျမ်းကျိန်ပြောရဲတယ်။ ဒေသခံတွေအသိဆုံးပါ။

နောက် စစ်ကိုင်းတိုင်းဒေသကြီး၊ .... ရွာရှိ လူမျိုးခြားပိုင် သကြားစက်ကြီးက သဘာဝပတ်ဝန်းကျင်ကို အဆိုးရွားဆုံးပျက်စီးစေနေတာကြောင့် ဘကြီးကိုယ်တိုင် တိုင်းဝန်ကြီးချုပ်ကို ဩဂုတ်လထဲက တင်ပြပေးခဲ့တယ်။ တိုင်းဝန်ကြီးချုပ်က ၁၆. ၈. ၂၀၁၆ မှာ လာရောက်စစ်ဆေးတော့ စက်ရုံကြီးကို ရေသန့်စင်စနစ်တပ်ဆင်ပြီး စစ်ဆေးပြီးမှ လည်ပတ်ရမယ်လို့ ပြောသွားတယ်။ ဒါပေမဲ့ သကြားစက်ကြီးက ဘာရေသန့်စင်စက်မှ မတပ်ဆင်ရသေးဘဲ ၂၈. ၁၁. ၂၀၁၆ နေ့ကစပြီး လည်ပတ်နေတယ်။ အနံ့ဆိုးတွေက နံနေတာကြောင့် လေအောက်မှာနေတဲ့ လယ်သမားမိသားစုတွေမှာ ရောဂါဆိုးတွေ ရကုန်ကြတယ်။

အဆိပ်စွန့်ပစ်ရည်တွေကို ဧရာဝတီမြစ်ထဲကို စွန့်ပစ်နေတာကြောင့် ဧရာဝတီမြစ်ထဲက ငါးတွေ သေကုန်ကြတယ်။ ကျွဲနွားတွေ သေကုန်ကြတယ်။

တောင်သူတွေထံက မတရားသိမ်းယူပြီး လူမျိုးခြားက သီးစားပြန်ချပေးတဲ့ တောင်သူတွေကို စာနာသနားတယ်ဆိုရင် (၁၃)နှစ်ကျော်ကတည်းက မတရားသိမ်းယူထားတဲ့ လယ်ယာမြေတွေကို ပြန်ပေးဖို့ လယ်ယာမြေစစ်ဆေးရေးအဖွဲ့တွေကို အခုအထိ ဘာလို့ ဖွဲ့စည်းမပေးနိုင်သေးတာလဲ။ NLD ပါတီကို မဲပေးခဲ့တဲ့ လယ်သိမ်းခံတောင်သူတွေရဲ့ ဆင်းရဲနွမ်းပါးတဲ့ဘဝတွေကို မစာနာတော့ဘူးလား။ တောင်သူလယ်သမားတွေရဲ့ နစ်နာမှုတွေကို တည်ဆဲမြေယာဥပဒေပေါင်းများစွာနဲ့ စစ်ဆေးပေးသင့်ပါတယ်။ ပြည်သူတွေက တင်မြှောက်ထားတဲ့ NLD အစိုးရအဖွဲ့က နိုင်ငံကိုအုပ်ချုပ်လာတာ ၉လ ရှိပါပြီ။ တရားဥပဒေစိုးမိုးရေးအတွက် အရေးကြီးတဲ့အချက်တစ်ခုရှိတယ်။ အဲဒါကဘာလဲဆိုတော့ တရားစီရင်ရေးကို လက်တွေ့လုပ်ကိုင်နေကြတဲ့ တရားသူကြီးတွေကို ဖြည့်စွက်ခန့်ထားဖို့လိုနေတယ်။ ပြည် ထောင်စုတရားလွှတ်တော်ချုပ်၊ တိုင်းဒေသကြီး ပြည် နယ်တရားလွှတ်တော်တွေနဲ့ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း တရားရုံးပေါင်း (၁၄)ခုနဲ့ ပြည်ထောင်စုတရားလွှတ်တော်ချုပ်အပါအဝင် သမ္မတရဲ့အမိန့်အာဏာနဲ့ခန့်အပ်လို့ရတဲ့ တရားသူကြီးပေါင်း ၆၀ လိုအပ်နေတယ်။

၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေ အခန်း (၆)၊ ပုဒ်မ ၂၉၉နဲ့ ပုဒ်မ ၃၀၈ တို့မှာ အတိအလင်းပြဋ္ဌာန်းချက်ပါရှိတာမို့ လက်ရှိအစိုးရရဲ့ သမ္မတက အမြန်ဆုံးရွေးပြီး ခန့်ထားသင့်တယ်။ ဘာကြောင့်လဲဆိုတော့ တရားသူကြီးတွေဟာ ပုထုဇဉ်လူသားတွေပါ။ စီရင်ဆုံးဖြတ်ချက်တွေကို အားမရဘူး။ သက်ငယ်မုဒိမ်းမှု၊ မုဒိမ်းမှုလူသတ်မှုတွေကို သေဒဏ်ပေးသင့်ပါလျက် ထောင်ဒဏ်က နည်းနေတယ်။

ဒီနေရာမှာ ၁၉၄၈ ခုနှစ် အဂတိလိုက်စားမှုတားမြစ်ရေးဥပဒေအရ လာဘ်ပေးလာဘ်ယူ အဂတိလိုက်စားမှုနဲ့ (ဦးအေးသွင်နှင့် ပြည်ထောင်စုမြန်မာနိုင်ငံ၊ ၁၉၆၅ မတစ၊ စာ ၄၈ - ၅၂) မှာ တရားသူကြီးဦးအေးသွင် ငွေ ၂၀၀ ကျပ်လာဘ်စားတာကို ဖမ်းပုံဖမ်းနည်းကအစ ထောင်ဒဏ် ၂နှစ်ချမှတ်သည်အထိ စီရင်ပုံဟာ ဒီနေ့အထိ သစ်လွင်နေတုန်းပဲ။

NLD အစိုးရအနေနဲ့ ၂၀၀၈ ဖွဲ့စည်းပုံဥပဒေ ပုဒ်မ ၂၁၇ နဲ့ ပုဒ်မ ၅၉(စ) ကိုတောင် ကျော်နိုင်သေးတာပဲ။ NLD အစိုးရအဖွဲ့ထဲမှာ အလွန်တော်တဲ့ ဥပဒေပညာရှင်တွေရှိသလို အပြင်လောကမှာလည်း ဥပဒေပညာရှင်တွေအများကြီးရှိပါတယ်။ ဒီလိုပဲ နေသွားကြတော့မှာလား။

နောက်တစ်ခု အရေးကြီးတာရှိသေးတယ်။ တော်လှန်ရေးကောင်စီအစိုးရတက်တုန်းက "နိုင်ငံတော်အားနှောင့်ယှက်ဖျက်ဆီးလိုသူများ၏ အန္တရာယ်မှ ကာကွယ်သည့်ဥပဒေကို ၁၉၇၅ ခုနှစ်က ပြဋ္ဌာန်းခဲ့တယ်။ အဲသလို "ဖြောင့်မှန်စွာ တရားစီရင်ရေးကို ဖျက်ဆီးလိုသူများ၏ အန္တရာယ်မှ ကာကွယ်သည့် အထူးဥပဒေကို ပြဋ္ဌာန်းပြီး တရားသူကြီးနဲ့ တရားရုံးဝန်းကျင်၊ တရားစီရင်ရေးမှာ ပါဝင်ပတ်သက်နေသူအားလုံးကို ထိန်းချုပ်တဲ့အထူးဥပဒေကို အမြန်ဆုံးပြဋ္ဌာန်းပေးစေချင်တယ်။

အစ်မကြီးအနေနဲ့ နိုင်ငံတော်ရဲ့ ကောင်းကျိုးကို မျှော်ကိုးပြီး နိုင်ငံရေးလုပ်စားနေသူတွေ၊ စီးပွားရေးအတွက် ဝန်ထမ်းလုပ်စားနေသူတွေ၊ အနိုင်ရပါတီ တို့ပါတီ၊ တက်လာတဲ့အစိုးရ ငါတို့အစိုးရဆိုပြီး လာချဉ်းကပ်တဲ့ ဝိသမလောဘသားတွေ၊ အထက်ဖားအောက်ဖိသမားတွေကို နိုင်နင်းအောင် အုပ်ချုပ်နိုင်ပါမှ အစ်မကြီးက ရည်မှန်းထားတဲ့အချိန်အတွင်း မြန်မာနိုင်ငံဟာ စင်ကာပူကို မီနိုင်မယ်တော့ထင်တာပဲ။ ငါအစ်မကြီးကို သိစေချင်တာတွေကတော့ အဲဒါပါပဲကွာ။

ဘကြီးစာကိုဖတ်ပြီး ဘကြီးရဲ့ဆန္ဒတွေကို သိလိုက်ရပါတယ်။ ဘကြီးဆန္ဒအတိုင်း ဘကြီးပြောတဲ့ အစ်မကြီးသိရအောင် ကျွန်တော်ကတော့ ဆောင်းပါးတစ်ပုဒ်ရေးရတော့မှာပဲ။ ဘကြီးကိုယ်စားရေးပေးတဲ့ ပေးစာဆိုပါတော့ဗျာ။ အင်း - ဒါပေမဲ့ ပြောသာပြော အမောသာအဖတ်တင်မယ်ဆိုရင်တော့ . . .

# ပြည်သူနှင့် ပြည်သူ့ကိုယ်စားပြု ပြည်သူ့ပါတီတို့၏ ယနေ့တာဝန်

## စည်သူမြသန်း

**နိဒါန်း**

ပြောရလျှင် ယနေ့တိကျစွာနှင့် ပစ္စက္ခဒိဋ္ဌရှိနေသော အခြေအနေများကိုရှိနေသည့်အတိုင်းမှန်ကန်စွာသုံးသပ်နိုင်ရန် အရေးကြီးလှစွာသည်ဟု စာရေးသူမြင်သည်။ ထို့ပြင် ဒိဋ္ဌအခြေအနေကိုအတိအကျသိရုံနှင့် လုံလောက်သည်ကားမဟုတ်သေး။

ယနေ့ရှိနေသောအခြေအနေဖြစ်ရပ်သည်မနက် ဖြန်တွင် မည်သို့ဖြစ်ပေါ်လာမည်နည်းဆိုသည်ကိုလည်း ချင့်တွက်နိုင်ရန် လိုအပ်၏။ ထိုသို့ ချင့်တွက် နိုင်ပြီးမှသာလျှင် မိမိတို့၏နိုင်ငံရေးပါတီသည်မှန်ကန်သောနိုင်ငံရေးလုပ်ငန်းရပ်များကို ချမှတ်လုပ်ကိုင်နိုင်မည်မှာ မလွဲသေချာလှသော ဖြစ်စဉ်အရှိတရားပင်ဖြစ်သည်။ ဆိုကြစို့။ နိုင်ငံရေးပါတီဆိုသည်မှာ အခြယ်အလှယ် အဖိနှိပ်ခံ လယ်သမား၊ အလုပ်သမား၊ ပြည်သူတစ်ရပ်လုံး၏ခြယ်လှယ်ဖိနှိပ်ခံဘဝမှလွတ်မြောက်ရေးအတွက် တစ်ခုတည်းသောပါတီဖြစ်သည်။ ပါတီ ၏ကိစ္စသည် ပြည်သူတို့၏ကိစ္စပင်ဖြစ်သည်။ ပါတီ၏ ရန်သူဆိုသည်မှာ ပြည်သူတို့၏ရန်သူသာဖြစ်သည်။ ပါတီ၏မိတ်ဆွေဆိုသည်မှာ ပြည်သူတို့၏မိတ်ဆွေသာဖြစ်သည်။

ပြည်သူလူထုမှာ ကြီးစွာသောဘေးနှင့်ရင်ဆိုင်ရချိန်တွင် ပါတီသည်လည်း ပြည်သူတို့နှယ် ကြီးစွာသောဘေးနှင့် ရင်ဆိုင်လာရ၏။ ပါတီတွင်ဘေးရန် ကြီးမားနေလျှင်ပြည်သူလူထုတွင်လည်းဘေးရန်ကြီးစွာကျရောက်လျက်ရှိမည်။ ထို့ကြောင့် ပါတီသည် မိမိ၏ရန်သူကို တိုက်ခိုက်ခုခံရသည်ဆိုရာ၌ ထိုရန်သူသည်ကား အခြားမဟုတ်။ ပြည်သူတစ်ရပ်လုံးကို ဖိနှိပ်ဘေးပြုနေသည့် ရန်သူကို တိုက်ခိုက်ရခြင်းဖြစ်၏။ ထိုသို့တိုက်ခိုက်ရာ တွင် ပါတီသည်တွေ ဝေယိမ်းယိုင်ခြင်းမရှိအောင် မိမိသည်ရန်သူနှင့် ရင်ဆိုင်ရာတွင် ဘာတွေချို့ယွင်း နေ၍ဘာကြောင့်ခရီးမရောက်သေးသည်ကို မိမိပါတီတွင်းရှာဖွေစစ်ဆေးဖို့လိုအပ်၏။ ထိုသို့ရှာဖွေ စစ်ဆေး ခြင်းသည် ရန်သူအပေါ် အောင်နိုင်လို၍ဖြစ်၏။

သို့မှသာ ကိုယ့်ကိုယ်ကိုယ် ဝေဖန်ရေးဖြင့် ဆေး ကြောပြီးသားရပြီးသောပါတီသည် ရန်သူ၏ချေမှုန်းမှုကို ခုခံတွန်းလှန်နိုင်စွမ်းရှိပေမည်။ ပြောရလျှင် ကိုယ့်ကိုယ်ကိုယ် ဝေဖန်ရေးနှင့် သံမဏိစည်းကမ်းတင်းကျပ်သောမဟုတ်ခဲ့လျှင်ကား ထိုပါတီသည် ကျေပြုန်းမည်။ဝေဖန်ရေးကင်းမဲ့ခြင်း၏ဘေးအန္တရာယ်မှာ ရန်သူကို ကာယကံမြောက် လုပ်ကျွေးပြုစုရာသို့ပင် ရောက်သွားနိုင်သည်။

တစ်နည်းဆိုရသော် ပြည်သူကိုသစ္စာဖောက်မှန်းမသိ သစ္စာဖောက်သလိုဖြစ်သွားပေလိမ့်မည်။ ဆိုရလျှင် ရန်သူကို အထင်သေးခြင်း၊ ကိုယ့်ကိုယ်ကိုယ် အထင်ကြီးရောင့်ရဲနေခြင်း သို့မဟုတ်တွေဝေ ယိမ်းယိုင်၍နေခြင်း၊ ရန်သူအားအကြောက်လွန်နေခြင်း၊ အောက်ခြေအင်အားစုများအတွင်းစည်းလုံး ခိုင်မာမှုလျော့ပါးနေစေခြင်းတို့သည် ပြည်သူတစ်ရပ်လုံးနှင့် ပြည်သူ့အဖွဲ့အစည်းအသီးသီးတို့အား ရန်သူ ၏ ဖိနှိပ်မှုခြေဖဝါးအောက်သို့ ထိုးအပ်သွတ်သွင်းပေးလိုက်ရာရောက်ပေမည်။

အချို့ပြည်သူ့အရေးဖြစ်ပါလျက် မိမိတို့အားကိုး သော ပြည်သူ့ပါတီသည် ထိုအရေးကို ထိရောက်စွာဆောင်ရွက်နိုင်ရန်ဝေးစွ၊ မိမိတို့အား 'ထိုး'နေသော လက်ညှိုးကိုလွတ်အောင်ရှောင်နေကြရခြင်းကို ခုကာလ နိုင်ငံရေး အရေးအခင်းအချို့မှာ တွေ့နေရသည်။ အဓိကအမျိုးသားညီညွတ်ရေးတည်ဆောက် မှုလုပ်ငန်းကို သပ်လျှိုဖျက်ဆီးမှုများမရှိဟု ပြော၍မရ။ သို့သော် လက်နက်ကိုင်အဖွဲ့များ၊ ပစ်ခတ် ရှောင်ကွင်းခြင်းမရှိဘဲ ညီညွတ်ရေးခေါ်ရုံနှင့် ညီညွတ်ရေးမရနိုင်။

ဖိနှိပ်သွေးခွဲခြင်း၊ ဒီမိုကရေစီလူ့အခွင့်အရေးများကို ပြည်သူနှင့်အတူ ပြည်သူ့လှုပ်ရှားမှုဖြင့် မတားဆီးနိုင်ခဲ့လျှင် အမျိုးသားညီညွတ်ရေးတည်ဆောက်ရန် အောင်မြင်နိုင်လိမ့်မည်မဟုတ်။ ထို့ကြောင့် ယနေ့ပြည်သူတွင် ကျန်ရှိသော လက်ကျန်ယနေ့ဖိနှိပ်မှုများကို စနစ်တကျညီညွတ်တားဆီးနိုင်မှသာလျှင် အမျိုးသားညီညွတ်ရေးအတွက် အခွင့်အလမ်းသာနိုင်မည်။

**နိဂုံး**

ထို့ကြောင့် ယနေ့ပြည်သူတို့၏တာဝန်မှာ တစ်ဖက်စောင်းနင်း ဖိနှိပ်မှုဟုထင်ရသော တိုက်ပွဲကိစ္စရပ်များကို ပြည်သူ့အင်အားဖြင့်ခုခံတားဆီးရင်း အမျိုးသားညီညွတ်ရေးဆီ ဦးတည်သွားရမည်။ ထိုတာဝန်ကိုထမ်းဆောင်ရန် ပြည်သူ့ကိုယ်စားပြုအဖွဲ့ အစည်းများကား မိမိတို့၏ပြတ်သားကြံ့ခိုင်မှုကို တည်ဆောက်သွားရမည်ဖြစ်ကြောင်း မြင်ပါသတည်း။

The HOT NEWS
Vol - 7, No - 328, Jan 13 - 19, 2017

# မျက်စိကိုဖွင့် နားကိုစွင့်၍ ထိန်းသိမ်းရမှာ ပြည်သူတို့တာဝန်ပါ

## စောကျော်အေး(ပန်းဘဲတန်း)

"အစိုးရ. . . အစိုးရဆိုတာ သိပ်လည်း အထင်ကြီးမနေနဲ့ သူတို့တောင် ပြည်သူကကျွေးလို့ ထမင်းစားနေရတာ" အဲဒါက စာပေဟောပြောပွဲတစ်ခုမှာ ဆရာကြီးဦးအောင်သင်း ပြောသွားတဲ့ မှတ်သားစရာတစ်ခုပါ။ အစိုးရအဖွဲ့ဝင်တွေဟာ ပြည်သူက အခွန်ပေးဆောင်ထားတဲ့ ငွေတွေကို ရာထူးအဆင့်အလိုက် ခံစားနေသူတွေပါ။ အလုပ်တာဝန်ကို လုပ်သည်ဖြစ်စေ၊ မလုပ်သည်ဖြစ်စေ လုပ်ချင်ယောင်ဆောင်နေသည်ဖြစ်စေ၊ ခွင့်ခံစားနေသည်ဖြစ်စေ၊ ဆေးရုံတက်ရောက် ကုသမှု ခံယူနေသည်ဖြစ်စေ အစိုးရအဖွဲ့ဝင်ဖြစ်နေသ၍၊ လွှတ်တော်ကိုယ်စားလှယ် ဖြစ်နေသ၍၊ အစိုးရတာဝန်ထမ်းဆောင်နေသ၍ ကာလပတ်လုံး လစာ၊ စရိတ်၊ အိမ်၊ ကား၊ စက်သုံးဆီ၊ ပရိဘောဂ၊ ဆေးကုစရိတ်၊ခွင့်စသည့်ဖြင့် ရသမျှ ခံစားနေကြရပြီး ဖွဲ့စည်းပုံအရ ယာဉ်မောင်းမှအစ လက်အောက်ငယ်သားအဆင့်ဆင့်ကိုလည်း အဆင့်လိုက် ရရှိမှာဖြစ်ပါတယ်။

အဲဒီလို ပြည်သူ့လစာ စားပြီး ပြည်သူ့စကားနားထောင်၊ပြည်သူ့အတွက် တာဝန်ကျေရင်တော့ ပြည်သူကလည်း ကြည်ဖြူမှာပဲ။ ဒါပေမဲ့ အချိန်ပြည့်ရင်ပြီးရော နိုင်ငံခြားသွားလိုက်၊ ဘုရားဖူးလိုက်၊ အစည်းအဝေးထိုင်လိုက်၊ အခမ်းအနားတွေမှာအမှာစကားလေးပြောလိုက်၊ရုပ်မြင်သံကြားလွှင့်ဖို့ အရိုက်ခံလိုက်၊ အပေါ်က ညွှန်ကြားတာကို အောက်ကို ဆက်ညွှန်ကြားလိုက်၊အောက်က တင်ပြတာကို ဆိုင်းငံ့ပုံးထဲ ထိုးထည့်လိုက်ဆိုရင်တော့ ပြည်သူ့ငွေတရားဝင်ခိုးစားတဲ့ သူခိုးအကြီးစားပါပဲ စသည်ဖြင့် Bullet ဂျာနယ် အတွဲ (၁)၊ အမှတ် -၂၁ မှာ "အစိုးရဆိုတာ အငှားနွားကျောင်းသားပါ" ခေါင်းစဉ်နဲ့ ဆောင်းပါးရှင် လှတင့်ဆွေ (ပိန်းဇလုပ်) ရဲ့ ဆောင်းပါးကို ဖတ်ရသည်။ ဤသို့ ဖတ်ရသဖြင့် အစိုးရ ရာထူးအာဏာ ပါဝါရရှိသူတွေရဲ့ "ရပိုင်ခွင့်" တွေကို ပြည်သူတွေသိရှိနားလည်ခွင့် ရကြပြီး အသိဉာဏ်တိုးစေသဖြင့် ဆောင်းပါးရှင်ကို ကျေးဇူးတင်ကြမှာဖြစ်ပါတယ်။

ဒါကြောင့်လည်း ဒီရပိုင်ခွင့်တွေကို ရှေးဦးမစွကြိုတင်သိရှိထားကြတဲ့ လူအတော်များများဟာ ရာထူးအာဏာ ပါဝါတွေကို မက်မောပြီး ထိုရပိုင်ခွင့် ရာထူးအာဏာပါဝါတွေ ရရှိနိုင်တဲ့ နိုင်ငံရေးနယ်ပယ်ထဲ ဝင်လာကြသူတွေကို စာရေးသူအနေနဲ့ကတော့ လွန်ခဲ့သည့် ၁၉၇၄ ခုနှစ် နှစ်ပေါင်း ၄၀ ကျော် လမ်းစဉ်ပါတီခေတ်မှာ လေ့လာတွေ့ရှိခဲ့ရပါတယ်။ ဖြစ်စဉ်က ဒီလိုပါ။ ၁၉၇၄ ခုနှစ် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်အရ ပထမအကြိမ် ပြည်သူ့လွှတ်တော်နှင့် ပြည်သူ့ကောင်စီ အဆင့်ဆင့် ဒုတိယအကြိမ် အစည်းအဝေးမှာ ပါတီဥက္ကဋ္ဌ ဦးနေဝင်းက -

**"တစ်ဆက်တည်းပြောချင်တာကတော့ ကျွန်တော်တို့ စာတွေ တော်တော်များများ ရတယ်။ ကိုယ်စားလှယ်လောင်း (လွှတ်တော်ကိုယ်စားလှယ်) ပေါ့လေ။ သူလည်း လုပ်ချင်ပါတယ်။ ငါလည်း လုပ်ချင်ပါတယ်ဆိုပြီးတော့၊ အဲဒီတော့ ဆောင်ရွက်ချင်တဲ့ ပုဂ္ဂိုလ်တွေကတော့ အများကြီးပဲ။ ကျွန်တော်တို့ နားလည်ထားရမှာက ကိုယ်ဆောင်ရွက်ချင်တယ်ဆိုပေမယ်လို့လည်း ပြည်သူအများက လက်ခံဦးမှ။ အဲဒီတော့ ကျွန်တော်တို့ အနေနဲ့ ခုလုပ်ရတာဟာ ကျွန်တော်တို့ သဘောနဲ့လည်း မပြီးဘူး။ လူထုက လက်ခံတဲ့ ကိစ္စဖြစ်မှပြီးမှာကြောင့်မို့လို့ လူထုက လက်ခံနိုင်မယ်လို့ ထင်တဲ့လူကို ကျွန်တော်တို့ အတတ်နိုင်ဆုံး ကြိုးစားပြီးတော့ လုပ်ထားတာပဲ။ အဲဒီတော့ ကိုယ်မပါရကောင်းလားဆိုပြီးတော့ စိတ်ကောက်နေစရာလည်း မလိုဘူး။ စိတ်ခုနေစရာလည်း မလိုဘူး။ ဘယ်နေရာမှာပဲဆောင်ရွက်ရ၊ ဆောင်ရွက်ရ တိုင်းပြည်အကျိုးကို တကယ် သယ်ပိုးချင်ပါတယ် ဆိုလို့ရှိရင် ကိုယ်စားလှယ်ဖြစ်မှ မဟုတ်ဘူး။ အခြားအဖွဲ့အစည်းတွေမှာလည်းပဲ ပါစရာတွေ ရှိပါသေးတယ်။ ကိုယ်ဆိုင်ရာ ဒေသအလိုက် လုပ်ငန်းတွေမှာ အားကြိုးမာန်တက်လုပ်ရင် ပြီးနိုင်ပါတယ်"** ဟူ၍ ဖိုးလုပ်ချင်သူတို့အတွက် ဤသို့ နှစ်သိမ့်စကားပြောကြားခဲ့သည့် ဖြစ်စဉ်များကို လေ့လာတွေ့ရှိခဲ့ရပါတယ်။

အခုတစ်ဖန် ရာထူး အာဏာပါဝါ မက်သောသူ ဖိုးလုပ်ချင် တို့ရဲ့ ဖြစ်ရပ်များကို လေ့လာတွေ့ရှိနေရပြန်ပါတယ်။ ဒါကြောင့်လည်း NLD ဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည်က ဆိုက်ကားဆရာကြီးများနဲ့ တွေ့ဆုံပွဲမှာ မှန်ကန် ထိရောက်တဲ့ စကားဖြစ်တဲ့ **"တစ်နိုင်ငံလုံးအတွက် စဉ်းစားကာ ပါဝင်လာသည့် ဆိုက်ကားဆရာကြီးများရဲ့ စိတ်ဓာတ်ဟာ အချို့သော ကိုယ်စားလှယ်လောင်းတွေရဲ့ စိတ်ဓာတ်ထက် ပို၍ သာလွန်ကြောင်း"** သူ၏ တွေ့ရှိခံစားရမှုကို တော်ဝင်နှင်းဆီခြံ၌ ဆိုက်ကားဆရာကြီးများနှင့် တွေ့ဆုံပွဲတွင် ထည့်သွင်းပြောကြားခဲ့သည့်အပြင် ၂၀၁၆ ခုနှစ် ၆၈ နှစ်မြောက်လွတ်လပ်ရေးနေ့ NLD ရုံးချုပ်၌ ကျင်းပသည့်အခမ်းအနားတွင်လည်း -

**"ကျွန်မလေ မပြောဘဲ မနေနိုင်လို့ ပြောရတော့မယ်။ ဝန်ကြီးလုပ်ချင်တဲ့လူတွေ တော်တော်မှ ကျွန်မ မကြိုက်ဘူး။ ဝန်ကြီးလုပ်ချင်တယ်ဆိုတာ မတတ်သာလို့၊ တာဝန်ပေးလို့ လုပ်ရတဲ့ ကိစ္စဖြစ်ပါတယ်။ နောက်တစ်ခါ ဝန်ကြီးလုပ်ချင်လို့ စာရေးပြီး တောင်းတဲ့လူတွေကို စည်းမျဉ်းစည်းကမ်းအရ အရေးယူမယ်ဆိုတာ ဒီကနေ ပြောပါရစေ။ ဝန်ကြီးဆိုတဲ့ နေရာကို အလုပ်လုပ်နိုင်တဲ့ သူတွေကို ပေးမှာပါ။** NLD **အဖွဲ့ဝင်မို့လို့ ပေးမယ်ဆိုတာ မဟုတ်ပါဘူးဆိုတာ ကျွန်မ ဒီနေရာက ပြောပါရစေ"** လို့ ပြောခဲ့ရတာကိုလည်း လေ့လာတွေ့ရှိ ရပါတယ်။

ဒီဖြစ်စဉ် ဖြစ်ရပ်တွေကို လေ့လာကြည့်ခြင်းအားဖြင့် နိုင်ငံရေးနယ်ပယ်တွင်းကို (အားလုံးကို မဆိုလို) လူအတော်များများဟာ တိုင်းပြည်နဲ့ လူမျိုး ပြည်သူတို့ အကျိုးစီးပွားအတွက် နိုင်ငံရေးကို လုပ်ခြင်းထက် ရာထူးအာဏာပါဝါ (ရပိုင်ခွင့်)များ ရယူပြီး မိမိ အကျိုးစီးပွားဖြစ်ဖို့ ဆောင်ရွက်လိုသူများဟာ တစ်ချိန်ကလည်း ရှိခဲ့ကြပါတယ်။ အခုတိုင်လည်း ရှိနေပြီး နောင်ကာလများမှာလည်း ရှိနိုင်တာမို့ အများပြည်သူ အကျိုး သည်ပိုးလိုတဲ့ဟန်နဲ့ သူ့အကျိုး သူလုပ်သွားမည့်လူမျိုး လုံးဝ (လုံးဝ) မပါရှိလေအောင် ပိတ်ပင်တားဆီးကြပြီး အကြောင်းအမျိုးမျိုးနဲ့ တိုင်းတစ်ပါး နိုင်ငံခြားရဲ့ လက်ပါးစေဖြစ်နေတဲ့ လူမျိုးတွေ မပါရှိအောင် တားဆီးထိန်းသိမ်း ကာကွယ်သွားနိုင်ကြဖို့ ပြည်သူအားလုံးဟာ မျက်စိကိုဖွင့် နားကိုစွင့်ပြီး အမြဲသတိအစဉ်ရှိကြလျက် စောင့်ကြည့်ထိန်းသိမ်းသွားကြဖို့ လိုအပ်ပါကြောင်း လေ့လာတင်ပြ ရေးသားလိုက်ရပါတယ်။

# ဝေဖန်မှုကို မကြိုဆိုချင်ရင် ပြည်သူ့အစိုးရလို့ မပြောနဲ့တော့

## ဇော်မြင့်

ဒီစာစုကိုရေးရခြင်းဟာ ကျွန်တော်ရဲ့ လေးစားချစ်ခင်အားထားမိပါသော ပြည်သူ့ကိုယ်စားလှယ် အမတ်တစ်ယောက်ကကျွန်တော့်စာတွေအပေါ်ဖြစ်ပွားနေတဲ့ ထင်မြင်ချက်ကြောင့်ပါ။ အဲဒီအမတ်ဟာ ကျွန်တော်နဲ့အတူ အာဏာရှင်ကိုတိုက်ဖော်တိုက်ဖက်၊ ထောင်ကျဖော်ကျဖက်သူငယ်ချင်းလည်းဖြစ်တာကြောင့် 'ပင်နီရောင်လွှတ်တော်ထဲက သူငယ်ချင်းရေ' ဆိုတဲ့ ခေါင်းစဉ်လေးတွေနဲ့ ဆောင်းပါးတွေရေးဖြစ်တဲ့အထိ လေးစားချစ်ခင်သံယောဇဉ်ဖြစ်ရသူ သူငယ်ချင်းတစ်ယောက်ပါ။ ဒီလိုသူငယ်ချင်းမျိုးက ကျွန်တော့်စာတွေအပေါ် 'ခင်ဗျားဆောင်းပါးတွေက အင်န်အယ်လ်ဒီကို Attack လုပ်နေတာပဲ' လို့သုံးသပ်ပြောဆိုလိုက်တာကြောင့် ကျွန်တော်တကယ်ပဲ စိတ်မကောင်းဖြစ်ခဲ့ရပါတယ်။ ကျွန်တော်သူ့ကို 'လွဲနေတာတွေများလွန်းလို့မရေးမဖြစ်ရေးရတာပါ'လို့ပဲ တုံ့ပြန်ခဲ့ပါတယ်။

ဒီလိုနိုင်ငံရေးအကျဉ်းသားဟောင်းတစ်ယောက်ကတောင်ဝေဖန်မှုကို မျက်မှန်စိမ်းနဲ့ ကြည့်တတ်တယ်ဆိုရင်နိုင်ငံရေးကိုယ်ခံအားမရှိတဲ့ သာမန်အရပ်သား၊ ပညာရှင်၊ ကျောင်းဆရာ၊ ဒေါက်တာဘဝတွေကနေ နိုင်ငံရေးဆိုတာကို နကန်းတစ်လုံးမှမသိဘဲ အမတ်ဖြစ်လာတဲ့သူတွေက နိုင်ငံရေးလေ့လာသုံးသပ်ချက်တွေရေးတဲ့ မီဒီယာတွေကို ဓားနဲ့တောင်ခုတ်ချင်နေမလားမသိဘူးလို့တွေးမိပါတယ်။ ကျွန်တော်တို့ ဝေဖန်သုံးသပ်ချက်တွေရေးတယ်ဆိုတာနာမည်ကြီးချင်လို့လည်းမဟုတ်ဘူး။ စာမူခလိုချင်လို့လည်းမဟုတ်ဘူး။ တိုင်းပြည်နဲ့ လူထုအတွက်ထိခိုက်နစ်နာမှုတွေ မရှိစေချင်လို့အမြင်မတော်တဲ့ ဆင်ပေါ်က ခလောက်တွေကိုထောက်ပြဝေဖန်နေရခြင်းပဲဖြစ်ပါတယ်။ ၂၀၁၀ ရွေးကောက်ပွဲနဲ့ တက်လာပြီး ၂၀၀၈ ဖွဲ့စည်းပုံကိုပလ္လင်ပြုကာဖင်ခုထိုင်ခဲ့တဲ့ဦးသိန်းစိန်စစ်တစ်ပိုင်း အစိုးရလက်ထက်ကတောင်မီဒီယာတွေရဲ့ ဝေဖန်ထိုးနှက်မှုတွေကို ခါးခါးတူးတူးမတုံ့ပြန်ခဲ့ပါဘူး။ ပြန်မပြောနားမထောင်အစိုးရလို့ပြောလို့ရပေမဲ့ လွတ်လပ်စွာပြောရေးဆိုခွင့်ရေးသားထုတ်ဝေဖြန့်ချိခွင့်တွေကိုတော့ ထင်ထင်ရှားရှားပေးခဲ့ပါတယ်။ ၆၆ (ဃ) ကို ဖန်တီးထားပေမဲ့ သူတို့အတွက်အန္တရာယ်ရှိတယ် ထင်ရတဲ့ နိုင်ငံရေးသမားတွေလောက်ကိုပဲ အဲဒီ လက်နက်သုံးခဲ့တာပါ။

အခုအစိုးရကတော့ ဒီပုဒ်မကို ကိုင်စွဲပြီးဟောတစ်ယောက်၊ ဟောတစ်ယောက်နဲ့ ပြောမလောက်အောင်အရေးယူနေတာကိုတော့ ဘယ်လိုသဘောပေါက်ရမှန်းတောင်မသိတော့ပါဘူး။ အုပ်ချုပ်ရေးပိုင်း တရားစီရင်ရေးပိုင်းတွေမှာမရောင်ရာဆီလူးစီမံခန့်ခွဲမှုတွေနဲ့ ပိုင်ရှင်မဲ့အမှုအခင်းတွေ၊ မျက်နှာကြီးရာဟင်းဖတ်ပါတရားစီရင်မှုတွေ မှိုလိုပေါက်နေသလိုဥပဒေပြုရေးအပိုင်းမှာလည်း ရုပ်အကျီအရောင်ကွဲတာလောက်ကို ရေးကြီးခွင်ကျယ်လုပ်ပြီး ပြည်သူအတွက် လိုအပ်တဲ့ မေးခွန်းမျိုးတွေမှာကျတော့ အစိုးရ အကျပ်အတည်းဖြစ်စေမယ့်မေးခွန်းမမေးရဆိုတာမျိုးဟာ လေ့လာသုံးသပ်သူတွေအတွက် မျက်စိစပါးမွေးစူးစရာဖြစ်လှပါတယ်။ ကိုယ့်ကျင့်တရားရော၊ ကိုယ်စားလှယ်ကျင့်ဝတ်ရောဖောက်ဖျက်ကျူးလွန်ထားတဲ့ အမတ်အချို့ရဲ့အကြောင်းအရာတွေဟာ လယ်ပြင်ကဆင်လိုထင်ရှားနေပါလျက်နဲ့ အပြစ်ယူရလောက်အောင်ကြီးကြီးမားမားမတွေ့ပါဘူးဆိုတဲ့ ပါတီထိပ်တန်းခေါင်းဆောင်ကြီးရဲ့ စကားကလည်း ဝေဖန်ထောက်ပြစရာကောင်းနေပြန်ပါတယ်။ ဥပဒေနဲ့ ညွှန်ကြားချက်တွေကို ဖောဖောသီသီထုတ်ပြန်တတ်တဲ့ တိုင်းဒေသကြီးဝန်ကြီးချုပ်တစ်ယောက်ကလည်း မကြာခဏဆိုသလိုအခုစာကလေးကြော်၊ အခုဆီထမင်းလုပ်တတ်ပါတယ်။ ပြည်သူလူထုတစ်ရပ်လုံးက သူတို့ရဲ့အကြီးမားဆုံးအကျပ်အတည်းဖြစ်တဲ့ ကုန်ဈေးနှုန်းကိစ္စနဲ့ အလုပ်အကိုင်အခွင့်အလမ်းကိစ္စတွေကို ဒီနေ့ပဲဖော်ဆောင်နိုးနိုး၊ မနက်ဖြန်ပဲပြေလည်နိုးနိုးမျှော်ကိုးနေကြတဲ့အချိန်မှာ တော်ကြာဘတ်စ်ကားစီးပြလိုက်၊ တော်ကြာတံမြက်စည်းလှည်းပြလိုက်လုပ်နေတာကလည်း ရယ်ချင်ပက်ကျိဖြစ်မိစရာပါပဲ။ ထားပါတော့။ ၂၀၁၇ ခုနှစ်ဟာ ၂၀၁၆ ရဲ့ ဆိုးမွေကောင်းမွေကိုလက်ခံသယ်ဆောင်ခဲ့ရပြီဖြစ်တဲ့အတွက် ဒီနှစ်တော့ဖြင့် အင်န်အယ်ဒီအစိုးရရဲ့ စွမ်းစွမ်းတမံပြကွက်တွေကို တွေ့မြင်ရတော့မယ်လို့ပြည်သူတွေက မျှော်လင့်နေပြီဖြစ်ပါတယ်။ အင်န်အယ်ဒီအနေနဲ့လည်း ဖွဲ့စည်းပုံအကျပ်အတည်းနဲ့ အခြားစိန်ခေါ်မှုတွေကို ရင်ဆိုင်ရင်းအပတ်တကုပ်ကြိုးပမ်းရတော့မယ်ဆိုတာ လေ့လာသူတွေက သဘောပေါက်ထားပါတယ်။

ဒီနေရာမှာ အာဏာအလုံးစုံကို တစ်စုံတစ်ယောက်ရဲ့ လက်ထဲမှာပဲ အသေဆုပ်ကိုင်ထားပြီး အောက်ခြေကပကတိတရားတွေနဲ့ ကင်းကွာတဲ့ အမိန့်တွေ၊ အာဏာတွေသုံးမိဦးမယ်ဆိုရင်သံတူကြောင်းကွဲအာဏာရှင်စနစ်ပဲဖြစ်လိမ့်မယ်ဆိုတဲ့ အယူအဆကိုလည်း မမေ့ဖို့တော့လိုပါတယ်။ နိုင်ငံကောင်းဖို့ဆိုရင် တစ်ဦးကောင်း၊ တစ်ယောက်ကောင်းနဲ့ အုပ်ချုပ်နေလို့မရဘူးဆိုတာကိုလည်း အမျိုးသားခေါင်းဆောင်ကြီးဗိုလ်ချုပ်အောင်ဆန်းကပြောခဲ့ပြီးသားဖြစ်ပါတယ်။ လက်သန်းတွေမင်စွန်းခံပြီး သူတို့ဘဝတွေပြောင်းလဲဖို့မဲပေးလိုက်တဲ့ ပြည်သူတွေဟာ အစိုးရ၊ လွှတ်တော်နဲ့အုပ်ချုပ်ရေးယန္တရားအားလုံးက နိုင်ငံတော်နဲ့ နိုင်ငံသားတို့ရဲ့ အကျိုးစီးပွားအတွက် တက်ညီလက်ညီလှော်ခတ်ကြလိမ့်မယ်လို့မျှော်လင့်ခဲ့တာပါ။ တစ်နှစ်သားလွှတ်တော်နဲ့ ဆယ်လသား အစိုးရလက်ထက်မှာ အရင်အစိုးရတွေနဲ့ တူတဲ့လုပ်ရပ်တွေ၊ အပြောအဆိုတွေ၊ အကျင့်အကြံတွေ တွေ့ရှိလာရတဲ့အခါမဲဆန္ဒရှင်ပြည်သူတွေဟာ အတော်လေးကိုစိတ်မသက်မသာဖြစ်လာရပြီဖြစ်ပါတယ်။ ဒါတွေကို ဝေဖန်ထောက်ပြသတိပေးရဦးမှာကလည်း မီဒီယာတွေရဲ့တာဝန်ဖြစ်ပါတယ်။

အချုပ်ဆိုရရင်တော့ဆိုခဲ့ပါအချက်တွေအရ ကိုယ့်ပေါင်ကိုယ်ခတ်ဖွဖွလေးထောင်းရင်းအင်န်အယ်ဒီရဲ့ ရှေ့ခရီးနဲ့ တိုင်းပြည်ကောင်းကျိုးအတွက်ဆက်လက်ဝေဖန်ထောက်ပြရေးသားရဦးမှာဖြစ်ကြောင်းနဲ့ အကယ်၍များဝေဖန်မှုကိုမကြိုဆိုချင်ရင်တော့ ပြည်သူ့အစိုးရလို့မပြောပါနဲ့တော့လား။ ပင်နီရောင်လွှတ်တော်ထဲကသူငယ်ချင်းရေလို့ပဲပြောချင်ပါတော့တယ်။

The HOT NEWS
Vol - 7, No - 328, Jan 13 - 19, 2017






# ဆက်သွယ်ရေး ဥပဒေပုဒ်မ ၆၆(ဃ) အမြန်ပြင်ဆင်ရေး

သည်တစ်ပတ် **"နိုင်ငံသား စကားဝိုင်း"** မှာ **"ဆက်သွယ်ရေး ဥပဒေပုဒ်မ ၆၆ (ဃ)"** အမြန်ပြင်ဆင်ရေးနဲ့ ပတ်သက်ပြီး ရှေ့နေ ဦးနိုင်အောင်ဦး၊ ငံပြာရည်၊ ငါးပိကုန်သည် ကိုနိုင်နိုင်း၊ ဗကသ ဝင်(ဟောင်း) ကိုသားထွေးတို့ဆွေးနွေးထားပါတယ်။

**နိုင်နိုင်း**။ ။ပြည်ခိုင်ဖြိုးလက်ထက် ပုဒ်မတွေထဲမှာ ပုဒ်မ ၆၆ (ဃ) က အုပ်စိုးသူ အလိုကျရေးဆွဲခဲ့တာဆို ဆရာ။

**ရှေ့နေ**။ ။ဥပဒေတစ်ရပ် ရေးဆွဲရင် အာဏာပိုင် အလိုကျ ရေးဆွဲတာချည်းပဲ။ ပုဒ်မ ၁၈ ငြိမ်း၊ စု၊ စီတို့၊ ပုဒ်မ ၄၃၆ တပ်မတော်သား ကိုယ်စားလှယ်တို့ဆိုတာ ပြည်သူတွေက ရေးဆွဲတာမဟုတ်ဘူး။ သည်လိုပဲ ၂၀၁၃ ခုနှစ် အောက်တိုဘာ ၈ ရက်မှာ စတင်ပြဋ္ဌာန်းခဲ့တဲ့ ဆက်သွယ်ရေး ပုဒ်မ ၆၆(ဃ) ကို လပေါင်း ၃၀ အတွင်းမှာ ၇ မှု၊ ပြစ်ဒဏ်ကျခံသူ ၅ ဦးသာ ရှိခဲ့ရာမှ အင်အယ်ဒီ အစိုးရလက်ထက် ဧပြီ ၁ ရက်မှ ဒီဇင်ဘာအထိ သက်တမ်း ၉ လ အတွင်း တရားစွဲဆိုမှု ၃၈ မှုထိရှိခဲ့ပြီး ပြစ်ဒဏ်ကျခံရသူ ၅ ဦး၊ ဖမ်းဆီးချုပ်နှောင်ခံရသူ ၁၅ ဦး၊ အာမခံရသူ ၂၀ ဦးရှိတယ်။

**သားထွေး**။ ။အာမခံရခြင်း၊ မရခြင်းက ပုဒ်မ ၆၆(ဃ) မှာ ဘယ်လို ကွဲပြားနိုင်သလဲဆရာ။

**ရှေ့.နေ**။ ။ပုဒ်မ ၆၆(ဃ) မှာ အာမခံရခြင်း၊ မရခြင်းဆိုတာ အာဏာရှိသူက အရေးယူ တရားစွဲဆိုတာဆိုရင် ဖမ်းဆီးခံရပြီး မရှိသူဆိုရင် အာမခံရတယ်။လိုရာဆွဲသုံးနိုင်တဲ့ဥပဒေလို့ဝေဖန်ခံ ရတယ်။

**နိုင်နိုင်း**။ ။ယခင် ပြည်ခိုင်ဖြိုးအစိုးရလက်ထက် ၂၀၀၈ ဖွဲ့စည်းပုံ ဥပဒေပြင်ဖို့ မတရား ရေးဆွဲထားတဲ့ ဥပဒေပြင်ဆင်ဖို့ တက်ရောက်လာတဲ့ အင်အယ်ဒီက (Change) ပြောင်းလဲသင့်ပြီဆိုတဲ့ အသံမကြားရတော့ပါလားဆရာ။

**ရှေ့နေ**။ ။ယခင်အစိုးရလက်ထက် အမျိုးသား ဒီမိုကရေစီ ပါတီသစ် ဥက္ကဋ္ဌ လွှတ်တော် အမတ်ဟောင်း ဦးသိန်းညွန့် ပြောဖူးတယ်။ စစ်တပ်က အာဏာသိမ်းပြီး ပြန်လည်ရေးဆွဲမှ ၂၀၀၈ ဖွဲ့စည်းပုံ ဥပဒေပြင်ဆင်လို့ ရမယ်တဲ့။ သည့်နောက် ပုဒ်မ ၆၆ (ဃ)က လက်ရှိအစိုးရ အကာအကွယ်ရထားတော့ ယခင် ပြင်မယ်ဆိုထားတာ မပြင်ဖြစ်ဘူးပေါ့။

**နိုင်နိုင်း**။ ။ပုဒ်မ ၆၆(ဃ) က အာဏာရှင်တို့ရဲ့ ထွက်ကုန်လို့ နိုင်ငံတကာက သိထားပြီး ဒေါက်တာ ညိုညိုသင်းက ထောက်ပြထားတယ်ဆို ဆရာ။

**ရှေ့နေ**။ ။ဟုတ်ပါတယ်။ နိုင်ငံတကာက ပုဒ် ၆၆(ဃ) ဟာ အာဏာရှင်တို့ရဲ့ ထွက်ကုန်ဖြစ်ပြီး နိုင်ငံတကာ လှည့်ပြီး ရင်းနှီးမြှုပ်နှံမှု ဆွဲဆောင်နေတဲ့ ဒေါ်အောင်ဆန်းစုကြည် အနေနဲ့ သူ့ကို ကူညီစေချင်ရင် ပုဒ်မ ၆၆ (ဃ) ကို ဖျက်သိမ်းရမယ်လို့ ဒေါက်တာ ညိုညိုသင်း (လွှတ်တော်ကိုယ်စားလှယ်ဟောင်း) ကဖေ့ဘုတ်မှာဆိုတယ်။

**သားထွေး**။ ။ယခုစပြီး အသက်ဝင်လာတဲ့ ပုဒ်မ ၆၈ (က) ကဘာကိုဆိုလိုတာလဲ ဆရာ။

**ရှေ့နေ**။ ။ပုဒ်မ ၆၈ (က) မှာ မည်သူမဆို အောက်ပါပြုလုပ်မှု တစ်ရပ်ကို ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်း ခံရရင် တစ်နှစ်ထက် မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမယ် လို့ ပြဋ္ဌာန်းထားပြီး မမှန်ကန်သော သတင်းအချက်လက်ကို မရိုးမဖြောင့်တဲ့ သဘောနဲ့ ဆက်သွယ်ခြင်း၊ ဖမ်းယူခြင်း၊ ပို့လွှတ်ခြင်း၊ ဖြန့်ချိခြင်း၊ ပေးဝေမျှခြင်း (သို့) ပါဝင်ဆောင်ရွက်ခြင်း ဆိုထားပါတယ်။

**နိုင်နိုင်း**။ ။ပြည်ခိုင်ဖြိုး အစိုးရလက်ထက် အရေးယူခဲ့မှုတွေ ပြောပြပါဦးဆရာ။

**ရှေ့နေ**။ ။ပုဒ်မ ၆၆(ဃ)က တရားစွဲဆို ဖမ်းဆီးခဲ့ကြရာမှာ တရားခံလို့ သတ်မှတ်သူဘက်က အတော်နစ်နာတယ်။ ကာ/ချုပ်ပုံကို ခြေထောက်နဲ့နင်းပြီး လူမှုကွန်ရက်တင်ခဲ့တယ်ဆိုတဲ့ ကိုဇော်မျိုးညွန့်။ ကာချုပ်ပြောင်းလိုက်တဲ့အင်္ကျီအရောင်ကို၊ ဒေါ်အောင်ဆန်းစုကြည်ရဲ့ဘထီအရောင်နဲ့နှိုင်းပြီးသရော်ခဲ့တဲ့ မချောစန္ဒီထွန်း၊ 'ပုံရိပ်' အမည်ကဗျာရေးသားပြီး သမ္မတဦးသိန်းစိန်ကိုဝေဖန်တဲ့ကဗျာဆရာမောင်ဆောင်းခ၊ ကာ/ချုပ် ပုံခြေထောက်နင်းထားတဲ့ post ကိုတင်တယ်ဆိုတဲ့ ဦးခွန်ဂျာလီ၊ ဒေါ်အောင်ဆန်းစုကြည်ကို မလျော်ကန်တဲ့ ပုံတွေနဲ့ အပုပ်ချဖေ့ဘုတ် တင်ခဲ့တဲ့ ဦးသန်းထွန်းတို့ ထောင်ဒဏ် ၆ လမှ ၁ နှစ်ထိ ပြည်ခိုင်ဖြိုးလက်ထက်ကပေးခဲ့တယ်။

**သားထွေး**။ ။လက်ရှိ အင်အယ်ဒီလက်ထက် ဘယ်လောက်ထိ တရားစွဲဆိုထားကြ သလဲဆရာ။

**ရှေ့နေ**။ ။လက်ရှိ အင်အယ်ဒီ လက်ထက် ဆက်လက်တရားစွဲဆိုနေပြီး ရန်ကုန်တိုင်း ဒေသကြီးအတွင်းမှာ ပုဒ်မ ၆၆(ဃ) နဲ့ တရားစွဲဆိုတဲ့ အမှုပေါင်း ၁၀၀ လောက်ထိ ရှိနေတယ်လို့ ရန်ကုန်တိုင်း ရဲတပ်ဖွဲ့ရဲ့ ထုတ်ပြန်ချက်အရ သိရပါတယ်။ ဆက်သွယ်ရေးဆိုင်ရာ (ဥပဒေ) သုတေသနအဖွဲ့ ထုတ်ပြန်ချက်အရ ပုဒ်မ ၆၆(ဃ) အသက်ဝင်လာချိန်မှာ ၂၀၁၆ ဒီဇင်ဘာ ၂၃ ရက်ထိ တရားရုံးမှာ တရားစွဲဆို အမှုပေါင်း ၄၈ မှုရှိနေပြီး တိုင်ကြားသူသာရှိကာ တရားခံမဖော်ထုတ်နိုင်သေးတဲ့ အမှုတွေ။ ရဲစခန်းမှာတင် အမှုပိတ်သိမ်းတဲ့ အမှုတွေ ထည့်သွင်းတွက်ချက်ထားခြင်းမရှိဘူးလို့ ဆိုပါတယ်။

**နိုင်နိုင်း**။ ။"ဝန်ကြီးချုပ်နဲ့ ဒေါ်လာသိန်းချီတန်တဲ့ နာရီ" အကြောင်း ဖေ့ဘုတ်မှာ ရေးခဲ့လို့ မမှန်သတင်းတင်ခဲ့တဲ့ အလဲဗင်းသတင်းစာ (CEO) ဒေါက်တာသန်းထွဋ်အောင်နဲ့ အယ်ဒီတာချုပ် ကိုဝေဖြိုးတို့ အမှုရင်ဆိုင်ဆဲပဲ ဆရာ။

**ရှေ့နေ**။ ။သတင်းမှန် ဟုတ်၊ မဟုတ် ကာယကံရှင်ပဲသိမယ့် အခြေအနေမှာ အင်အယ်ဒီ စီအီးစီ ဦးဝင်းထိန်က "ဝန်ကြီးချုပ် နာရီယူရင် ဝန်ကြီးချုပ် ဖြုတ်မယ်" ဆိုခဲ့တဲ့အပေါ် ထောက်ကြည့်ရင် အလဲဗင်း စီအီးအို ဒေါက်တာသန်းထွဋ်အောင်နဲ့ အယ်ဒီတာချုပ်ကိုဝေဖြိုး အမှုက မှားတဲ့တိုင် တစ်ဖက်သတ် ဖမ်းဆီးခံနေရပါတယ်။

**သားထွေး**။ ။အာမခံ ရထားတဲ့ ပုဒ်မ ၆၆ (ဃ)က ဘယ်လို အမှုတွေလဲဆရာ။

**ရှေ့နေ**။ ။အာမခံရထားတဲ့ ပုဒ်မ ၆၆(ဃ) အမှုတွေက ပြည်သူအချင်းချင်း အမှုဖွင့်တဲ့ အများစုပဲဖြစ်တယ်။

**နိုင်နိုင်း**။ ။ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီး ဦးသန့်စင်မောင်ကပုဒ်မ ၆၆(ဃ) ကို ဘဝင်မကျဘူးဆိုဆရာ။

**ရှေ့နေ**။ ။ဝန်ကြီးကိုယ်တိုင် "ဘဝင်မကျဘူး" ဆိုခဲ့သလို ပြည်ထောင်စု လွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင် ဥက္ကဋ္ဌ သူရဦးရွှေမန်းကလည်း အကောင့်ကနေ ဖိတ်ခေါ်ပြီး ဆန်းစစ်နေပါတယ်။ တစ်ခုထူးခြားတာက ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တွေက ဖျက်သိမ်းသင့်တဲ့ဥပဒေလို့မတင်ပြ၊ မဆွေးနွေးခဲ့ဘူး။

**သားထွေး**။ ။လွှတ်တော်က အီလက်ထရွန်နစ် ဆက်သွယ်ဆောင်ရွက်ရေး ဥပဒေပုဒ်မ ၃၄(ဃ) ပြဋ္ဌာန်းတားတာရှိတယ်ဆို။

**ရှေ့နေ**။ ။ရှိပါတယ် ပုဒ်မ ၃၄(ဃ) ပြစ်မှုထင်ရှားအစီရင်ခံရရင် ငွေကျပ်သိန်း ၅၀ နဲ့ ကျပ်သိန်း ၁၀၀ ကြား ချမှတ်ပြဋ္ဌာန်းထားပြီး အမှုရင်ဆိုင်နေချိန် အာမခံ ရယူနိုင်တယ်။ ဆက်သွယ်ရေးပုဒ်မ ၆၆(ဃ) နဲ့ အရေးယူ တရားစွဲခံရရင် ချက်ချင်း ဖမ်းဆီးခံရပြီး အချုပ်ထဲကနေ ထုချေရတာကြောင့် အလွန်နစ်နာပါတယ်။

**နိုင်နိုင်း**။ ။အွန်လိုင်းပေါ်မှာ ရေးသားမှုတွေနဲ့ ပတ်သက်ပြီး တစ်ယောက်နဲ့တစ်ယောက် ခြိမ်းခြောက်ဒုက္ခပေးလို့ ပုဒ်မ ၆၆(ဃ) နဲ့ အရေးယူ တရားစွဲတဲ့အထိ ရေပန်းစားနေတယ်ဆရာ။

**ရှေ့နေ**။ ။ဥပဒေကို မျှော့ကြိုးသဖွယ် သုံးပြီး လွှတ်ပေးခံရသူ၊ အာမခံရသူတွေလည်းရှိတယ်။ လူတစ်ယောက်ကို ပုဒ်မ ၃၄ (ဃ) (သို့) ပုဒ်မ ၆၆(ဃ)နဲ့ တိုင်ရင် ရဲစခန်းမှာ၊ တရားရုံးမှာ လုပ်ဆောင်ရမယ့် တိကျတဲ့ လုပ်ထုံးလုပ်နည်းတွေ ပြဋ္ဌာန်းထားခြင်းမရှိ၊ နည်းဥပဒေမရှိဘဲ အဆင်ပြေသလို ဖြေရှင်းနေကြ၊ အမိန့်ချ အပြစ်ပေးနေကြပါတယ်။

**သားထွေး**။ ။မြို့နယ် ရဲစခန်းက ဘယ်လိုပုံစံနဲ့ အမှုဖွင့်ရသလဲဆရာ။

**ရှေ့နေ**။ ။ပုဒ်မ ၆၆ (ဃ) နဲ့ တိုင်တန်းလာရင် တိုင်တန်းသူနဲ့ စွပ်စွဲခံရသူတို့ သီးခြားစီ ခေါ်ယူစစ်ဆေးပြီး ခရိုင်အဆင့်ကို တင်ပြတယ်။ ညွှန်ကြားမှုရှိလာရင် မြို့နယ် ဥပဒေရုံးဆီမှာ အကြံဉာဏ်တောင်းခံရတယ်။ သည့်နောက်မှာ ဆက်သွယ်ရေး ဝန်ကြီးဌာနဆီ တင်ပြခွင့်ပြုချက်ရပြီဆိုရင် တိုင်တန်းခံရသူကို ဖမ်းဆီးပြီး တရားရုံးတင်ရပါတယ်။

**နိုင်နိုင်း**။ ။ပုဒ်မ ၆၆(ဃ) ဟာ မတရားတဲ့ ဥပဒေပုဒ်မ ဖြစ်ကြောင်း လွှတ်တော် ကိုယ်စားလှယ်တွေ အသံတိတ်နေတယ်ဆရာ။

**ရှေ့နေ**။ ။တရားလွှတ်တော် ရှေ့နေ ဦးရောဘတ်စန်းအောင်က 'ယင်းဥပဒေလုံးဝဖျက်သိမ်းပါ။ လိုအပ်တဲ့အချက်အလက်တွေဆက်သွယ်ရေးဆိုင်ရာ ဥပဒေ (Cyber Law) မှာထည့်ပါ' လို့ထောက်ပြတယ်။ လွှတ်တော်ကိုယ်စားလှယ်တွေတင်ပြသင့်ပါပြီ။

# အစိုးရသစ်ရယ်၊ ဒီမိုကရေစီရယ်၊ ငြိမ်းချမ်းရေးရယ်၊ ပြဿနာတွေရယ် စုံလို့ပါပဲ

## ပြည်သူ့အစိုးရသစ်

ပြည်သူ့မဲများ အပိုင်ရပြီး အနိုင်ယူအောင်ပွဲခံခဲ့သည်မှာ ၈-၁၁-၂၀၁၅ ရက်မှ စတင်ခဲ့သည်။ တောင်ပြိုကမ်းပြို နိုင်ခဲ့သည်ဆိုကြ၏။ ထို့ကြောင့် ဒီမိုကရေစီအစိုးရ/ပြည်သူ့အစိုးရသစ်ခေတ်တွင် အချုပ်အခြာအာဏာ (ဒီမိုကရေစီအုပ်ချုပ်ရေးစနစ်) သည် ပြည်သူ့လက်ထဲတွင်ရှိရပါမည်။ တစ်ဦးတစ်ယောက်၊ တစ်စုတစ်ဖွဲ့၊ တစ်ပါတီ ချုပ်ကိုင်ပြီး အပိုင်သိမ်း၍မရပါ။ အာဏာသည် ပြည်သူပိုင်၊ အများပြည်သူပိုင်ဖြစ်ရမည်။ ပြည်သူကရွေးချယ်ခန့်အပ်တာဝန်ပေးထားသည့် သတ်မှတ်ကာလ (ငါးနှစ်)ထိသာ အုပ်ချုပ်ပိုင်ခွင့်ရှိမည်။ ပြည်သူများမကြိုက်လျှင်၊ တာဝန်မကျေလျှင်၊ နိုင်ငံနှင့်ပြည်သူများ စီးပွားရေး၊ စားဝတ်နေရေးမတိုးတက်လျှင် အောင်ဖျာလိပ်ပြီး အောင်ဖေညောင်းရပါလိမ့်မည်။ လူတို့သည်အတိုက်အခိုက်ဒဏ်ခံနိုင်ကြသည်။ အာဏာဒဏ်ကို မခံနိုင်ကြ။ ထိုသူ၏သီလကို စမ်းသပ်လိုလျှင် အာဏာပေး၊ အာဏာအပ်နှင်းကြည့်။ မကြာမီအဖြေမှန်သိပါမည်။

## နေမျိုးကျော်စိုး(ဥပဒေ)

အစိုးရသစ်ရွေးကောက်ပွဲကြို စည်းရုံးရေးကတိပေးခဲ့သည်များမှာ (က)ဖွဲ့စည်းပုံခြေ/ဥပြင်ဆင်ရေး၊ (ခ) တရားဥပဒေစိုးမိုးရေး၊ (ဂ) ပြည်တွင်းငြိမ်းချမ်းရေး၊ (ဃ) အဂတိတိုက်ဖျက်ရေးတို့ ဖြစ်သည်။ မဲဆန္ဒပေးခဲ့သည့် ပြည်သူများ၏ အလိုချင်ဆုံး၊ အဖြစ်ချင်ဆုံး ဆန္ဒ၊ လိုလားတောင့်တမှုမှာ ပြည်သူ့ဝမ်းမီးငြိမ်းအေးရေး၊ စားဝတ်နေရေးဖူလုံပြေလည် သက်သာချောင်ချိရေးပင်ဖြစ်ကြောင်း သိအောင်တွေး၊ မြင်အောင်ကြည့်ပြီး ဖြစ်မြောက်အောင် စီမံဆောင်ရွက်ပေးစေလိုသည်။ သိလျက်ဖြင့်ပစ်ထား၊ ဥပေက္ခာတရားထား၊ မတတ်နိုင်၍လား၊ မလုပ်ချင်၍လား သံသယပွားမိသည်။

## ပြည်သူ့အစိုးရ

ဝန်ထမ်းသည် ပြည်သူများအခွန်ဆောင်ထားသည့် ဘဏ္ဍာငွေထဲမှ အိမ်၊ ကား၊ ပရိဘောဂ၊ စက်သုံးဆီ၊ ရေ၊ မီး၊ ဆေးကုသစရိတ်၊ ခွင့်ရက် စသည်တို့ တာဝန်ထမ်းနေသည့်ကာလပတ်လုံး ခံစားခွင့်ရှိပြီး အပြစ်ကင်းရှင်းစွာ နှစ်စေ့ထမ်းဆောင်လျှင် ဂရယ်ဂျူတီ၊ ပင်စင်ရဦးမည်ဖြစ်သည်။ ပြည်သူကရွေး၊ ပြည်သူကပေး၊ ပြည်သူကချီးမြှောက်သည့် ပြည်သူ့လစာထောက်ပံ့ကြေးကိုစားပြီး ပြည်သူ့ဆန္ဒ၊ ပြည်သူ့စကားကိုနားထောင်၊ ပြည်သူ့အတွက်၊ နိုင်ငံအတွက် သစ္စာရှိရှိ၊ တာဝန်သိသိ၊ တာဝန်ကျေကြမည်ဆိုလျှင် ပြည်သူက ကြည်ဖြူသည့်ပြည်သူ့အစိုးရဖြစ်ပါလိမ့်မည်။

## ဤသို့လုပ်နေလျှင်

အထက်က၊ အပေါ်က ညွှန်ကြားသည်ကို အောက်ကိုထပ်ဆင့်ညွှန်ကြားလိုက်၊ သွားစစ်ဆေးပြီး မှာစားပြန်သွားလိုက်။ ပြည်သူများအောက်ခြေက တင်ပြသည်ကို ဘီရိုအထပ်ထပ်အပေါ်တင် ဆိုင်းငံ့ထားလိုက်၊ အစည်းအဝေးထိုင်လိုက်၊ အခမ်းအနားများတွင် လိုက်စကားပြောလိုက်၊ ရုပ်မြင်သံကြားထုတ်လွှင့်ရန် အရိုက်ခံလိုက်၊ ဂျာနယ်စုံနှင့် ဗျူးလိုက်၊ ဖြေလိုက်၊ ဝေါက်လိုက်၊ နိုင်ငံခြားလည်လည်သွားလိုက်၊ သံရုံးဝန်ထမ်းများကိုပြောလိုက်၊ စားလိုက်၊ လေ့လာရေးခရီးသွားလိုက်၊ ဘုရားဖူးလိုက်၊ လိပ်ဥတူးလိုက်နှင့် ငါးနှစ်သက်တမ်းစေ့စေသော် ပြည်သူ့ဘဏ္ဍာများကို လိမ်စား၊ ညာစား၊ ခိုးစားသွားကြသူများအဖြစ် အမည်တွင်ကျန်ရစ်မည်။

## ဒီမိုကရေစီ

ဒီမိုကရေစီဆိုတာတစ်မျိုးတည်းပါ။ လူသားအများစုကောင်းစားရေးလုပ်ငန်းစဉ်အလုပ်ဖြစ်သည်။ ရေလဲအမျိုးမျိုး၊ အခေါ်အဝေါ်အမျိုးမျိုး၊ နိုင်ငံအမျိုးမျိုး၊ လူမျိုးအမျိုးမျိုး၊ နိုင်ငံရေးစနစ်အမျိုးမျိုးနှင့်ထည်

စာ(၂၆)သို့

The HOT NEWS

Vol - 7, No - 328, Jan 13 - 19 , 2017

# နောက်ကိုလည်း ပြန်ကြည့်ကြပါဦး

မျိုးဝင်းအောင်(မြင်းမူ)

ကြာတော့ကြာပါပြီ။ လွန်ခဲ့တဲ့ အနှစ်သုံးဆယ် ကျော်ခန့်က ငွေတာရီမဂ္ဂဇင်းထဲမှာပါရှိတဲ့ ဝတ္ထုတို လေးတစ်ပုဒ်ထဲက အကြောင်းအရာလေးတစ်ခုကို သွားသတိရမိပါတယ်။ နှစ်အတန်ငယ်ကြာသွားပြီ ဖြစ်တဲ့အတွက် စာရေးဆရာအမည်ကိုတော့ မမှတ်မိ တော့ပါဘူး။

ရန်ကုန်-မန္တလေး ညအမြန်ရထားကြီးတစ်စီး ပေါ်မှာ ဇနီးမောင်နှံနှစ်ယောက် လိုက်ပါလာကြပါ တယ်။ အမျိုးသမီးက အသက်သုံးဆယ်ခန့်ရှိပြီးအမျိုး သားကြီးက အသက်ခြောက်ဆယ်ခန့်ရှိပါပြီ။ အဝေး ပြေးရထားစီးခရီးသည်တွေရဲ့ ထုံးစံအတိုင်း မိမိနဲ့ ထိုင်ခုံအတူကျသူချင်း အာလာပ သလ္လာပ စကား လက်ဆုံပြောရင်းလိုက်ပါလာကြပါတယ်။ဇနီးမောင်နှံ နှစ်ယောက်ရဲ့ ထိုင်ခုံလက်မှတ်က တစ်နေရာတည်း မရဘဲ တစ်ယောက်တစ်နေရာစီ ကျောချင်းကပ်ရှိနေ လေတော့ တစ်သီးတစ်ခြားစီ ဖြစ်နေပါတယ်။ ဒါ့ သည်ပင် ဒီအမျိုးသမီးရဲ့ လွတ်လပ်ခွင့်ကို ဟပေး ထားသလို ဖြစ်နေပါတယ်။

ယောက်ျားဖြစ်သူက နိုင်ငံရေးသမားကြီးပီပီ သူ နဲ့မျက်နှာချင်းဆိုင်ထိုင်ခုံမှာရှိနေကြတဲ့ လူရွယ်နှစ် ယောက်နဲ့ စကားလက်ဆုံပြောကြရင်း လိုက်ပါလာ လိုက်ကြတာ သာစည်-ပျဉ်းမနား-တောင်ငူစတဲ့ မြို့ တွေကို အသီးသီးဖြတ်ကျော်လာခဲ့ပါတယ်။ ကွန်ဂို နဲ့ ကျူးဘားကိစ္စက ဘယ်လို၊ မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီက ဘယ်ပုံ၊ မြန်မာနိုင်ငံပြည်တွင်းစစ်က ဘယ်သို့ စသဖြင့် အာပေါင်အာရင်းသန်သန်နဲ့ နိုင်ငံ တကာအရေးအခင်းတွေကို ရေပက်မဝင်ပြောဆိုနေ ချိန်မှာ သူနှင့်ကျောချင်းကပ်ထိုင်ခုံမှာရှိနေတဲ့ ဇနီး ငယ်လေးက သူ့ထိုင်ခုံတစ်ခုတည်းမှာ အတူယှဉ်ရက် စီးနင်းလိုက်ပါလာတဲ့ လူငယ်တစ်ယောက်နဲ့ ပလူး ပလဲ ဒူးတင်ပေါင်တင် ဖောက်ပြန်နေတာကို သတိ မထားမိတော့ပါဘူးဆိုပြီး သူ့ဝတ္ထုတိုလေးကို အဆုံး သတ်ထားပါတယ်။

သာမန်အားဖြင့်ကြည့်ရင်တော့ အမြန်ရထား ကြီးပေါ်က ဘာမဟုတ်တဲ့အကြောင်းအရာလေး တစ်ခုဖြစ်ပေမယ့် ဒီကိစ္စ၊ ဒီအကြောင်းအရာလေး တစ်ခုကို ရေးတတ်ရင် ဝတ္ထုတစ်ပုဒ်ဖြစ်သွားသလို၊ ရသမြောက်အောင်ရေးသားဖွဲ့နွဲ့ကာ စာဖတ်သူကို စွဲဆောင်မှုအပြည့်နဲ့ ဖော်ကျူးသွားတဲ့အတွက် အခု ထိ ဒီဝတ္ထုထဲက အကြောင်းအရာလေးတစ်ခုကို အမှတ်တရ စွဲထင်ကျန်ရစ်ခဲ့ပါတယ်။ ဒါတင်မက စာရေးဆရာပြောချင်တဲ့အချက်၊ စာရေးဆရာပို့ချင် တဲ့ မက်ဆေ့ချ်ကတော့ လူတွေဟာ မိုးလင်းရင် ငွေ ရှာထွက်မယ်။ အချိန်တန်ရင်စားမယ်။ မိုးချုပ်ရင်အိပ် မယ်ဆိုတဲ့ အိပ်၊စား၊ကာမ ဤသုံးဝနဲ့ ဘဝတစ်ခုကို အဆုံးသတ်ကုန်ဆုံးလို့မရတဲ့အကြောင်း၊အခြားအခြား သော လူမှုရေးကိစ္စ၊ မိမိသတိမပြုမိတဲ့ အကြောင်း အရာတွေကို မေ့လျော့နေမိကြမယ်ဆိုရင် မလိုလား အပ်တဲ့ ဆိုးကျိုးတွေနဲ့ ကြုံလာတတ်ကြောင်းနဲ့ လူဆို တာ တစ်ခုခုဘက်ကို အာရုံစူးစိုက်မိနေပြီဆိုရင် အခြားတစ်ဖက်ကို သတိမမူမိတတ်ကြဘူးလို့လည်း စာရေးဆရာက ပြောသွားပါတယ်။

မြန်မာပြည်ကို စင်ကာပူလိုဖြစ်အောင်လုပ်မယ် ဆိုတဲ့ ကြွေးကျော်သံတွေနဲ့ လွန်ခဲ့တဲ့နှစ်အနည်းငယ် ခန့်က တိုက်ခန်းအသီးသီးကငွေတွေကောက်ခံပြီး ကိုယ်ထူကိုယ်ထစနစ်နဲ့ မြို့နယ်အသီးသီးက နောက် ဖေးလမ်းကြားတွေကို ကန်ထရိုက်စနစ်နဲ့ ငါးလက်မ၊ ခြောက်လက်မထုရှိတဲ့ ကွန်ကရစ်လမ်းတွေ ခင်းခဲ့ ကြဖူးပါတယ်။ ခေတ်အဆက်ဆက် ဒီလိုပွဲမျိုးတစ်ခါ မှ မတိုးဘူးတော့ တိုက်ခန်းနေပြည်သူတွေအနေနဲ့ ဒီတစ်ခါတော့ဟုတ်ပြီ။ တကယ်အလုပ်လုပ်ပြီဆိုပြီး အားတက်သရောကြိုဆိုကာ ရဝတတွေ၊ မဝတတွေ ဦးဆောင်ကာ ဘုရားပွဲကြီးအလား စည်စည်ကား ကား ပူးပေါင်းလုပ်ဆောင် အကောင်အထည်ဖော် လာလိုက်ကြတာ နောက်ဆုံးတော့ ဘာတွေဖြစ်ကျန် နေခဲ့တယ်ထင်ပါသလဲ။

မိမိတို့နဲ့ နီးစပ်ရာ အလွမ်းသင့်ရာ ဆောက်လုပ် ရေးအဖွဲ့တွေငှားပြီး အုတ်အော်သောင်းတင်း ခင်း လိုက်ကြတာ တစ်နှစ်ပဲခံပါတယ်။ အောက်အမာခံ မြေသားပေါ်တဲ့အထိ ကြွပ်ကြွပ်အိတ်တွေ၊ အမှိုက် ပေါင်းစုံတွေကို ကုန်စင်အောင် သန့်ရှင်းရေးမလုပ်ဘဲ ငါ့လက်ကလွတ် ပြွတ်ဆိုပြီး အလွယ်ခင်းချလိုက် တော့ နောက်ဖေးလမ်းကြားထဲက မြေကြွက်ကြီးများ က လမ်းခင်းတဲ့ကန်ထရိုက်တွေကို နားရွက်တံတွေး စွတ် စိန်ခေါ်နေကြပါတယ်။

"ခွက်စုတ်ကြီးနဲ့ ပက်တာလောက်တော့ ရယ် တာပေါ့၊ ရယ်တာပေါ့" ဆိုတဲ့ သကြ်ံန်သံချပ်လို သံ တရွှင်းတွေ၊ ဂေါ်ပြားတွေတောင်မလိုဘဲ သူတို့လက် နှစ်ဖက်၊ နှုတ်သီးလက်နက်အစွမ်းနဲ့ တူးဖော်လှန် ထုတ်ပစ်ပြီး တန်ဖိုးနည်းကြွက်တွင်းကြီးများ တည် ဆောက်ခိုအောင်းနေလိုက်ကြတာ ရစရာတောင်မရှိ တော့ပါဘူး။ တိုက်ပေါင်းစုံက ပစ်ချလိုက်တဲ့ စား ကြွင်းစားကျန်တွေကြားမှာ 'ပန်းသလားမေပျို' တေး သွားနဲ့ မြေကြွက်ကြီးများက လိုက်တမ်းပြေးတမ်းပင် ကစားလို့ ကောင်းနေကြလေရဲ့။

သူတို့အတွက် စားစရာလည်းမပူရ၊ နေစရာ လည်းမပူရ၊ ပစ်ချလိုက်တဲ့ အဝတ်စုတ်တွေ ကြွက် တွင်းထဲချီသွင်းရင်း စားဝတ်နေရေး၊ လင်ယူသားမွေး ကအစ ပြည့်စုံနေလိုက်ကြတာ ဆင်ခြေဖုံးရပ်ကွက် ကျူးကျော်တဲလေးတွေထဲက သူတွေထက်တောင် လုံခြုံမှုအပြည့်အဝနဲ့ စိတ်ချမ်းသာနေကြသေး။

ခင်းသွားတဲ့လမ်းတွေ အချိန်တိုအတွင်းမှာ အပျက်အစီးမြန်တာလည်းမပြောနဲ့လေ။ အဲဒီတုန်း က လက်သင့်ရာစားတော်ခေါ် လာဘ်ပေးလာဘ်ယူ တွေနဲ့ ကြုံကြုံမွေးသွားတဲ့ လမ်းခင်းတဲ့ကန်ထရိုက် တစ်ယောက်အကြောင်း တိုက်ဆိုင်လို့ ပြောပြချင်ပါ တယ်။ တစ်ခုသောမြို့နယ်အတွင်းက ပေ ၆၀၀ခန့် ရှည်လျားတဲ့ နောက်ဖေးလမ်းကြားကြီးတစ်ခု ကန် ထရိုက်ရဖို့အရေး ၎င်းမြို့နယ်ရဲ့သက်ဆိုင်ရာ ရဝတ၊ မဝတ တွေကို တံစိုးလက်ဆောင်တွေအမျိုးမျိုးနဲ့ ကန်တော့ပန်းဆင်ပြီး ခွင်ကြီးတစ်ခုရသွားပါတယ်။ တစ်ခါတစ်ခါ လမ်းမှာတွေ့လို့ "ဟ. . . ဆရာကြီး။ အထုပ်အထည်တွေနဲ့ ဘယ်လဲ" လို့မေးလိုက်တဲ့အခါ "ဟဲဟဲ ဒီလိုပေါ့ဆရာမျိုးရယ်။ လာဘ်ထိုးမှ အိမ်က ထပ်ခိုးလေးလုပ်နိုင်မှာလေ။ နင်မတတ်တော့ နတ် တင်ရတာပေါ့ဗျာ" ဆိုပြီး အဲဒီမြို့နယ်ဆီက လူကြီး တွေဆီ ရှမ်းပြည်လမ်းပေါက် အခေါက်ခေါက်ဖြစ်နေ ပါတယ်။ တကယ် အားမနာတမ်းပြောကြေးဆိုရင် ဒီကန်ထရိုက်ဆိုသူဟာပန်းရန်လောကနဲ့ပတ်သက်ပြီး ဘာတစ်ခုမှ အတွေ့အကြုံမရှိတဲ့၊ နားမလည်မတတ် ကျွမ်းတဲ့ သာမန်လူဖြစ်နေလေတော့ သူနေတဲ့မြို့ နယ်မှာ ခင်းသွားကြတဲ့ ပန်းရန်အဖွဲ့တွေရဲ့ လုပ်ပုံကိုင် ပုံတွေကို တစ်စွန်းတစ်စကြည့်ပြီး သူကန်ထရိုက်ရတဲ့ အခြားမြို့နယ်တစ်ခုမှာခြေစလက်နရှိတဲ့ပန်းရန်သမား လေးတွေကို နေ့စားနဲ့ခေါ် အခင်းခိုင်းပါတယ်။ အဲ ပြောဖို့တစ်ခုကျန်ခဲ့တယ်။ ကျောက်ဆင်းတုက ခေါင်း ညိတ်ရလောက်အောင်အပြောကတော့ကောင်းတယ် ဗျ။ တိုတိုဆိုရရင် သူ့အတွက်ကျန်အောင်ဆိုပြီး စံချိန် စံညွှန်းတွေလျှော့၊ အောက်ခြေက အမှိုက်သရိုက် တွေကို ကုန်စင်အောင်မထုတ်ဘဲ ပြီးပြီးရော ခင်းချ လိုက်တော့ တစ်နှစ်တောင်မခံပါဘူး။ အားလုံးအချပ် လိုက် ကွတက်ကွာထွက်ကုန်ပါတယ်။

ဒီတစ်ခါတော့ ရန်ကုန်တိုင်းဒေသကြီးအတွင်း က မြို့နယ်နောက်ဖေးလမ်းကြားတွေကို သက်ဆိုင် ရာက ပြန်ခင်းဖို့ကြိုးစားကြခြင်းဟာ ဒုတိယမွိ နှစ် ကြိမ်မြောက်ဖြစ်ပါတယ်။ အလုံမှာတော့ ပဏာမ အနေနဲ့ နောက်ဖေးလမ်းကြားတွေကို အမှိုက်တွေ ရှင်းကာ ကြော်ငြာဝင်သွားပါပြီ။ မြို့နယ်တစ်ခုကို လျာထားငွေ ဘတ်ဂျက်တစ်ထောင်ချပေးထားမယ် လို့ သိရပါတယ်။

မြန်မာပြည်ကို စင်ကာပူလိုဖြစ်အောင်လုပ်မယ် လို့ ကြုံးဝါးခဲ့တဲ့ အရင်အစိုးရလက်ထက်မှာ အရင် လူတွေနဲ့ စင်ကာပူမဖြစ်ခဲ့ပေမဲ့ ပြည်သူကိုဗဟိုပြု၊ ပြည်သူ့အကျိုးကို ရှေးရှုမယ့် ပြည်သူ့အစိုးရလက် ထက်မှာ ဘယ်လိုများ ဆင်ဖမ်းပြ၊ ကျားဖမ်းပြမလဲ ဆိုတာ ပိတ်ကားပေါ်မှာ ဆက်လက်ရှုစားကြရတော့ မှာဖြစ်ပါတယ်။ နိုင်ငံတော်အတိုင်ပင်ခံကတော့ ခင်း ထားတဲ့လမ်းတွေ ငါးနှစ်မှမခံရင် အရေးယူမယ်လို့ တော့ ပြောထားလေရဲ့။

နောက်ဖေးလမ်းကြားတွေ အပီအပြင်၊ အမှန် အကန်ခင်းပြီးပြီဆိုရင်တော့ အဓိကအရေးကြီးဆုံး အချက်က တိုက်ခန်းအသီးသီးကနေ ဘာမှပစ်မချဖို့ တင်းတင်းကြပ်ကြပ် တိတိကျကျ ပြုလုပ်ပေးထားမှ သာ ရေရှည်ကောင်းသွားပါလိမ့်မယ်။ ပြုလုပ်အရေး ယူဆောင်ရွက်နိုင်လိမ့်မယ်လို့လည်း အားလုံးက မျှော်လင့်နေကြပါတယ်။ ဒီလိုမှမဟုတ်ရင်တော့ ပိုး သာကုန် မောင်ပုံစောင်းမတတ်ဆိုတာလို ဒုံရင်းဇာတ် ခင်းသွားရင် နိုင်ငံတော်ဘဏ္ဍာငွေတွေ ရင်းခဲ့ရတာ အဓိပ္ပာယ်မဲ့သွားနိုင်ပါတယ်။ ဒီတစ်ခါတော့ ပွဲသိမ်း မလား၊ ဆက်ရန်ရှိသေးလားဆိုတာအစိုးရသက်တမ်း တစ်နှစ်တာ ခရီးအထိစောင့်ပြီး ကြည့်ကြရအောင် လား။ တိုက်ခန်းနေသူတွေကလည်း ရှေ့ကိုချည်း မဲ မနေကြပါနဲ့။ နောက်ကိုလည်း ပြန်ကြည့်ကြပါဦးလို့ ပဲ ပြောပါရစေ။

---

***စာမျက်နှာ (၂၅) မှ***

လဲတွဲသုံး တွဲခေါ်နေကြခြင်းဖြစ်သည်။ ဖြဟ္မာစိုရ် တရား၊ လောကပါလတရားဖြစ်သည်။ ထို့ကြောင့် နိုင်ငံအတော်များများက ကျင့်သုံးလာခဲ့သလို ကျင့် သုံးရန် ကြိုးပမ်းဆဲနိုင်ငံများလည်းရှိသည်။ ဥပမာ မြန်မာနိုင်ငံဖြစ်သည်။ နိုင်ငံတချို့ အောင်မြင်သလို ကျဆုံးသည်လည်း ရှိခဲ့ကြသည်။ အမှန်စင်စစ် ဒီမို ကရေစီ၏ မူလပင်ကိုယ်သဘောက အလွန်ကောင်း သည်။ ပေါ်လစီရဲ့အကျိုးဆက်တွေနှင့် တန်ဖိုးဖြတ် မရ။ အစိုးရ၏ တရားနည်းလမ်းကျမှု၊ မျှတမှု၊ မှန်ကန်မှု၊ တာဝန်သိသိစွမ်းဆောင်ရည်ရှိမှုတို့အပေါ် မူတည်သည်။

**ဒီမိုကရေစီနိုင်ငံရေး**

ယှဉ်ပြိုင်ရွေးကောက်ခံနေမှုများ၏ အဓိကမှာ နိုင်ငံရေးအာဏာရရှိရေးဖြစ်သည်။ အာဏာရပြီး နောက် မိမိလူ၊ မိမိလိုလားနှစ်သက်သူတို့ကိုသာ (အတ္တအခြေခံထားရွေး) နေရာကောင်းကောင်း၊ ရာ ထူးကြီးကြီးပေး၊ သူကောင်းပြု၏။ ကျေးဇူးခံ ကျေးဇူး စား Give & Take လက်သင့်ရာစားတော်ခေါ် ကုန် ၏။ မက်လုံးရာထူးနေရာပေးပြီး မာန်တက်ပျက်စီး စေတော့၏။ ဘယ်အစိုးရတက်တက်၊ ဘယ်သူ အာဏာရရ ပြည်သူ့အပေါ် ဘယ်လိုကြည့်မြင်သလဲ၊ သဘောထားလဲ၊ ရပ်တည်သလဲ၊ ဘယ်လိုအကျိုးပြု ဆောင်ရွက်ပေးသလဲ စောင့်ကြည့်ရပါမည်။

**ရွေးကောက်ပွဲအနိုင်ရသည်က သာမည**

ယခင်ခေတ်တုန်းကထက် အစစအရာရာ ပို ကောင်းအောင်၊ တိုးတက်အောင် ဆောင်ရွက်နိုင်ရန် က အဓိကပင်။ ပြည်သူ့ဘဝတွေ တိုးတက်ရန်အစိုးရ သန့်၊ကောင်းရန် လိုသည်။ ဝန်ထမ်းကောင်းရန် လို သည်။ တပ်မတော်နှင့်ပြည်သူ ကြည်ဖြူစွာ ပူးပေါင်း ရန်လိုသည်။ ထိုအခါ ဒီမိုကရေစီမိုးသောက်ရောင် နီလင်းတော့မည်။

**ငြိမ်းချမ်းရေး**

လွတ်လပ်ရေးရပြီးစ လပိုင်းခန့်ကပင် အစိုးရ ကို ဆန့်ကျင်ပုန်ကန်တော်လှန်ရန် တောခိုပြီး တိုင်း ရင်းသားတို့ သူပုန်သူကန်လုပ်ခဲ့ကြသည်။ ပြည်တွင်း စစ်မီးတောက်ကြီး အင်းစိန်တိုက်ပွဲထိ ဖြစ်ခဲ့ကြပြီး "ရန်ကုန်အစိုးရ"ဟု နိုင်ငံခြားကလှောင်ပြောင်သရော် ခံခဲ့ရသည်။ ဤကား ငြိမ်းချမ်းရေးလုပ်ရန် အစနိဒါန်း တည်း။ အစိုးရအဆက်ဆက် ကြိုးပမ်းခဲ့ကြ၊ ဆောင် ရွက်ခဲ့ကြ၊ လုပ်ဆောင်ခဲ့ကြသည်။ မည်သို့မျှ နှိုင်း၍ မရ တစ်ယူသန်၊ တစ်ဇောက်ကန်း၊ မူဝါဒများနှင့် လူသတ်၊ မိုင်းထောင်၊ ရွာမီးရှို့၊ ဆက်ကြေးကောက်၊ ရိက္ခာစု၊ လူသစ်စုဆောင်းခဲ့ကြသည်။ နိုင်ငံပိုင်သယံ ဇာတတွေ ခိုးတူး၊ ခိုးခုတ်၊ ခိုးထုတ်၊ ဘိန်းစိုက်ပျိုး ထုတ်လုပ်ရောင်းချပြီး သူပုန်ဘဝ သက်ဆိုးကြာ ရှည်ခဲ့သည်။ ဦးနေဝင်း၊ ဦးသန်းရွှေ ဦးသိန်းစိန်အစိုးရ တို့ အကြိမ်ကြိမ်ကြိုးပမ်းခဲ့သည်။ အားထုတ်ခဲ့၊ ကြိုး စားခဲ့သည်။ မအောင်မြင်ခဲ့ကြပါ။ အပြည့်အဝမရခဲ့ ပါ။ နည်းနည်းနဲ့ ပါးပါးလေးသာ ရခဲ့ကြသည်။

**ဒီချုပ်အစိုးရ၏ ၂၁ရာစုပင်လုံ**

ငြိမ်းချမ်းရေးညီလာခံကြီး အကျယ်ကြီးမြည်ဟီး ပြီးနောက် အရှေ့နဲ့အနောက်၊ တောင်နဲ့မြောက်မှာ တိုက်ပွဲများနှင့် ပြည့်နေသည်။ မငြိမ်းချမ်းသေး၍ ငြိမ်းချမ်းရေးအတွက် တိုက်ပွဲများဆင်နွှဲနေကြရ သည်။ ပြည်သူများက ရင်ပူနေကြသည်။ ပြည်တွင်း စစ်မီးအတွက် ထို့ပြင် အနီးဆုံးဝမ်းမီးတောက်ငြိမ်းဖို့ ငြိမ်းချမ်းရေးဆုရှင် အမေကြီးမည်သို့ စီမံဖန်တီးစီစဉ် ပေးမည်နည်း။ ငြိမ်းချမ်းရေးကား အနီးမှုန်၊ အဝေး မမြင်ရ။ ထို့ကြောင့် စဉ်းစားကာနေရပါဦးမည်ဟု သာ. . .

**ပြဿနာတွေရယ်**

လွှတ်တော်၊ အစိုးရ၊ တပ်မတော်၊ ပြည်သူ့ ဝန်ထမ်းများသည် ပြည်သူ့အတွက် မဟုတ်ဘဲ ကိုယ့် အတ္တအတွက်ဖြစ်နေလျှင်၊ ကိုယ့်အဖွဲ့အတွက်ဖြစ်နေ လျှင် ပြည်သူ့အကျိုးရှေးမရှုလျှင်၊ အတ္တမာနပါဝါပြ ပြီး ငါမှငါ၊ ငါလုပ်လျှင် ဘာမဆိုဖြစ်နိုင်သည်ဟု ပြည်သူ့အာဏာနှင့် ပြည်သူ့ဘဏ္ဍာကို ငါ့ဟာလုပ်ပြီး ထင်ရာမြင်ရာ ပြောနေ၊ လုပ်နေကြလျှင် ပြဿနာ တောထဲ ပြဿနာပင်များ ဖွားလာပါမည်။ ယခုပင် ဒီချုပ်ပါတီဝင်များထဲ၊ ပြည်သူထဲ၌ ပြောစမှတ်ပြုနေ ကြပြီ။ နှုတ်မိန့်နှင့် ဖြုတ်ပစ်မည်။ နေရာတကာ ခေတ် စားနေကြသည်။ ပြည်သူ့ဩဇာအာဏာ၊ ပါဝါများကို ငါးနှစ်တာကိုယ်ပိုင်မှတ်ပြီး အနိုင်ကျင့်၊ ဗိုလ်ကျ၊ စိုးမိုး၊ အာဏာပြ၊ ကျူးကျော်ရန်စ၊ အာဏာကြီးသုံးရပ်ကို ရေလဲနှင့် အမျိုးမျိုးအသုံးချနေမည်ဆိုလျှင် အာဏာ ကြီးသုံးရပ်ကား လက်သုတ်ဖတ်၊ လက်နှီးစုတ်သဖွယ် ဖြစ်ချေမည်။

**ပြည်သူ့ဘဝ လင်းတငယ်လို**

ယနေ့ပြည်သူများသည် စစ်မီးဘေး၊ဝမ်းမီးဘေး၊ သူခိုးဘေး၊ မီးဘေး၊ ရေဘေး၊ လေဘေး၊ မုဒိမ်းဘေး၊ ကုန်ဈေးနှုန်းဘေးများနှင့် ပြဿနာမျိုးစုံ အကုန် တက်နေ၊ တွေ့ကြုံနေကြရသည်။ ထိုထိုသောပြည်သူ များက လင်းတငယ်ဘဝလို ပြဿနာတွေ တသီ တတန်းကြီး ကြုံတွေ့ခံစားနေရသည်။ ပြည်သူ့ခေါင်း ဆောင် ဒီမိုကရေစီရှေ့ဆောင်၊ ငြိမ်းချမ်းရေးနိုဘယ် ဆုရှင် မေမေကြီးသိစေချင်ပါသည်။ အမိမြန်မာနိုင်ငံ တော်တွင် အစိုးရသစ်ရယ်၊ ဒီမိုကရေစီရယ်၊ ငြိမ်းချမ်း ရေးရယ်၊ ပြဿနာရယ်စုံလို့ပါပဲကွယ်ဟု လူထုဘဝ အခြေပြုဆောင်းပါး ရေးသားလိုက်ရပါသည်။

နေမျိုးကျော်စိုး(ဥပဒေ)

# ငြိမ်းချမ်းခြင်းရဲ့ ကြင်နာမှုအနုပညာ

မအေးဆေး

**ဂျပန်တို့ရဲ့ထုံးစံက ပထမသားယောကျ်ားလေးက အိမ်ထောင်ပြုရင် သူ့အိမ်ဦးခန်းမှာ အဖေ့ရဲ့ ကမ္ပည်းတိုင်ကို အစဉ်အဆက်ကိုးကွယ် သွားရပါတယ်။ အဖေဟာ ကောင်းကင် ဘုံကနေ အားလုံးကိုစောင့်ရှောက်မှာဖြစ်ပါတယ်။**

စိတ်ထိခိုက်စေတဲ့ ဒုတိယကမ္ဘာစစ်ရဲ့ နေ့စဉ်မှတ်တမ်းကို စစ်ပြီးတဲ့အထိ အမေရိကန်မှာ သိမ်းထားပေးပါတယ်။ သို့သော်လည်း ဂျပန်မှာတော့ ဒါဟာပြောင်းလဲစေပါတယ်။

ဒီနှစ်ဟာဆိုရင် ခါတိုင်းနှစ်တွေထက် နွေးနွေးထွေးထွေးရှိတယ်လို့ အသက် ၁၇နှစ်ရှိတဲ့ ကျွန်မရဲ့ မောင်လေး Masaru (မာစရူ)က ပြောပါတယ်။ ကျွန်မတို့ဟာ ကျောင်းကနေအိမ်ကို စက်ဘီးနဲ့ပြန်လာကြတာဖြစ်ပါတယ်။ ဒီဇာတ်လမ်းကို ရေးနေစဉ်မှာတော့ ကျွန်မအသက်က ၁၉နှစ်ဖြစ်ပါတယ်။ ဆီးပင်တွေမှာလည်း အပွင့်တွေပွင့်တုန်း။ ဇန်နဝါရီလ မကုန်တတ်သေးပါဘူး။

တစ်နေ့မှာ မမျှော်မှန်းတဲ့ဖြစ်ရပ်ကလေးတစ်ခုဟာ ဖြစ်လာခဲ့ပါတယ်။ Hayasaki (ဟာရာစာကီ) လို့ခေါ်တဲ့ တောင်ပေါ်ရွာကလေးတစ်ရွာမှာပါ။ ဂျပန်ရဲ့ ဝေးလံတဲ့ Shikoku (ရှီကိုကူ) ကျွန်းကလေးမှာပါ။

အဲဒီနေ့ဟာဖြင့် ၁၉၅၆ ခုနှစ်၊ ဇန်နဝါရီ ၂၁ ရက်ပါ။ ဆောင်းရာသီဖြစ်ပါတယ်။ တစ်နေ့ပြီးတစ်နေ့ ကုန်ဆုံးသွားသော်လည်းထူးခြားတဲ့အဖြစ်အပျက်တွေ မရှိခဲ့ပါဘူး။ ကျွန်မတို့ရွာရဲ့ လူဦးရေကတော့ ၂၄၀ပဲရှိပါတယ်။ ကျွန်မတို့နေတဲ့အိမ်တွေကလည်း နိမ့်နိမ့်ကပ်ကပ်ကလေးတွေပါ။ အိမ်ခြေကတော့ ၅၀ ပဲရှိပါတယ်။ ကျွန်မတို့အကုန်လုံးဟာ လယ်သမားတွေပါ။ ကျွန်မတို့ဟာ အမျိုးစုံစိုက်ပျိုးပါတယ်။ ဆန်၊ ဂျုံနဲ့ ဟင်းသီးဟင်းရွက်တွေ စိုက်ပါတယ်။ တစ်ခါတစ်ရံတော့ ပင်လယ်ထဲက ငါးဖမ်းပါတယ်။ တချို့ကတော့ ပိုးမွေးပြီး ပိုးချည်ထုတ်လုပ်ပါတယ်။ ကျွန်မတို့ရွာဟာ မိမိဘာသာရပ်တည်နိုင်တဲ့ရွာဖြစ်ပါတယ်။ ရွာသားတွေကလည်း ရွာကထွက်တာနဲ့ပဲ တင်းတိမ်ရောင့်ရဲကြပါတယ်။ ကျွန်မတို့ရဲ့နေ့များကတော့ တိတ်ဆိတ်ငြိမ်းချမ်းလှပါတယ်။

အမေနဲ့အဘွားကတော့မနက်စောစောကတည်းက အခင်းထဲမှာ မုန်လာဥတွေစိုက်ဖို့ ကျွန်မတို့ကလည်း လယ်သမားတွေမဟုတ်လား။ ကျွန်မတို့အိမ်ရောက်တဲ့အခါမှာ သူတို့ဟာ သေချာသလောက် အိမ်ရောက်နေကြမှာဖြစ်ပါတယ်။

အဲဒီတုန်းက ကျွန်မဟာ စက္ကူတံခါးရွက်တံခါးကို တွန်းဖွင့်လိုက်ပါတယ်။ တစ်ခုခုက ကျွန်မတို့ကို စောင့်နေသလိုပဲ။ တစ်ရွာလုံးကိုပြောပြဖို့ စိတ်လှုပ်ရှားစရာ တစ်ရွာလုံးကို ပြောစမှတ်ဖြစ်ရပါတယ်။ အမေ၊ အမေလို့ အမေ့ကို လှမ်းခေါ်ပါတယ်။ ကျွန်မအသံကြောင့် အမေနဲ့အဘွားဟာသုတ်သုတ်ကလေး လာကြပါတယ်။

စာအိတ်က အမေရိကကလာတာ။ စာအိတ်မှာ အနီနဲ့အပြာအစင်းတွေပါတယ်။ ကျွန်မတို့ တစ်ခါမှ မမြင်ဖူးတဲ့ဟာပဲ။ အမေ့လိပ်မူတပ်ထားတယ်။

မစ္စ ဟာရူကို ကူရိုဟာရှိ၊

ဟာရာစာကီရွာ၊

ရှိကိုကုကျွန်း၊

ဂျပန်။

စာတိုက်အမှတ်အသားကိုလည်း အင်္ဂလိပ်စာအားနည်းတဲ့ ကျွန်မတောင် ဖတ်တတ်ပါတယ်။ "Indianapolis, lnd" ကျွန်မတို့ရွာအပြင်က သိတဲ့လူလည်းမရှိဘူး။ အမေ့ဆီကို အမေရိကကစာ ဘယ်လိုရောက်လာသလဲ။ ဒါဟာအကောင်းလား၊ အဆိုးလား။

လက်တုန်တုန်ရီရီနဲ့ ကျွန်မစာအိတ်ကို ဖောက်လိုက်ပါတယ်။ အထဲမှာ ဂျပန်လိုရေးထားတာကို တွေ့ရပါတယ်။ စာမျက်နှာကိုကြည့်လိုက်တဲ့အခါမှာ အဖေ့နာမည်ဟာ ရုတ်တရက်ခုန်ထွက်လာပါတယ်။ ကျွန်မတုန်လှုပ်သွားပါတယ်။ အဖေဟာ ဒုတိယကမ္ဘာစစ်မှာ သေဆုံးသွားတာ ၁၃နှစ်တောင်ရှိပြီပဲ။

အမေက အသံတိမ်တိမ်ကလေးနဲ့ တို့အားလုံးအိမ်ထဲမှာထိုင်ကြရအောင်တဲ့။ ကျွန်မနှလုံးသားတွေ ခုန်နေပါတယ်။ အဖေ့ရဲ့ဝိညာဉ်ဟာ ဒီစာနဲ့အတူ ကျွန်မတို့ဆီကို ပြန်ရောက်လာသလိုပဲ။

ကျွန်မစာကို ဖတ်ဖို့ပြင်လိုက်တဲ့အခါမှာတော့ ကျွန်မအသံတွေ တိမ်ဝင်သွားတဲ့အတွက် မိသားစုဟာ ကြားမှကြားပါ့မလား။ ကျွန်မဖတ်လိုက်တာကတော့ ၁၉၄၃ ခုနှစ်တုန်းက အမေရိကန်စစ်သားဟာ နယူးဂီနီကျွန်းမှာ သေဆုံးနေတဲ့ ကော့ပရာကာဇူမိ ကူရိုဟာရှိ အသက် ၃၀ ဂျပန်စစ်သားဆိုတာ ကျွန်မအဖေပါပဲ။

အမေရိကန်စစ်သားဟာ သူယူဆောင်ခဲ့တဲ့ နေ့စဉ်မှတ်တမ်းကို ဂျပန်ကျောင်းသားတစ်ယောက်ကို ဖတ်စေပြီး စိတ်လှုပ်ရှားတဲ့အတွက် ဂျပန်ကျောင်းသားကို နေ့စဉ်မှတ်တမ်းမှာပါတဲ့ လိပ်စာအတိုင်း ပို့လိုက်တာဖြစ်ပါတယ်။ မယုံနိုင်စရာကောင်းတဲ့ စာသားတွေကို ဖတ်ပြရင်း ဆက်ပြီးအသံမထွက်နိုင်တော့ဘဲ ငိုမိပါတော့တယ်။

အဖေနဲ့ ကျွန်မတစ်ခါမှ တရင်းတနှီးမနေခဲ့ဖူးပါဘူး။ ကျွန်မမောင်လေးနဲ့ ကျွန်မဟာ အဖေ့ကို စောင့်ရှောက်ချင်သော်လည်း ကျွန်မတို့စိတ်ထဲမှာ ခံစားချက်မရှိသလိုပါပဲ။ ကျွန်မသတိရနေတာက တစ်ခါတုန်းက အမေ့ကို အဖေ့အကြောင်းပြောပြဖို့ တောင်းဆိုဖူးတယ်။ အမေပြောပြတာက အဖေဟာ ကလေးတွေကို သိပ်ချစ်ပြီး ပျော်ပျော်နေတတ်တယ်လို့ပြောပါတယ်။ အဲဒီလိုပြောပြီး အမေဟာ တိတ်ဆိတ်သွားပြီး အဝေးကို မျှော်ကြည့်နေတယ်။ အဲဒီနောက်မှာတော့အဖေ့အကြောင်းမေးတဲ့အခါအဘွားနဲ့အမေဟာ စိတ်ထိခိုက်ကြပါတယ်။

အဖေစစ်မြေပြင်ကိုသွားတော့ ကျွန်မက လေးနှစ်၊ ကျွန်မမောင်လေး Masaru (မာစာရူ) က နှစ်နှစ်ပဲရှိပါသေးတယ်။ ကျွန်မတို့နှစ်ယောက်စလုံးအဖေ့ကိုမမှတ်မိကြတော့ပါဘူး။ အဖေဟာ ညမြူခိုးတွေထဲမှာ ပျောက်သွားသလိုပဲ။ အဖေဟာ အလွန်ဝေးတဲ့ ကျွန်းတစ်ကျွန်းမှာ သေသွားခဲ့တယ်လို့ သိရပါတယ်။

ကျွန်မစိတ်ကိုတင်းပြီး ဒီညတော့ စာပြန်လိုက်ပါမယ်။ ကျွန်မရေးလိုက်တာကတော့ အမေရိကန်စစ်သားဟာ မှတ်တမ်းစာအုပ်ကို အရေးထားပြီး ကျွန်မတို့ဆီကို စာရေးလိုက်တဲ့အတွက် ကျေးဇူးတင်ကြောင်း၊ အမေဟာ အရင်က ဒီလိုတစ်ခါမှ မပြောဖူး အဖေ့အကြောင်းတွေကို တိုးတိုးလေးပြောပြနေပါတယ်။ အဖေဟာ ယာခင်းကြီးကြီးစိုက်ဖို့ စီမံထားကြောင်း၊ အမေကလည်း ငယ်ရွယ်သူပီပီ စိတ်ကူးတွေ ကူးခဲ့ကြောင်းပြောပြပါတယ်။ အဖေ့အကြောင်းတွေ ပြောပြနေတဲ့အခါမှာ အမေ့အသံတွေဟာပျော့နေသလိုပဲ။ ကျွန်မတို့ဟာ မနက်သုံးနာရီအထိ ပြောနေကြပါတယ်။ အဲဒီနောက်မှာ အိပ်ရာဝင်ကြပေမဲ့လည်း အဖေ့အကြောင်းတွေတွေးပြီး အိပ်မပျော်ကြပါဘူး။

တစ်ပတ်ကြာသွားတဲ့အခါမှာတော့ တစ်ရွာလုံးစာအကြောင်းသာပြောနေကြပါတော့တယ်။အားလုံးက မေးနေကြတာတော့ အမေရိကန်စစ်သားက အဖေ့မှတ်စုစာအုပ်ကို ပေးပါ့မလားပေါ့။ဘာကြောင့် အမေရိကန်စစ်သားက ကျွန်မတို့ကို ဘာကြောင့် အရေးထားတာလဲ။ ကျွန်မတို့ ရန်သူမဟုတ်ကြဘူးလား။ ကျွန်မတို့ကတော့ ကျွန်မတို့ကို နားလည်ပြီး ကရုဏာသက်ပါစေလို့ ဆုတောင်းနေပါတယ်။ကျွန်မတို့နှစ်သစ်ကူးပွဲ လုပ်နေချိန်မှ စာလာတယ်လို့ တစ်ယောက်ယောက်ခေါ်သံ ကြားလိုက်ပါတယ်။ ဒီမှာစာတဲ့။

ကျွန်မတစ်ကိုယ်လုံး တုန်လှုပ်သွားတယ်။ စဉ်းစားကြည့်ပါ။ အမေရိကန်စစ်သားက အဖေ့မှတ်စုစာအုပ်ကို ပို့လိုက်မယ်တဲ့။ အမေရိကန်အမျိုးသမီးတစ်ဦးက အိမ်ကိုလာပေးမှာဖြစ်ပါတယ်။ ဒီအမျိုးသမီးဟာ ဂျပန်လူမျိုးတွေအကြောင်း လေ့လာချင်တာရယ်နဲ့ ဂျပန်-အမေရိကန်ချစ်ကြည်ရေးနဲ့ နောက်ထပ် ဂျပန်-အမေရိကန် ဘယ်တော့မှ စစ်မဖြစ်ရေးတို့ဖြစ်ပါတယ်။ ဒီသတင်းကို အဘွားကတစ်ရွာလုံးကို လျှောက်ပြောပြပါတယ်။ အမေရိကန်အမျိုးသမီးဟာ ဂျပန်ရဲ့အစွန်အဖျားကျတဲ့ ကျွန်းရှိကိုကူကို လာမယ့်အကြောင်း ပြောပြပါတယ်။

ဂျပန်ကျောင်းသားဆီက နောက်ထပ်စာတစ်စောင်ရောက်လာတာကတော့ အမေရိကန်အမျိုးသမီးဟာ နားလည်မှုရှိပြီး ကြင်နာမှုလည်းရှိကြောင်း ဘာမှဒုက္ခပေးမှာမဟုတ်တဲ့အကြောင်းရေးလိုက်တာပါ။

အမေရိကန်အမျိုးသမီးကို ကျွန်မတို့ ဘူတာရုံမှာ သွားကြိုကြပါတယ်။ အိမ်အပြန်လမ်းမှာတော့ သူမပြောပြတာကတော့ ဒီမှတ်စုစာအုပ်ဟာ အလွန်ပဲကြေကွဲစရာကောင်းပါတယ်တဲ့။သူယူလာတဲ့စာအုပ်ကြောင့် အားလုံးပဲဝမ်းနည်းရပါလိမ့်မယ်တဲ့။ သူကလည်း တောင်းပန်ပါတယ်တဲ့။ ကျွန်မတို့ကတော့ ဒီစာအုပ်ရတာ အလွန်ပဲပျော်မိပါတယ်။ ဘာကြောင့်လဲဆိုတော့ အဖေမသေခင်အကြောင်းကလေးတွေ သိလိုက်ရလို့ပါတဲ့။ ကျွန်မတို့ကျောင်းကို အလည်လာပြီး နောက်နေ့မှာ ပြန်သွားပါတော့တယ်။

စာဖတ်သူစဉ်းစားကြည့်ပါ။ ကျွန်မသေချာပြောရဲပါတယ်။ မှတ်စုစာအုပ်ဟာ အဖေကျွန်မတို့ကိုပြောပြနေသလိုပါပဲ။ ဘယ်သူမဆို စဉ်းစားနိုင်ပါတယ်။ လူတိုင်းဟာ တွေးကြည့်နိုင်ပါတယ်။ စစ်ဟာဘယ်လောက်ကြေကွဲစရာတွေ အတိရှိတယ်ဆိုတာကို။

ဒီဇင်ဘာ ၈ရက် ၁၉၄၁ခုနှစ်။ ဂျပန်ကထွက်ခဲ့တာ ၁၈ရက်မြောက်နေ့။ အဲဒီအချိန်က ကျွန်တော့်ဇနီး ဟာဂူကိုနဲ့ ကလေးတွေကို သတိရတယ်။ အိမ်မှာလုပ်နေကျ အလုပ်တွေကိုလည်း သတိရတယ်။ ကလေးတွေအတွက် စိုးရိမ်တယ်။ ဇနီး ဟာရူကို ကိုလည်း စိုးရိမ်တယ်။ သူတို့ကိုတွေ့ချင်လိုက်တာ။ကျွန်တော့်ဇနီးကိုချစ်တယ်။ ဘယ်အကြောင်းနဲ့ပဲဖြစ်ဖြစ် သူ့အပေါ် ကျွန်တော်ချစ်မြတ်နိုးပါတယ်။ ဒီမနက် အမေရိကန်နဲ့ ဂျပန်စစ်ထဲဝင်လာကြတယ်။ Guam (ဂူအမ်) ရှေ့တန်းမှာ ကျွန်တော်တို့ရင်ဆိုင်ရမယ်။

ဒီဇင်ဘာ ၃၁ရက်။ ပြီးခဲ့တဲ့နှစ်ကို ပြန်ကြည့်မယ်ဆိုရင် ကျွန်တော်မှတ်မိသလောက် ကျွန်တော်တို့ရွာရဲ့ ယာတောမှာ သီးနှံအထွက်အတိုးဆုံးဖြစ်ပါတယ်။ ကျွန်တော်ထင်ပါတယ်။ ဂျပန်ရဲ့ရာသီဥတုက အေးနေတုန်းပဲဖြစ်မှာပါ။ နှင်းတွေလည်း ကျနေတုန်းပဲဖြစ်မှာပါ။ ကျွန်မတော့သားနဲ့ သမီးဟာလည်း အေးနေကြမှာပဲ။ ကျွန်တော့်မိန်းမ ဘာများလုပ်နေလဲ။ ကျွန်တော်မရှိတော့ သူတစ်ယောက်တည်း အလုပ်နဲ့ လုံးထွေးနေလိမ့်မယ်ထင်တယ်။

ဇန်နဝါရီ ၁ရက် ၁၉၄၃ခုနှစ်။ နှစ်သစ်ကူးနှစ်ခု အိမ်ကထွက်ခဲ့တယ်။ ပြီးခဲ့တဲ့ နှစ်သစ်ကူးက ဂူအမ်မှာ။ ဒီနှစ်နှစ်သစ်ကူးက Gulwa (ဂင်လ်ဝါ)၊ ဂူအမ်ရဲ့အရှေ့ဘက်မှာဖြစ်တယ်။ ဒီနှစ်သစ်ကူးတွေရဲ့ ထူးခြားချက်တွေကတော့ ပုန်းခိုနေရတာရယ်၊ကျည်ဆန်မိုးတွေ နေ့ရောညရော ကျနေပါတယ်။ ဘာမှစားစရာမရှိရင်တောင်မှ ကျွန်တော့်ဝိညာဉ်က ကျွန်တော့်ကို အသက်ရှင်စေပါတယ်။ ငါမသေဘူး အသက်ရှင်ရမယ်။ ငါချစ်ရတဲ့ကလေးတွေကို တစ်ခါလောက်ပြန်မြင်ချင်တယ်။ ကျွန်တော်တို့ရဲ့ ရာရှင်ငါးသေတ္တာတစ်ကောင်ပဲကျန်တော့တယ်။အဲဒါကို ခုနစ်ယောက်ခွဲစားရမှာပါ။

ဇန်နဝါရီ ၂ရက်။ ကျွန်တော်သေသည်အထိ ဆက်ရေးနေမှာပါ။ မဟုတ်ဘူး။ ငါသေတာကို မတွေးဘူး။ ဘာပဲဖြစ်ဖြစ် ငါအသက်ရှင်အောင်နေမယ်။ မုစုမိနဲ့ မာစာရူ၊ သမီးနဲ့ သားမျက်နှာကို တစ်ခါလောက်မြင်ချင်တယ်။

ဇန်နဝါရီ ၉ရက်။ ကျွန်တော် နေ့စွဲတွေမေ့နေတယ်။ ဒါမှန်လိမ့်မယ်လို့ ထင်တာပဲ။ ကျွန်တော်တို့အားလုံးတွေးနေကြတာတော့ထမင်းပဲ။ ဟာရူကိုရေ ငါတစ်ခုခုများဖြစ်ခဲ့ရင် ငါ့အုတ်ဂူဆီ ထမင်းယူခဲ့ပါ။

ဇန်နဝါရီ ၁၅ရက်။ ငါကြိုးစားပြီး လုပ်နိုင်သလောက်လုပ်ကြည့်တယ်။ ဒါပေမဲ့ မလုပ်နိုင်ဘူး။ ဖရုံစေ့လေးတွေ ငါ့အိတ်ထဲမှာရှိတယ်။ တကယ်လို့မင်းရခဲ့ရင် ငါ့ရဲ့နှုတ်ဆက်လက်ဆောင်လို့ပဲ သဘောထားလိုက်ပါ။ ငါမင်းကို ငါမရှိတဲ့နောက်ပိုင်း စိတ်ထားကောင်းကောင်းနဲ့ပဲ ဆက်ပြီးလုပ်ကိုင်သွားပါ။ အိမ်ကိုရော၊ ကလေးတွေကိုရော စောင့်ရှောက်ပါ။ အို. . . ငါ့ကလေးတွေကို တွေ့ချင်လိုက်တာ။

ဒါတွေကတော့ သေအံ့မူးမူး ကျွန်မအဖေရဲ့ ထမင်းစားချင်တာ။ဘယ်ရီ-ဘယ်ရီရောဂါနဲ့ ငှက်ဖျားရောဂါ ခံစားနေရတာ။ သူဟာမိသားစုကိုတွေ့လိုဇောနဲ့ အသက်ရှင်လိုသူတစ်ယောက်။ ကျွန်မအဖေ ကော်ပရာ ကာဇူမိ ကူရိုဟာရှိ ဟာ သူ့ရဲ့မှတ်တမ်းစာအုပ်ကို အဆုံးသတ်လိုက်ပါတယ်။

ဒါကြောင့် ကျွန်မတို့ဟာ ဘုရားစင်ပေါ်က သူကမ္ပည်းတိုင်ရှေ့မှာ နေ့စဉ်ထမင်းပူပူလေးတင်ထားပေးပါတယ်။အဖေထမင်းစားပါဆိုပြီးတော့ကန်တော့ကြပါတယ်။

ဂျပန်တို့ရဲ့ထုံးစံက ပထမသားယောကျ်ားလေးက အိမ်ထောင်ပြုရင် သူ့အိမ်ဦးခန်းမှာ အဖေ့ရဲ့ ကမ္ပည်းတိုင်ကို အစဉ်အဆက် ကိုးကွယ်သွားရပါတယ်။ အဖေဟာ ကောင်းကင်ဘုံကနေ အားလုံးကို စောင့်ရှောက်မှာဖြစ်ပါတယ်။

နောက်ဆုံးမှာတော့ အဖေလိုလားတာတွေ အားလုံးဖြစ်လာခဲ့ပါတယ်။

Ref : Classic Reads 2015

# ကိုယ်ပိုင်ထုတ်လုပ်ရေး လုပ်မယ့် ပိုင်ဖြိုးသု



သရုပ်ဆောင်ပိုင်ဖြိုးသုက မကြာခင်မှာ ကိုယ်ပိုင်ထုတ်လုပ်ရေးနဲ့ ရိုက်ကူးမယ့် ဇာတ်ကားကတော့ ဗီဒီယိုကားဖြစ်ပြီး ဖေဖော်ဝါရီလထဲမှာရိုက်မှာပါ။ မိဘက ထုတ်ပေးတဲ့ ပိုက်ဆံနဲ့ ကိုယ်ပိုင်ထုတ်လုပ်ရေးလေးကို တည်ထောင်ထားတာဖြစ်ပြီး နာမည်ကတော့ ဗစ်တိုးရီးယားလို့နာမည်ပေးထားကာ သူရိုက်ကူးချင်တဲ့ ကာရိုက်တာလေးတွေကို ရိုက်ကူးသွားမှာဖြစ်တယ်လို့ပိုင်ဖြိုးသုကဆိုပါတယ်။



# အသည်းကွဲပေမဲ့ အဆင်ပြေတယ်လို့ ရဲရင့်အောင်ဆို



အသည်းကွဲနေပေမဲ့ ချစ်တဲ့သူ ပျော်မယ်ဆိုရင် အရာရာအဆင်ပြေပါတယ်လို့ အဆိုတော်ရဲရင့်အောင်ကပြောပါတယ်။ ကျွန်တော့်ကို စိတ်မပူပါနဲ့လို့ ပရိသတ်တွေကို ပြောချင်ပါတယ်။ အချစ်နဲ့ပတ်သက်ပြီးတော့ ကိုယ်ချစ်တဲ့ သူတစ်ယောက်ရဲ့ အသိုင်းအဝိုင်း တစ်ခုမှာကျွန်တော်ပါဝင်ပတ်သက်ရသည်ဖြစ်စေ၊ ကျွန်တော်ပါဝင်ပတ်သက်ခွင့် မရတော့သည်ဖြစ်စေသူ ပျော်နေမယ်ဆိုရင် ကျွန်တော့်အတွက် အရာရာအဆင်ပြေပါတယ်လို့ ရဲရင့်အောင်က ဆိုပါတယ်။

# ရုပ်ရှင်သမားတွေကို ဇာဂနာ ဝေဖန်

ဇာဂနာက သူပြောတာ ရိုင်းချင်ရိုင်းပါလိမ့်မယ်လို့ စကားခံလိုက်ပြီး ရုပ်ရှင်သမား ၁၀၀ မှာ ၉၀လောက်က စာမဖတ်ကြဘူးလို့အင်တာဗျူးတစ်ခုမှာပြောလိုက်ပါတယ်။ အဲဒါကြောင့် ဘယ်စာရေးဆရာဘာရေးနေမှန်းမသိကြကြောင်း၊ ဥပမာ ပုညခင်ရဲ့ 'အနောက်တောင်အရပ်မှလာခဲ့သူ' ဝတ္ထုဆိုရင်နိုင်ငံခြားအထိ သွားပြလို့ရတယ်ဆိုတာ သူတို့မသိကြကြောင်း၊ အတွေးကောင်း၊ အရေးကောင်းလူငယ်စာရေးဆရာတွေ အများကြီးရှိကြောင်း၊ လိုက်မရှာလို့ဇာတ်လမ်းရှားတယ် ပြောနေကြတာဖြစ်ကြောင်းဇာဂနာက ရုပ်ရှင်သမားများအပေါ် ဝေဖန်သုံးသပ်သွားပါတယ်။

# အေးမြတ်သူ ခိုးမက်တဲ့ အိပ်မက်



အကယ်ဒမီဆိုတာ အနုပညာရှင်တွေ ခိုးခိုးမက်တဲ့အိပ်မက်လေးပါလို့ အေးမြတ်သူက ပြောပါတယ်။ ရုပ်ရှင်ကင်မရာကြီးရဲ့ ရှေ့မှာ အိုက်တင်လုပ်နေရတဲ့ သရုပ်ဆောင်တိုင်းက ခိုးမက်လေ့ရှိတဲ့ အိပ်မက်လေးပါ။ 'အေးမြတ်သူမှာလည်း ခိုးမက် တဲ့ အိပ်မက်လေးတော့ရှိတာပေါ့နော်'လို့ အေးမြတ်သူကပြောလိုက်ပါတယ်။ အေးမြတ်သူဟာ ဒီနှစ်အကယ်ဒမီဆုအတွက် 'ငဘ' ဇာတ်ကားနဲ့ ထင်ကြေးပေးခြင်းခံနေရပါတယ်။

# ဝိုင်းစုခိုင်သိန်းက အနုပညာကိုသာ စိတ်ဝင်စားပါတဲ့



သူ့ရဲ့ ကိုယ်ရေးကိုယ်တာတွေထက် အနုပညာကိုသာ စိတ်ဝင်စားစေလိုကြောင်း ဝိုင်းစုခိုင်သိန်းက ပြောလာပါတယ်။ ဖျော်ဖြေပွဲများ သီဆိုရန် ရှိတဲ့အပြင် ဂါအတွက် ဒီဗီဒီရိုက် ကူးရေးပါစနေတဲ့ ဝိုင်းစုကဘယ်သူမှ ကိုယ့်ပါစင်နယ်ဘာလုပ်နေပါ တယ်လို့ ဖွင့်ပြောတာမရှိကြောင်း၊ အဲဒါကြောင့် ဝိုင်းစုလည်းပြောစရာမလိုကြောင်း၊ ဝိုင်းစုပါစင်နယ်ထက် ဝိုင်းစုအလုပ်ကိုသာ ဦးစားပေးစေလိုကြောင်း ပြောကြားလိုက်တာဖြစ်ပါတယ်။

# အလုပ်မပေးသော ငြိမ်းချမ်းရေးပန်းတိုင်

**မောင်ချစ်(သူရဲသမိန်)**

မြန်မာနိုင်ငံသမိုင်းတစ်လျှောက်လုံး ငြိမ်းချမ်းရေးအတွက် တိုက်ပွဲဝင်ခဲ့ကြသူများအနက် ငြိမ်းချမ်းရေး အလွန်လိုလားပါသည်ဆိုသော ဆရာကြီးသခင်ကိုယ်တော်မှိုင်းသည် ငြိမ်းချမ်းရေး မမြင်မတွေ့သွားခဲ့ရပေ။ နှစ်ပေါင်း ၇၀ ကျော်ကြာမြင့်နေပြီဖြစ်သော်လည်း ပြည်တွင်းစစ်ယမ်းငွေ့များက ဝေနေဆဲဖြစ်သည်။ ဆွေးနွေးပွဲများ၊ အပစ်အခတ်ရပ်စဲရေးညီလာခံများ အကြိမ်ကြိမ်ပြုလုပ်ခဲ့ပါသော်လည်း ငြိမ်းချမ်းရေးရောင်ခြည်က မသန်းနိုင်သေးပါ။

မြန်မာနိုင်ငံသည် ၁၉၄၈ ခုနှစ်၊ ဇန်နဝါရီလ ၄ ရက်တွင် လွတ်လပ်ရေးရသည်။ လွတ်လပ်ရေးတိုက်ပွဲများတွင် စစ်ရေးအရ တိုက်ပွဲဝင်ခဲ့သော ရဲဘော်သုံးကျိပ်ဝင်များ၊ နိုင်ငံရေးအရ ဦးဆောင်ဦးရွက်ပြုခဲ့သူများ၊ လွတ်လပ်ရေးရပြီး မကြာမီ အကွဲကြီးကွဲခဲ့ရသည်။ ၁၉၄၈ ခုနှစ်၊ မတ်လ ၂၈ ရက်တွင် လက်နက်ကိုင်တော်လှန်ရေးဟူ၍ စတင်ပြီး အစိုးရကို ပုန်ကန်တော်လှန်သည်။ ဗမာ့တပ်မတော်တပ်ရင်းအချို့ တောခိုသည်။ ကရင်အမျိုးသားစစ်ရဲတပ်ရင်းများ တောခိုသည်။ ပအိုဝ်းမျိုးချစ်များက ရှမ်းပဒေသရာဇ်စော်ဘွားအုပ်ချုပ်ရေးကို ပုန်ကန်ရင်း လက်နက်ကိုင်တပ်ဖွဲ့ ပေါ်လာသည်။ ကရင်အမျိုးသားလက်နက်ကိုင်အုံကြွမှု ဆက်၍ပေါ်လာသည်။

ထိုစဉ်က ဖဆပလအစိုးရ ဝန်ကြီးချုပ်ဦးနုသည် ငြိမ်းချမ်းရေးအဖွဲ့များဖွဲ့ပြီး ဆွေးနွေးသည်။ထိုသည်ကို "ငြိမ်းချမ်းရေး ရွှေပြည်အေးရင်ကြားစေ့ပွဲကြီး"ဟု ပြက်ရယ်ပြုပြောကြသည်။ ၁၉၄၈-၄၉ ခုနှစ်ပြည်တွင်းစစ်က အမြင့်ဆုံးဒီရေရောက်သည်။ အင်အားကြီးသော ကေအင်ဒီအိုတို့က ထိုးစစ်ဆင်ခဲ့ရာ ရန်ကုန်နှင့်မလှမ်းမကမ်း အင်းစိန်ထိတိုင်ဖြစ်သည်။ အင်းစိန်တိုက်ပွဲက ပြင်းထန်သည်။ တစ်ပြည်လုံး မီးဟုန်းဟုန်းတောက်ခဲ့သော ပြည်တွင်းစစ်ကာလဖြစ်ခဲ့သည်။

၁၉၆၂ ခုနှစ် ဗိုလ်ချုပ်နေဝင်း အာဏာသိမ်းပြီး တော်လှန်ရေးကောင်စီခေတ်တွင် ၁၉၆၃ ခုနှစ် ပြည်တွင်းငြိမ်းချမ်းရေးတစ်ကြိမ် ကြိုးစားခဲ့သည်။ သခင်စိုးဦးဆောင်သော အလံနီကွန်မြူနစ်ပါတီက ၁၀-၈-၁၉၆၃ ခုနှစ်တွင် ရခိုင်မှလာပြီး ပြည်တွင်းငြိမ်းချမ်းရေးဆွေးနွေးသည်။ ကွန်မြူနစ်ပါတီ(CPB)မှ အတွင်းရေးမှူးရဲဘော်ဗြေဦးဆောင်သောအဖွဲ့သည် ၂-၉-၁၉၆၃ ခုနှစ်တွင် ပြည်တွင်းငြိမ်းချမ်းရေးဆွေးနွေးသည်။ တစ်ဆက်တည်း ၂၀-၈-၁၉၆၃ ခုနှစ်တွင် ကော်သူလေအဖွဲ့နှင့် ပဏာမဆွေးနွေးပြီး စောဟန်တာသာမွှေးဦးဆောင်အဖွဲ့နှင့် ဆွေးနွေးပွဲပြုလုပ်သည်။ အဆုံးသတ်တော့ အောင်မြင်မှုမရခဲ့ပေ။

တော်လှန်ရေးကောင်စီအစိုးရခေတ်တွင် ငြိမ်းချမ်းရေးဆွေးနွေးခဲ့သော အဖွဲ့အစည်းများမှာ (၁) ကွန်မြူနစ်ပါတီ(ဗမာပြည်)အလံနီ၊ (၂) အမျိုးသားဒီမိုကရေစီညီညွတ်ရေးတပ်ပေါင်းစု(ကော်သူလေ၊ မွန်နှင့်ကရင်နီ)၊ (၃) ဗမာပြည်ကွန်မြူနစ်ပါတီ(ဗကပ)၊ (၄) ရခိုင်ပြည်ကွန်မြူနစ်ပါတီ၊ (၅) ကချင်လွတ်မြောက်ရေးတပ်မတော်(KIA)၊ (၆) SSA စဝ်ဟုန်၊ စစ်တိုင်းနှင့် နွံစစ်ဟန်တို့အဖွဲ့ဖြစ်ပြီး အများစုသည် ကွန်မြူနစ်စနစ်ကို လက်ခံသူများဖြစ်သည်။ ထိုစဉ်ကလည်း ငြိမ်းချမ်းရေးအတွက် အဆုံးမသတ်နိုင်ကြပေ။

အရှိန်သေသွားသော ပြည်တွင်းငြိမ်းချမ်းရေးသည် ၂၆ နှစ်ခန့် သင်းသတ်ခံခဲ့ရပါသည်။ မလှုပ်မယှက်ငြိမ်သက်စေခဲ့သည်။ နဝတနှင့် နယကလက်ထက် ၁၉၈၉ ခုနှစ်တွင် အသက်ဝင်လှုပ်ရှားလာပြန်သည်။ ဗိုလ်ချုပ်ခင်ညွန့်ဦးဆောင်ပြီး ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ရှမ်းပြည်နယ်တို့တွင် အထူးဒေသများသတ်မှတ်ပြီး အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်ရယူဖို့တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် စေ့စပ်ညှိနှိုင်းသည်။ အစိုးရအနေဖြင့် အစိုးရနှင့်အစိုးရမဟုတ်သော လက်နက်ကိုင်အဖွဲ့များအကြား ပူးပေါင်းဆောင်ရွက်ရေးဦးတည်ခဲ့သည်။ ဗိုလ်ချုပ်ကြီးခင်ညွန့်ထိန်းသိမ်းခံရပြီး နောက်ပိုင်းနယ်ခြားစောင့်တပ်အသွင်ပြောင်းရေးဆောင်ရွက်ရာကပဋိပက္ခအသွင်ဆောင်ပြီး တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် တိုက်ပွဲများဖြစ်ပါသည်။ လက်နက်ကိုင်အဖွဲ့များတိုးပွားလာသည်။

နဝတ၊ နယကနှင့် ဦးသိန်းစိန်အစိုးရလက်ထက် တစ်လျှောက်လုံး ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် ပါဝင်ခဲ့သည့် စာရင်းအရ (၁) တပ်မတော်အစိုးရလက်ထက်ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင်ပါဝင်ခဲ့သည့် လက်နက်ကိုင်တပ်ဖွဲ့အရေအတွက် ၄၀ ဖွဲ့၊ (၂) ၂၀၀၉ မတိုင်မီ ပြည်သူ့စစ်အသွင်ပြောင်းခြင်း(သို့)လက်နက်စွန့်အဖွဲ့ ၁၅ ဖွဲ့၊ (၃) ၂၀၀၉ ခုနှစ်အထိ ကျန်ရှိနေသည့် အပစ်အခတ်ရပ်စဲသည့်အဖွဲ့အရေအတွက် ၂၅ ဖွဲ့။ ဦးသိန်းစိန်အစိုးရလက်ထက် ၂၀၁၁ ခု၊ ဩဂုတ်လ ၁၈ရက်တွင်အပစ်အခတ်ရပ်စဲရေးလုပ်ရန် ကြိုးပမ်းခဲ့ပြန်သည်။ ထာဝရငြိမ်းချမ်းရေးအောင်မြင်ရမည်ဟု ကြွေးကြော်ခဲ့ပါသော်လည်း အောင်မြင်မှုမရခဲ့ပေ။

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ဒေါ်အောင်ဆန်းစုကြည် ဦးဆောင်ကျင်းပသည့် ၂၁ရာစုပင်လုံငြိမ်းချမ်းရေး ညီလာခံကြီးက စတင်ကြိုးပမ်းနေပါပြီ။ ဖက်ဒရယ် ပြည်ထောင်စုနိုင်ငံ တည်ထောင်ဖို့ ရှေ့ပြေးပုံရိပ်များ ထင်ဟပ်စေခဲ့သည်။ မြန်မာနိုင်ငံသည် အရှေ့တောင် အာရှ နိုင်ငံများတွင် လူမျိုးစုလက်နက်ကိုင်အဖွဲ့များ၊ အများဆုံးနှင့် ပြည်တွင်းစစ်သက်တမ်းအရှည်ကြာ ဆုံးနိုင်ငံအဖြစ်တည်ခဲ့သည်။ မြန်မာပြည်မှ ပြည်တွင်း ငြိမ်းချမ်းရေးက ဆေးလွန်လူနာကြီးပမာ နာတာရှည်ရောဂါသည်ကြီး ဖြစ်ခဲ့ပါပြီ။ ခေါင်းဆောင်များကိုယ် တိုင်က လောဘ၊ ဒေါသ၊ မောဟကင်းပြီး တိုင်းပြည်အပေါ် စွမ်းစွမ်းတမံထမ်းဆောင်လိုသည့် စေတနာကောင်းများရှိနေဖို့ လိုပါသည်။

နိုင်ငံတော်အတိုင်ပင်ခံ၏ ပြောကြားချက်တစ်ခုတွင် 'ငြိမ်းချမ်းရေးဆိုတာဟာ အပစ်အခတ်ရပ်စဲရေးနဲ့လည်း မပြီးပါဘူး။ ရေရှည်ငြိမ်းချမ်းရေးဆိုတာဟာ ကျွန်မတို့အချင်းချင်းကြားမှာ သင့်မြတ်မှုဖြစ်မှာဖြစ်ပါတယ်။ တချို့ကဆိုလို့ရှိရင် ရင်ကြားစေ့ရေးလို့ ပြောပါတယ်။ တချို့ကတော့ သင့်မြတ်ရေးလို့ပြောတယ်။ ဘယ်လိုပဲပြောပြော အဓိကဘာလဲဆိုတော့ ကျွန်မတို့ကြားထဲမှာ ပဋိပက္ခဖြစ်စေတဲ့ ကွဲပြားမှုတွေ၊ ကွာခြားမှုတွေကို စစ်ပေးဖို့ပါပဲ။ ဒီကွာခြားမှုတွေ ပပျောက်သွားအောင် လုပ်ဖို့ပဲဖြစ်ပါတယ်။ အဲဒီအဖြေကိုရှာတဲ့အခါမှာ အားလုံးဝိုင်းဝန်းပြီးတော့ ပါကြမယ်လို့ မျှော်လင့်ပါတယ်"ဟု လူငယ်ကိုယ်စားလှယ်များနှင့်တွေ့စဉ်က ပြောကြားခဲ့သည်။

မြန်မာနိုင်ငံ၏ငြိမ်းချမ်းရေးဖြစ်စဉ် မည်သို့အောင်မြင်နိုင်ရေး၊ ငြိမ်းချမ်းရေးဖိုရမ်ကို ဇန်နဝါရီလ ၇ ရက်တွင် ကျင်းပခဲ့သည်။ ငြိမ်းချမ်းရေးဖိုရမ်ကို တိုင်းနှင့်ပြည်နယ်အချို့ မြို့တော်များတွင် ကျင်းပခဲ့ပြီးဖြစ်သည်။ ရန်ကုန်တိုင်းဒေသကြီးအပါအဝင် မွန်ပြည်နယ်၊ ကယားပြည်နယ်တို့တွင်လည်း ဆက်လက်ကျင်းပကြဦးမည်ဖြစ်သည်။

အဖြေရှာတွေ့ကြပြီး ၂၁ ရာစုပင်လုံငြိမ်းချမ်းရေးညီလာခံကြီးအောင်မြင်စွာကျင်းပနိုင်၍ ပြည်တွင်းငြိမ်းချမ်းရေး ရစေရေးကို ပြည်သူတစ်ရပ်လုံးက မျှော်လင့်စောင့်စားနေကြကြောင်းပါ။

# ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များတွင် ယုံကြည်မှုတည်ဆောက်ခြင်းက ကြီးမားသည့် စိန်ခေါ်မှုတစ်ရပ် ဖြစ်နေဟုဆို



ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များတွင် ယုံကြည်မှုတည်ဆောက်ခြင်းက ကြီးမားသည့် စိန်ခေါ်မှုတစ်ရပ်ဖြစ်နေကြောင်း ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ လုပ်ဆောင်နေကြသည့် အဖွဲ့အစည်းများထံမှ သိရှိရသည်။

ရန်ကုန်မြို့ရှိ Green Hill ဟိုတယ်၌ ဇန်နဝါရီ ၇ ရက်တွင်ကျင်းပသည့် မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးဖြစ်စဉ် မည်သို့အောင်မြင်မှုရရှိနိုင်ရေး ငြိမ်းချမ်းရေးဖိုရမ်ဆွေးနွေးကြရာ ယင်းကဲ့သို့ ထည့်သွင်း ဆွေးနွေးခဲ့ကြခြင်းဖြစ်သည်။

"ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွေမှာ ယုံကြည်မှုတည်ဆောက်ခြင်းက အဓိကကြီးမားတဲ့စိန်ခေါ်မှုတစ်ရပ်ဖြစ်နေတယ်။ အဲဒါကြောင့် ယုံကြည်မှုတည်ဆောက်နိုင်အောင် လုပ်ဆောင်နေကြပါတယ်"ဟု ငြိမ်းချမ်းရေး ကော်မရှင်အဖွဲ့ဝင် ဦးလှမောင်ရွှေက ပြောသည်။

တိုင်းရင်းသားလက်နက်ကိုင်များနှင့် တပ်မတော်တို့ တိုက်ပွဲများဖြစ်ပွားနေသည်မှာ နှစ်ပေါင်းများစွာကြာမြင့်နေပြီဖြစ်ခြင်းကြောင့် တစ်ဖွဲ့နှင့်တစ်ဖွဲ့ ယုံကြည်မှုများ ပျက်စီးနေရကြောင်း ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ လုပ်ဆောင်နေကြသည့် အဖွဲ့အစည်းတို့က ဆိုသည်။

"တိုက်ပွဲတွေနှစ်ပေါင်းများစွာတိုက်လာကြတာကြောင့် တစ်ဖွဲ့နဲ့ တစ်ဖွဲ့ မုန်းတီးမှု၊ သံသယရှိမှု၊ မယုံကြည်မှုတွေ ရှိနေကြတာဖြစ်ပါတယ်။ ငြိမ်းချမ်းရေးဆွေးနွေးပွဲတွေလုပ်ရင်းရင်းနဲ့ တဖြည်းဖြည်း ယုံကြည်မှုတွေ ရရှိလာမှာပါ။ တစ်ဖက်နဲ့တစ်ဖက် ယုံကြည်မှုရှိဖို့ထက် ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုရှိဖို့ ပိုအရေးကြီးပါတယ်။ ကိုယ်က တကယ်ကို ငြိမ်းချမ်းရေးလိုချင်ရဲ့လားဆိုတာ ပိုပြီးအရေးကြီးပါတယ်"ဟု KNU မှအထွေထွေအတွင်းရေးမှူးပဒိုစောကွယ်ထူးဝင်းကပြောသည်။

တိုင်းရင်းသားလက်နက်ကိုင်များသည် စစ်မှန်သည့် ဒီမိုကရေစီရရှိရေး၊ တန်းတူ ဖွံ့ဖြိုးတိုးတက်ရေးစသည်တို့ကြောင့် လက်နက်ကိုင်တိုက်ပွဲဝင်နေကြကြောင်း တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများထံမှ သိရသည်။

**မင်းအောင်မြင့်(မြစ်မခ)**

# နမ္မတူမြို့ ရွှေမြင်သာဘုန်းကြီးကျောင်းမှ စစ်ရှောင်များကို ကျူဆော့ကျေးရွာသို့ ပြောင်းရွှေ့ပေးမည်

ရှမ်းပြည်နယ်မြောက်ပိုင်း၊ နမ္မတူမြို့၊ ရွှေမြင်သာဘုန်းကြီးကျောင်း၌ စစ်ရှောင် ခိုလှုံနေသော စစ်ရှောင်ပြည်သူများ အကြောင်းအမျိုးမျိုးကြောင့် ကျူဆော့ကျေးရွာသို့ ပြောင်းရွှေ့နေထိုင်ရမည်ဖြစ်ကြောင်း စစ်ရှောင်စခန်းတာဝန်ရှိသူများထံမှ သိရှိရသည်။

မန်တုံမြို့နယ်၌ ဇူလိုင်လအတွင်း တိုက်ပွဲများ ဖြစ်ပွားခဲ့ခြင်းကြောင့် အဆိုပါ စစ်ရှောင်စခန်းသို့ ရောက်ရှိလာခြင်းဖြစ်ကာ ဆောက်ပေးထားသည်မှာယာယီတဲများဖြစ်သောကြောင့် ပျက်စီးပြီးမလုံခြုံတော့သဖြင့် ကျန်းမာရေးထိခိုက်လာခြင်းများကြောင့် တစ်အိမ်ထောင်လျှင် တစ်ခန်းနှုန်းဖြင့်ထားနိုင်ရန် ပြောင်းရွှေ့ပေးရခြင်းဖြစ်ကြောင်း သိရသည်။

"စခန်းဆောက်တုန်းက ယာယီဆိုတော့ ပျက်စီးပြီး မလုံခြုံဖြစ်လာတယ်။ အခုက ကျန်းမာရေးတွေ ထိခိုက်လာတယ်။ ပြန်ပြင်ဖို့ကလည်း သာသနာ့မြေဖြစ်နေတယ်။ဒါကြောင့် အားလုံးအတွက် အဆင်ပြေအောင် စီစဉ်ပေးရတာပါ' ဟု နမ္မတူစစ်ရှောင်စခန်းကူညီရေးကော်မတီမှ ဒုတိယဥက္ကဋ္ဌ ဦးစိုင်းဘဉာဏ်က ဇန်နဝါရီ ၄ ရက်တွင် ပြောသည်။

အဆိုပါ ရွှေမြင်သာဘုန်းကြီးကျောင်း၌ စာပြန်ပွဲများ၊ ရှင်လောင်းပွဲ များ၊ အခမ်းအနား ကျင်းပရန်ရှိသည့်အပြင် လူအများစုပေါင်းနေထိုင်ရခြင်းကြောင့် ရောဂါများ ကူးစက်လွယ်နိုင်သဖြင့် ကျန်းမာရေးအတွက် နေရာသစ်ပြောင်းရွှေ့ပေးရခြင်းဖြစ်ကြောင်း သိရသည်။

"ကိုယ့်မိသားစုနဲ့ ကိုယ်ပိုင်အခန်းလေးနဲ့နေရမှာဆိုတော့ အဆင်ပြေပါတယ်။ မိသားစုများရင် နှစ်ခန်းပေးမယ်လို့ပြောတယ်။ စားဖို့အတွက်ပဲ ရှာရတော့ မှာပေါ့"ဟု မန်နားကျေးရွာမှ ဒေါ်ဂျာနန်းက ပြောသည်။

ကျူဆော့ကျေးရွာသည် ယခုစစ်ရှောင်စခန်းနှင့် တစ်မိုင်ခန့်သာဝေးသော မြို့အစပ်တွင်ရှိကာ လက်ရှိတွင် ရွှေမြင်သာကျောင်းမှ အိမ်ထောင်စု ၁၄၈ စု၊ လူဦးရေ ၅၇၄ ဦးအတွက် ၁၂ခန်းပါ အဆောင်များ ဆောက်လုပ်နေသည်မှာ အမိုးအကာများပြုလုပ်ရန် ကျန်ရှိနေသေးကြောင်းသိရသည်။

**နောင်(မြစ်မခ)**

The HOT NEWS
Vol - 7, No - 328, Jan 13 - 19 , 2017

# ငြိမ်းချမ်းရေးဆိုတာ ခေတ်ရဲ့တောင်းဆိုချက်ဖြစ်တဲ့အတွက် လူ၊ နတ် သာဓုခေါ်မယ့်ကိစ္စဖြစ်ပါတယ်

**ငြိမ်းချမ်းရေးဖြစ်စဉ်တွင် ပြည်သူလူထုပါဝင်ပေးကြရန် ဇန်နဝါရီ ၁ရက်တွင် နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ်က တိုက်တွန်းခဲ့ရာ အရပ်ဘက်လူ့အဖွဲ့အစည်းများ၊ နိုင်ငံရေးလေ့လာသုံးသပ်သူများ၏ ငြိမ်းချမ်းရေးဖြစ်စဉ်အပေါ်ထားသည့် အမြင်သဘောထားများကို မေးမြန်းတင်ပြလိုက်ပါသည်။**

**ဦးရန်ကျော် (နိုင်ငံရေးလေ့လာသုံးသပ်သူ)**



တိုင်းရင်းသားတွေပြောတဲ့ ရသင့်ရထိုက်တဲ့ အခွင့်အရေးတွေရဖို့ လက်နက်ကိုင်နေရတာပါဆိုတဲ့ စကားကို ကျွန်တော်သဘောတူတယ်။ ကျွန်တော် ကယားပြည်နယ်ဘက်သွားတော့ဒေသခံတစ်ယောက် ကပြောတယ်။ ဆရာတဲ့. . . ဟိုမှာကြည့်စမ်း မဟာ ဓာတ်အားလိုင်းကြီးတွေ။ ငါတို့တစ်တွေကတဲ့ လျှပ်စစ် မြို့တော် တို့လွိုင်ကော်ဆိုပြီးတော့ ဂုဏ်ယူတာတဲ့။ မှန်တာပေါ့လို့။ ဒီလိုဂုဏ်ယူရမယ်ဆိုတော့ အဲဒီ အချိန်မှာ အခြားတစ်ယောက်ကဝင်ပြောတယ်။ ဆရာတဲ့. . . သူ့စကားမဆုံးသေးဘူး။ ကျန်သေးတယ်တဲ့။ ဘာလဲကွ။ ဖယောင်းတိုင်ဆောင်ထား တို့ကယားတဲ့။ ကြိုးတွေပဲရှိတယ်ဆရာ။ မီးမလင်းဘူးတဲ့။ အဲဒါဘာလဲ။ သူ့ဆီကအရင်းအမြစ်နဲ့လင်းတဲ့ နေရာမှာလင်းနေပေမဲ့ သူတို့ကျတော့ မှောင်နေတဲ့အခါ တန်းတူညီမျှမဖြစ်တော့ဘူး။ နိုင်ငံတစ်ခု ဖွံ့ဖြိုးတိုးတက်ချင်တယ်ဆိုရင် အဲဒီနိုင်ငံဟာ နိုင်ငံရေးတည်ငြိမ်ရမယ်။ နိုင်ငံရေးတည်ငြိမ်ဖို့အတွက် ပဋိပက္ခကင်းရမယ်။ ကျွန်တော်တို့အရပ်ဘက်လူ့အဖွဲ့အစည်းများရဲ့ ဖိုရမ်ကို သုံးလကိုတစ်ကြိမ် ပုံမှန်ကျင်းပလာခဲ့တာ အခုလ ၁၈၊ ၁၉မှာ လုပ်မယ့်ပွဲဆိုရင် ၁၅ကြိမ်ရှိသွားပါပြီ။ အရင်အစိုးရ လက်ထက်ကတည်းကလုပ်လာခဲ့တာ။ အခုဆိုလေး နှစ်ထဲရောက်လာပြီ။အဖွဲ့အစည်းပေါင်း၁၄၀လောက်အထိ အများဆုံးတက်ဖူးပြီး လူဦးရေအားဖြင့်၁၉၅ယောက်အထိ ဒီဖိုရမ်တွေကို ဆောင်ရွက်ခဲ့ပါတယ်။ ပြည်သူလူထုပါဝင်ဖို့အရေးကြီးတယ်ဆိုတဲ့အတွက် ပြည်သူလူထုနဲ့ တစ်သားတည်းထိတွေ့ ဆက်ဆံနေတဲ့ ကျွန်တော်တို့အရပ်ဘက်အဖွဲ့အစည်းတွေရဲ့ပါဝင်မှုကဏ္ဍကို သက်ဆိုင်ရာ အစိုးရမင်းများကသော် လည်းကောင်း၊နိုင်ငံရေးပါတီအဖွဲ့အစည်းများကသော်လည်းကောင်း၊ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများကသော်လည်းကောင်း ရွှင်ရွှင်လန်းလန်း၊ ကြည်ကြည်သာသာနဲ့ လက်ခံပေးဖို့လိုပါတယ်။ ကျွန်တော်တို့ ညီညီညွတ်ညွတ်နဲ့လုပ်ဖို့ အချိန်တန်ပါပြီ။ ဒီဖွဲ့စည်းပုံအခြေခံဥပဒေကိုလည်း ပြင်ဆင်ဖို့ ကြိုးစားရပါလိမ့်မယ်။ လက်ရှိအစိုးရကိုလည်း တိုင်းပြည်အပေါ်ပေးထားတဲ့ကတိအတိုင်း ဖွဲ့စည်းပုံပြင်ဖို့ ကြိုးစားစေချင်ပါတယ်။ ဆုတ်သာ၊တက်သာရှိတဲ့ ပြုပြင်ပြောင်းလဲမှုမျိုးနဲ့ ပြုပြင်ပြောင်းလဲဖို့ ကြိုးစားရပါလိမ့်မယ်။

**ဦးနောင်ကျော် (စာရေးဆရာ၊ နိုင်ငံရေးအကျဉ်းသားဟောင်း)**

တပ်တွေက ဒီမိုကရက်တစ်အမြင် ခိုင်မာဖို့လိုပါတယ်။ လက်ရှိအစိုးရက ရှေ့ကအစိုးရတွေရဲ့အမှားတွေ၊ အခြေအနေဆိုးတွေကို သိမြင်ပြီး ပြုပြင်ပြောင်းလဲဖို့လိုပါတယ်။ အစိုးရအဆက်ဆက်က လက်နက်ချအညံ့ခံရေးလိုင်းပေါ်ကပဲ ရပ်ခဲ့တာကိုတွေ့ရမှာဖြစ်ပါတယ်။ အဲဒီအတွက် အကြံပြုချက်ကတော့ ဖြစ်



နေတဲ့စစ်ပွဲမှာ အပြုတ်တိုက်ရေး၊ လက်နက်ချရေးဆိုတဲ့ အမြင်တွေကို စွန့်လွှတ်နိုင်မှ ငြိမ်းချမ်းရေးလမ်းစပေါ်ရောက်လိမ့်မယ်လို့ ယူဆပါတယ်။ သမိုင်းမှာ လူထုက ငြိမ်းချမ်းရေးအတွက် ဆန္ဒတွေဖော်ထုတ်ပြသခဲ့တယ်။ အဲဒါကို အစိုးရအဆက်ဆက်က ဂရုမစိုက်ဘဲနဲ့ ပြည်တွင်းစစ်ဆက်တိုက်ရေးလမ်းပေါ်မှာပဲ ဆက်လျှောက်ခဲ့ကြတယ်။ အခုအစိုးရနဲ့ တပ်က လူထုချစ်တဲ့အစိုးရနဲ့ တပ်ဖြစ်အောင် ငြိမ်းချမ်းရေးကို မရအရ ကြိုးစားဖို့ လိုအပ်နေပြီဖြစ်ပါတယ်။ စစ်မီးငြိမ်းရေးအတွက် အစိုးရနဲ့ တပ်ဘက်ကစပြီးတော့ တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေးကို ကြေညာသင့်တယ်လို့ အကြံပြုချင်ပါတယ်။ ငြိမ်းချမ်းရေးရအောင် လုပ်ပေးနိုင်တဲ့ အစိုးရဟာ မြန်မာနိုင်ငံသမိုင်းမှာ ဂုဏ်သိက္ခာအရှိဆုံးအစိုးရဖြစ်လာမှာဖြစ်ပါတယ်။

**ဦးတင်သန်းဦး (စီးပွားရေးနှင့် ဥပဒေအကြံပေး)**



အခု ဒီစစ်ပွဲတွေ ငြိမ်းသွားဖို့ ပြည်သူတွေဝင်ပါပါလို့ပြောတယ်။ ဘယ်လိုဝင်ပါရမှာလဲ။ ပြည်သူက ဆန္ဒပြပေးရုံကလွဲပြီး ဘာမှမလုပ်နိုင်ဘူး။ ငြိမ်းချမ်းရေး ဘာကြောင့်မရသေးတာလဲဆိုတဲ့အချက်တွေ ပြည်သူကိုချပြပြီလား။ မချပြသေးဘူး။ NCA လက်မှတ်မထိုးနိုင်တဲ့အချက်တွေ ထုတ်ဖော်ပေးသလား။ မထုတ်ဖော်ဘူး။ ငြိမ်းချမ်းရေးလိုချင်ရင် မငြိမ်းချမ်းရတဲ့အကြောင်းကို ရှာရမယ်။ နံပါတ်တစ် အပြန်အလှန်လေးစားမှုရှိရမယ်။ တိုင်းရင်းသားလူမျိုးတွေနဲ့ အပြန်အလှန်လေးစားမှုရှိရမယ်။ မရှိဘူး။ အသိအမှတ်ပြုမှုလည်းမရှိဘူး။ တပ်မတော်ကိုလည်း ဟိုဘက်က အသိအမှတ်ပြုရမှာဖြစ်သလို တိုင်းရင်းသားလွတ်မြောက်ရေး လက်နက်ကိုင်တွေကိုလည်း တပ်မတော်က အသိအမှတ်ပြုရမယ်။ စေ့စပ်ရေးတက်ရင်တက်၊ မတက်တဲ့သူကို အကြမ်းဖက်လို့ သတ်မှတ်မယ်ဆိုရင်တော့ ငြိမ်းချမ်းရေးဝေးဦးမှာပဲ။ လက်မှတ်မထိုးတဲ့အဖွဲ့တွေကို မထိုးတဲ့အကြောင်း တရားဖွေရှာပြီး သွားပြီးတော့စည်းရုံးရမယ်။တရားဝင်နိုင်ငံတော်က ကြေညာရမယ်။ ဘက်မလိုက်တဲ့ငြိမ်းချမ်းရေးသံတမန်တွေ ခန့်ပေးရမယ်။ အဲဒီသံအဖွဲ့မှာ ပညာရှင်တွေပါဝင်ရမယ်။ အစိုးရတစ်ရပ်ရဲ့ ငြိမ်းချမ်းရေးပေါ်လစီကို ဆန့်ကျင်ရင် အရေးယူနိုင်ရမယ်။ ဘာဖြစ်လို့လဲဆိုတော့ အစိုးရက ငြိမ်းချမ်းရေးလုပ်

## ဇော်မြင့်

နေတဲ့အချိန်မှာ တိုက်ပွဲတွေဖြစ်နေတယ်လေ။ ကျွန်တော်တို့ပြည်သူတွေ ပါဝင်ပါမယ်။ ပါဝင်တဲ့ပြည်သူတွေရဲ့အသံကိုလည်း သက်ဆိုင်သူအားလုံးက တလေးတစားလိုက်နာပေးကြပါလို့ပဲပြောချင်ပါတယ်။

**ဦးထွန်းကြည် (နိုင်ငံရေးအကျဉ်းသားဟောင်းများအဖွဲ့၊ ဦးဆောင်ကော်မတီဝင်)**



ငြိမ်းချမ်းရေးဖြစ်စဉ်ရဲ့ အောင်မြင်မှုဆိုတာ ပြည်သူလူထုက အဓိကပါ။ ပြည်သူတွေ၊ CSO တွေက ပါဝင်ဖို့ အာသီသရှိသော်ငြားလည်း ငြိမ်းချမ်းရေးကို အဟန့်အတားဖြစ်စေတဲ့ဖြစ်ရပ်မျိုးတွေရှိနေတာကိုလည်း ထည့်တွက်ရမယ့်အနေအထားရှိပါတယ်။ စစ်ဖြစ်နေမှ မငြိမ်းချမ်းတာမဟုတ်ပါဘူး။ စစ်မဖြစ်ဘဲနဲ့ မြန်မာနိုင်ငံတစ်ဝန်းလုံးမှာ ကုန်ဈေးနှုန်းကြီးမြင့်မှုသည် ဆင်းရဲမွဲတေမှုတွေရှိနေတယ်။ တရားဥပဒေစိုးမိုးမှုတွေ ပျက်သုဉ်းနေတယ်။ လူမျိုးရေး၊ ဘာသာရေးကိစ္စတွေရှိနေတယ်။ စစ်ရှောင်ဒုက္ခသည်စခန်းတွေမှာ ရိက္ခာတွေဖြတ်တောက်ခြင်း ခံနေရတယ်။ ကချင်က မန်စီမြို့နယ်ထဲက မန်ဝိုင်းကြီးကျေးရွာမှာဆိုရင် ဒုက္ခသည်လေးထောင်လောက်ရှိနေတယ်။ WST က ကူညီပံ့ပိုးမယ်ဆိုပြီး ဆန်ကားတန်းကြီးလာနေတာကို အရောက်မပို့နိုင်တဲ့အပြင် ဒီဆန်တွေကို တစ်နေရာမှာထားခဲ့ရတဲ့ အနေအထားမျိုးတွေဟာ ဒီစခန်းမှာရှိနေတဲ့ တိုင်းရင်းသားပြည်သူတွေကို သေဒဏ်ပေးနေတာလားလို့ မေးခွန်းထုတ်ရမယ့်အဖြစ်တွေလည်းရှိနေတယ်။ နယ်မြေခံစစ်ကြောင်းတွေကတော့ လုံခြုံရေးအကြောင်းပြချက်နဲ့ တားဆီးတာပါလို့ ပြောတယ်။ တိုင်းရင်းသားလက်နက်ကိုင်တွေက အမြင်ကျဉ်းမြောင်းလို့ တိုက်ပွဲတွေဖြစ်နေတာပါဆိုတဲ့ ကာချုပ်ရဲ့စကားကလည်း သင့်မြတ်လိုစိတ်၊ ငြိမ်းချမ်းလိုစိတ်နဲ့ ပြောတာလားလို့ မေးချင်တယ်။ တပ်မတော်က ငြိမ်းချမ်းရေးကို အမှန်တကယ်လိုလားတယ်ဆိုရင် အပစ်အခတ်ရပ်စဲရေးကိုတစ်ဖက်သတ်ထုတ်ပြန်ကြေညာပေးစေချင်တယ်။ ဒါဟာ ခေတ်ရဲ့တောင်းဆိုချက်ဖြစ်တဲ့အတွက် လူ၊ နတ် သာဓုခေါ်မယ့်ကိစ္စဖြစ်ပါတယ်။ ဒီလိုမှမဟုတ်ဘဲ တိုင်းရင်းသားလက်နက်ကိုင်တွေဘက်ကို ပုတ်ခတ်ပြောဆိုတာမျိုးတွေ အလျဉ်းသင့်သလို လုပ်နေဦးမယ်ဆိုရင် အမျိုးသားပြန်လည်သင့်မြတ်ရေးနဲ့ ငြိမ်းချမ်းရေးခရီးက ဝေးသထက်ဝေးသွားပါလိမ့်မယ်။ တလောက ABSDF က ဗဟိုကော်မတီဝင် ကိုမင်းဌေးကို ဖမ်းဆီးလိုက်ခြင်းဟာလည်း ငြိမ်းချမ်းရေးကို အနှောင့်အယှက်ဖြစ်စေပါတယ်။ ကိုမင်းဌေးဟာ NCA လက်မှတ်ထိုးထားတဲ့အဖွဲ့ကဖြစ်ပါတယ်။ အဲဒါဆိုရင်ငြိမ်းချမ်းရေးကိုဘယ်သူတွေကလိုလားပြီးတော့ ဘယ်သူတွေက ဆန့်ကျင်နေတာလဲမေးခွန်းထုတ်ရတော့မှာဖြစ်ပါတယ်။ အခုလိုတင်ပြရတာဟာ နိုင်ငံသားတစ်ဦးအနေနဲ့ ငြိမ်းချမ်းရေးဖြစ်စဉ်အတွက် အုတ်တစ်ချပ်သဲတစ်ပွင့်ပူးပေါင်းပါဝင်အကြံပြုလိုက်ခြင်းဖြစ်ပါတယ်။ အစိုးရရော၊ တပ်ရော၊ တိုင်းရင်းသားတွေရောငြိမ်းချမ်းရေးသန္နိဋ္ဌာန်ခိုင်ခိုင်မြဲမြဲရှိကြပါစေလို့ဆန္ဒပြုပါတယ်။

**ကိုဇာနည် (စိတ္တသုခဖွံ့ဖြိုးရေးအင်စတီကျုခေါင်းဆောင်)**



ငြိမ်းချမ်းရေးဖြစ်စဉ်ကြီးမှာ လူထုပူးပေါင်းပါဝင်မှုဆိုတာလုပ်ဟန်တစ်ခုပါ။ ဒါပေမဲ့ ဒါဟာ ပြဿနာရဲ့ အရင်းအမြစ်တော့မဟုတ်ဘူး။ ပြဿနာရဲ့အရင်းအမြစ်က ဘာလဲဆိုတော့ Equility၊ Equity နဲ့ Justice ပဲဖြစ်ပါတယ်။ အဲဒီဟာတွေသာပြဿနာအရင်းအမြစ်ဖြစ်တယ်။ ပြည်သူလူထုပါဝင်ပါလို့ပြောတဲ့တက်မကိုင်တဲ့ လူတွေကိုယ်တိုင် Equility၊ Equity နဲ့Justice ကို မထည့်သွင်းထားဘူးဆိုရင် ပြည်သူပါဝင်လည်းအလကားပဲ။ ငြိမ်းချမ်းရေးမှာ အဓိကတာဝန်ရှိတဲ့ အာဏာရပါတီ၊ အစိုးရနဲ့ တပ်မတော်သူတို့သုံးခုကိုယ်တိုင်ကိုက Equility၊ Equity၊ Justice ရော ရှိနေရဲ့လား။ ထည့်သွင်း စဉ်းစားမှုရော ရှိရဲ့လား။ အဲဒါတွေမရှိရင်တော့ ငြိမ်းချမ်းရေးက ရွှေပြည်တော် မျှော်တိုင်းဝေးနေဦးမှာပါ။ အဲဒီအချက်တွေအခြေခံတဲ့ အုတ်မြစ်တွေကို သေသေချာချာစီပြီးတော့မှ ကျန်တဲ့ကိစ္စတွေကို ဆက်သွားရမှာပါ။ လူထုပါဝင်တယ်ဆိုတာ ပြည်တွင်းငြိမ်းချမ်းရေးကိုသွားတဲ့ လုပ်ဟန်တွေအများကြီးထဲကလုပ်ဟန်တစ်ခုပဲဖြစ်တယ်။ ကျန်တဲ့လုပ်ဟန်တွေအကုန်လုံးပြည့်စုံမှသွားလို့ရမှာပါ။ မကြာသေးခင်က ငြိမ်းချမ်းရေးစကားဝိုင်းဆိုပြီး လူငယ်တွေနဲ့ တွေ့တယ်ပြောတယ်။ လူငယ်တွေက ဘယ်လိုကိုယ်စားပြုပြီးတက်လာတာလဲ။ အဲဒီလူငယ်တွေတွေ့ဖို့အတွက် ဘယ်လိုစီစဉ်ခဲ့တာလဲ။ လွန်ခဲ့တဲ့ ၁၉၉၃ ခုနှစ်က ဒါဟာ အနိုင်ရပါတီအနေနဲ့ ပိုပြီးတော့သိသင့်ပါတယ်။ အမျိုးသားညီလာခံကြီး ကျင်းပခဲ့တယ်။ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေကြီးကိုစပြီးတော့ အုတ်မြစ်ချတဲ့ ညီလာခံကြီးပေါ့ဗျာ။ အဲဒီညီလာခံကြီးကို ပြည်သူလူထုပေါင်းစုံပါဝင်တယ်ဆိုပြီး ၁၅ နှစ်လောက်ကျင်းပခဲ့ပါတယ်။ အဲဒါတွေဟာ အမည်ခံပြည်သူလူထုတွေဖြစ်ပါတယ်။ အဲဒါမျိုးမဖြစ်ဖို့တော့ လိုပါတယ်။ နောက်တစ်ခေါက်အဲဒီလိုမျိုးအသိပညာရှင်အတတ်ပညာရှင်လယ်သမားများအလုပ်သမားများဆိုပြီးတော့ ပြည်သူလူထုပါဝင်တယ်ဆိုပြီး လုပ်မိခဲ့မယ်ဆိုရင်တော့ တိုင်းပြည်ဟာအမှောင်ထဲဆက်ရှိနေရဦးမှာဖြစ်ပါတယ်။

The HOT NEWS
Vol - 7, No - 328, Jan 13 - 19 , 2017



# ငြိမ်းချမ်းရေးဆိုတာကို ဆောင်ပုဒ်တစ်ခုလို ကိုင်ထားလို့ မရဘူးဆိုသည့် လဘော်ဆိုင်ရော်နှင့်တွေ့ဆုံခြင်း

**လက်ရှိအစိုးရလက်ထက် ငြိမ်းချမ်းရေးဆောင်ရွက်မှုများနှင့် ပတ်သက်၍ မေတ္တာဖောင်ဒေးရှင်းတည်ထောင်သူ၊ မြန်မာ့ငြိမ်းချမ်းရေး လေ့လာသုံးသပ်နေသူ လဘော်ဆိုင်ရော်နှင့် သွားရောက်တွေ့ဆုံ မေးမြန်းဖြစ်ခဲ့ပါသည်။**



**ဆရာမအနေနဲ့ ကချင်ပြည်နယ် ငြိမ်းချမ်းရေးနဲ့ တိုင်းရင်းသား ဒေသခံတွေအတွက် ဖွံ့ဖြိုးရေးလုပ်ငန်းလုပ်တယ်ဆိုတော့ ဘယ်လိုလုပ်ငန်းတွေကို အဓိကထား လုပ်နေလဲ။**

အဓိကတော့ IDP camp တွေမှာတော့ camp mana--e စီမံခန့်ခွဲရေး ကော်မတီတွေဆိုတာ ဖွဲ့ပေးတယ်။ ကော်မတီကို ရွေးချယ်တတ်ဖို့ camp မှာရှိတဲ့ members တွေကို ကော်မတီဆိုတာကို နားလည်အောင်သင်ပေးတယ်။ နောက်ပြီးခုရှိတဲ့ အကူအညီတွေကို နိုင်ငံတကာက အကူအညီတွေက တစ်နှစ်နေမှ လေးခါ၊ ငါးခါလောက်ပဲ လာတာ။ လာလည်တဲ့သူတွေက ငွေအားဖြင့် ပစ္စည်းအားဖြင့် ကူညီကြတာတွေလည်းရှိတယ်။ အဲဒါတွေကိုစုပြီး ကိုယ့်ရဲ့ တစ်လစာကတော့ ဒီလောက်လိုအပ်တယ်။ အဲဒါတွေကို စီမံခန့်ခွဲတတ်အောင် နည်းနာလေးတွေကို သင်ပေးနေပါတယ်။

**ဆရာမ အနေနဲ့ ငြိမ်းချမ်းရေးလုပ်ငန်းထဲမှာ ပါဝင်ဆောင်ရွက်နေတာဟာ နှစ် ၃၀ ကျော်ကြာပြီဆိုတော့ အဲဒီအချိန်အတိုင်းအတာကနေ လက်ရှိ ငြိမ်းချမ်းရေးကို ပြန်သုံးသပ်ကြည့်ရင် ဘာတွေထူးခြားမှုရှိတာ တွေ့ရလဲ။**

အဓိကတော့ ပြည်သူလူထုရဲ့ အင်အားကတော်တော်ကြီးမားလာတယ်လို့ မြင်တယ်။ ပြောရဲဆိုရဲရှိလာတယ်။ ပွင့်ပွင့်လင်းလင်း ပြောတတ်လာတယ်။ အဲဒါတွေကတော့ ဝမ်းသာစရာ အခြေအနေလို့ မြင်တယ်။

**အရင်အစိုးရလက်ထက်ကနေ အခု အစိုးရလက်ထက်အထိ ငြိမ်းချမ်းရေး ဆောင်ရွက်နေတာ ငါးနှစ်ကျော် ရှိသွားပြီ။ အဲဒီအပေါ်မှာ ဆရာမတို့ CSO အဖွဲ့အစည်းတွေအနေနဲ့ အမြင်လေးကို ပြောပြပေးပါ။**

CSO ရဲ့ ကဏ္ဍကတော့ ကြားကရပ်တည်ပြီးတော့ နိုင်ငံတော်နဲ့ လူထုကြားမှာ ရပ်တည်ပြီးတော့ ညှိနှိုင်းဆောင်ရွက်ပေးရတဲ့ ကဏ္ဍက အဓိကပေါ့။ ပြီးတော့ ပြည်သူလူထုရဲ့အသံကို မြှင့်တင်ပေးဖို့ဒါက အဓိက။ ကျွန်မကတော့ လွန်ခဲ့တဲ့ ငါးနှစ်ဆိုတဲ့ဟာကို မပြောချင်ဘူး။ ဟိုးအစကတည်းက ကျွန်မပါဝင်ခဲ့တဲ့ ၁၉၉၀ နှစ်အစပိုင်းမှာ ငြိမ်းချမ်းရေးတွေ အပစ်အခတ် ရပ်စဲရေးတွေ စလုပ်တဲ့ အချိန်ကနေ ပါဝင်ဆောင်ရွက်လာတယ်။ အဲဒီကနေ အခုထက်ထိ ကျွန်မရဲ့ အမြင်ကတော့ CSO တွေဟာ တကယ်လုပ်ရင် လုပ်နိုင်အောင် နေရာတော့ရှိတယ်။ ကိုယ်က နေရာယူတတ်ဖို့ပဲ လိုတယ်။ ကိုယ်က မတိမ်းဘဲ၊ ဘယ်ဘက်ကိုမှ မပါဘဲနဲ့ ပြည်သူလူထုရဲ့ အသံကို မြှင့်တင်ပေးတတ်ဖို့လိုတယ်။ ကျွန်မတို့ CSO ရဲ့ ကဏ္ဍတွေကတော့ ဒီနှစ် ၃၀ အတွင်းမှာ မပျောက်ဘူး။ ဒီနှစ်သုံးဆယ်အတွင်းမှာ ဒေသခံများဟာ ရဲရဲတင်းတင်းနဲ့ သူတို့ရဲ့ အနေအထားကို တင်ပြရဲတဲ့အဆင့်ကို ရောက်နေပြီ။ ဒါပေမဲ့ ဝမ်းနည်းစရာကောင်းတာက ဒါနဲ့ ရပ်လို့မရဘူး။ စစ်ကရပ်ဖို့လိုတယ်။ စစ်ကို ရပ်ဖို့က CSO တစ်ခုတည်းနဲ့ မရဘူး။ ပြည်သူလူထုလည်း ပါရမယ်။ အစိုးရလည်း ပါရမယ်။ လက်နက်ကိုင် အဖွဲ့အစည်းတွေလည်း ပါရမယ်။ ဘာကြောင့်အစိုးရ အဓိက ပြောလဲဆိုတော့ အခုအစိုးရသည် နိုင်ငံတကာက လက်ခံထားတဲ့ အစိုးရဖြစ်တယ်။ ပြည်သူလူထုလည်း လက်ခံထားတဲ့ အစိုးရဖြစ်တယ်။ အသက် ၄၀ ကျော်ရှိတဲ့ ပုဂ္ဂိုလ်တိုင်းသည် ဒီလက်ရှိ အစိုးရဖြစ်လာဖို့ မကြိုးစားတဲ့သူ မရှိသလောက်ဘဲ။ ကျွန်မ ကြုံတောင်မကြုံဖူးဘူး။ အားလုံးပါဝင်ခဲ့တာဖြစ်တယ်။ ဒါကို ကျွန်မတို့က မေ့လို့မဖြစ်ဘူး။ တကယ်ပဲ ငြိမ်းချမ်းဖို့၊ တကယ်ပဲ ဒီမိုကရေစီနိုင်ငံဖြစ်ဖို့ ဒီအစိုးရမှာ တာဝန်အရှိဆုံးလို့ မြင်တယ်။

**အစိုးရအနေနဲ့ တိုင်းရင်းသား လက်နက်ကိုင်တပ်ဖွဲ့တွေနဲ့ ငြိမ်းချမ်းရေး ဆွေးနွေးတဲ့အခါမှာ 'ဘေးထွက်ထိုင်နေလို့ မရဘူး' ဆိုတဲ့ စကားရပ်အပေါ် ဆရာမအနေနဲ့ ဘယ်လိုမြင်လဲ။**

ကျွန်မပြောခဲ့သလိုပဲ အခုအချိန်ဟာ နိုင်ငံတော်အစိုးရမှာ တာဝန်အရှိဆုံးဖြစ်တယ်။ ဒီအချိန်မှာ ဘေးထွက်ထိုင်နေလို့ မရဘူး။ စစ်ရဲ့ အနိဋ္ဌာရုံတွေက လည်ပတ်နေတာ။ အဲဒီတော့ အလယ်မှာ လေဟာပြင်ကြီးဖြစ်နေကော။ အဲဒီ လေဟာပြင်ကြီးက ဘာတွေကို စုပ်ယူသွားမလဲဆိုတော့ အခြား ပြဿနာတွေ စုပ်ယူသွားမှာ အဲဒီ ပြဿနာလေးတွေ ဖြေရှင်းဖို့ပဲ အလုပ် ရှုပ်နေမှာပေါ့နော်။ ဥပမာဆိုရင် ရခိုင်အရေး၊ အခုတော့ သဘာဝ ဘေးအန္တရာယ်တွေလည်း မဖြစ်သေးလို့ နာဂစ်မှာဆိုရင် အဲဒါကို ပြန်လည်ထူထောင်ဖို့ ၅ နှစ်၊ ၁၀ နှစ်ကြာပါတယ်။ ကိုယ့်တိုင်းပြည်မှာ စစ်ရေးအရ ဖြေရှင်းခြင်းကို ရပ်ပြီးတော့ စားပွဲပေါ်ကို ခေါ်ဖို့ မလုပ်ခဲ့ဘူးဆိုရင် တခြားပြဿနာတွေလည်း ယခင်က ရှိတာထက် ပိုပြီးတော့ ကြီးလာနိုင်တယ်။ စစ်မရပ်ဘဲနဲ့တော့ ဘယ်လိုနည်းနဲ့မှ ဒီမိုကရေစီ မရောက်ဘူး။

ဖြိုးအောင်

**အခုဆိုရင် ကချင်ပြည်နယ်မှာရှိတဲ့ စစ်ဘေးရှောင်တွေကို WFP က ထောက်ပံ့မှုတွေကို ရပ်လိုက်လို့ စစ်ဘေးရှောင် စခန်းတွေဟာ တော်တော်ဒုက္ခရောက်နေကြတယ်။ ဒီအပေါ်မှာ ဆရာမအနေနဲ့ ဘယ်လိုမျိုးပြောချင်လဲ။ ဘယ်လိုမျိုး တောင်းဆိုချင်လဲ။**

ငြိမ်းချမ်းရေးကို တကယ်လိုလားတယ်ဆိုရင် အဲဒါကို ဆောင်ပုဒ်တစ်ခုအနေနဲ့ချည်းပဲ ရွတ်လို့မရဘူး။ ဒါကို အကောင်အထည်ဖော်ဖို့လိုတယ်။ ဒီလို ဒုက္ခတွေ ရောက်နေတဲ့ ပြည်သူတွေဆီကို အခက်အခဲတွေကြားထဲက မရောက် ရောက်အောင်သွားဖို့လိုတယ်။ သူတို့ရဲ့ လုံခြုံမှု၊ သူတို့ရဲ့ အခြေခံလိုအပ်ချက်တွေကို ကျွန်မတို့ ဖြည့်ဆည်းပေးဖို့လိုတယ်။ ပြည်သူလူထုကို ကူညီတဲ့အခါမှာ နယ်ခြားသတ်မှတ်လို့ မရဘူး။ ဒါဖြင့် KIO နယ်မြေဖြစ်နေလို့၊ ဒါကဖြင့် အစိုးရနယ်မြေဖြစ်နေလို့ လုပ်လို့မရဘူး။ ကိုယ့်ပြည်သူပြည်သားတွေ ဒုက္ခရောက်တဲ့နေရာကို မိခင်တစ်ဦးအနေနဲ့ မရောက်ရောက်အောင် သွားရမယ်။ အဲဒါကို မလုပ်ရင်တော့ တကယ်တမ်း ငြိမ်းချမ်းရေး လုပ်ဆောင်ချက် အနှစ်သာရ မရှိဘူး။

**အစိုးရနဲ့ တိုင်းရင်းသား လက်နက်ကိုင် တပ်ဖွဲ့တွေက ဆရာမတို့ CSO တွေရဲ့ တင်ပြချက်တွေကို အလေးထား၊ မထားဆိုတဲ့ အပေါ်မှာ ဘာများပြောချင်လဲ။**

CSO ဆိုတာကတော့ ပြည်သူလူထုကို ကိုယ်စားပြုတဲ့ လူမှုအဖွဲ့အစည်းတွေ ဒီအစိုးရကလည်း အခြားအစိုးရတွေလိုပဲ အသိအမှတ်ပြုပြီး တာဝန်ယူထားရတာပေါ့။ ဘာကြောင့်လဲဆိုတော့ အစိုးရတိုင်းသည် ပြည်သူလူထုကြောင့် တက်လာတာပေါ့။ အထူးသဖြင့် ဒီအစိုးရပေါ့။ ပြည်သူလူထုရဲ့ အသံကို ပစ်ပယ်လို့ မရဘူး။ မြန်မာနိုင်ငံရဲ့ အနေအထား က နှစ် ၆၀ ပြည်တွင်းစစ်ဖြစ်နေတယ်။ သူများတွေနဲ့ အဲဒါကတော့ ကွာတယ်။ ပညာရေးဆိုရင်လည်း ပြောကြမယ်ဆိုရင် ၁၉၈၈ ခုနှစ်စကတည်းက တော်တော်လေးကို ယိုယွင်းသွားတယ်။ capacity ဆိုတဲ့ လူသားအရင်းအမြစ်မှာ စွမ်းဆောင်နိုင်မှုက ဘယ်ဘက်ကိုပဲကြည့်ကြည့် အားနည်းတယ်။ ငြိမ်းချမ်းရေးအတွက် အနှစ်သာရတစ်ခုက ဘာလဲဆိုတော့ ကမ္ဘာမြေကြီးရဲ့ လှပတဲ့ ဝန်းကျင်ကို ခံစားတတ်ဖို့ကလည်း လိုတာကို။ ကရင်ဘက်မှာ ပြည်သူလူထုက အစိုးရ စီမံကိန်းတစ်ခုမှာ သဘာဝ ပတ်ဝန်းကျင်ပျက်စီးမှာ စိုးရိမ်လို့ မလုပ်ပါနဲ့လို့ ပြောတဲ့အခါမှာ ဖြေရှင်းရမှာက ဘယ်သူတာဝန်လဲ ဆိုတော့ အဲဒါကို ဖော်ဆောင်မယ့် အဖွဲ့အစည်း ကုမ္ပဏီဖြစ်ရင်ဖြစ်မယ်။ အစိုးရဖြစ်ရင် ဖြစ်မယ်။ သူတို့ လုပ်ဆောင်မယ့် ကဏ္ဍတွေက ဒါတွေဖြစ်ပါတယ်။ ဒါကို မစခင်ကတည်းက သေချာချပြရမှာ သေချာရှင်းပြရမှာ။ ပြည်သူလူထုလည်း ဒီလိုပဲ နှစ် ၆၀ ဖြစ်နေတဲ့ တိုက်ပွဲတွေကို သုံးသပ်ဖို့ အားနည်းချင် အားနည်းမယ်။ ဒါပေမဲ့ ကိုယ်က ဒေသရဲ့ နားလည်မှု မပါဘဲ ဘာမှ လုပ်လို့မရဘူး။ ရေရှည်အောင်မြင်မှာလည်း မဟုတ်ဘူး။ အထူးသဖြင့် အစိုးရဟာ ပြည်သူလူထုရဲ့ အခွန်ပေါ် ရပ်တည်နေသော အစိုးရမဟုတ်သေးဘူး။ အခုက တိုင်းရင်းသား ဒေသခံတွေရဲ့ သယံဇာတ ထုတ်ယူမယ့်နေရာရဲ့ တိုင်းရင်းသားဒေသက လူထုသဘောထား မပါရင် ပဋိပက္ခထပ်ဖြစ်နေဦးမှာ။ ဒါကြောင့်မို့လို့ ကျွန်မအနေနဲ့ တကယ်ပဲ ငြိမ်းချမ်းမယ်ဆိုရင် တကယ်ပဲ အားလုံးလက်ခံသော စီမံကိန်းဖြစ်ရတယ်။

**အခုလို ဖြေကြားပေးတာကို ကျေးဇူးတင်ပါတယ်။**

## မြန်မာ-အိန္ဒိယ နယ်စပ်တွင် နယ်နိမိတ်စည်းရိုးကာရံခြင်းကို နာဂအဖွဲ့အစည်းများ ကန့်ကွက်ခြင်းအား နိုင်ငံခြားရေးဝန်ကြီးဌာနရှင်း

မြန်မာ-အိန္ဒိယနယ်စပ်တွင် နယ်နိမိတ်စည်းရိုးကာရံခြင်းကို နာဂအဖွဲ့အစည်းများ စုပေါင်း၍ သဘောထားထုတ်ပြန်ကာ ကန့်ကွက်သည့်အပေါ် နိုင်ငံခြားရေးဝန်ကြီးဌာနက ဇန်နဝါရီ ၉ ရက်တွင် ရှင်းလင်းထုတ်ပြန်ချက်တစ်ရပ် ထုတ်ပြန်လိုက်သည်။

အဆိုပါနယ်စပ်ဒေသတွင် နာဂ၊ ချင်း၊ ကူကီး၊ ကချင်စသည့် ဒေသခံတိုင်းရင်းသားများ အနေဖြင့် နှစ်နိုင်ငံနယ်နိမိတ်ကို ကူးလူးဆက်ဆံနေထိုင်ကာလူမှုရေးနှင့် စီးပွားရေးအမှီအခိုပြုရာ ဒေသတစ်ခု ဖြစ်သောကြောင့် နယ်စပ်စည်းရိုးတည်ဆောက်ပါက ဒေသခံတိုင်းရင်းသားများအတွက် လူမှုရေးပြဿနာများပေါ်ပေါက်နိုင်ပြီး နှစ်နိုင်ငံအစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင်များအကြား စစ်ရေးပဋိပက္ခ ပေါ်ပေါက်နိုင်သောကြောင့် ကန့်ကွက်ခြင်းဟုဆိုသည်။

မြန်မာ-အိန္ဒိယနယ်နိမိတ်မှတ်တိုင် ဘီပီ ၁၄၅ နှင့် ဘီပီ ၁၄၆ ကြားတွင် မြန်မာဘက်မှ ခြံစည်းရိုး ကာရံခြင်းမှာ နှစ်နိုင်ငံနယ်နိမိတ်ကျော်လွန်၍ မြန်မာ့ပိုင်နက်နယ်မြေအတွင်း အဆောက်အဦများ ဆောက်လုပ်ခြင်း မရှိစေရန်ဖြစ်ကြောင်း၊ နယ်နိမိတ်မျဉ်းအနီး နေထိုင်သော နှစ်ဖက်ဒေသနေ ပြည်သူများ၏ ထုံးတမ်းစဉ်လာနှင့်အညီ တရားဝင်နည်းလမ်းဖြင့် နယ်နိမိတ်အား ပုံမှန်ဝင်/ထွက်သွားလာမှုကို ကန့်သတ်ရန်ရည်ရွယ်ချက်ဖြင့် ဆောင်ရွက်ခြင်းမဟုတ်ကြောင်း၊ မိမိဘက်မှ ဒေသအာဏာပိုင်များအနေဖြင့် နယ်စပ်စီမံခန့်ခွဲမှုဆောင်ရွက်ရာတွင် ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်ရန်ဖြစ်ကြောင်း၊ ခြံစည်းရိုးကာရံခြင်းကို တစ်ဖက်နိုင်ငံနှင့် ညှိနှိုင်းထားပြီး နှစ်ဖက်နိုင်ငံနယ်နိမိတ်စာချုပ်ပါ ပြဋ္ဌာန်းချက်များအပါအဝင် အစည်းအဝေးသဘောတူညီချက်များနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း နိုင်ငံခြားရေးဝန်ကြီးဌာနက ရှင်းလင်းထုတ်ပြန်သည်။

မြန်မာဘက်အနေဖြင့် ခြံစည်းရိုးကို နယ်နိမိတ်မျဉ်းမှ ၁၀မီတာအကွာ အဆောက်အဦများ မဆောက်လုပ်ရန် တားမြစ်ထားသည့် ၁၀ မီတာ ပြင်ပ မြန်မာပိုင်နယ်မြေအတွင်း ဆောက်လုပ်ရန်ရှိကြောင်း၊ ယင်းသို့ဆောက်လုပ်ရာတွင်လည်း နယ်စပ်နေပြည်သူများ အဆင်ပြေစေရန် လိုအပ်သည့် နေရာများတွင် ဝင်/ထွက်သည့် အပေါက်များ၊ တံခါးများ စီစဉ်ဆောင်ရွက်ပေးရန်ရှိကြောင်းလည်း ရှင်းလင်းဖော်ပြထားသည်။

စိုးအောင်

The HOT NEWS
Vol - 7, No - 328, Jan 13 - 19 , 2017

# ကုန်ဈေးနှုန်းကတက် ကားခပါထပ်တက်ရင်တော့ မိသားစုဘဝရပ်တည်ရေး ခက်ခဲရပါတော့မယ်

**■ မျိုးကျော် ■**

**ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေး ကြီးကြပ်ကွပ်ကဲမှု အာဏာပိုင်အဖွဲ့က အများပိုင် ဘတ်စ်ကားလိုင်းများဖြင့် ပြောင်းလဲပြေးဆွဲမည့်အပေါ် ပြည်သူအများ၏ ထင်မြင်သုံးသပ်ချက်များကို စုစည်းဖော်ပြလိုက်ပါသည်။**

**ဒေါ်မိုးကလျာဦး(ကုမ္ပဏီဝန်ထမ်း)**

အခုအသစ်ဆွဲမယ့် လိုင်းတွေကို ကြည့်လိုက်တော့ ရတနာလမ်း ပေါ်ကိုဖြတ်မယ့်ကားက နှစ်စီးပဲရှိတယ်။ မြို့ထဲကို တိုက်ရိုက်ရောက်တဲ့ကားက မရှိဘူး။ ကျွန်မတို့က နှစ်ဆင့်စီးပြီးတော့ သွားရမယ်။ နှစ်ဆင့်စီးရမယ်ဆို ရင် ပထမတစ်ဖြတ်က နှစ်ရာဆိုရင်နောက်တစ်ဖြတ် ကနှစ်ရာဖြစ်သွားရင် လေးရာဖြစ်သွားမယ်။ အရင်တုန်းက မြို့ထဲကိုသွားရင် နှစ်ရာဆိုရင် အခုလေးရာ ဖြစ်သွားပြီ။ လမ်းစရိတ်နှစ်ဆပိုကုန်မယ်။ ကားက နှစ်ဆင့်ပြန်စီးရတဲ့အတွက် ကားကို အချိန်မစောင့် ရရင်ကောင်းတယ်။ စောင့်ရမယ်ဆိုရင် အရင်တုန်းက တစ်နာရီဆိုရင် အခု ဒီထက်ပိုကြာသွားနိုင်တယ်။ ပထမအချက်က လမ်းစရိတ်ငွေကြေး ပိုကုန်သွားမယ်။ ကားလိုင်းတွေ နည်းသွားတာကြောင့် ကားအစီးရေပေါ်မူတည်ပြီးတော့ အစီးရေ အရေအတွက်လည်း နည်းမယ်။ လိုင်းအရေအတွက်လည်း နည်းမယ်ဆိုရင် ကားတွေက အမြဲတမ်းကျပ်မယ်။ ကားတစ်စီးတစ်စီးကိုစောင့်ရတာအချိန် အရမ်းကြာသွားမယ်။ ဒါက အဆင်မပြေဘူး။ ဖြစ်နိုင်တဲ့အနေ အထားမျိုးကိုပြောနေတယ်။ အဆင်ပြေမယ်၊ မပြေဘူးဆိုတာ လက်တွေ့မသိသေးတဲ့အတွက်မပြောနိုင်သေးဘူး။ ၁၆ရက်နေ့ဟာ တနင်္လာနေ့ဖြစ်တယ်။ အဲဒီနေ့မှာ ရုံးတက်ရမယ့်သူတွေ အများကြီးရှိတယ်။ အဲဒီနေ့မှာ စာထွက်ရမယ့်သူတွေ အများကြီးရှိမယ်။ မနက်အစောကြီးကတည်းက ကားဟာ အလွန်တစ် ရာကျပ်တာမျိုး၊ ကားအစီးရေနည်းတဲ့အတွက်ကြောင့် လိုက်လို့မရတဲ့ အခြေအနေမျိုးထိ ဖြစ်နိုင်တယ်။ မှတ်တိုင်တွေမှာ ဘယ်ကား၊ လိုင်းနံပါတ်က ဘယ်လိုဖြတ်မယ်ဆိုတာကို ဘုတ်တွေထောင်ပေးရင် ကောင်းမယ်လို့ထင်တယ်။ ပြည်သူလူထုစိုးရိမ်တဲ့ အချက်တစ်ချက်က သွားရေးလာရေး အဆင်ပြေပါ့မလား၊ ခရီးစရိတ် ဘယ်လောက်ပိုတက်သွားမလဲ၊ဒီလိုပိုတက်သွားရင်ကျွန်မတို့ဝန်ထမ်းတွေက လစာမတိုးဘူး။ ဒီလစာနဲ့သွားနေရတယ်။ ဒီလစာနဲ့သွားနေရတော့ တစ်နေ့ကိုအသွား နှစ်ရာတက်သွားမယ်။ အပြန်နှစ်ရာတက်သွားမယ်ဆိုရင် တစ်နေ့ကိုလေးရာတက်သွားပြီးတစ်လနဲ့ တွက်ရင် နှစ်သောင်းနီးပါး အပိုကုန်သွားမယ်။ ကျွန်မတို့လို လစာနည်းတဲ့ဝန်ထမ်းတွေအတွက် အရမ်းဒုက္ခရောက်မယ်။ အဆင်မပြေနိုင်ဘူး ပိုပြီး ခက်ခဲသွားနိုင်ပါတယ်။

**အောင်မိုးထွန်း(ကွန်ပျူတာပညာရှင်)**

ကျွန်တော့်အနေနဲ့ ပြောချင်တာက ပြည်သူတွေအတွက် ဆန်းစစ်ချက်မရှိတာပါ။ အဲဒါမရှိတဲ့အတွက်ကြောင့် ကျွန်တော်တို့က ပြည်သူတွေက ဘယ်နေရာကနေ ဘယ်လောက်စီးနေတယ်ဆိုတာကို လေ့လာဆန်းစစ်သင့်တယ်။ ဒီလိုလေ့လာဆန်းစစ်မှုမရှိတဲ့အတွက်ကြောင့် တကယ်လူများတဲ့နေရာမှာ လိုင်းကားနည်းပြီးတော့ လူနည်းတဲ့နေရာမှာ လိုင်းကားများနေမယ်ဆိုရင် အဆင်မပြေနိုင်ဘူး။ အဲဒါကြောင့်မလို့ ပြည်သူတွေအတွက် လေ့လာဆန်းစစ်ချက်တွေ လုပ်သင့်တယ်။ ဒါတွေမရှိခဲ့တဲ့အတွက် အဆင်မပြေမှုတွေ ဖြစ်နိုင်တယ်။ ပြောစရာရှိလာတာက ကိုယ်သွားမယ့်နေရာကို နှစ်ဆင့်သုံးဆင့်သွားရမယ်ဆိုရင် ငွေကြေးကုန်ကျစရိတ် ပိုများလာမှာဖြစ်ပါတယ်။ ဒီလိုင်းကားတွေကို ရွှေ့ပြောင်းတဲ့အခါမှာ ထည့်သွင်းမစဉ်းစားထားတာက ဈေးတွေကို ကုန်စိမ်းတွေ၊ ငါးတွေသယ်တဲ့အခါမှာ ဒီကားတွေအပေါ်မှာ ပေးတင်မလား၊ ပေးမတင်ဘူးဆိုရင် ဘယ်လိုကားမျိုးတွေ စီစဉ်ထားမလဲဆိုတာ သူတို့မှာ အစီအစဉ်ရှိပုံမရဘူး။ ပြင်ထားတာ မတွေ့ရဘူး။ ဘာဖြစ်လို့လဲဆိုတော့ ကုန်စိမ်းသည်တွေ၊ ငါးသည်တွေ၊ ကြက်သည်တွေက လိုင်းကားဖြစ်တဲ့ ဒိုင်နာတွေ၊ BM တွေနဲ့ သယ်တာဖြစ်ပါတယ်။ ဒိုင်နာ၊ BM တွေနဲ့သယ်တဲ့အတွက် သူတို့မှာလည်း စရိတ်စက သက်သာတယ်။ ဒီလိုစီစဉ်ထားတာမရှိဘူးဆိုရင် သူတို့အဆင်ပြေသလို သယ်ကြမယ်။ ဒီလိုသယ်ရပြီဆိုရင် လမ်းစရိတ်ကုန်ကျမှုတွေကို အရင်းထဲ ထည့်ပေါင်းပြီးတော့ အမြတ်ရဖို့တင်ရောင်းရင် ပိုပြီး ဈေးတက်တော့မယ်။ ဒီကားတွေကိုအဆင်ပြေဖို့ မစီစဉ်ပေးထားဘူးဆိုရင် ကုန်ဈေးနှုန်းတွေ ဈေးတက်လာပါလိမ့်မယ်။ အခုအနေအထားအရ ကျွန်တော်တို့ မြန်မာလူမျိုးတွေကကြောက်တတ်တယ်။ ကျွန်တော်တို့ မြန်မာလူမျိုးတွေက အထက်မှာပြောင်းပေမဲ့ အောက်မှာပြောင်းဖို့အတွက် အားနည်းတယ်။ ကျွန်တော်တို့တိုင်းပြည်က အမိန့်အာဏာနဲ့သွားတဲ့အတွက်ကြောင့် ခေတ်အဆက်ဆက် အဆင်မပြေတာတွေ အများကြီးရှိခဲ့တယ်။ ဒီမိုကရေစီစနစ်ကိုသွားမယ်ဆိုရင် ပြည်သူတွေအတွက် လေ့လာဆန်းစစ်ချက်တွေ အများကြီးလိုအပ်ပါတယ်။ စစပြောင်းလဲခြင်းမှာ ဆူညံသံတွေ ရှိနိုင်ပါတယ်။ ကျွန်တော်တို့ ပြည်သူလူထုက နဂိုကတည်းက ကြောက်တဲ့စိတ်ရင်းဆွဲရှိတဲ့အတွက် ပြန်ပြီးတော့ ငြိမ်းသွားမှာဖြစ်တယ်။ ဒီလိုနဲ့ အသားကျသွားမယ်လို့ မြင်ပါတယ်။ ကုန်ဈေးနှုန်းတက်လာရင်တော့ အခြေအနေတစ်မျိုးဖြစ်လာနိုင်တယ်။ လစာက တက်မလာဘူး။ ကုန်ဈေးနှုန်းက မြင့်တယ်။ ကားခက မြင့်လာရင်တော့ ဆန္ဒဖော်ထုတ်မှုတွေဖြစ်လာနိုင်တယ်။

**မစန္ဒာမျိုး(စတိုးဆိုင်အရောင်းဝန်ထမ်း)**

အရင်တုန်းကအသွားနှစ်ရာ၊ အပြန်နှစ်ရာ လမ်းစရိတ်လေးရာပဲ ကုန်တယ်။ အခု ဆူးလေအထိကို နှစ်ရာသတ်မှတ်ရင် အဲဒီတစ်ဆင့်ပြန်စီးရင် ကားခ ဘယ်လောက်သတ်မှတ်မယ်ဆိုတာမသိဘူး။ တစ်ရာဆိုရင်တောင် အသွားအပြန်လမ်းစရိတ်က နှစ်ရာပိုသွားတော့ အလုပ်သွားအလုပ်ပြန် ကျန်ကျစရိတ်က ခြောက်ရာဖြစ်သွားပြီး ကျွန်မရဲ့ လုပ်ခလစာက ကိုးသောင်းပဲရတယ်။ အခု လမ်းစရိတ်ကုန်ကျတဲ့ငွေကြေးက နှစ်သောင်းဝန်းကျင်လောက်ဖြစ်သွားပြီ။ လိုင်းအသစ်တွေ ဆွဲတာ၊ မဆွဲတာကို ဘာမှမပြောလိုပေမဲ့ ထပ်ဆောင်းစရိတ်တွေတက်လာရင်တော့ မကောင်းဘူး။ ကျွန်မတို့လုပ်တဲ့အလုပ်ကို တိုက်ရိုက်ရောက်တဲ့ကားလိုင်းမျိုးပဲ ဖြစ်ချင်တယ်။ ကျွန်မတို့ရဲ့ ဆိုင်က သိမ်ကြီးဈေးနားမှာဆိုတော့ အခုအလုပ်ကိုရောက်ဖို့အတွက် နှစ်ဆင့်စီးရမယ်ဆိုတော့ နည်းနည်းခဲယဉ်းသွားတာပေါ့နော်။အခုကုန် ဈေးနှုန်းတွေလည်းတက်၊ ကားခတွေပါထပ်ပြီး ကုန်ကျစရိတ်တက်ရင်တော့ ကျွန်မတို့ မိသားစုဘဝရပ်တည်ဖို့က ပိုလို့တောင် ခက်ခဲသွားနိုင်ပါတယ်။

**ဦးမြင့်သန်း(ပန်းရန်အလုပ်သမား)**

ကျွန်တော်တို့က လှော်ကားလမ်းနဲ့ ကရဏာလမ်းဆုံအထိ ထွက်စီးရမယ်။ ဒီလိုထွက်စီးဖို့အတွက် ကျွန်တော်တို့အိမ်ကနေ မိနစ်နှစ်ဆယ်၊ နာရီဝက်လောက်အထိလမ်းလျှောက်ရမယ်။ ဒီလိုမှမလျှောက်ချင်ရင် ဆိုင်ကယ် ကယ်ရီစီးရမယ်။ ဆိုင်ကယ်ပေါ်ခလိုက်တာနဲ့ အနည်းဆုံး သုံးရာ၊ ငါးရာ ပေးရမယ်။ မြို့ထဲကိုသွားမယ့်စရိတ် မပါသေးဘူး။ ဘယ်လောက်ပေးရမယ်ဆိုတာ မသိသေးဘူး။ အခုတောင် အသွားအပြန်လမ်းစရိတ်ကမြို့ထဲအရောက်ဆိုရင်တစ်ထောင်လောက် ကုန်နေတာ အလုပ်ထဲမှာ ကွမ်းစား၊ ဆေးလိပ်သောက်ကုန်ကျစရိတ်မပါသေးဘူး။ ကျွန်တော့်ရဲ့ တစ်နေ့လုပ်အားခ ခုနစ်ထောင်ရတယ်။ ကုန်ကျစရိတ်နုတ်ပြီး ငါးထောင်လောက်ကျန်တယ်။ ကျွန်တော့်မှာမိသားစုငါးယောက်ရှိတယ်။ အကြီးနဲ့အလတ်က ကျောင်းတက်နေတယ်။ သူတို့ရဲ့ ကုန်ကျစရိတ်တွေလည်းရှိသေးတယ်။ မိသားစုဘဝကို မနည်းရပ်တည်နေရတယ်။ အခုတောင် ဒီလိုဖြစ်နေရင် လိုင်းသစ်တွေပေါ်လာပြီးတော့ ကုန်ကျတဲ့လမ်းစရိတ်ပိုလာရင်တော့ မကောင်းပါဘူး။ အစိုးရအနေနဲ့ ကျွန်တော်တို့လို ဘဝတွေပြောင်းလဲရေးအတွက် ထည့်သွင်း စဉ်းစားစေချင်တယ်။

**ဦးသန်းဝင်း(ယာဉ်မောင်း)**

ဒီလို လိုင်းအသစ်တွေ ပေါ်လာတော့မယ်ဆိုတော့ ကျွန်တော်တို့ ယာဉ်မောင်းတချို့ ဒုက္ခရောက်နိုင်တယ်။ အခုလောလောဆယ် ယာဉ်လိုင်းပေါင်း နှစ်ရာရှိတယ်။ အဲဒီမှာ ယာဉ်နောက်လိုက် ဘယ်နှယောက်ရှိမလဲ၊ ယာဉ်မောင်းဘယ်နှယောက်ရှိမယ်ဆိုတာကို ခင်ဗျားတွေးကြည့်တော့ အခုကျွန်တော်ပြောနေတာက အစိုးရလုပ်တာ အပြစ်ပြောနေတာမဟုတ်ဘူး။ စီမံကိန်းတစ်ခုကို ပြုပြင်ပြောင်းလဲမယ်ဆိုရင် ပြည်သူတွေရဲ့အသံကို နားထောင်ပါ။ ဒီလိုနားထောင်ပြီးရင် အစိုးရလုပ်ချင်တာကို အများပြည်သူတွေကြားမှာ စမ်းသပ်ပါ။ အဲဒီကနေ အားသာချက်၊ အားနည်းချက်တွေကို လေ့လာသုံးသပ်ပြီးတော့လုပ်ရင် ပိုကောင်းတယ်။ အခုလို ဖြုန်းဒိုင်းကြီးလုပ်လိုက်တော့ အလုပ်လက်မဲ့ ဖြစ်သွားမယ့်လူတွေအတွက် အစိုးရအနေနဲ့ အလုပ်အကိုင်အခွင့်အလမ်းတွေဘာတွေ ဖန်တီးထားတာရှိလဲ အလုပ်လက်မဲ့ဖြစ်သွားတဲ့သူတွေမှာ မိသားစုတွေရှိတယ်ဆိုတာကို တာဝန်ရှိသူတွေ သိစေချင်တယ်။

■

# မေးတော့လည်း ဖြေရတာပေါ့

**ကလောင်ပျံ**

**မေး – ရန်ကုန်အစိုးရက သူတို့ဆီမှာလာပြီး မှတ်ပုံမတင်ဘဲ ပြေးဆွဲရင် အောက်ဆိုက်ကြားကားလို့ သတ်မှတ်ပြီး အရေးယူမယ်လို့ ပြောပါတယ်။ အဲဒါ ဆိုရင် အောက်ဆိုက်ကားတွေကို အားကိုးပြီး စီးနေရတဲ့သူတွေအတွက် အောက်ဆိုက်ကြားကားတွေ ပျောက်သွားနိုင်ပါသလား။**

**မအေးအေးမော် (လှိုင်သာယာ)**

**ဖြေ** – လိုင်းကားတွေရှိနေသမျှတော့ အောက်ဆိုက်ကားတွေက ရှိနေမှာပဲဖြစ်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ အရင်တုန်းက ယာဉ်လိုင်းပေါင်း ၃၀၀ ကျော်ရှိတာတောင် ကြားကားရှိနေရင် အခုယာဉ်လိုင်းပေါင်း ၅၉ခုပဲရှိတော့ ပိုပြီးတော့တောင် ရှိလာဦးမှာဖြစ်လို့ပါပဲ။

ဒါ့အပြင် ပြောစရာရှိသေးတာက အခုလိုင်းကြောင်းအသစ်ရေးဆွဲလိုက်တဲ့အတွက် တချို့လမ်းကြောင်းတွေမှာ လိုင်းကားတွေမပြေးဆွဲတော့ပါဘူး။ အဲဒီနေရာတွေကို ဖြည့်ဆည်းဖို့အတွက် အောက်ဆိုက်ကားတွေ ပေါ်လာမှာပဲဖြစ်ပါတယ်။ ဒါ့အပြင် တချို့သောသူတွေဟာ လိုင်းကားစီးရင် ကြာတာရယ်၊ ယာဉ်စီးခပေးရတာ သိပ်မကွာခြားတာရယ်၊ မိန်းကလေးတွေအနေနဲ့ လုံခြုံရေးအရရယ်ကြောင့် အောက်ဆိုက်ကားကို အားကိုးအားထားပြုပြီး စီးကြတာဖြစ်ပါတယ်။

ဆိုရရင်တော့ အခုရေးဆွဲလိုက်တဲ့လမ်းကြောင်းတွေကြောင့် စုပေါင်းစီးကြတဲ့ တက္ကစီယာဉ်လိုင်းတွေ၊ အောက်ဆိုက်ကားလိုင်းတွေ ပေါ်လာပါလိမ့်မယ်လို့ ဆိုချင်ပါတယ်။

**မေး – ရွှေဝယ်သူတွေထံကနေ ရွှေရောင်းတဲ့ဆိုင်က ကုန်သွယ်လုပ်ငန်းခွန် ၃ရာခိုင်နှုန်းကောက်ခံပေးဖို့ အတွက် အကောက်အခွန်ဥပဒေကြမ်းရေးဆွဲရာမှာ ထည့်သွင်းထားတယ်လို့ သိရတော့ မလွန်လွန်းဘူးလားရှင်။**

**မမြအေး(အင်းစိန်)**

**ဖြေ** – အဲဒီအကြောင်းသာမှန်ရင်တော့ လွန်တယ်လို့ ပြောရမှာပါ။ ဘာဖြစ်လို့လဲဆိုတော့ စားသုံးသူတွေ ခမျာ စားသောက်ဆိုင်သွားစားတော့လည်း အစိုးရကို ကုန်သွယ်လုပ်ငန်းခွန် ၅ရာခိုင်နှုန်းပေးရ၊ ဆိုင်ကလည်း အိုးခွက်ပန်းကန်ဝန်ဆောင်ခဆိုပြီးတောင်၊ ဖုန်းဆက်တော့လည်း ဝန်ဆောင်ခပေးရနဲ့ ပေးနေရတာပါပဲ။

ပြည်သူတွေကသာ ပေးလိုက်ရတယ်။ ကြားကနေတစ်ဆင့်ခံယူထားတဲ့ဆိုင်ရှင်တွေက အဲဒီပိုက်ဆံတွေကိုပေးလား၊ မပေးလား မသိရပါဘူး။ ဖုန်းဆက်တဲ့လေခွန်တွေကိုလည်း အော်ပရေတာတွက ဘယ်လိုပုံစံမျိုးနဲ့ ပေးဆောင်နေသလဲဆိုတာကို မသိရပါဘူး။ စားသောက်ဆိုင်ပိုင်ရှင်တွေက အခွန်တံဆိပ်မကပ်ပေးရင် စားသုံးသူက အလုပ်ရှုပ်ခံတိုင်ကြားလို့ရပေမဲ့ ဖုန်းအော်ပရေတာတွေကျတော့ ဘယ်လိုတိုင်ရမလဲတောင် နည်းလမ်းမရှိပါဘူး။ အခွန်တံဆိပ်မကပ်လို့ အရေးယူခံရတဲ့ဆိုင်တွေရှိနေတယ်။ အခွန်ရုံးဝန်ထမ်းတွေကလည်း အသွင်ယူဝင်စားပြီး အရေးယူတာတွေလုပ်တယ်လို့ သိရပေမယ့် ဖုန်းအော်ပရေတာတွေကို ကုန်သွယ်လုပ်ငန်းခွန်တံဆိပ်ဖုန်းငွေဖြည့်ကပ်ပေါ်မှာ မကပ်ခိုင်းတဲ့အတွက် အရေးယူလို့မရဘူးဖြစ်နေပါတယ်။

စားသောက်ဆိုင်တွေမှာ တစ်သောင်းဖိုးစားလို့ ကုန်သွယ်လုပ်ငန်းခွန် ငါးရာကျပ်ပေးလိုက်ရတာကိစ္စမရှိပေမဲ့ ရွှေဆိုင်မှာ ရွှေတစ်ကျပ်သား ရှစ်သိန်းပေးဝယ်လို့ ကုန်သွယ်လုပ်ငန်းခွန် ၃ရာခိုင်နှုန်းဖြစ်တဲ့ ၂၄,၀၀၀ ကျပ်ပေးလိုက်ရတာကတော့ ကိစ္စရှိလာပါတယ်။

ဘာဖြစ်လို့လဲဆိုတော့ တစ်ကျပ်သားရှိတဲ့ ရွှေထည်ပစ္စည်းတစ်ခုကိုဝယ်မယ်ဆိုရင် ရွှေအတွက်ကျသင့်ငွေ ၂၄,၀၀၀ကျပ်အပြင် အလျော့တွက်ကျသင့်ငွေ၊ လက်ခကျသင့် ငွေအားလုံးအတွက် စုပေါင်းပြီး ကုန်သွယ်လုပ်ငန်း ခွန်ပေးရမှာလား။ ရွှေအတွက်ပဲသီးသန့်ပေးရမှာလားဆိုတာ စကားပြောစရာဖြစ်လာသလို အဲဒီရွှေထည်ပစ္စည်းမကြိုက်လို့ ပြန်ရောင်းရင်ရော ကုန်သွယ်လုပ်ငန်းခွန်ကို ရောင်းသူကလား၊ ဆိုင်ကလား ဘယ်သူကဆောင်ရမှာလဲဆိုတာ မေးစရာဖြစ်လာပါတယ်။ အဲဒီထက်ပိုဆိုးတာက ရွှေထည်က စားသောက်စရာလို ပျောက်ပျက်သွားတာမဟုတ်ဘဲ ဈေးကွက်မှာ လည်ပတ်နေတဲ့အတွက် အရောင်းအဝယ်လုပ်တိုင်းသာ အခွန်ဆောင်နေရမယ်ဆိုရင် ကြာရင် ရွှေဖိုးထက် အခွန်ဖိုးက ပိုများလာမှာဖြစ်လို့ ရွှေဆိုင်တွေကလည်း အခွန်ရှောင်ဖို့အတွက် တရားမဝင်ရောင်းဝယ်မှုတွေကို လုပ်လာမှာဖြစ်သလို ရွှေဝယ်သူတွေကလည်းရွှေဝယ်ဘောက်ချာမပေးတဲ့ဆိုင်တွေကနေ ဝယ်လာကြမှာဖြစ်ပါတယ်။

အဲဒီလိုတရားမဝင်ရောင်းဝယ်မှုတွေဖြစ်လာရင်တော့ ရွှေအကြောင်းမသိနားမလည်သူတွေ အလိမ်ခံရမှာမြင်ယောင်နေတယ်လို့ပဲ ပြောချင်ပါတော့တယ်။

The HOT NEWS
Vol - 7, No - 328, Jan 13 - 19, 2017



# မြောက်ကိုရီးယားတိုက်ချင်းပစ်ဒုံးကျည် အချိန်မရွေး စမ်းသပ်နိုင်

မြောက်ကိုရီးယားနိုင်ငံသည် တိုက်ချင်းပစ်ဒုံးကျည်(Inter continental ballistic missiles)ကို အချိန်မရွေး စမ်းသပ်ပစ်လွှတ်ရန် အသင့်ရှိကြောင်း မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျောင်အန်က ဇန်နဝါရီလ ၈ ရက်နေ့ကပြောသည်။ အမေရိကန်အနေနဲ့ မြောက်ကိုရီးယားနိုင်ငံအပေါ် ရန်သဘောဆောင်သောမူ (hostile policy)ကို ဆက်လက်ကိုင်စွဲနေမည်ဆိုပါက အချိန်မရွေး၊ နေရာမရွေး စမ်းသပ်ပစ်ခတ်နိုင်ရန် (any location set by)အသင့်ပြင်ထားကြောင်း မြောက်ကိုရီးယားကေစီအင်အေ သတင်းဌာနက ဆိုသည်။ ဇန်နဝါရီ ၁ ရက်က မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျောင်အန်သည် နျူကလီးယားထိပ်ဖူးတပ် တိုက်ချင်းပစ်ဒုံးကျည်(အိုင်စီဘီအမ်)တစ်လုံးကို စမ်းသပ်ရန် အသင့်ပြင်ထားရန် မှာကြားထားကြောင်းဖြင့် မြောက်ကိုရီးယားနိုင်ငံခြားရေး ဝန်ကြီးဌာနက အမည်မဖော်လိုသူတစ်ဦးက ထုတ်ဖော်ပြောကြားသည်။

**ကျော်စိန်**

**ကိုးကား-ရိုက်တာ**






# တူရကီနယ်စပ် ဆီးရီးယားတွင် ဗုံးခွဲတိုက် လူ ၄၀ခန့်သေ

ဇန်နဝါရီလ ၇ရက်က တူရကီနယ်စပ်အနီး ဆီးရီးယားဘက်ခြမ်းရှိ အက်ဇက်မြို့ဈေးတစ်ခုတွင် ဈေးသွားဈေးလာများဖြင့် လူစည်ကားနေချိန်၌ ဗုံးခွဲတိုက်ခိုက်မှုတစ်ရပ်ကြောင့် ကနဦးသတင်းများအရ လူ ၂၄ဦးသေဆုံးကြောင်း၊ ဒဏ်ရာရသူ အများအပြားရှိကြောင်းသိရသည်။

သေဆုံးသူအများစုမှာ အရပ်သား များဖြစ်သည်ဟု ဒေသဆိုင်ရာ အာဏာပိုင်များကပြောသည်။ အက်ဇက်မြို့သည် တူရကီထောက်ခံမှုပြုထားသည့် "ဆီးရီးယားလွတ်မြောက်ရေးတပ်မတော်" ခေါ် (အက်ဖ်အက်စ်အေ)အဖွဲ့ အခြေပြုရာမြို့ဖြစ်သည်။ အဆိုပါအဖွဲ့သည် ဆီးရီးယားရှိ အိုင်အက်စ်များကို ဆီးရီးယားအစိုးရတပ်များနှင့်အတူ ပူးပေါင်းတိုက်ခိုက်နေသည့်အဖွဲ့ဖြစ်ပြီး တူရကီကကျောထောက်နောက်ခံပြုထားသည့် အဖွဲ့ဖြစ်သည်ဟုသိရသည်။ နောက်ဆုံးသတင်းအရ သေဆုံးသူ ၄၂ ဦးရှိကြောင်း သိရသည်။

**ကျော်စိန်**

**ကိုးကား-စီအင်အင်**

# လေယာဉ်တင်သင်္ဘောက စစ်လက်နက်များ တရုတ်စမ်းသပ်ပစ်ခတ်

တရုတ်တို့၏လောလောဆယ်တစ်စီးတည်းသောလေယာဉ်တင်သင်္ဘောကြီးသည် ရှေ့ပြေးနံကာ စစ်သင်္ဘောများခြံရံလျက် ယခုသီတင်းပတ်အတွင်း တောင်တရုတ်ပင်လယ်ထဲသို့ဝင်ရောက်ပြီး စစ်ရေးလေ့ကျင့်မှုများလုပ်သည်။ အဆိုပါစစ်ရေးလေ့ကျင့်မှုများအတွင်း တရုတ်လေယာဉ်တင်သင်္ဘော လျောင်နင် (Liaoning) တွင် တပ်ဆင်ထားသည့် ဒုံးလက်နက်များကို စမ်းသပ်ပစ်ခတ်ခဲ့ကြောင်းဖြင့် "China says aircraft carrier testing weapons in South China Sea" ဟု တရုတ်က ပြောသည်။

ဆိုဗီယက်လုပ်လျောင်နင်လေယာဉ်တင်သင်္ဘောအုပ်သည် တောင်တရုတ်ပင်လယ်အတွင်း သိပ္ပံနှင့် နည်းပညာဆိုင်ရာ သုတေသနပြုလေ့လာမှု လေ့ကျင့်ခန်းသာဖြစ်သည်ဟု တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူကအပတ်စဉ်ပြုလုပ်နေကျ သတင်းစာရှင်းလင်းပွဲတွင် ဒီဇင်ဘာ ၄ရက်က ပြောသည်။ ဆက်ပြီးသူက စစ်သုံးလက်နက်အချို့ကိုလည်း အစီအစဉ်အတိုင်းစမ်းသပ်ခဲ့သည်ဟု ပြောသည်။ တရုတ်စစ်တပ်(ရေ)က "ကျွန်တော်တို့လေယာဉ်တင်သင်္ဘောနဲ့ လေယာဉ်တင်သင်္ဘောမှာပါရှိတဲ့ တိုက်လေယာဉ်၊ တိုက်ခိုက်ရေးရဟတ်ယာဉ်တွေ တောင်တရုတ်ပင်လယ်ထဲမှာ စစ်ရေးလေ့ကျင့်တာမှန်တယ်။ ဘာဆန်းလဲဗျာ။ မနှစ်ကတောင် အမေရိကန်စစ်တပ်(ရေ)က ရေယာဉ်တွေ "Warship of US Navy" လည်း တောင်တရုတ်ပင်လယ်ထဲမှာ "ဖရီးဒမ်းအော့ နဗီဂေးရှန်း" (Freedom of Navigation) စစ်ရေးလေ့ကျင့်မှုလုပ်သေးတာပဲဟု ပြောသည်။

တရုတ်(တိုင်ပေ)စစ်ဝန်ကြီးက"အခုအခါ ရန်သူတွေဟာ တစ်နေ့ပြီးတစ်နေ့ ခြိမ်းခြောက်မှုတွေ တိုးလာနေပြီ" ဟု "The threat of our enemies is growing day by day" စသည်ဖြင့် တရုတ်ပြည်မကို သတိပေးပြောသည်။ **ကျော်စိန်**

**ကိုးကား-ရိုက်တာ**






# ဖလော်ရီဒါ နိုင်ငံတကာလေဆိပ်တွင် ပစ်ခတ်မှုဖြစ် ၅ဦးသေ

အမေရိကန်ပြည်ထောင်စု၊ ဖလော်ရီဒါပြည်နယ်၊ ဖို့လောက်ဒါဒေး (Fort Louderdale) နိုင်ငံတကာလေဆိပ်တွင် ဇန်နဝါရီလ ၇ရက် ဒေသစံတော်ချိန် မနက် ၉နာရီခန့်၌ လူငယ်တစ်ယောက်က မဲမဲမြင်ရာ ပစ်ခတ်မှုကြောင့် လူ ၅၀ ယောက်သေပြီး ၁၀ဦးခန့် ဒဏ်ရာရသည်ဟု သိရသည်။ ထိုလူငယ်မှာ အသက် ၂၆နှစ်ရှိအက်စတီဗင်ဆန်တီယာဂို(Esteban Santiago) ဆိုသူဖြစ်ပြီး သိပ်ကျပ်ပြည့်ပုံမပေါ်သဖြင့် တပ်မတော်မှ အငြိမ်းစားပေးထားသူဖြစ်ကြောင်းဒေသန္တရသတင်းဌာနများက ဆိုသည်။

၎င်းသည် လေဆိပ်ရှိ ခရီးဆောင်အိတ်များ ရွေးယူသည့် စက်ခါးပတ်အနီးတွင် ယူဆောင်လာသည့် သေနတ်ဖြင့် ဦးတည့်ရာပစ်ခတ်သည်ဟုဆိုသည်။ သူ့ကို ရဲကလက်ရဖမ်းဆီးနိုင်ခဲ့ပြီး ပဏာမစစ်ကြောချက်များအရ ၎င်းသည် ၂၀၁၀ ခုနှစ် အီရတ်စစ်မြေတွင် တာဝန်ထမ်းဆောင်စဉ် စစ်စည်းကမ်းထိခိုက်သောပြုလုပ်မှုကို ပြုမှုဖြင့် တပ်မတော်က အငြိမ်းစားပေးခဲ့ရသူဖြစ်သည်ဟု သိရသည်။ ဖလော်ရီဒါတွင် ယမန်နှစ် ဇွန်လက ညကလပ်တစ်ခုတွင် ပစ်ခတ်မှုတစ်ခုကြောင့် လူ ၅၀ခန့် သေဆုံးသည့် ဖြစ်စဉ်ရှိခဲ့ဖူးသည်။

**ကျော်စိန်**

# International

The HOT NEWS
Vol - 7, No - 328, Jan 13 - 19, 2017









တစ်သက်တာဆုရ မယ်ရီစထရိ

# ၂၀၁၇ ရွှေကမ္ဘာလုံးဆုရ 'လာ-လာ-လင့်' ဇာတ်ကား

၂၀၁၆ ခုနှစ် ရုပ်ရှင်နှင့် ရုပ်သံဇာတ်လမ်းတွဲဆိုင်ရာ အနုပညာရှင်များအား ထူးချွန်ဆုပေးပွဲဖြစ်သည့် "ရွှေကမ္ဘာလုံးဆု"(Golden Globe)ပေးပွဲကို ကယ်လီဖိုးနီးယားပြည်နယ်၊ ဘယ်ဘာလီဟေး (Bervely Hill)တွင် ဇန်နဝါရီ ၈ ရက် ဒေသစံတော်ချိန် ညနေ ၅ နာရီခွဲကျင်းပ သည်။ အစီအစဉ်တက်ဆက်သူအဖြစ် ဟာသသရုပ်ဆောင် ဂျင်မီဖော်လင် (Jimmy Fallon)က ဆောင်ရွက်သည်။ ဆုပေးပွဲတွင် အကောင်းဆုံးဇာတ်ကား (ဒရမ်မာ)ဆုကို "Moon Light" က ရသည်။ အကောင်းဆုံးဇာတ်ကား(ဇာတ်မြူး)ဆုကို "လာ-လာ-လင့်" (La-La-Land)ဇာတ်ကားကရသည်။ လာလာလင့်ဇာတ်ကားသည် ရွှေကမ္ဘာလုံးဆုပေးပွဲသက်တမ်းတစ်လျှောက် ဇာတ်ကားတစ်ကားထဲမှ ထူးချွန်ဆု ၇ ဆုထိရရှိသဖြင့် ရွှေကမ္ဘာလုံးဆုပေးပွဲ သမိုင်းတစ်လျှောက် ဆုအများဆုံးရရှိသည့် ဇာတ်ကားအဖြစ် အနုပညာလောက၏ အကြီးစား သမိုင်းမှတ်တိုင်တစ်ခုကို စိုက်ထူလိုက်သည်။ "လာလာလင့်"ဇာတ်ကားရရှိသည့် ဆုများမှာ အကောင်းဆုံးရုပ်ရှင်ဇာတ်ကား(ဇာတ်မြူး)ဆု၊ အကောင်းဆုံးအမျိုးသားသရုပ်ဆောင်ဆု၊ အကောင်းဆုံးအမျိုးသမီး

**ကျော်စိန်**

သရုပ်ဆောင်ဆု၊ အကောင်းဆုံးဒါရိုက်တာဆု၊ အကောင်းဆုံးဇာတ်ညွှန်းဆု၊ အကောင်းဆုံးဇာတ်ဝင်တေးဆု၊ အကောင်းဆုံးတေးသီချင်းဆုတို့ကိုရရှိသည်။လာလာလင့်ဇာတ်ကားကို ရိုက်ကူးသူမှာ အသက် ၃၁ နှစ်သာရှိသေးသည့် ဒါမီယံချာဇလီဖြစ်သည်။ ၎င်းသည် အကောင်းဆုံးဒါရိုက်တာဆုနှင့် အကောင်းဆုံးဇာတ်ညွှန်းဆုရသည်။ အသက် ၆၇ နှစ်ရှိပြီဖြစ်သည့် အော်စကာ ၃ ဆုရှင် မယ်ရီစထရိ (Meryl Streep)က တစ်သက်တာဆုရရှိသည်။ ဆုပေးပွဲတွင် မေရီစထရိက ရွေးကောက်ခံသမ္မတဒေါ်နယ်ထရန့်အား ၂၀၁၅ ခု လူထုချီတက်ဆန္ဒပြပွဲတစ်ခုတွင် ဒုက္ခိတဖြစ်နေသော နယူးယောက်တိုင်းသတင်းထောက်တစ်ယောက်ဖြစ်သည့် "ဆာ့ခ်ျကိုဗက်စကီး"(Serge Kovaleski) ၏ပုံစံကိုတု၍ လှောင်ပြောင်မှုပြုခဲ့သည်ဆိုကာ ဒေါ်နယ်ထရန့်အား လူကြီးလူကောင်းမဆန်ကြောင်း ပုတ်ခတ်ပြောဆိုသွားသည်။ ဒေါ်နယ်ထရန့်က သတင်းထောက်ပုံတုမလုပ်ခဲ့ကြောင်း ငြင်းသည်။ ဆက်ပြီး ထရန့်က "မေရီစထရိစွပ်စွဲတာဘာဆန်းလဲဗျာ။ သူက ဒေါ်ဟီလာရီကလင်တန်ရဲ့ပရိသတ်တွေပဲ။ ပညာတတ်လူတန်းစားဉာဉ်ရှိတဲ့ လစ်ဘရယ်ရုပ်ရှင်လောကသားတွေလေ"ဟု နယူးယောက်တိုင်းနှင့် ခဏတာတွေ့ဆုံမေးမြန်းမှုတွင် ပြောသွားသည်။

အကောင်းဆုံးအမျိုးသား သရုပ်ဆောင်ဆုကို "လာလာလင့်"ဇာတ်ကားက ရိုင်ယန်းဂိုးစလင်း"ကရရှိပြီး အကောင်းဆုံးအမျိုးသမီးသရုပ်ဆောင်ဆုကို "လာလာလင့်"က အမ္မာစတုန်း(Emma Stone) တို့ အသီးသီးရရှိကြသည်။

**ကိုးကား–ရိုက်တာ**

# ဆီးရီးယားစစ်မြေသည်ရုရှားတို့ လက်နက်သစ်စမ်းရာ စစ်တလင်းဖြစ်





ရုရှားနိုင်ငံသည် ၅ နှစ်ကျော် ၆ နှစ်ကြာဖြစ်ပွားသည့် ဆီးရီးယားစစ်မြေအတွင်း ၎င်းတို့၏စစ်လက်နက်ပစ္စည်း ၁၀၀ ကျော်ကို စမ်းသပ်မှုပြုခဲ့ကြောင်း (Russia prepares for war: Putin's men test Hundreds of new wenpons in syria.)ခေါင်းစဉ်ဖြင့် ဒီဇင်ဘာ ၂၂ ရက် အိပ်ပရက်(Express)သတင်းတစ်ရပ်က ဆိုသည်။အဆိုပါသတင်းအရ ရုရှားသည် ဆီးရီးယားစစ်မြေတွင် ရှိရင်းစွဲလက်နက်များအား စွမ်းရည်မြှင့်တင်မှုအပါအဝင် လက်နက်ဆန်း ၁၆၀ ထိ စမ်းသပ်ခဲ့သည်ဟုဆိုသည်။ ထိုသို့ လက်နက်ဆန်းများ စမ်းသပ်ရခြင်းမှာ အနာဂတ်စစ်ဆင်ရေးတစ်ရပ်ကို မျှော်မှန်းထား၍ဖြစ်သည်ဟုဆိုသည်။

စမ်းသပ်မှုများတွင် အက်ယူ-၂၅ (SU.25)ဂျက်တိုက်လေယာဉ်များ စမ်းသပ်ပျံသန်းမှု၊ ထိုတိုက်လေယာဉ်တွင် ဝတ်ဆင်ထားသည့် ဝေဟင်မှ မြေပြင်ပစ်ဒုံးကျည်များ စမ်းသပ်ပစ်ခတ်မှု၊ အက်ယူ-၃၀ အက်အမ်(SU. 30 SM)၊ အက်ယူ-၃၄ (SU.34) ဂျက်တိုက်လေယာဉ်များ တိုက်စစ်အရှိန်မြှင့်တင်မှုအပါ ထိုတိုက်လေယာဉ်များတွင် တပ်ဆင်ထားသော ဒုံးကျည်သစ်များ စမ်းသပ်ပစ်ခတ်မှုများ ပါဝင်ကြောင်း ရုရှားကာကွယ်ရေးဝန်ကြီး ဆာဂျီရှိုဂူ(Sergey Shoigu)က သမ္မတပူတင်ထံတင်ပြသည့် စစ်ဆင်ရေးအစီရင်ခံစာ၌ ပါရှိကြောင်း ခရင်မလင်ကလာသည့်သတင်းများအရ သိရသည်။ စစ်ဆင်ရေးကာလအတွင်း လေယာဉ်ခေါက်ရေ ၁၈၈၀၀ နှင့် ဝေဟင်ထိုးစစ် အကြိမ် ၇၁၀၀၀ ပြုကြောင်း ကာကွယ်ရေးဝန်ကြီး ရှိုင်ဂူကဆိုသည်။ ထို့အပြင် ဗိုလ်ချုပ်ကြီး ကူဇာနက်ဆော့(ဗ်)(Admiarl Kuznetsov)ကလည်း ကေအိတ်-၃၈ ဒုံးကျည်နှင့် နောက်ဆုံးပေါ် ပစ်မှတ်ရှာလမ်းညွှန်ကိရိယာပါ ဒုံးခွင်းဒုံး(New guided System, SVP-24)များကိုလည်း စမ်းသပ်ပစ်ခတ်မှုများပြုရာ ထိရောက်မှုရှိကြောင်းပြောသည်။ ထို့ကြောင့် ဆီးရီးယားပြည်တွင်းစစ်ပွဲသည်ရုရှားတို့အတွက် ဆီးရီးယားနိုင်ငံမပြိုကွဲရေး ထိန်းချုပ်နိုင်ခဲ့ရုံမျှမကလက်နက်အသစ် အဆန်းများစမ်းသပ်ရာစစ်တလင်း"Battle field" တစ်ခုပင်ဖြစ်သည်။

**ကျော်စိန်**

**ကိုးကား–အိပ်ပရက်**



SVP-24 ဒုံးကျည်

The HOT NEWS
Vol - 7, No - 328, Jan 13 - 19, 2017



# ဖော်လဝါး ၂၂ သန်းကျော်နဲ့ထရန့်



ကျမ်းသစ္စာကျိန်ဆိုခြင်း မပြုရသေးသဖြင့် ရွေးကောက်ခံသမ္မတအဖြစ်သာရှိနေသေးသော မစ္စတာထရန့်သည် ရွေးကောက်ပွဲကာလတစ်လျှောက်လုံးမှာသာမက ရွေးကောက်ပွဲအလွန် သမ္မတအဖြစ် ကျမ်းမကျိန်ဆိုရသေးချိန်တွင်လည်း သူပြောချင်၊ဆိုချင်သော နိုင်ငံခြားရေး၊ စီးပွားကုန်သွယ်ရေးကိစ္စများကို ၎င်း၏ လူမှုဝက်ဘ်ဆိုက်ဖြစ်သော တွစ်တာ (Twitter) စာမျက်နှာပေါ်က ရေးသားဖော်ပြလျက်ရှိသည်။ သူ၏ဖော်ပြချက်များကိုလည်း ပြည်တွင်းပြည်ပက စိတ်ဝင်တစား လေ့လာကြည့်ရှုကြသည်။ သူ၏ တွစ်တာစာမျက်နှာတွင် သူ၏ရေးသားချက်များကို မလွတ်တမ်း စိုက်လိုက်မတ်တပ်စောင့်ကြည့်သူ 'ဖော်လဝါး' (Followers) ၂၂ သန်းကျော်ရှိသည်ဟု သိရ သည်။ ဖေ့ဘုတ်၊ တွစ်တာအပါအဝင် အခြားလူမှုမီဒီယာတို့တွင် စောင့်ကြည့် လေ့လာဖတ်ရှုသူပေါင်းမှာ ၄၅သန်းထိပင်ရှိကြောင်း ရှင်ဟွာ(Xinhua) သတင်း တစ်ရပ်က ဆိုသည်။

ထရန့်၏ခံယူချက်မှာ နိုင်ငံတော်သမ္မတဖြစ်လာမည့်သူနှင့် ပြည်သူတို့အကြား တိုက်ရိုက်ထိတွေ့နိုင်သည့်အခွင့်အရေးဖြစ်သဖြင့် ပြည်သူ့သဘောထားအလေးထားရန် ပြည်သူ့အသံနာခံရန် တွစ်တာသည် အကောင်းဆုံးဆက်သွယ်ရေးဖြစ်သည်ဟုဆိုသည်။ သို့သော် ၂၀၁၆ ခုနှစ် အမေရိကန်သမ္မတရွေးပွဲတွင် ခွက်ထိုးခွက်လန်ရှုံးနိမ့်သည့် ဒီမိုကရက်ပါတီက လွှတ်တော်အမတ်တစ်ယောက်ဖြစ်သူ ချူးမား (Schumer) က "အမေရိကန်ပြည်သူတွေက တွစ်တာသမ္မတထရန့်ကို လက်ခံဖွယ်မရှိကြောင်း" ပြည်သူကိုကတုံးကတိုက်လုပ်ပြီး ဒီဇင်ဘာ ၃ရက်ကလွှတ်တော်အစည်းအဝေးတစ်ခုတွင်ပြောသည်မှာ "Mr.Trump will fail if the sticks with a Twitter Presidency" ဟူ၍ဖြစ်သည်။

တရုတ်သတင်းစာကလည်းတွစ်တာသည် အမေရိကန်ပြည်ထောင်စု၏ နိုင်ငံခြားရေးရာမူဝါဒကို ပြောကြားရာ စင်မြင့်မဖြစ်သင့် "Twitter should not be used as 'an instrument' of foreign policy" ဟု ပြောကြားသွားသည်။ အဆိုပါမှတ်ချက်များနှင့်ပတ်သက်၍ထရန့်ကအထက်က ဆိုခဲ့သည့်အတိုင်း ပြောသည်။ **ကျော်စိန်**

**ကိုးကား–ရှင်ဟွာ**






# မိုဆူးမြို့ ၇၀ ရာခိုင်နှုန်းကို သိမ်းပြီးပြီ

အီရတ်နိုင်ငံ၏ မဟာဗျူဟာအရ လွန်စွာအချက်အခြာကျသည့် မိုဆူးမြို့ (Mosul) မြို့ကို အိုင်အက်စ်တို့ သိမ်းပိုက်ထားရာမှ ယခုအခါ အဆိုပါမြို့၏ ၇၀ ရာခိုင်နှုန်းကို အီရတ်အစိုးရတပ်များ ပြန်သိမ်းနိုင်ပြီဟု ညွှန့်ပေါင်းတပ်များစစ်ဆင်ရေးကွပ်ကဲရေးမှူး(Joint Operation Commander)ဒုတိယဗိုလ်ချုပ်ကြီး တာလစ်ရှန်ဟာတီ (Lt. Gen. Talib Shanghati) က ပြောသည်။

၎င်းကစစ်ဆင်ရေးတပ်များသည် အိုင်အက်စ်တို့သိမ်းထားသည့် မိုဆူးမြို့ မြောက်ပိုင်းကိုလည်း အိုင်အက်စ်အကြမ်းဖက်သမား ဆန့်ကျင်ရေးပြည်သူများနှင့် ပူးပေါင်းပြီးဆက်လက်ထိုးစစ်ဆင်သွားမည်ဟု ဒီဇင်ဘာ ၄ရက်က ရိုက်တာ သတင်းဌာနကတွေ့ဆုံရာတွင်ပြောသည်။

မိုဆူးမြို့အား အိုင်အက်စ်တို့ လက်မှ ပြန်လည်သိမ်းပိုက်ရေး အမေရိကန်ဦးဆောင်သည့် ညွှန့်ပေါင်းတပ်ဖွဲ့များ စစ်ဆင်ရေးတစ်ရပ် ပြုလုပ်လျက်ရှိသည်မှာ စစ်ဆင်ရေးကာလ ၃လ (ရက်သတ္တ ၁၂ ပတ်)ရှိပြီဖြစ်ရာ ယခုအခါ မိုဆူးမြို့၏ ၆၀ ရာခိုင်နှုန်းမှ ၇၀ ရာခိုင်နှုန်းထိကို အီရတ်တပ်များ ပြန်လည်သိမ်းယူပြီဖြစ်ကြောင်း၊ အိုင်အက်စ်များသည်အကျအဆုံးများစွာ ဖြင့် ဆုတ်ခွာရပြီး လောလောဆယ်မြို့ အနောက်ဖက်ခြမ်းကိုမူ အိုင်အက်စ်တို့ ထိန်းချုပ်ထားဆဲဖြစ်ကြောင်း၊ မြို့ဆင်ခြေ ဖုံးအရပ်များတွင် တိုက်ပွဲများပြင်းထန် ကြောင်း၊ အိုင်အက်စ်များသည် ကားမိုင်း ခွဲတိုက်ခိုက်ခြင်း၊ လက်ဖြောင့်စစ်သည် များဖြင့် ခြုံခိုပစ်ခတ်မှုများရှိကြောင်း စစ်ဆင်ရေးကွပ်ကဲရေးမှူး ရှန်ဟာတီကပြော သည်။ မိုဆူးမြို့ ပြန်လည်သိမ်းပိုက်ရေး အတွက်အီရတ်တပ်ဖွဲ့အင်အား၁၀၀,၀၀၀ နှင့် ကားဒစ်လုံခြုံရေးတပ်ဖွဲ့ရှီအိုက်ပြည်သူ့စစ်အဖွဲ့များ ပူးပေါင်းပါဝင်သည်ဟုဆိုသည်။ **ကျော်စိန် ကိုးကား–ရိုက်တာ**

# ထောင်သားချင်းခေါင်းဖြတ် ရှဖယောက်သေ

ဇန်နဝါရီလ ၂ရက်က ဘရာဇီးနိုင်ငံတွင် လူဆိုးဂိုဏ်းနှစ်ခုမှ ထောင်ကျနေသည့် ထောင်သားအချင်းချင်း ရန်ဖြစ်ပြီး ခုတ်ကြသတ်ကြသည့် ထောင်ဆူပူမှုဖြစ်သည်။ ထောင်တွင်း လူဆိုးဂိုဏ်းနှစ်ဖွဲ့သည် တစ်ဖွဲ့နှင့်တစ်ဖွဲ့ ခိုက်ရန်ဖြစ်ပြီး ရက်ရက်စက်စက်ခေါင်းဖြတ်သတ်ကြသဖြင့် ခေါင်းဖြတ်ခံရသူ ၅၆ဦးရှိပြီး ထောင်သား ၁၄၄ယောက်လည်းထွက်ပြေးလွတ်မြောက်သွားသည်ဟု ထောင်အာဏာပိုင်များက ပြောသည်။ အဆိုပါအကျဉ်းထောင်မှာ ဘရာဇီးနိုင်ငံ၊ အမဇုန်ပြည်နယ်၊ မြို့တော် မနူးမြို့ (Manaus) ဗဟိုအကျဉ်းထောင်တွင် ဖြစ်သည်ဟု သိရသည်။

အလားတူ ဇန်နဝါရီလ ၃ရက်ကလည်း ဖိလစ်ပိုင်နိုင်ငံတောင်ပိုင်း မွတ်ဆလင်အများစုနေထိုင်ရာ ကိုတာဘတူခရိုင် (Cotabato) အကျဉ်းထောင်တွင် ထောင်ဆူမှုဖြစ်ပြီး ထောင်ဖောက်ပြေး၍ ထောင်သား ၁၅၀ လွတ်မြောက်သွားသည်ဟု သိရသည်။ ထောင်ကျနေသူ မွတ်ဆလင်များသည် လက်နက်ကိုင်မွတ်ဆလင်သူပုန် (muslim rebels) များနှင့် ချိတ်ဆက် (Link) ပြီး အဆိုပါလက်နက်ကိုင်မွတ်ဆလင်သူပုန်များ ပစ်ခတ်တိုက်ခိုက်မှုအကူအညီဖြင့် ထောင်ဖောက်ထွက်ပြေးကြသည်ဟုသိရသည်။ ထွက်ပြေးလွတ်မြောက်သူအများစုမှာလည်း ဖိလစ်ပိုင်အစိုးရကို ဆူပူသောင်းကျန်းသူပုန်ထမှုဖြင့် အဖမ်းခံထားရသည့် မွတ်ဆလင်လက်နက်ကိုင်သွေးဆူသူ (Islamic militants) အများစုပါဝင်သည်ဟု ဖိလစ်ပိုင်သမ္မတနိုင်ငံတော်၏ အရာရှိများကပြောသည်။

ဖိလစ်ပိုင်နိုင်ငံသည် အရှေ့တောင်အာရှတွင် ရိုမင်ကက်သလစ်ဘာသာဝင်အများစုနေထိုင်ကြပြီး နိုင်ငံတောင်ပိုင်း ရှိမွတ်စလင်များက နိုင်ငံတော်အစိုးရကို ဆူပူအုံကြွသူပုန်ထ ဒုက္ခပေးလျက်ရှိသည်မှာ ဆယ်စုနှစ်များစွာရှိပြီဟု "Armed men linked to muslim rebels..." ခေါင်းစဉ်ဖြင့် ရိုက်တာသတင်းတစ်ရပ်က ဆိုသည်။

**ကျော်စိန်**

**ကိုးကား–ရိုက်တာ**




သတ်ဖြတ်ခံရသူ အကျဉ်းသားများ၏မိသားစုများ



# ဦးခေါင်းပူးယောကျ်ားလေးအမြွှာ

သန္ဓေသားတစ်ဦးဖြစ်တည်လာဖို့မိဘတွေမှာ တောင်းဆုတွေပြုကြတာတောင် တချို့မပြည့်သေးတဲ့သူတွေရှိတယ်။ အမြွှာပူးမွေးဖို့ဆိုတာ ကံကြမ္မာတော်တော်ဆန်းကြယ်ခြင်းပါပဲ။ ဒီထက် အံ့အားသင့်စေတာကတော့ ခေါင်းချင်းဆက်အမြွှာအဖြစ်မွေးဖွားလာခြင်းပဲဖြစ်ပါတယ်။ အံ့အား သင့်စေတဲ့ ခေါင်းချင်းဆက်အမြွှာကတော့ ချီကာဂိုနိုင်ငံက Jadon နဲ့ Anias အမည် ရှိတဲ့ ယောကျ်ားလေးအမြွှာပဲဖြစ်ပါတယ်။

သူတို့နှစ်ဦးဟာ ခေါင်းချင်းဆိုင်လျက် အနေအထားအတိုင်းမွေးဖွားလာတာဖြစ်ပါတယ်။ မွေးကာစမှာ ခွဲစိတ်မှုပြုလုပ်လို့ မရသေးပေမယ့်အခုအသက် ၁ နှစ်နဲ့ ၂ လအရွယ်မှာတော့ ခွဲစိတ်မှုပြုလုပ်ခဲ့ပါ တယ်။ ဒီဦးခေါင်းခွဲစိတ်မှုကို Montefiore ဆေးရုံမှာ ပြုလုပ်ခဲ့တာဖြစ်ပြီး ၂၇ နာရီ ကြာမြင့်ခဲ့ပါတယ်။ ဒီခွဲစိတ်မှုဟာ ဒေါ်လာ ၂. ၅ မီလီယံကုန်ကျခဲ့ကာ ချောချောမွေ့မွေ့နဲ့ခွဲစိတ်မှုအောင်မြင်ခဲ့ပါတယ်။

HN-NI

# ဝေဖန်မှုကိုမကြိုဆိုချင်ရင် ပြည်သူ့အစိုးရလို့ မပြောနဲ့တော့ စာ-၂၄သို့



"စစ်ဖြစ်နေမှုမငြိမ်းချမ်းတာမဟုတ်ပါဘူး။ စစ်မဖြစ်ဘဲနဲ့ မြန်မာနိုင်ငံ တစ်ဝန်းလုံးမှာ ကုန်ဈေးနှုန်း ကြီးမြင့်မှုတွေ ဆင်းရဲမွဲတေမှုတွေ ရှိနေတယ်။ တရားဥပဒေစိုးမိုးမှုတွေ ပျက်သုဉ်းနေတယ်။ လူမျိုးရေး၊ ဘာသာရေးကိစ္စတွေ ရှိနေတယ်။ စစ်ရှောင်ဒုက္ခသည် စခန်းတွေမှာ ရိက္ခာတွေဖြတ်တောက်ခြင်းခံနေရတယ်..."

"ကျွန်တော်တို့အရပ်ဘက်အဖွဲ့အစည်းတွေရဲ့ပါဝင်မှုကဏ္ဍကို သက်ဆိုင်ရာအစိုးရမင်းများကသော်လည်းကောင်း၊ နိုင်ငံရေးပါတီအဖွဲ့အစည်းများကသော်လည်းကောင်း၊တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများကသော်လည်းကောင်းရှင်ရှင်လန်းလန်း၊ကြည်ကြည်သာသာနဲ့လက်ခံပေးဖို့ လိုပါတယ်..."



စာ-၃၀သို့

## ငြိမ်းချမ်းရေးဆိုတာ ခေတ်ရဲ့တောင်းဆိုချက်ဖြစ်တဲ့အတွက် လူ၊ နတ် သာဓုခေါ်မယ့်ကိစ္စဖြစ်ပါတယ်

## မြန်မာ-အိန္ဒိယ နယ်စပ်တွင် နယ်နိမိတ်စည်းရိုးကာရံခြင်းကို နာဂအဖွဲ့အစည်းများ ကန့်ကွက်ခြင်းအား နိုင်ငံခြားရေးဝန်ကြီးဌာနရှင်း စာ-၃၁သို့

## နယ်စပ်ကုန်သွယ်ရေးစခန်းများ၌ အလိုအလျောက်ကုန်စည်ရှင်းလင်းရေးစနစ်အား ၂၀၁၈ခုနှစ်တွင် ကျင့်သုံးမည် စာ-၆သို့

## အရည်အချင်းပြည့်ဝသောရခိုင်လူငယ်များအား ခေါင်းဆောင်အဖြစ် ဦးစားပေးရွေးချယ်မည်ဟု (ALD)ပါတီ၏ခေါင်းဆောင်ဟောင်းများပြောဆို စာ-၈သို့

## အထက်မင်းလှတွင်အိုးစည်၊ ဒိုးပတ်လက်မှုလုပ်ငန်းပညာရှင်နှစ်ဦးတည်းသာကျန်ရှိ စာ-၂သို့

## ဆက်သွယ်ရေး ပုဒ်မ ၆၆(ဃ)ဖြင့် တရားစွဲခံရသည့် ဦးမျိုးရန်နောင်သိမ်းအမှု အာမခံထပ်မံလျှောက်ထား စာ-၃သို့



"အစိုးရဟာပြည်သူ လူထုရဲ့ အခွန်ပေါ်ရပ်တည်နေသော အစိုးရမဟုတ်သေးဘူး။ အခုက တိုင်းရင်းသား ဒေသခံတွေရဲ့ သယံဇာတ ထုတ်ယူမယ့်နေရာရဲ့ တိုင်းရင်းသားဒေသက လူထုသဘောထားမပါရင် ပဋိပက္ခ ထပ်ဖြစ်နေဦးမှာ။ ဒါကြောင့်မို့လို့ ကျွန်မအနေနဲ့ တကယ်ပဲ ငြိမ်းချမ်းမယ်ဆိုရင် တကယ်ပဲ အားလုံး လက်ခံသော စီမံကိန်းဖြစ်ရတယ်..." စာ-၃၁သို့



"ကျွန်မတို့နိုင်ငံကလူစွမ်းအားအရင်းအမြစ်ကို သုံးလို့ရအောင် ဒီအတိုင်းထားမှာလား။ တစ်ခုခုပေါ်လစီချသင့်နေပြီ။ လုပ်ငန်းရှင်ကတော့သူ့လုပ်ငန်းထဲက အလုပ်သမားတွေဟာ သူလိုချင်တဲ့စံချိန်စံညွှန်းတက်မနေဘူးဆိုရင် သူ့အနေနဲ့လည်း အခက်အခဲတွေရှိနေတယ်လေ။ ဒါကိုဖြည့်ဖို့ဆိုရင်နှစ်ဖက် ပေါင်းပြီးဘယ်လိုဖြည့်ကြမလဲ ...လူမှုဖူလုံရေးမှာ အစိုးရက အလုပ်သမားတွေဆီက ကောက်ထားတဲ့ပိုက်ဆံတွေရှိတယ်လေ။ အလုပ်သမားတစ်ယောက်က မှတ်ပုံတင်ထားတယ်။ Labour တင်ထားတယ်ဆိုရင် အလုပ်မရသေး တဲ့အလုပ်သမားအတွက် သူတို့စဉ်းစားသင့်..." စာ-၁၅သို့

## ဒီနိုင်ငံက ဒီအလုပ်သမားတွေကို ဒီ Level၊ ဒီ Skill ဒီအတိုင်းပဲ ထားမှာလား